
www.burmeseclassic.com




တက္ကသိုလ်

# တင်မြင့်

## ငွေကြိုးပါဂသား

www.burmeseclassic.com

# တက္ကသိုလ်တင်မြင့်

## ဇွတ်ကြီးပါလား


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၂၂၀၅၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၁၀၀၀၃၀၆၁၀

၂၀၀၇ ခုနှစ် မေလ

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၁၁၈၁၉) ရစ်မင်းလွင်စာပေ
အမှတ်-၄၃/က မလိခလမ်း ၇-မိုင်
မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်း

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၁၉) (၁၉)လမ်း ရန်ကုန်။




### နိုင်ငံတော်သုံးပါး (နိုင်ငံတော်အရေးသုံးပါး)

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com





စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

# တက္ကသိုလ်တင်မြင့်

# ဗွတ်ကြီးပါလား



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com







၁

၁၉၉၃ ခုနှစ် ... ။

ဝင်ရောက်လာသော ခြေသံတွေက များလည်းများ ည်။ ပြေးဝင်လာကြသည်မို့ ခြေသံတွေကလည်း ပြင်းသည်။

စာရေးဆရာ နောင်သက်ဆွေဗျာန်ဝင်ပြီး အားရပါးရ ဘူတမှုရေးနေရာမှ မိမိအခန်းတံခါးပေါက်သို့ နောက်ပြန်ဦးခေါင်း ည်ကြည့်မိသည်။

ကိုလှိုင်မင်းနှင့် သူ့တပည့်များ ဝင်ရောက်လာသည် တွေ့မြင်လိုက်ရသည်။ ခေါင်းဆောင်ကိုလှိုင်မင်းကိုယ်တိုင် ယူနီ င်းနှင့်မဟုတ်ဘဲ အရပ်ဝတ်အရပ်စားနှင့်ရှိနေသည်ကိုတွေ့လိုက် င်းဖြစ်ပါ၏။

"အား ... ခြေသံတွေပြင်းလှချည်လား ကိုလှိုင်မင်း ... စာရေးနေတာတောင် အာရုံတွေပျက်သွားတယ် ... အသံမပေးဘာမပေးနဲ့ ..."

ခင်မင်သိကျွမ်းသူဖြစ်သောကြောင့် နောင်သက်

www.burmeseclassic.com

www.burmeseclassic.com



ဆွေက ပြုံးရယ်ရင်း လှမ်းပြောလိုက်ပေသည်။

"အသံပေးပြီးဝင်လာရမဲ့ကိစ္စမဟုတ်လို့ပါဗျာ ... "

"ဘာဗျ ... "

နောင်သက်ဆွေ အံ့သြစွာဖြင့် 'ဘာဗျ ... 'ဟု ပြန်မေးမိသည်။

အခိကမှာ ကိုလှိုင်မင်းသည် မျက်နှာထားကြီးတည်လွန်းနေသည်။ ယခင်တွေ့နေကျ မျက်နှာမျိုးမဟုတ် ခင်မင်သူချင်းမို့ ယခု ကိုလှိုင်မင်း၏မျက်နှာထားကြီးကို နောင်သက်ဆွေအံ့သြရခြင်းဖြစ်ပါ၏။

"ခင်ဗျား ကျုပ်ကိုကြည့်ပုံနဲ့ ဆက်ဆံပုံက တစ်မျိုးကြီးပါလား ... ကျုပ်ကို တရားခံကြည့် ကြည့်ပြီး တရားခံပြောပြောနေသလိုကြီးပါလား ... "

"တရားဥပဒေကို ကျူးလွန်လာတဲ့လူကတော့ တရားခံဖြစ်ရမှာပဲ ကိုနောင်သက်ဆွေ ... ကဲ ... ခုနက ဝင်သွားတဲ့ အမျိုးသမီးဘယ်မှာလဲ ... "

"ယော ... "

နောင်သက်ဆွေမှာ ကိုလှိုင်မင်း၏မေးခွန်းကြောင့် ပါးစပ်အဟောင်းသားဖြစ်သွားပြီး 'ယော'ဟုဝင် အာမေဋိတ်သံထွက်သွားရပါ၏။

"ဘယ်ကအမျိုးသမီးလဲဗျ ... ဝေါက်ပေါက်ရှာရှာဗျာ ... "

ကိုလှိုင်မင်းသည် နောင်သက်ဆွေအကြောင်းကို သိသင့်သလောက် သိထားပါ၏။ နောင်သက်ဆွေသည် သားမယားမရှိ



သော လူပျို၊ ဝတ္ထုလောကတွင် အောင်မြင်စပြုနေသော တက်သစ်စ စာရေးဆရာ။ ဝါသနာအရ ဝတ္ထုရေးနေသော်လည်း နောင်သက်ဆွေ၏မိဘတွေ ချမ်းသာသည်။ တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရထားပြီးသူဟူ၍ စသဖြင့် သိထားသည်။

နောက်ပြီး ဤတိုက်ခန်းတွင် နောင်သက်ဆွေ လူပျိုတစ်ကိုယ်တည်းနေမှန်းလည်း သိထားသည်။ ယုတ်စွအဆုံး နောင်သက်ဆွေတွင် ချစ်သူရည်းစားမရှိသေးသည်က အစသိထားသည်။

သို့စဉ်ပါလျက် ...

ယနေ့ညကျမှ မိမိအခန်းသို့ ဖြန်းဖြန်းဒိုင်းဒိုင်း ကိုလှိုင်မင်းဝင်ရောက်လာကာ မျက်နှာထားကြီးနှင့် ဘာလာကြောင်ခြင်းပေနည်း။

နောင်သက်ဆွေ မပြုံးတော့။ တစ်ဖက်လူက တည်တည်ကြီးလုပ်နေသည်မို့ ပြန်၍ တည်လိုက်သည်။

"ခင်ဗျား ဘာတွေလာကြောင်နေတာလဲ ကိုလှိုင်မင်း ... ဘယ်က အမျိုးသမီးကို မေးနေတာလဲ ... ညဆယ်နာရီကျော်ကြီးမှာ ဘာတွေ မဟားဒယားလာမေးနေတာလဲ ... "

"အမျိုးသမီးတစ်ယောက် ခင်ဗျားအခန်းထဲကို ပြေးဝင်သွားတယ် ... "

"ကျုပ်တစ်ချိန်လုံး ဒီစားပွဲမှာ စာထိုင်ရေးနေတယ် ... ဘာအမျိုးသမီးတစ်ယောက်မှ ဝင်မလာဘူး ... "

"ကျုပ် ခင်ဗျားအခန်းကိုရှာမယ် ... "

www.burmeseclassic.com

www.burmeseclassic.com



"ကြုံကြုံဖန်ဖန် ... ဘယ်က အမျိုးသမီးလဲ ... ဘာကိစ္စ ကျုပ်အခန်းထဲဝင်လာရမှာလဲ ... အမျိုးသမီးက ဘယ်သူမို့လဲ ... "

"အဲဒီအမျိုးသမီးဟာ ဘာလဲ ... ဘယ်သူလဲဆိုတာ ကျုပ်ကိုယ်တိုင် သိချင်နေလို့ပဲ ... အဲဒီအမျိုးသမီးဟာ ဒီတိုက်ခန်းလှေကားကိုပြေးတက်သွားတယ် ... တိုက်ခန်းတွေမှာ အခန်းတံခါးကလန့်မပိတ်ဘဲ မီးရောင်တွေလင်းနေတာ ခင်ဗျားတစ်ခန်းပဲရှိတယ် ... "

"ဩ ... ဩ ... ခင်ဗျားဆိုလိုတာက အမျိုးသမီးက ဒီတိုက်ခန်းလှေကားပေါ်ပြေးတက်လာတယ် ... ကျုပ်အခန်းတံခါးပွင့်နေတယ် ... ဒါနဲ့ပဲ အမျိုးသမီးက ကျုပ်အခန်းထဲဝင်လာတယ်လို့ ခင်ဗျားဆိုလိုတာလား ကိုလှိုင်ဝင်း ... "

"အဲဒီအတိုင်းပဲ ... "

ကိုလှိုင်မင်း၏ စွပ်စွဲသည့်အကြောင်းအချက်ကိုရော၊ ျက်နှာပေးကိုရော နောင်သက်ဆွေ မနှစ်သက်။

သို့သော် ...

ကိုလှိုင်မင်းသည် လေးစားအပ်သော ပုဂ္ဂိုလ်တစ်ဦး ာတော့ နောင်သက်ဆွေက အသိအမှတ်ပြုထားသည်။

ကိုလှိုင်မင်းသည် ပခုံးတစ်ပွင့်တပ် ရဲ ထောက်လှမ်း ရေးအဖွဲ့မှ အရာရှိငယ်တစ်ဦးဖြစ်သည်။ တာဝန်ကို လေးစားသည်။ ပဒေကို ရိုသေသည်။ ကိုယ်ကျင့်တရားကောင်းသည်။ စာပေဘက် ွင်လည်း အတိုက်အလျောက် ဝါသနာပါရှိသည်။



"ဒီအတိုင်းပဲဆိုရင် ကိုလှိုင်မင်း ... အခုဘာလုပ်ချင်သလဲ"

"ခင်ဗျားအခန်းကို ကျုပ်တို့ရှာဖို့ ခွင့်ပြုပါဗျာ ... အားတော့ နာသားပဲ ... ဒါပေမဲ့ တာဝန်နဲ့ ဝတ္တရားအရပေါ့လေ ... "

နောင်သက်ဆွေရင်ထဲတွင် ခံပြင်းမှုတော့ရှိသည်။ မိမိအခန်းတွင် အမျိုးသမီးတစ်ဦးမပြောနှင့် အလှမွေးထားသော ကြောင်တစ်ကောင်၊ ခွေးတစ်ကောင်ပင်မရှိ။

"အင်းပေါ့ဗျာ ... ထုံးစံအတိုင်းဆိုရင်တော့ တာဝန်အရ ရှာဖွေချင်တယ်ဆိုရင် ရှာဝရမ်းပါရမယ် ... သက်ဆိုင်ရာရပ်ကွက်လူကြီးတွေပါရှိရမယ် ... ဒါမှ ခင်ဗျားရှာဖွေခွင့်ပြုနိုင်မလားဘဲ ... ဒါပေမဲ့ ကျုပ်က ကင်းတယ် ... ရှင်းတယ် ခင်ဗျားကိုလည်း ခတ်သိဖြစ်နေတယ် ... တာဝန်သိလုပ်သားပြည်သူတစ်ယောက်အနေနဲ့ အခုပဲ ခင်ဗျား ကျုပ်အခန်းကို ရှာချင်သလို ရှာခွင့်ပြုတယ် ... အဲ ရှာပြီးလို့ ဘာမှမတွေ့လေမှ အခင်အမင်မပျက်စေဖို့ ဘွာမခတ်နဲ့ပေါ့ဗျာ ... "

နောင်သက်ဆွေ၏စကားကို ကိုလှိုင်မင်းက ခေါင်း ညိတ်၊ ခေါင်းမခါ စောဒကတစ်ခွန်းပြန်မဆိုဘဲ သူ့တပည့်နှစ် ယောက်ကို တစ်ခန်းလုံး တစ်အိမ်လုံးရှာဖွေမိန့်ပေးလိုက်သည်။ သူ ကိုယ်တိုင်လည်း စားပွဲအောက်၊ ခုတင်အောက်စသည်တို့မကျန် ဝင် ရောက်ရှာဖွေသည်။

သူတို့သုံးဦး စိစိစစ်ပေါက်ပေါက်ရှာဖွေနေသည်ကို နောင်သက်ဆွေကကြည့်ပြီး ပြုံးမိသည်။

သူတို့ကိုပင် အားနာမိသေးသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှ နောင်သက်ဆွေ၏အခန်းသည် ကြွက်သိုက်နှင့် နှင်လားငါလား အပြိုင်ခန်းဖြစ်နေသောကြောင့်ပင်။ ပင့်ကူအိမ်တွေနှင့် ဖုန်တွေက နေရာတိုင်းလိုလိုတွင် ရှိနေသည်။

နောင်သက်ဆွေတွင် နေ့စဉ်အိမ်သန့်ရှင်းရေးလုပ်ပေးမည့်သူမရှိ၊ မိမိတို့အရပ်တွင် အဝတ်လိုက်လျှော်သော ကုလားမကြီးတစ်ယောက်ရှိ၍ ငှားဖူးသော်လည်း နောင်သက်ဆွေက မိုးလင်းသည်နှင့် အိမ်သော့ပိတ်ထွက်ပြီး မိုးချုပ်မှပြန်လာတတ်သောကြောင့် ကုလားမကြီးက မလာတော့။

နောင်သက်ဆွေက သူ့အလုပ်ကိစ္စတွင်ဖွဲ့နှပဲနှင့် လုပ်လေ့ရှိသော်လည်း အိမ်သန့်ရှင်းရေးအလုပ်ကျတော့ အပျင်းထူရုံမက လုံးဝစိတ်မဝင်စား။

ယုတ်စွအဆုံး ညက အိပ်သော အိပ်ရာကိုပင် နံနက်ကျလျှင် ခြင်ထောင်ပြန်မတင်၊ စောင်ပြန်မခေါက်သူဖြစ်သည်။

အိပ်ရာခင်း၊ ခေါင်းအုံးစွပ်မှစပြီး အဝတ်အစားတွေနှင့်အတူ ဒိုဘီဆိုင်သို့သာ အပ်သည်။ အပိုအိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ ခြင်ထောင်တို့ကိုတော့ ကိုယ့်ဟာကိုယ် ပြန်ဆင်သည်။ ဒါလည်း တစ်လတစ်ကြိမ် ကိစ္စမျှသာဖြစ်သည်။

ယခုလည်းကြည့်လေ။

ခုတင်အောက်သို့ ငုံ့ရှာသူသည် သူ့ထွက်သက်လေကြောင့် ကြမ်းမှ ဖုန်တွေထလာသည်။ ဟိုဟိုဒီဒီရှာဖွေလိုလျှင် ပထမဦးစွာ ပင့်ကူအိမ်တွေကို ဖယ်ရှားရသေးသည်။ ရှာသူ၏လက်နှင့် ပခုံးအကျီတွင် ပင့်ကူမြွေးတွေ ဝင်ကပ်ပါလေ၏။



ဆက်တီကုလားထိုင်အကောင်းစားချထားသော်လည်း နောင်သက်ဆွေက သူထိုင်ချင်သော ကုလားထိုင်ကို ဟိုရွှေ့ဒီရွှေ့ ထိုင်ထား၍ဖြင့် သွားလေရာ ကုလားထိုင်တွေက လမ်းပေါက်ပိတ်နေသည်။

ရှာသူတွေကလည်း ဖုန်တွေခါ၊ ပင့်ကူအိမ်တွေဖယ်၊ ကုလားထိုင်တွေ ပြန်ရွှေ့၊ ခြင်ထောင်ပြန်တင် ပင့်ကြည့်ရှာဖွေခြင်းကြောင့် ပစ္စည်းတွေ သူ့နေရာနှင့်သူ ပြန်ဖြစ်သွားသည်။

အမျိုးသမီးတစ်ယောက်မကလို့ကြောင်မလေးတစ်ကောင်တလေပင် ရှာသူတို့ မတွေ့ရပါလေ။

တစ်ခန်းဝင် တစ်ခန်းထွက် အခန်းဇွေရှာပြီးသွားကြသည်။

"ဆရာလှိုင်မင်း ... ဒီတိုက်ခန်းဟာ မြေညီထပ်အပါအဝင် သုံးထပ်တိုက်ပါနော် ..."

"အဲဒါ ဘာပြုလဲ မောင်စိန် ..."

"လှေကားက တက်လာရင် ... ပထမထပ်မှာ လက်ဝဲတစ်ခန်း ... လက်ယာတစ်ခန်း ... အပေါ်ဆုံးထပ်မှာလည်း လက်ဝဲတစ်ခန်း ... လက်ယာတစ်ခန်းပဲ ... အဲဒီတော့ မြေညီထပ်မပါ ... အခန်းလေးခန်းရှိတယ် ... ဒီတော့ ဒီအခန်းမှာမတွေ့ရင် ကျန်တဲ့သုံးခန်းမှာ ဆက်ရှာကြည့်ရမှာပေါ့ ဆရာလှိုင်မင်း ..."

ကိုလှိုင်မင်းက ခေါင်းခါပြသည်။

"မဟုတ်ဘူး မောင်စိန် ... အပေါ်ဆုံးထပ်ကို နှစ်ခန်းတွဲ

www.burmeseclassic.com

www.burmeseclassic.com



[illegible]ထားတယ် ... ညနေလေးနာရီဆိုရင် အဲဒီ[illegible] တံခါးတွေပိတ် ... အလုပ်ပိတ်သွားတယ် ... သော့ခတ်သွားတယ် ... ဒီအခန်းနဲ့ မျက်နှာချင်းဆိုင်အခန်း[illegible] တက်လာတုန်းက ငါကြည့်ပြီးပြီ ... တံခါးအပြင်သော့ကြီးခတ်ချိတ်ထားတာ ငါတွေ့တယ် ... ထွက်ပြေးတဲ့အမျိုးသမီးက ဒီလှေကားက တက်လာတာ ဝင်နိုင်ဖို့ ဟောဒီ ကိုနောင်သက်ဆွေရဲ့အခန်းတစ်ခန်းပဲရှိတယ် ... ”

“ကျွန်တော်တို့ စေ့စေ့စပ်စပ် သေချာချောင်ကြိုချောင်ကြားမကျန် လက်နှိပ်ဓာတ်မီးနဲ့ ထိုးရှာတာပဲဆရာလှိုင်မင်း ... မတွေ့မှ မတွေ့တာ ... ”

“အေး ... အမျိုးသမီးက- ငါတို့ထက်ပိုလျင်လို့ နေမှာပေါ့ကွာ ... ဒီအခန်းနောက်ဖေး ရေပိုက်က တွယ်ဆင်းသွားနိုင်တယ် ... ဒါမှမဟုတ် ဒီပြင့်နေရာတွေ ငါတို့မဲပြီး ရှာနေတုန်းသူပုန်းနေရာက လှေကားက ပြန်လစ်သွားနိုင်တယ် ... ”

“ဖြစ်နိုင်ပါ့မလား ဆရာ ... ”

“ဒီတစ်ချီတော့ ထားလိုက်တော့ပေါ့ကွာ ... သားကောင်ဆိုတာ မုဆိုးလက်က လွတ်သွားတယ်မရှိပါဘူး ... အမြဲလွတ်မနေနိုင်ပါဘူး ... တစ်နေ့မဟုတ် တစ်နေ့မှာပေါ့ကွာ ... ကဲ ငါတို့ပြန်ကြမယ် ... ”

တပည့်နှစ်ယောက်ထွက်ပေါက်မှထွက်လိုက်သည်။ ကိုလှိုင်မင်းက မထွက်သွားမီ နောင်သက်ဆွေကိုပြုံးပြီးကြည့်လိုက်သည်။



“သွားမယ် ကိုနောင်သက်ဆွေ ... ကျုပ် ခင်ဗျားကို ဘွာမခတ်ဘူး ... တောင်းလည်း မတောင်းပန်ဘူး ... ဒါပေမဲ့ ကျုပ်နဲ့ ခင်တဲ့ ဒီနယ်မြေတာဝန်ခံ စည်ပင်သာယာက အရာရှိကိုတော့ ကျုပ်ပြောပေးမယ် ... ခင်ဗျားအခန်းအတွက် အမိုက်သိမ်းကားတစ်စီးနဲ့ အလုပ်သမားလွှတ်ပေးပါလို့ ... ကဲ ဂွတ်နိုက် ... ကိုနောင်သက်ဆွေ ... ”

သမော်ကရော်ပြောပြီး ကိုလှိုင်မင်း ပြန်ဆင်းသွားပါ၏။

ရှုတ်လွန်းပွေလွန်းသော မိမိအခန်းကို ကိုလှိုင်မင်းသက်သက်သရော်သွားသည်ကို နောင်သက်ဆွေ ပြုံးရင်း ကျွန်ခဲ့ပါ၏။

ကိုလှိုင်မင်းတို့အဖွဲ့ဆင်းသွားပြီးနောက် ဤအကြိမ်မှာတော့ နောင်သက်ဆွေသည် မိမိအခန်းတံခါးကို သေချာစွာပိတ်ပြီး ကလန့်ပင် ကျကျနနထိုးလိုက်သည်။

နောင်သက်ဆွေ၏အကျင့်ကိုက မိမိအိမ်တွင်ရှိနေခိုက်ဆိုပါက တံခါးပေါက်ကို စေ့ရုံစေ့ထားပြီး ကလန့်ထိုးပိတ်လေ့မရှိ။

ကလန့်ထိုးပိတ်ထားသဖြင့် အပြင်မှလာလိုသောဧည့်သည်တံခါးခေါက်သည်ကို ထပြီးဖွင့်ပေးရမည့်အလုပ်ကို နောင်သက်ဆွေ အပျင်းဆုံး၊ သူမလုပ်ချင်ဆုံးဖြစ်သည်။

မိမိကို တွေ့ချင်လို့ လာသည်ကိုပဲ ဟစေ့ထားသောတံခါးမှကတန်းဝင်လာစေဟု သဘောထားသည်။

www.burmeseclassic.com

www.burmeseclassic.com



[illegible] တလန့်ထိုးပိတ်ပြီးနောက် နောင်သက်ဆွေ [illegible]သို့ ထွက်လာသည်။ ပြင်ပကို အပျင်းပြေ ငေး[illegible]

လမ်းမကြီးဝယ် ကိုလှိုင်မင်းနှင့် တပည့်နှစ်ယောက်သည် အနော်ရထာလမ်းမကြီးဘက်သို့ ထွက်သွားသည်ကို ကြည့်နေမိသည်။

နောင်သက်ဆွေ အိမ်ထဲပြန်ဝင်လာသည်။ စားပွဲပေါ်ရှိ [illegible]လက်စ စာမူတွင် ဆက်ရေးချင်စိတ်မရှိပါလေတော့။ [illegible](Mood)ပျက်သွားပြီဆိုပါတော့။

မိမိအိပ်ခန်းထဲသို့ပင် အိပ်တော့မည်ဟု ဝင်ရောက်လိုက်သည်။



(၂)

"ဟိုက် ... ဗုဒ္ဓေါကြီး ... ဒါက ဘာလဲ ... "

နောင်သက်ဆွေ မိမိအိပ်ခန်းထဲသို့ဝင်လိုက်သည်နှင့် ဘွားခနဲမြင်ကွင်းကြောင့် အံ့အားသင့်ကာ 'ဗုဒ္ဓေါကြီး'ဟု အာမေဍိတ်သွားမိသည်။

အကြောင်းမူ ...

အိပ်ခန်းထဲရှိ မိမိတစ်ယောက်အိပ်ခုတင် အိပ်ရာဘေးဝယ် အမျိုးသမီးတစ်ယောက် ရပ်နေသည်ကို ဘွားခနဲတွေ့လိုက်ရသောကြောင့်ဖြစ်ပါလေ၏။

အမျိုးသမီးသည် သိပ်လှသော၊ သိပ်ချောသော အမျိုးသမီးဖြစ်ပါ၏။

ရင်ဖုံးအင်္ကျီလက်ပြတ်နှင့် ပွင့်ရိုက်ထဘီဝတ်ဆင်ထားသည်ဖြစ်သော်လည်း သူမ၏တစ်ကိုယ်လုံး ဦးခေါင်းမှအစ ခြေ

www.burmeseclassic.com

www.burmeseclassic.com



များတိုင် ရေတွေစိုရွှဲနေသည်။ ဝတ်ထားသော ထဘီအင်္ကျီမှ ေ
ကော်တို့သည် ကြမ်းပြင်ပေါ်ကျရောက်ယိုစီးနေသည်။

"ဟ ... မင်း ... မင်း ... ဘယ်သူလဲ ... မြို့လယ်ခေါင် ေ
တိုက်ခန်းထဲမှာ မင်းက ဘာလို့ရေတွေစိုရွှဲပြီး ရောက်နေတာ
လဲ ..."

"ယုဝါဟာ ... ယုဝါပါ အစ်ကို ..."

"မင်း ယုဝါဖြစ်ဖြစ် ... ယုနီဖြစ်ဖြစ် ... ယုစိမ္မံးဖြစ်ဖြစ် ...
ငါ့အိပ်ခန်းထဲ ဘာလို့ရောက်လာတာလဲ ... ကြိုကြိုဖန်
တစ်ကိုယ်လုံးလည်း ရေတွေရွှဲစိုလို့ ... မိုးလည်းမရွာ ...
သင်္ကြန်တွင်းလည်း မဟုတ်ဘဲနဲ့ ..."

"ယုဝါဝင်လာတော့ အစ်ကိုစာရေးစားပွဲမှာ စာကုန်းရေးေ
တာမို့ ယုဝါကို အစ်ကိုမမြင်ဘူး ... ယုဝါနောက်ဘေးဖ
တိတ်တိတ်ကလေးဝင်သွားပြီး အိမ်သာပေါ်က ရေတိုင်
ကြီးပေါ်တက် ... အဖုံးဖွင့်ဝင်ပုန်း အဖုံးပြန်ပိတ်ထားတာ
အစ်ကို ..."

နောင်သက်ဆွေသည် ယုဝါဆိုသည့်ကောင်မလေ
လေးက တည့်တည့်ပြောမှပင် ရေးတေးတေးသဘောပေါက်ရပါ
ကိုလှိုင်မင်းတို့လက်မှ ထွက်ပြေးရင်း မိမိတိုက်ခ
လှေကားသို့ တက်လာပြီး မိမိမသိလိုက်ဘဲ ရေတိုင်ကီပေါ်သို့ တ
ရောက်ပုန်းအောင်းခြင်းဖြစ်ပုံရသည်။

ယုဝါကို နောင်သက်ဆွေ ယခုမှ သေချာကြည့်
သည်။



သူမတွင် တစ်ကိုယ်လုံးရေတွေစိုထားသောကြောင့်
အင်္ကျီနှင့် ထဘီက အသားကပ်နေသည်။

ဒီတော့လည်း သူမ၏ခန္ဓာကိုယ်အဆစ်အပိုင်းတို့မှာ
သူ့နေရာနှင့်သူ သူမ၏အရှိုတွေကို ပုံရိပ်ပေါ်နေစေသည်။

ယုဝါသည် မျက်နှာကလေးချောလှရုံမက ကိုယ်လုံး
ကိုယ်ပေါက်ကလည်း တကယ့်လက်ရာမြောက် ပန်းပုဆရာ၏
လက်စွမ်းပြ ရုပ်တုနှယ် ရှိနေသည်။

ရုပ်ရော၊ ကိုယ်ထည်ရော သိပ်လှ သိပ်အချိုးကျ
သော ယုဝါ၏မျက်နှာလေးက ညှိုးနွမ်းနေသည်ကိုလည်း နောင်
သက်ဆွေ သတိထားလိုက်မိသည်။

"ဒါဆို မင်းဟာ ကိုလှိုင်မင်းတို့ လိုက်ရှာနေတဲ့ အမျိုးသမီး
ပေါ့ ... ဟုတ်လား ..."

"ကိုလှိုင်မင်းက ဘယ်သူဘယ်ဝါမှန်းတော့ ယုဝါမသိဘူး ...
သူတို့သုံးယောက် ယုဝါနောက်ကို သဲသဲမဲမဲလိုက်နေကြ
တယ် ... ဒီတော့ ယုဝါ သူတို့ကို ကြောက်လာတယ် ..."

"ကိုလှိုင်မင်းတို့က လိုက်တယ်ထားပါတော့ ... မင်းက
ကောညကြီးမင်းကြီးဘယ်ကလာပြီးဘယ်ကိုသွားတာမို့လဲ"

"ယုဝါက သိမ်ဖြူလမ်းမကြီးပေါ်က အမျိုးသမီးဘော်ဒါ
ဆောင်မှာ လခပေးပြီးနေတာပါ အစ်ကို ..."

မှန်ပေသည်။ သိမ်ဖြူလမ်းမကြီးပေါ်တွင် ဝိုင်ဒဗလျူ
စီအေ အမျိုးသမီးဘော်ဒါဆောင်ရှိမှန်း နောင်သက်ဆွေ သတိထားမိ
မှုးသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂလိက တည်းခိုခန်းများသည် အခန်းခအလွန်ဈေးကြီးသည်။ အမျိုးသမီးတစ်ဦးတည်းနေဖို့အတွက်ဆိုလျှင် အမျိုးသမီးဘော်ဒါဆောင်တွင် လခပေးနေရခြင်းက အကုန်အကျသက်သာသည်။ တွက်ခြေကိုက်သည်။

ထို့ကြောင့်လည်း တချို့လူမှုရေးအသင်းအဖွဲ့တချို့က ယခုလို အမျိုးသမီးဘော်ဒါဆောင်၊ အမျိုးသားဘော်ဒါဆောင်များဖွင့်လှစ်ကာ သက်သာသော နှုန်းထားလခဖြင့် ထားရှိကြပေသည်။

နေ့စဉ် အလုပ်တက်၊ ကျောင်းတက်၊ သင်တန်းတက်၊ တစ်ကိုယ်ရေသမားများအတွက် နေရေးထိုင်ရေးရော ဈေးနှုန်းလခရော၊ အဆင်ပြေစေပေသည်။

ယုဝါရှာ အမျိုးသမီးဘော်ဒါဆောင်နေသည့်ဆိုခြင်းကြောင့် ဒီကောင်မလေးသည် တစ်ကိုယ်ရေတစ်ကာယအပျိုမလေးဖြစ်ရမည်ဟု တွက်ဆနိုင်သည်။

သို့သော် နောင်သက်ဆွေရင်ထဲတွင် မရှင်းသည်ကို ဆက်၍မေးပါ၏။

"မင်းက မိုးချုပ်ညဥ့်နက်ကြီးကျမှ ဘယ်သွားပြီး ဘာလုပ်လို့ ကိုလှိုင်မင်းတို့အဖွဲ့က မင်းနောက်ကို လိုက်တာလဲ ... "

"ဗိုက်ဆာလို့ ... "

"ဟေ ... "

"ဟုတ်ပါတယ် အစ်ကို ... ဘော်ဒါဆောင်က နေခွင့်သာရှိတာ ... အစားအသောက်အတွက် တာဝန်ယူတာမှ မဟုတ်တာ ... ညနေက ယုဝါအလုပ်များနေလို့ ညစာမစားဖြစ်ဘူး ညကိုးနာရီကျော်မှ ဗိုက်ဆာလာတာမို့ သိမ်ဖြူလမ်းတစ်လျှောက် ညဘက်ဖွင့်တဲ့ အစားအသောက်ဆိုင်တွေ မတွေ့တော့ဘူး ... ဒါကြောင့် အနော်ရထာလမ်းနဲ့ ဆူးလေဘုရားလမ်းထောင့်တွေမှာဖြစ်ဖြစ် ... ရွှေဘုံသာလမ်းထဲမှာဖြစ်ဖြစ် စားသောက်ဆိုင်တွေရှိမှာပဲဆိုပြီး ဆက်သွားမိတာပါ ... အဲဒီမှာ အဲဒီလူသုံးယောက်က ယုဝါနောက်ကို တကောက်ကောက်လိုက်ကြတော့တာပါ ... ယုဝါကြောက်တာနဲ့ ပြန်လှည့်လာရာမှ ဗိုလ်အောင်ကျော်လမ်းထိပ်အရောက် ... သူတို့ ယုဝါကို မိတော့မလောက် နီးကပ်လာတယ် ... အားလုံးအိမ်တွေကလည်း မီးမှိတ် ... ပိတ်ထားကြပြီမို့ ... မီးလင်းနေတဲ့ အစ်ကို့အခန်းဆီ လှေကားက တက်ပြေးလာတာပါ ... "



နောင်သက်ဆွေက ဒီကောင်မလေးပြောတာ ဖြစ်တော့ ဖြစ်နိုင်သည်။ သို့သော် ဟုတ်မှဟုတ်ရဲ့လားဟု ဓဝေဓဝါပင်။

"အစ်ကို့အခန်းရောက်တော့ တံခါးတွန်းကြည့်တယ် ... ပွင့်သွားတယ် ... ဧည့်ခန်းထဲကစားပွဲမှာ အစ်ကိုက စာတွေကုန်းရေးနေတာ ယုဝါတွေ့ရတယ် ... ဒါကြောင့် အစ်ကိုမမြင်မသိဘဲ အစ်ကိုနောက်ဘက်ခန်းတွေဆီ လာခဲ့တယ် အဲဒီမှာ အပြင်က နောက်ကလိုက်လာတဲ့လူတွေ ဝင်လာတာ တွေ့ရပြန်တာမို့ ... အိမ်သာပေါ်က ရေတိုင်ကီထဲဝင်ပြီး အဖုံးပြန်ချ ... ပုန်းနေလိုက်တာပါ အစ်ကို ... အဲဒီ လူ

www.burmeseclassic.com



သုံးယောက်နဲ့ အစ်ကိုသိသလားဟင် ... ”

“သိသားပဲ ... သူတို့ဟာ လူကောင်းတွေမှ ရိုးရိုးသာမန်လူ ကောင်းတွေတောင် မဟုတ်ဘူး ... ရဲ ထောက်လှမ်းရေး အဖွဲ့ကပဲ ခေါင်းဆောင်ကိုလှိုင်မင်းနဲ့ တို့သိဖူး ကျွမ်းဖူးထား တယ် လူတော်ပါ ... ”

“သူတို့ ယူနီဖောင်းမှဝတ်မထားဘဲ အစ်ကို ... သူတို့ယူနီ ဖောင်းဝတ်ထားရင် ယုဝါ ဘယ်ပြေးမလဲ ... အတွေ့ခံထား ရင် ယုဝါဘယ်ပြေးမလဲ ... အတွေ့ခံမှာပေါ့ ... အခု အရပ် ဝတ်နဲ့ ယုဝါနောက် တကောက်ကောက်လိုက်တော့ မကောင်းတဲ့လူတွေထင်ပြီး ယုဝါလွတ်အောင် ပြေးရတာ ယုဝါက မိန်းမသားတစ်ယောက်ပဲ ... သူတို့က ယောက်ျား ကြီးသုံးယောက်ဆိုတော့ ... ယုဝါကြောက်တာပေါ့ အစ်ကို”

“ဒီလိုဖြစ်မှာပေါ့ ... မင်းက အစားတစ်လုတ်အတွက် ညကြီး မင်းကြီးအပြင်ထွက်တာကိုး ... ”

ယုဝါက ဝင်သက်ကို တအားရှူပြီး ထွက်သက်ကို မှုင်းထုတ်သည်။ သက်ပြင်းတစ်လုံး မသိမသာချသည်ပဲ ဆိုပါလေ တော့။

မည်သို့ဆိုစေ ဝင်သက်ပြင်းပြင်းရှုသွင်းသောအခါ သူမ၏ရင်ကလေးမို့တက်လာသည်။ ထွက်သက်ပြန်ဆုတ်သောအခါ မို့သော ရင်လေးတအိအိပြန်နိမ့်ဆင်းသွားသည်။

အဝတ်တွေ ရေစိုအသားကပ်နေသဖြင့် သူမ၏ လေ ရှူလေထုတ် အမြင့်အမို့နှင့် အနိမ့်အဆင်းကို ပသာဒသဘော၊ နောင်



သက်ဆွေ ငေးကြည့်နေမိသည်။

နောင်သက်ဆွေအကြည့်ရိုင်းသွားသည်။

ယုဝါသည် နောင်သက်ဆွေ၏ ပသာဒအကြည့် ကြောင့် သူမ၏ရင်မို့မို့ကို လက်ကလေးနှစ်ဖက် ကြက်ခြေခတ်နှင့် ကာကွယ်လိုက်ရှာပေသည်။

နောင်သက်ဆွေ ချက်ချင်းသတိပြန်ဝင်ကာ တခြား သို့ အကြည့်လွှဲပစ်လိုက်ပြီး ဒီအမျိုးသမီးယုဝါနှင့် ပတ်သက်၍ မိမိ အလုပ်ပေးရမည်ကို စဉ်းစားသည်။

သူမလေးသည် ရုပ်တော်တော်သန့်သည်။ ကိုလှိုင် မင်းအဖွဲ့ နောက်ကလိုက်လာသည်ကို အလွန်အမင်းထိတ်လန့်နေပုံ ရသည်းရသည်။

အကယ်၍ အပေါစားအမျိုးသမီးတစ်ဦးဆိုပါက သူမ ၏ အရှက်ကို လက်ကြက်ခြေခတ်ဖြင့် မကွယ်ဘဲ မြှူပင် မြှူဆွယ် ဦးမည်။

ယုဝါသည် အပေါစားမဖြစ်နိုင်။

“ကဲ ... ကဲ ... မင်းပြောတာတွေလည်း ပြောတာပဲ ... ဟုတ်မှန်သလား မဟုတ်မှန်ဘူးလားဆိုတာ ငါက ဆုံးဖြတ် ဖို့လည်း မလိုဘူး ... ဒီတော့ အခု မင်းဘာလုပ်ချင်သလဲ မင်း ဒီရေစိုအဝတ်တွေနဲ့ အကြာကြီးနေရင် အအေးမိဖျားနေ နိုင်တယ် ... နမိုးနီးယားတွေ ဘာတွေဝင်နိုင်တယ် ... ငါ့မှာ မော်တော်ဆိုင်ကယ်ရှိတယ် ... ဒီကနေ မင်းရဲ့သိမ်ဖြူလမ်း အမျိုးသမီးဘော်ဒါဆောင်ကို ငါမော်တော်ဆိုင်ကယ်နဲ့ ပို့ကိ

www.burmeseclassic.com

www.burmeseclassic.com



ပို့ပေးမယ် ... ဘာမှမဝေးလှဘူး ... ”

“ဟုတ်ကဲ့ ... ယုဝါ ပြန်ချင်ပါတယ် ... အစ်ကို့မှာ အမျိုးသမီးဝတ်စုံ တစ်စုံလောက်မရှိဘူးလားဟင် ... ”

“ထပ်သရီး ... ငါ့မှာ ဘယ်ကလာပြီး မိန်းမအင်္ကျီထဘီရှိမှာလဲ ... ကြံကြံဖန်ဖန် ... ”

“ဒါဆို ... ဒီစိုရွှဲနေတဲ့ အဝတ်တွေနဲ့ ဘော်ဒါဆောင်ကို ဘယ်လိုပြန်ဝင်ရမလဲ အစ်ကို ... ဘော်ဒါဆောင်မှာက မိန်းကလေးတွေချည်းပဲရှိနေတော့ ... ယုဝါကို ဒီပုံစံနဲ့တွေ့ရင် အရမ်းမကောင်းထင်မှာ ... ညကြီးမိုးချုပ်ကြီးလည်းမဟုတ်လား ... ပြီးတော့ အဆောင်အုပ်ချုပ်တဲ့ ဒေါ်ဘီဘီကလည်း စည်းကမ်းသိပ်ကြီးတာ ... အကျင့်မကောင်းဘူးထင်ရင် ဘော်ဒါဆောင်က မောင်းထုတ်ပစ်တာ ... ဒီပုံစံအတိုင်း ယုဝါကိုမြင်ရင် အထင်လွဲခံရမှာ သေချာတယ် ... ”

“ဒါဆို အပြင်မှာ ညထွက်ပြီး နံနက်မှပြန်လာတဲ့ အမျိုးသမီးဆိုရင်ကော ... ဒေါ်ဘီဘီက ဘာပြောမလဲ ... ”

“ဘော်ဒါဆောင်မှာ ညဘက်အလုပ်ဆင်းတဲ့ အမျိုးသမီးတွေ အများကြီးရှိတယ် အစ်ကို ... ညပိုင်းကျမှ လျှပ်စစ်မီးကမှန်တော့ တချို့အလုပ်တိုက်တွေ ... စက်ရုံတွေက ညမှ အလုပ်လုပ်ကြတယ် ... ဒါကြောင့် ညဆင်းအလုပ်သမား အမျိုးသမီးတွေရှိနေတာ ... ”

ယုဝါပြောသည်မှာ မှန်ပါ၏။ နောင်သက်ဆွေ၏ ဝတ္ထုများထုတ်ဝေပေးသော စာအုပ်တိုက်ပင်လျှင် ညဘက်လျှပ်စစ်



မီးမှန်ချိန်မှလုပ်နေသည်များ သိထားပါ၏။

“ဒါဖြင့် မင်းဘာလုပ်မလဲ ... ဘယ်လိုလုပ်မလဲ ... ”

“အစ်ကို့အခန်းမှာ မီးပူအိုးဖြစ်ဖြစ် ... လျှပ်စစ်မီးဖိုဖြစ်ဖြစ် မရှိဘူးလားဟင် ... ”

“မီးပူအိုးတော့မရှိဘူး ... ငါက ငါ့အဝတ်အစားဟောင်းတွေကို ပင်မင်းဆိုင်ပို့တာ ... လျှပ်စစ်မီးဖိုဟော့ပလိတ်တော့ရှိတယ် ... ငါအချိန်မတော် ကော်ဖီသောက်ချင်ရင် ရေနွေးတည်ဖို့ ဝယ်ထားတာ ... ”

“ယုဝါရဲ့အဝတ်တွေက သိပ်အထူစားတွေမဟုတ်ပါဘူး အစ်ကို ... လျှပ်စစ်မီးဖိုဖွင့်ပြီး အပူငွေ့ပေးလိုက်ရင် တစ်ခဏအတွင်း ခြောက်သွေ့သွားမှာပါ ... အဲဒီလောက်အထိတော့ ယုဝါ ဒီမှာ ခဏနေပါရစေ ... ”

“ရပါတယ် ... အဲဒီလောက်တော့ ရပါတယ် ... လုပ်လေ မီးဖိုထဲမှာ ဟော့ပလိတ်မီးဖိုရှိတယ် ... သွားလုပ်ပေါ့ ... ”

နောင်သက်ဆွေက ခွင့်ပြုချက်ပေးသည့်တိုင်အောင် ယုဝါသည် ကြောင်ငေးငေးလေးအကြည့်ဖြင့် နောင်သက်ဆွေကို ကြည့်နေသည်။

“မင်းမှာ တစ်ခုခုလိုနေပြန်ပြီလား ... ”

“ယုဝါ အဝတ်တွေ မီးငွေ့ပေးထားတုန်း တစ်ခုခု ယုဝါဝတ်ထားဖို့ လိုနေလို့ပါ အစ်ကို ... အစ်ကို့ဆီက ရှပ်အင်္ကျီတစ်ထည်နဲ့ ပုဆိုးတစ်ထည်လောက် ခဏပေးဝတ်ပါလား။

“ရှူး ... ”

www.burmeseclassic.com

www.burmeseclassic.com



နောင်သက်ဆွေသက်ပြင်းတစ်လုံးမှုတ်ထုတ်လိုက်သည်။

"ကဲ … ဒါဆိုလည်း ငါ့အိပ်ရာဘေးမှာ ငါ့အဝတ်ဗီရိုရှိတယ် သော့ခတ်မထားဘူး … ဖွင့်ကြည့်ပြီး မင်းနဲ့သင့်တော်မှာ ရွေးဝတ် …"

"ကျေးဇူးသိပ်တင်ပါတယ် အစ်ကို …"

"အသေးအဖွဲ့တွေပါ …"

နောင်သက်ဆွေသည် သူငယ်ချင်းများကို ပြောလေ့ရှိသည်။ ဒါက အသေးအဖွဲ့ပါဟူသော သဘော ယုဝါကို ပြောလိုက်မိသည်။ ကောင်မလေးလွတ်လပ်စွာ အဝတ်လဲစေရန် ဧည့်ခန်း ဝရန်တာဘက်သို့ ပြန်လှည့်လာခဲ့သည်။

ကိုလှိုင်မင်းအကြောင်းတွေးသည်။ ကိုလှိုင်မင်းလိုလူသည် မိန်းမချောလေးတစ်ယောက်၏နောက်သို့ အဓိပ္ပာယ်မဲ့တော့ မလိုက်တန်ရာ၊ ယုဝါကို တစ်ခုခုမသင်္ကာသောကြောင့် ဖြစ်တန်ရာသည်။ မီမီအခန်းထဲ ယုဝါဝင်သွားသည်ဟုလည်း စွပ်စွဲသည်။

တကယ်တော့ ကိုလှိုင်မင်း၏စွပ်စွဲချက်မှန်နေသည်။ ယုဝါက အိမ်သာပေါ်မှ ရေတိုင်ကီထဲဝင်နေ၍သာ ရှာမတွေ့ခြင်းဖြစ်သည်။ ရေတွေရှိနေသော ရေတိုင်ကီထဲသို့ ဝင်၍ပုန်းမည်ဟု လုံးဝမထင်ထား။ ရေတိုင်ကီကို သူတို့လက်နှိပ်ဓာတ်မီးနှင့်တော့ ထိုးကြည့်သေးသည်။ နေသားတကျအဖုံး ဖုံးထားလျက်မို့ အထဲကို ဖွင့်ရှာစရာမလိုဟု တွက်ဆထားပုံရသည်။

ယခု …



ကိုလှိုင်မင်းရှာမတွေ့ခဲ့သော ယုဝါသည် မီမီအခန်း ဒီမိရှေ့မှောက်သို့ရောက်နေပါပြီကော။

ယုဝါ၏ ပြောပြချက်မှာလည်း ကိုလှိုင်မင်းတို့သုံးယောက်ကို မသမာသူတွေထင်၍ ထွက်ပြေးရသည်ဟု ပြောသည်။

ကိုလှိုင်မင်းတို့သည် မသမာသူတွေမဟုတ်၊ ကိုလှိုင်မင်း စိတ်တွင် မီမီကပဲ ဒီမိန်းကလေးကို ဝှက်ပေးထားသယောင် ပြောသွားသည်။

ယခုမူ ကိစ္စက ရှင်းနေပြီး ယုဝါဆိုသည့် မိန်းကလေးကို ခင်ဗျားလာတွေ့ချင် တွေ့ပေတော့ ကျုပ်ဆီမှာ ရောက်နေတယ်ဟု ဖုန်းဆက်ပြောသင့်သည်။

ဒီတိုက်ခန်းကို ဝယ်ကတည်းက တယ်လီဖုန်းပါရှိသည်မို့ စာရေးစားပွဲပေါ်ရှိ တယ်လီဖုန်းရှိရာ ဧည့်ခန်းသို့ ပြန်ဝင်လာပြီး ဖုန်းကိုကောက်ကိုင်ကာ ကိုလှိုင်မင်း၏ဖုန်းဂဏန်းကွက်ကို နှိပ်ရန် ပြုလိုက်သည်နှင့် …

"မလုပ်ပါနဲ့ အစ်ကို … ဖုန်းမဆက်ပါနဲ့ … ဖုန်းမဆက်ပါနဲ့"

ယုဝါအတင်းပြေးထွက်လာသည်။ နောင်သက်ဆွေ ဖုန်းကိုင်ထားသောလက်ကို ယီးလေးခိုသည်အထိ ဖွတ်ဆွဲချသည်။ အမှတ်မထင် ယီးလေးခို ဆွဲချသည်မို့ တောင့်မထားသဖြင့် နောင်သက်ဆွေတွေ လဲပြိုသွားသည်။

နှစ်ဦးစလုံး ကြမ်းပြင်သို့လဲပြိုကျသွားခြင်းဖြစ်ပါ၏။

လဲပြိုသူများ ထုံးစံအတိုင်း ဆွဲမိဆွဲရာ ကိုင်မိကိုင်ရာ ဆွဲကိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



တခြားဆွဲစရာမရှိသဖြင့် ယုဝါနှင့် နောင်သက်ဆွေသည် တစ်ဦးကိုတစ်ဦး ဆွဲကိုင်ရင်း တစ်ဦးကိုတစ်ဦး ဖက်တွယ်ကာ လဲကြခြင်းမျိုးဖြစ်သွားသည်။

နောင်သက်ဆွေတွင် ယုဝါကိုပွေ့ဖက်ထားရင်း ရင်တွေခုန်သည်။ ရှိန်းတမြမြခံစားရသည်။ ထွေးနွေးသောအထိအတွေ့ဖော့နူးပွအာရုံ သိသိသာသာကြီး ခံစားလိုက်ရပါ၏။

ယုဝါတွင် သူကဲ့သို့ခံစားရလေသလား၊ မခံစားရလေသလားတော့ မသိ။

"မလုပ်ပါနဲ့ အစ်ကိုရယ် ... ဖုန်းမဆက်ပါနဲ့ ယုဝါကို သနားပါ
ယုဝါ သူတို့ကို ကြောက်လွန်းလို့ပါ အစ်ကို ... "

ဟုသာ ဖက်တွယ်ထားရင်း တတွတ်တွတ် ပြောနေပါလေ၏။

ယုဝါ၏စကားတွေကြောင့် နောင်သက်ဆွေ သတိပြန်ဝင်လာကာ ယုဝါအား ရစ်ပတ်ပွေ့ပိုက်ထားသည်ကို လွှတ်လိုက်သည်။

တုံးလုံးလဲကျရာမှ ထရပ်လိုက်သည်။

ယုဝါမှာ ချက်ချင်းထမရပ်နိုင် တုံးလုံးလေး လဲလျက်ရှိနေသည်ကိုလည်း ငုံ့ကြည့်မိသည်။

"အာ ... ဒုက္ခ ... "

နောင်သက်ဆွေ တခြားဘက်သို့ မျက်စိအကြည့် လွှဲဖယ်ပစ်လိုက်သည်။

ယုဝါသည် နောင်သက်ဆွေ၏ ရှပ်အင်္ကျီကိုဝတ်ထား



သည်။ အဘယ်မှာလျှင် ကိုယ်ထည်တော်ပါမည်နည်း။ နောင်သက်ဆွေက ကိုယ်ထည်ရင်အုပ်ကျယ်၊ ပခုံးတန်းကျယ်၊ ဗလနှင့် ထောင်မောင်းသူဖြစ်သည်။ ယုဝါအဖို့ ပွချင်တိုင်းပွ၊ ချောင်ချင်တိုင်း ချောင်နေသည်။

ထို့ထက်မှာမူ ရှပ်အင်္ကျီကို ကြယ်သီးစုံမတပ်ရသေးမီ ကမန်းကတန်း ယုဝါပြေးထွက်လာသည်။

ပြီး နောင်သက်ဆွေ၏ပုဆိုးများသည် ချည်ချောအပါး၊ အနံ့ကြီးကွင်းကျယ်တွေဖြစ်သည်။ ယုဝါ၏သေးကျင်သောခါး၊ ကျစ်လျစ်သောကိုယ်လုံးလေးနှင့် ဘူးသီး ဂုန်နီအိတ်စွပ်ဖြစ်နေသည်။

ဒီတော့လည်း တုံးလုံးလေးဖြစ်နေသော ယုဝါမှာ ယောကျ်ားသားနောင်သက်ဆွေအဖို့ ကြည့်ချင်ပါလျက် မမြင်ရဲစရာတွေဖြစ်သွားတော့သည်။

နောင်သက်ဆွေ တခြားသို့ မျက်နှာလွှဲပြီး တယ်လီဖုန်းကို သူ့နေရာနှင့်သူ ပြန်တင်ထားလိုက်ပြီး ...

"မင်းအဝတ်အစားတွေ သေချာပြန်ဝတ်စမ်း ယုဝါ ... "

ယုဝါဟု နောင်သက်ဆွေ၏ နှုတ်မှ အလိုလိုခေါ်မိတော့သည်။ ယင်းသို့ခေါ်ခြင်းတွင် ရင်းနှီးသောအသွင်ပါရှိသွားသည်မှန်း နောင်သက်ဆွေကိုယ်တိုင် သတိထားမိမည်မဟုတ်ပါလေ။

ပြောပြီး ဝရန်တာဘက်သို့ နောင်သက်ဆွေရှောင်ထွက်သွားသည်။ တိုက်ခတ်လာသော ပြင်ပမှလေပြည်လေညင်းကို အားရပါးရ ရှူသွင်းမိသည်။

www.burmeseclassic.com

www.burmeseclassic.com



နေရှင်းထိုင်ရင်း စိတ်မောလွန်းရပါလားဟု ကိုယ့်ဘာကိုယ်ပြန်တွေးနေမိသည်။

ယုဝါအဖို့ အဝတ်တွေပြန်ပြီး လုံလုံလဲလဲဝတ်ဆင်ပြီးချိန်လောက်မှ နောင်သက်ဆွေ ဧည့်ခန်းထဲ ပြန်ဝင်ခဲ့သည်။

ယုဝါသည် အရာခပ်သိမ်းလုံလုံလဲလဲဖြစ်သွားပြီး ဇော်တတ်လေးရှပ်နေပါ၏။ ရပ်နေရာမှ နောင်သက်ဆွေကို ငေးငေးလေး စိုက်ကြည့်နေသည်။

နောင်သက်ဆွေက စာရေးစားပွဲပေါ်ရှိ ရေဖန်ချိုင့်ထဲမှ ဖန်ခွက်ထဲ ရေထည့်လိုက်သည်။ ပြီး သောက်ချလိုက်သည်။

နောက်တစ်ခွက် ထပ်ငှဲ့ထည့်သည်။ ယုဝါကို ရေဖန်ခွက်လှမ်းပေးသည်။

"ရော့ … သောက် ယုဝါ … "

ယုဝါက ချက်ချင်းမယူသေးဘဲ နောင်သက်ဆွေကို ငေးကြည့်မြဲ ကြည့်နေသည်။

"ရော့ … ရေသောက်လိုက်လေ … မင်းအထိတ်တလန့်ဖြစ်သွားတယ် မဟုတ်လား … "

ယုဝါယူပြီး ရေသောက်လိုက်ပါ၏။ မီးချောင်းရောင်အောက်မှာပင် ယုဝါ၏လည်တိုင်မှ အကြောစိမ်းလေးများ ယှက်သမ်းနေသည်ကို နောင်သက်ဆွေမြင်ရသည်။ နို့ပိုင်းနေ၏အလင်းရောင်အောက်မှာသာဆိုပါက ယုဝါ၏ဝင်းမွတ်သော အသားအရေပေါ်တွင် အကြောစိမ်းလေးများ နေရာအနှံ့ရှိသည်ကို မြင်တွေ့ရမည်ထင်ပါ၏။



ရေသောက်ပြီးနောက် ဖန်ခွက်ကို ပြန်ပေးရင်း ယုဝါက ပြုံးနေပြပသည်။

"မင်း ဘာလို့ပြုံးတာလဲ … "

"အစ်ကို့ကို ပြုံးတာပါ … အထိတ်တလန့်ဖြစ်ရင် ရေသောက်ရတယ်လို့ အစ်ကို့ကို ဘယ်သူသင်ပေးထားပါလိမ့်လို့ ယုဝါ ပြုံးမိတာပါ … "

"ငါငယ်ငယ်တုန်းက အထိတ်တလန့်ဖြစ်ရင် … ငါ့မေမေက ရေတိုက်လိုက်တာပဲ … "

"ဒါက ကလေးအရွယ်ကိုး … "

"လူကြီးလည်း အတူတူပေါ့ … ရေဆိုတာ နှလုံးအေးစေတယ် … အသည်းအေးစေတယ် … အထိတ်တလန့်ဖြစ်တဲ့အခါ နှလုံးနဲ့ အသည်းပူလောင်သွားတတ်တာပဲပေါ့ … ရေသောက်ချလိုက်ရင် နှလုံးအသည်း အေးမြသွားစေနိုင်တာ ဒါထက် ယုဝါရဲ့အဝတ်တွေကော … "

"ဟော့ဒပလိတ်ဖွင့်ပြီး အဝတ်တွေ … အပေါ်ကချိတ်နဲ့ဆွဲလှမ်းထားတယ် အစ်ကို … "

"ချက်ချင်း မခြောက်နိုင်ဘူးပေါ့ … "

"တစ်နာရီလောက်တော့ ကြာမလားဘဲ အစ်ကို … "

နောင်သက်ဆွေ နာရီကြည့်လိုက်သည်။ ညဆယ်နာရီမိနစ်လေးဆယ်ရှိပေပြီ။ နောက်ထပ်တစ်နာရီလောက်ဆိုပါလား ညဉ့်နက်သန်းခေါင် ဆယ့်နှစ်နာရီလောက်ဖြစ်သွားပေပြီ။ ညသန်းခေါင်အချိန်ဝယ် လမ်းမထွက်သင့်တော့ပြီ။ ရဲပတ္တာရောင်တွေ နေရာ

www.burmeseclassic.com

www.burmeseclassic.com



အနှံ့ရှိနေလေပြီ။

"ကဲ ထိုင်ဦး ယုဝ ... "

ယုဝက ဆက်တီကုလားထိုင်တစ်လုံးပေါ်တွင် ပုံ့ပုံ့ကလေး ထိုင်လိုက်သည်။

နောင်သက်ဆွေသည် စောစောကလို ယုဝအား မင်းတွေ ငါတွေဖြင့် အလိုလိုစိတ်က မပြောချင်တော့၊ ထိုစကားလုံးတွေသည် ယုဝအပေါ် ရင့်သီးသည်ဟု စိတ်ထဲမှ ထင်လာမိ၍ဖြစ်သည်။

"ယုဝ ကိုလှိုင်မင်းနဲ့ ဘယ်လိုပတ်သက်ခဲ့သလဲ ... "

"အို ... ဘယ်လိုမှမပတ်သက်ခဲ့ဘူး ... သူတို့ကို ယုဝသိလည်း မသိဘူး ... "

နောင်သက်ဆွေက ယုဝ၏စကားကို လက်ခံချင်ပုံမရပေ။

ဦးခေါင်းခါယမ်းပြလိုက်သည်။

"မဖြစ်နိုင်ဘူး ယုဝ ... ကိုယ် ကိုလှိုင်မင်းအကြောင်း ကောင်းကောင်းသိတယ် ... ဒီလူက ရဲအဖွဲ့ထောက်လှမ်းရေးသမားကောင်းတစ်ယောက်ပါ ... ယုဝမှာ ရဲထောက်လှမ်းရေးနဲ့ ပတ်သက်တာ တစ်ခုခုရှိလို့ ယုဝနောက်ကို ကိုလှိုင်မင်း လိုက်နေတာပဲဖြစ်မယ် ... ယုဝ တကယ်မပတ်သက်ရင် ကိုလှိုင်မင်းဆီ ကိုယ်ဖုန်းဆက်တာ ဒရောသောပါးအထိတ်တလန့်နဲ့ ကိုယ့်ကို ဖုန်းမပြောအောင် တားမြစ်စရာမှ မလိုတာ ... ကန့်ကွက်စရာမှ မလိုတာ ... "



ယုဝသည် ချက်ချင်း ဆက်တီကုလားထိုင်ပေါ်မှ ဆင်းကာ နောင်သက်ဆွေထိုင်နေရာ၏ ကြမ်းပြင်တွင် ထိုင်ကာ နောင်သက်ဆွေ၏ခြေသလုံးနှစ်ဖက်ကို ဖက်တွယ်လိုက်သည်။

ခြေသလုံးဖက် တောင်းပန်ရ တောင်းပန်ရဆိုသည့် ပုံသွင်ဖြစ်သွားသည်။

"အဲဒါတွေ ယုဝကို မမေးပါနဲ့လား အစ်ကို ... ဒီညအဖို့ အစ်ကို့အနေနဲ့ ယုဝကို သန့်သန့်ရှင်းရှင်းလေး ကယ်တင်တဲ့ အနေနဲ့ ကယ်တင်ပေးပါလို့ ယုဝတောင်းပန် အသနားခံပါရစေ အစ်ကို ... ယုဝကို သနားပါနော် ... "

နောင်သက်ဆွေ ယုဝကိုငုံ့ကြည့်သည်။ ဤအကြည့်တွင် ကရုဏာတွေ၊ အကြင်နာတွေ ပါရှိနေ၏။

ယုဝအား လှိုင်မင်းနှင့်ပတ်သက်၍ မမေးတော့ဟု ဆုံးဖြတ်လိုက်သည်။

ထိုညက ... ယုဝနှင့် နောင်သက်ဆွေတို့ တခြားအကြောင်းအရာတွေ မအိပ်ကြစတမ်း ဆက်ပြောဖြစ်ကြသည်။

ယုဝသည် မကြာသေးမီကမှ ဖွင့်လှစ်ထားသော ကမ်းခြေဦးဟိုတယ်တွင် အလှည့်ကျသီဆိုဖျော်ဖြေပေးရသော အဆိုတော်မလေးတစ်ဦးဖြစ်ကြောင်း ယုဝကပင် ပြောပြသည်။

နောင်သက်ဆွေကိုယ်တိုင် ကမ်းခြေဦးဟိုတယ်သို့ မရောက်ဖူးသော်လည်း ဟိုလူဒီလူပြောသတင်းစကားအရ ကမ်းခြေဦးဟိုတယ်အကြောင်းကို သိထားသည်။

ကမ်းခြေဦးဟိုတယ်သည် ကမ္ဘာအေးဘုရားလမ်း

www.burmeseclassic.com

www.burmeseclassic.com



အတိုင်းသွားပြီး အတွင်းဘက်သို့ သီးသန့်လမ်းဖြင့် သွားရသည်။

ကမ်းခြေဦးဟိုတယ်သည် ဟိုတယ်ဖွင့်လှစ်ဖို့ သီးသန့်ဆောက်ထားသော အဆောက်အဦမဟုတ်၊ အင်းလျားကန်ကို မျက်နှာမူပြီး ဆောက်ထားသော နဂိုကတည်းက ရှိထားသည့် အဆောက်အဦတစ်ခုသာဖြစ်ပေသည်။ ချမ်းသာကြွယ်ဝသော တစ်ဦးပိုင်ဆိုင်ထားသည့် အဆောက်အဦတိုက်အိမ်အကြီးကြီးဖြစ်၏။

လွန်ခဲ့သော သုံးလေးလလောက်ကမှ ပိုင်ရှင်ကိုယ်တိုင်ဖွင့်လေသလား သို့မဟုတ် နဂိုပိုင်ရှင်က ကြိုက်ဈေးဖြင့်ရောင်း၍ နောက်လူက ဖွင့်လေသလားမသိ။

ကမ်းခြေဦးဟိုတယ်ဟု မကြာသေးမီကမှ ဖွင့်လိုက်သော ဟိုတယ်ဖြစ်ပါ၏။ ခေတ်မီဟိုတယ်ဖြစ်စေရန် တီးဝိုင်းနှင့် အလှည့်ကျ အဆိုတော်တွေဖြင့် ပရိသတ်ကို ခေါ်အားပြုထားပါ၏။

ယခု ယုဝါသည် ထိုကမ်းခြေဦးဟိုတယ်မှ အဆိုတော်တစ်ဦးဟု နောင်သက်ဆွေ သိရသည်။

နောင်သက်ဆွေသာ လူညစ်တစ်ယောက်ဆိုပါက ထိုညက ယုဝါအား သူအပိုင်စီးနိုင်ပေသည်။

သို့သော် နောင်သက်ဆွေသည် ဤလိုလူစားမဟုတ်၊ ထို့ကြောင့်လည်း ယုဝါသည် အစ်ကိုနောင်သက်ဆွေအား အရမ်းကြီး လေးစားသွားပါ၏။

ယုဝါသည် နံနက်မိုးလင်းသည်အထိ မှည့်တစ်ပေါက် မစွန်းဘဲ သူမ၏အဝတ်အစားအသွေး အခြောက်နှင့် ပြန်သွားနိုင်ခဲ့



သည်။

ဒီနောက်မှာတော့ စာရေးဆရာပေါက်စ နောင်သက်ဆွေသည် ယုဝါအလှည့်ကျသီဆိုမည့်နေ့တိုင်း ကမ်းခြေဦးဟိုတယ်သို့ ရောက်ရပေတော့သည်။

တစ်လကြာသောအခါ နောင်သက်ဆွေသည် ယုဝါကို ချစ်ရေးဆိုတော့သည်။

ယုဝါက အစ်ကိုနောင်သက်ဆွေအား လေးစားခြင်း အရင်းခံရှိမက သူမ၏ရင်ထဲနှလုံးသားအချစ်ဖြင့် ကျေကျေနပ်နပ် ဝမ်းပန်းတသာ လက်ခံ၍ ချစ်တုံ့ပြန်ခဲ့ပေသည်။

သူတို့နှစ်ယောက် ချစ်သွားကြသည်။

မောင်ကလည်း မေ့ကိုချစ်သည်။

မေကလည်း မောင့်ကိုချစ်သည်။

သို့သော် နောင်သက်ဆွေက လက်ထပ်လိုကြောင်း ဆိုတော့ ယုဝါက ငြင်းဆိုပေသည်။

တကယ်တော့ နောင်သက်ဆွေ၏ စာရေးဆရာအလုပ်သည် အဓိကအသက်မွေးဝမ်းကြောင်းအလုပ်မဟုတ်၊ ဝါသနာကြောင့်လုပ်သော အလုပ်သာဖြစ်သည်။

နောင်သက်ဆွေသည် မိုးကုတ်မှ ချမ်းသာကြွယ်ဝသော မိဘ၏တစ်ဦးတည်းသောသားဖြစ်သည်။

သူ့မိဘများ မည်မျှချမ်းသာသနည်းဆိုပါမူ မြန်မာ့ရုပ်မြင်သံကြားမှ အကျော်အမော် ရုပ်ရှင်မင်းသမီး ခင်သန်းနုက တိုင်စံမိတ်ကပ်ကြော်ငြာပေးသလို အရမ်းအရမ်းကို ကောင်းတော့

www.burmeseclassic.com

www.burmeseclassic.com



ဝါရှင်ဆိုသကဲ့သို့ နောင်သက်ဆွေ၏ မိုးကုတ်မှ မိဘနှစ်ပါးသည် အရေးအရာင်းကို ချမ်းသာတာပါပဲရှင်ဟု ဆိုရမလောက်ဖြစ်ပါ၏။

နောင်သက်ဆွေသည် ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်မှ သမိုင်းအဓိကဖြင့် ဝိဇ္ဇာဘွဲ့ရပြီးသားလည်းဖြစ်သည်။ အမည်ရင်းမှာ သက်ဆွေဖြစ်ပြီး စာပေနယ်ထဲဝင်မှ ရှေ့မှ'နောင်'တစ်လုံးတိုးကာ ကလောင်အမည် 'နောင်သက်ဆွေ'ဖြစ်လာပေသည်။

ကျောင်းသားဘဝကတည်းက စာရေးသားခြင်း ဝါသနာကြီးခဲ့ကာ ဘွဲ့ရပြီးနောက် စာအုပ်လောကထဲသို့ ခြေစုံပစ်ဝင်လာခြင်းဖြစ်သည်။

မိဘတွေကလည်း တစ်ဦးတည်းသော သားလေးအား သူ့အရှိန်နှင့် သူလွှတ်ထားပေးပြီး ရန်ကုန် ဗိုလ်အောင်ကျော်လမ်းမှ ယခုတိုက်ခန်းကို အပျောက်စနစ်ဖြင့် ဝယ်ပေးထားခြင်းဖြစ်ပါ၏။

နောင်သက်ဆွေက သူ့အတွက် သွားရေးလာရေးတွင် မော်တော်ကားကို မနှစ်သက်၊ မော်တော်ဆိုင်ကယ်ကိုသာ နှစ်သက်သဖြင့် သားစိတ်ကြိုက် မော်တော်ဆိုင်ကယ်ဝယ်ပေးထားသည်။

ရန်ကုန်ဘဏ်တွင်လည်း သားနောင်သက်ဆွေအတွက် ဘဏ်စာရင်းဖွင့်ပေးထားသည်။

**နောင်သက်ဆွေ ဝတ္ထုစာအုပ်ညဏ်ပူဇော်ပွဲသည် သူ့စာရေးဆရာအသိုင်းအဝိုင်း၊ မိတ်ဆွေသူငယ်ချင်းများနှင့်အတူ မျှော်ရှင်စွာ စားသောက်ပစ်သည်ကသာ များသည်။**



နောင်သက်ဆွေဘဝတစ်လျှောက်လုံးတွင် ရင်ထဲ ချစ်သူမတွေ့ဖူးသေး၊ ယခု ယုဝါနှင့် ဤပုံဤနှယ် ကြုံကြိုက် ခဲ့ပြီးလေမှ တစ်သက်တွင် တစ်ခါချစ်သောအချစ်နှင့် ချစ်မိ

နောင်သက်ဆွေက လက်ထပ်ချင်သည်။ ယုဝါက ထပ်ရန် အချိန်ဆွဲ ငြင်းပယ်နေသောအခြေအနေဖြစ်ပါ၏။

တကယ်တော့ ယုဝါကလည်း အစ်ကိုနောင်သက် ကို အသည်းတစ်နှင့်ချစ်ပါ၏။ တခြား ဘာမဆိုလိုက်လျောရန်

သို့သော် ... သူမအနေနှင့် ချစ်လှစွာသော ကိုကို သက်ဆွေကို လက်ထပ်ရန်မဖြစ်သေး။ သူမတွင် လျှို့ဝှက် အခက်အခဲတွေရှိနေသည်။ ဒါကို နောင်သက်ဆွေကလည်း ရိပ်မိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



(၃)

"ရှေ့ဖို့ ... ဆရာနောင်သက်ဆွေ ဒီလကော်ပီတဲ့အတွက် ငွေနှစ်ထောင် ... "

မဂ္ဂဇင်းထုတ်ဝေသူလည်းဖြစ်၊ အယ်ဒီတာလည်းဖြစ် သူက နောင်သက်ဆွေရောက်လာသည်နှင့် ကော်ပီခငွေနှစ်ထောင် ထုတ်ပေးသည်။

"ကျေးဇူးပဲဗျာ ... "

ဟု နောင်သက်ဆွေက ငွေနှစ်ထောင်ယူလိုက်သည်။

"ဟဲ ... ဟဲ ... ဟဲ ... စားရက်ကြိုတော့လည်း မုတ်ဆိတ် များစွဲတာတော့ မဟုတ်ဘူး ... တိုက်တိုက်ဆိုင်ဆိုင်ကြ ကျုပ်နဲ့ ပက်ပင်းတိုးတာ ... "

ရယ်သံနှင့်အတူ ကြားလိုက်ရသဖြင့် နောင်သက် ဆွေ နောက်သို့လှည့်ကြည့်လိုက်သည်။



လား ... လား ... ဦးအောင်မောင်းကြီး မိမိနောက် တွင် ရောက်နေသည်ကို တွေ့ရပါ၏။

ဦးအောင်မောင်းကြီးသည် စာပေနယ်ပယ်တွင် သမ္မာရင့်ဆရာကြီး ပုဂ္ဂိုလ်ကြီးဖြစ်ပေသည်။ စာဆိုလျှင် အကုန်ရေး သည်။ အရေးသဖြင့် ဆောင်းပါးရေးရာတွင် ဦးအောင်မောင်းကြီးကို လိုက်မီသူ တစ်ဦးမျှမရှိအောင် ရေးနိုင်စွမ်းရှိသည်။

ဦးအောင်မောင်းကြီးရေးသော ဆောင်းပါးတွင် မည် သူမျှအငြင်းပွားစောဒကမတက်နိုင်အောင် အချက်အလက်များ ခိုင် လုံသည်။ အချက်အလက်ခိုင်လုံအောင်လည်း ဦးအောင်မောင်းကြီး က တပင်တပန်းအချက်အလက်ရအောင် ရှာဖွေသည်။ ပိုင်မှ ရေး သည်။

သူ့အမည်ရင်း အမည်မှန်မှာ ဦးအောင်မောင်းမဟုတ် ဦးဘအုန်းဖြစ်သည်။

သို့သော် နောင်းတစ်ခေတ်က ဇာတ်မင်းသားကြီး ဦးအောင်မောင်းသည် နှစ်ပါးသွားကရာတွင် 'ခြေထိုး'အကဖြင့် နာ မည်ကြီးလှသည်။ ကရင်း ခုန်ရင်း ဆိုင်းချက်နှင့်အညီ ဇာတ်စင်ကျယ် ကြီး၏ ဤမှာသည်မှ ခြေထိုးလိုက်လျှင် ဇာတ်ခင်းဟိုဘက်စွန်းအထိ လှပစွာ ရောက်သွားသည်ဟု ဆိုကြသည်။ ထိုစဉ်က 'အောင်မောင်း ခြေထိုး'ဟု နာမည်ကြီးခဲ့သည်မှာ ယနေ့ခေတ် လူကြီးပိုင်းအထိ နာမည်ကျန်နေသေးပါ၏။

ဦးဘအုန်းဆောင်းပါးရေးပြီဆိုလျှင် မည်သူမျက်မြင် များ။ ပုဂ္ဂိုလ်ရေးမျက်နှာမထောက်၊ မှန်ရာကိုသာ တိုင်းပြည်၏မျက်

www.burmeseclassic.com

www.burmeseclassic.com



နှာထောက်ပြီး ရေးသည်။

ထို့ကြောင့် စာပေနယ်သားများက ဦးဘအုန်းအ

ဦးအောင်မောင်းကြီးဟု အမည်ဘွဲ့ထူးပေးကြခြင်းဖြစ်၏။

သားမယားမရှိ လူပျိုကြီးဖြစ်သည်။

ရသမျှပိုက်ဆံကို အိမ်ပါချင်ပါ၊ မပါချင်နေ

သောက်ပစ်လိုက်သည်၊ အရက်ကို ခုံခုံမင်မင်သောက်သည်။

အပေါင်းအသင်းများ စာမူခထုတ်သည်နှင့် ကြုံကြိ

သွားလျှင် ဦးအောင်မောင်းက သူ့ကိုဒကာခံစေလေ့ရှိသည်။ စာ

သမားတိုင်းကလည်း ဦးအောင်မောင်း သမ္မာရင့်ကြီးကို ဒကာခံ

စေတနာအမြဲရှိနေတတ်သည်။

သို့သော် ...

အရက်မူးပြီဟေ့ဆိုလျှင် ဦးအောင်မောင်းကြီး

သွေးဆိုးသည်။ အဲဒါကိုတော့ ဒကာခံရသူတွေက ကြောက်သည်

ထို့ကြောင့် စာပေအသိုင်းအဝိုင်းတွင် ဦးအောင်

မောင်းနှင့်ပတ်သက်ပြီး ဆောင်ပုဒ်တစ်ခုပေါ်ထွက်နေပါ၏။

မည်သည့်စာရေးဆရာက စပ်ဆိုလိုက်သော

ဆောင်ပုဒ်မှန်းတော့ မသိ။

*ချဲကိုလည်း မထိုးနှင့်၊*

*ချဲကိုစွဲလျှင် မွဲတတ်သည်။*

*ဦးအောင်မောင်းကိုလည်း မတွဲနှင့်၊*

*ဦးအောင်မောင်းကိုတွဲလျှင်*

*ကွဲတတ်သည် ...* တဲ့။



ယခု နောင်သက်ဆွေ ကော်ဝီခအေရတွင် ဦးအောင်

မောင်းနှင့် ပက်ပင်းတိုးနေပေပြီ။

ဦးအောင်မောင်းကို ဒကာခံကျွေးမွေးရ၍ ကော်ပီခ

ထုန်သွားရော နောင်သက်ဆွေအတွက် ဘာအရေးလဲ။ လိုအပ်ရင်

အိတ်ထဲကပင် စိုက်ထုတ်ပေးမည့်စေတနာရှိပြီးသား။

ခက်သည်က ...

ယနေ့ညနေခြောက်နာရီတွင် ကရဝိတ်ဟိုတယ်၌

တွေ့ဆုံရန် ချိန်းဆိုထားပြီးသားဖြစ်နေသည်။

ဦးအောင်မောင်းကြီးက အရစ်ရှည်ပြီး ခြောက်နာရီ

မထိုးမီ ဝိုင်းမသိမ်းနိုင်မည်ကိုသာ နောင်သက်ဆွေ စိုးရိမ်မိခြင်းဖြစ်

သည်။

နောင်သက်ဆွေ နာရီကြည့်သည်။ ညနေလေးနာရီ၊

နာရီတွက်ကြည့်ပြီး စိတ်ထဲတွင် ထင်နေမိသည်။

"ဘာလဲကွ နောင်သက်ဆွေရ ... ငါ့ကိုမကျွေးချင် မမွေး

ချင်လို့လား ..."

"ဟာဗျာ ... မဟုတ်လိုက်တာ ... ကျွန်တော့်မှာ ချိန်းထား

တာလေးတစ်ခုရှိလို့ပါ ဦးအောင်မောင်းရဲ့ ... ဒီလိုလုပ်ဗျာ

ဒီငွေနှစ်ထောင် ဦးအောင်မောင်းယူသွားပါ ... ကြိုက်ရာဆိုင်

မှာ စားသောက်ပါလားဗျာ ..."

"အာကွ ... ဒီမှာ နောင်သက်ဆွေ ... ခွက်ထဲကို ပိုက်ဆံ

ထည့်သွားတာကို ခံရတာ သူတောင်းစားမှကွ ... ငါ့ကို

သူတောင်းစားလို့ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ ... အဲဒီသဘောမျိုးကြီး လုံးဝမဟုတ်ဘူး ... ကျွန်တော့်မှာက တကယ့်အရေးကြီးတာချိန်းထားလို့ပါ ... "

"ရတယ်လေ ... ဒါဆို မင်းသွားပေါ့ ငါ့ကိုတစ်ပြားမှ ပေးစရာမလိုဘူး ... "

ဦးအောင်မောင်း နှာကစ်သွားပုံပင်။

ဦးအောင်မောင်း ငြိုငြင်ခြင်းကို နောင်သက်ဆွေ လုံးဝမခံနိုင်။ ဦးအောင်မောင်း ဘယ်လိုပဲနေနေ စာပေပေါ်တွင် မြတ်နိုးပုံနှင့် သစ္စာရှိပုံကို နောင်သက်ဆွေက လေးစားကြည်ညိုသည်။ ဆရာတစ်ပါးဆိုပါက မငြင်းနိုင်။

"ကဲ ဒါဆို သွားကြမယ် ... ဒါပေမဲ့ ခြွင်းချက်တစ်ခုကိုတော့ ဦးအောင်မောင်းက လိုက်လျောရမယ် ... ခြောက်နာရီမတ်တင်းမှာ ဝိုင်းသိမ်းပေးရမယ် ... ကျွန်တော့်မှာ ခြောက်နာရီချိန်းထားတဲ့ အရေးကြီးကိစ္စတစ်ခုရှိနေလို့ ... "

"အေး ... အဲဒါ ဖြစ်တယ် ... "

နောင်သက်ဆွေက သူ့မော်တော်ဆိုင်ကယ်နှင့်ပင် ဦးအောင်မောင်းကြီးကို နောက်မှလိုက်ပါစေသည်။

"ပြော ... ဦးအောင်မောင်း ဘယ်ကိုသွားမလဲ ... ကြိုက်ရာသာပြော ... "

"ခြောက်မိုင်ခွဲဟိုတယ်ကို သွားမယ်ကွာ ... "

ဦးအောင်မောင်းအလိုကျ ခြောက်မိုင်ခွဲ ဟိုတယ်သို့ နောင်သက်ဆွေ မောင်းလာခဲ့ပါ၏။

ဟိုတယ်ထဲသို့ ဝင်လိုက်မိသည်နှင့် ယနေ့သည်



ပြဿဒါးနေ့ဖြစ်လေပြီလားဟု နောင်သက်ဆွေ တွေးလိုက်မိလေသည်။

အကြောင်းမူ ...

ဟိုတယ်ခန်းမကြီး၏တံခါးအဝင်မှာပင် တစ်ယောက်တည်း စားပွဲထိုင်ပုလင်းထောင်နေသော မစ္စတာဒေးဗစ်ကို နောင်သက်ဆွေ တွေ့လိုက်ရသောကြောင့်ဖြစ်ပါလေ၏။

မိမိနှင့်တော့ မစ္စတာဒေးဗစ်နှင့် ဘာပြဿနာမှ မရှိဖူးခဲ့။

သို့သော် ဦးအောင်မောင်းကြီးနှင့် မစ္စတာဒေးဗစ်ကတော့ ကျောင်းတော်က ရန်စရှိခဲ့ဖူးသည်။

မစ္စတာဒေးဗစ်သည် သံရုံးတာချို့သို့ ဝင်ထွက်နိုင်သူဖြစ်သည်။ သို့သော် တကယ့်မှောင်ခိုအကြီးစားသမားတစ်ဦးဖြစ်ပါလေ၏။

ပြီးခဲ့သောနှစ်က မစ္စတာဒေးဗစ်၏ မှောင်ခိုလုပ်ငန်းကို ဦးအောင်မောင်းကြီးက စေ့စေ့ငုငု စစ်စစ်ပေါက်ပေါက် စုံစမ်းနိုင်ခဲ့သည်။ ဓာတ်ပုံတွေအရရိုက်ယူနိုင်ခဲ့သည်။

ဝိုင်ပြီဆိုမှ ဂျာနယ်တစ်စောင်တွင် ဓာတ်ပုံနှင့်တကွ မစ္စတာဒေးဗစ်၏မှောင်ခိုလုပ်ငန်းကို တိုင်းပြည်သို့တင်ပြလိုက်သည်။

ဦးအောင်မောင်းကြီး၏ဖော်ထုတ်ပြချက်အရ သက်ဆိုင်ရာမှ မစ္စတာဒေးဗစ်အား စစ်ဆေးမေးမြန်းမှုတွေ ပြုတော့သည်။ မစ္စတာဒေးဗစ်ကို သံရုံးနှစ်ရုံးမှ အကာအကွယ်ပေးသည်။

သို့သော် ဦးအောင်မောင်းကြီး၏တင်ပြဖော်ထုတ်

www.burmeseclassic.com

www.burmeseclassic.com



ချက်မှာ နိုင်မာသဖြင့် မစ္စတာဒေးဗစ်၏နိုင်ငံကူးပတ်စပို့စ်ကို သက် ဆိုင်ရာအာဏာပိုင်များက သုံးနှစ်ပိတ်ပင်ပစ်လိုက်သည်။

မစ္စတာဒေးဗစ်နေထိုင်ရာနယ်မြေရှိ ရဲစခန်းတွင် သ တင်းတစ်ပတ်တစ်ကြိမ် မစ္စတာဒေးဗစ်ကို လက်မှတ်သွားထိုးေ သည်။

ဤသည်ပင်လျှင် ဦးအောင်မောင်းကြီးနှင့် မစ္စတာ ဒေးဗစ်တို့၏ ကျောင်းတော်က ရန်စဖြစ်တော့သည်။

ဦးအောင်မောင်းကြီးက မစ္စတာဒေးဗစ်ကို တွေ့ သော်လည်း အရေးမထားသောအသွင်ရှိနေသည်။

ဦးအောင်မောင်းကြီးသည် စိတ်ကြိုက်အရက်တစ် ပုလင်းမှာပြီး စိတ်ကြိုက်အမြည်းနှင့် သုံးခွက်ဆင့်သောက်ပြီး အမြည်း စားသည်။

နောင်သက်ဆွေကတော့ ဦးအောင်မောင်းကြီးအား အဖော်ပြုပေးရုံမျှ ဘီယာကိုသာမှာပြီး တစ်ငုံခြင်း ဆွဲသောက်နေ သည်။

"ငါပြောမယ်ကွ … နောင်သက်ဆွေရ … စာပေလောကထဲ ရောက်ရင် သတ္တိရှိဖို့အဓိက လိုတာပဲကွ … ထုတ်ဝေသူကို လည်း မကြောက်နဲ့ … ကိုယ့်စာကို ကြိုက်ရင် ထုတ် … မကြိုက်ရင် မထုတ်နဲ့ … အယ်ဒီတာကိုလည်း မကြောက်နဲ့ ကိုယ်မှန်တယ်လို့ပိုင်ရင် အယ်ဒီတာကို ပြန်ပြောရဲရမယ် … အေး … ငါတို့အဓိကမျက်နှာထောက်ရမှာက ကိုယ့်တိုင်း ပြည်နဲ့ ကိုယ့်လူမျိုးကိုပဲကွ … "



စတုတ္ထနှင့် ပဉ္စမမြောက်ခွက်တွင် ဦးအောင်မောင်း ကြီး ရေချိန်လွန်ပေတော့ပြီ။ ဦးအောင်မောင်းရေချိန်လွန်ပြီဆိုပါက သတိသာထားပေတော့။ ဦးအောင်မောင်းလွန်လာလျှင် သွေးဆိုး တတ်သည်။

ဤအခြေအနေမှာပင် မစ္စတာဒေးဗစ်သည် သူ့စားပွဲ မှ ထလာသည်။ ဦးအောင်မောင်း၏ဘေးတွင် ရပ်လိုက်သည်။

ပြီး မြန်မာစကားပီသစွာဖြင့် ဦးအောင်မောင်းကြီး ကို မေးလိုက်သည်။

"ဒီမှာ ဦးဘအုန်း … ကျုပ်တစ်ခုလောက် မေးပါရစေ … ခင်ဗျားလက်ချက်နဲ့ ကျုပ်တော်တော်အထိနာသွားတယ် နိုင်ငံခြားတချို့မှာ ကျုပ်နဲ့ချိန်းထားတဲ့ကိစ္စတွေအားလုံး ဖျက်သိမ်းပစ်ရတယ် … ကျုပ်အနေနဲ့ ဦးဘအုန်းကို ဘာ တစ်ခု ထိခိုက်နစ်နာအောင် လုပ်ဖူးလို့ ကျုပ်ကို ခင်ဗျားက အလဲထိုးတာလဲ … "

"ခင်ဗျားနားလည်အောင် ပြောမယ် မစ္စတာဒေးဗစ် … ကျုပ်တို့ စာပေသမားဆိုတာ ပုဂ္ဂလမိတ္တာနက်လုံးဝမထားဘူး ပုဂ္ဂိုလ်စွဲမထားဘူး … ကျုပ်တို့တိုင်းပြည်နဲ့ လူမျိုးကို ထိခိုက် လာတာမှန်သမျှ ဖော်ထုတ်ပြရမှာပဲ … "

ဦးအောင်မောင်းသည် ပြေပြေလည်လည်ပြန်ပြော သည့် အမူအရာမဟုတ်ပေ။ အခြေအနေမှာ ပြင်းထန်မည့်အခြေ အနေရောက်တော့မည်မို့နောင်သက်ဆွေက ကြားဝင်ဖျန်ဖြေစကား ဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာဗျာ ... မစ္စတာဒေးဗစ် ခင်ဗျားစိတ်ထဲမှာ မကျေနပ်တာရှိလည်း နောက်မှ တခြားနေရာမှာ တွေ့ဆုံပြီး ရှင်းကြတာပေါ့ ... အခုတော့ အရက်ရောင်းတဲ့ ဟိုတယ်ကြီးထဲမှာ ပြဿနာမဆွေးနွေးပါနဲ့ဗျာ ... မသင့်တော်ပါဘူး ... "

မစ္စတာဒေးဗစ်ကို ဖျောင်းဖျနေစဉ်မှာပင် ဦးအောင်မောင်းကြီးက တစ်စခန်းထတော့သည်။

"ဒီမှာ နောင်သက်ဆွေ ... ဒီကိစ္စမှာ မင်းဝင်မပါနဲ့ ... မင်းနုသေးတယ် ... ဒီလိုလူမျိုးကို ကျေရာကျေကြောင်းပြောစရာမလိုဘူး ... ဘယ့်နှယ့်ကွာ ... ငါတို့ပြည်ထဲက ကျောက်မျက်ရတနာတွေ ခိုးထုတ် ... တခြားတိုင်းပြည်မှာသွားရောင်း မူးယစ်ဆေးဝါးတွေ ပြန်သွင်းလာနဲ့ ငါတို့တိုင်းပြည်မှာ ဘယ်လောက်နစ်နာလဲ ... လူငယ်လေးတွေ လူညွှန့်တုံး ဆေးစွဲအောင် လုပ်နေတာ ဒီကောင်တွေ ... "

ဦးအောင်မောင်း၏စကားတွေသည် လူစုံသော ဟိုတယ်အတွင်း၌ ပို၍ပင် မစ္စတာဒေးဗစ်ကို ထိခိုက်ပေတော့သည်။ အရှိက်ကို အလဲထိုးခြင်းဖြစ်ပြန်ရသည်။

နှစ်ယောက်စလုံးကလည်း ရေချိန်လွန် အမူးလွန်နေပြီ။

မစ္စတာဒေးဗစ်ကပင် စတင်ပြီး ဦးအောင်မင်းကို လက်သီးနှင့် ထိုးသည်။

ဘာရမလဲ ဦးအောင်မောင်းကြီးကလည်း ဝုန်းခနဲထကာ မစ္စတာဒေးဗစ်ကို ပြန်ထိုးသည်။ ဆောင့်တွန်းပစ်သည်။



မစ္စတာဒေးဗစ်ကိုယ်တိုင်က ဆေးသမားလားမပြောတတ်။ ကြံ့ခိုင်သည်၊ ခွန်အားရှိသူမဟုတ်။

ဦးအောင်မောင်း လက်သီးချက်ရော၊ တွန်းပစ်ချက်ရောကြောင့် မစ္စတာဒေးဗစ် နောက်လန်လဲကျသွားပေတော့သည်။

ဟိုတယ်အတွင်း ဝရုန်းသုန်းကားဖြစ်လာသည်မို့ ဟိုတယ်မန်နေဂျာက နယ်မြေရဲစခန်းသို့ ချက်ချင်းဖုန်းဆက်သည်။

လန်ကျသွားသော မစ္စတာဒေးဗစ်ကို ဦးအောင်မောင်းက ခွစီးထားစဉ်မှာပင် အလွန်အရပ်ရှည်သော ဗလကြီးနှင့် လူကောင်ကြီးလှသူတစ်ဦးရောက်လာသည်ကို နောင်သက်ဆွေ တွေ့မြင်လိုက်သည်။ အရပ်ခြောက်ပေကျော်ခန့်ရှိပြီး ကျွဲပေါက်တစ်ကောင်လောက် ထွားကျိုင်းသည်။ ထိုလူကြီးသည် ဦးထုပ်ကို နဖူးအုပ်ဆောင်းထားရုံမက နေကာမျက်မှန်အမည်းတပ်ထားသဖြင့် သူ့မျက်နှာကို နောင်သက်ဆွေ သဲကွဲစွာမမြင်ရ။ ပြီးတော့ ထိုလူကြီးက နောင်သက်ဆွေရှိရာဘက်သို့ ကျောပေးထား[illegible]သည်။

ထိုလူကြီးက မစ္စတာဒေးဗစ်ကို ခွစီးထားသည့် ဦးအောင်မောင်းကြီးကို နောက်မှနေပြီး လည်ပင်းညှစ်ထားသည်။

ဦးအောင်မောင်းကြီးယက်ကန်ယက်ကန်ဖြစ်နေပြီ။ ကြာလျှင် ဦးအောင်မောင်းကြီး လည်ပင်းအစ်ပြီးအသက်ထွက်သွားနိုင်သည်။

နောင်သက်ဆွေ ဘာမှစဉ်းစားမနေတော့ဘဲ စားပွဲပေါ်မှ အရက်ပုလင်းကို ယူကာ ကျွဲပေါက်လူကြီး၏ ဦးခေါင်းကို အရက်ပုလင်းနှင့် ခွမ်းခနဲကွဲသည်အထိ ရိုက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောင်သက်ဆွေ၏ ရိုက်ချက်ပြင်းပါ၏။ သို့သော် လူကြီး၏ဦးခေါင်းတွင် ဦးထုပ်ခံနေသည်၊ နောက်ပြီး လူကြီးမှာ ခံနိုင်ရည်တော်တော်ရှိပုံရသည်။

နောင်သက်ဆွေ ခွန်အားနှင့် ရိုက်ချက်ပြင်းစေကာမူ ထိုလူကြီးလဲကျမသွား။

ဦးအောင်မောင်းကိုလွှတ်ပြီး သူ့ခေါင်းကို ရိုက်သော နောင်သက်ဆွေဘက်သို့ မျက်နှာချင်းဆိုင်လိုက်သည်။

ထိုစဉ်မှာပင် ...

ဟိုတယ်ရှေ့သို့ ရဲကားပြာတစ်စီး ရောက်လာပြီး ကားပေါ်မှ ကိုလှိုင်မင်းတို့အဖွဲ့ ဆင်းလာသည်ကို နောင်သက်ဆွေ လှမ်းမြင်သည်။

ကျွဲပေါက်လူကြီးလည်း ရဲတွေကို လှမ်းမြင်သည်။

ကိုလှိုင်မင်းအဖွဲ့ကို မြင်သည်နှင့် ကျွဲပေါက်လူကြီးသည် မစ္စတာဒေးဗစ်ကို ကလေးချီသလို ကောက်ချီပြီး ဟိုတယ်၏ နောက်ဖေးပေါက်ဆီသို့ ထွက်ပြေးသွားတော့သည်။

ဗရုတ်ဗရက်ကြားမှပင် နောင်သက်ဆွေ သူ့လက်ပတ်နာရီကို ကြည့်သည်။

ငါးနာရီ ငါးဆယ်။

ယုဝါစောင့်နေရှာတော့မည်။

နောင်သက်ဆွေသည် ဦးအောင်မောင်းအား အတင်းဆွဲခေါ်ကာ ဟိုတယ်၏ဘေးပေါက်သို့ ထွက်ပြေးခဲ့တော့သည်။

ကိုလှိုင်မင်းတို့ ဟိုတယ်ထဲသို့ ဝင်ရောက်ချိန်မှာပင်



နောင်သက်ဆွေက ဦးအောင်မောင်းကို မော်တော်ဆိုင်ကယ်နောက်မှာ ထိုင်စေပြီး မောင်းထွက်လာခဲ့တော့သည်။

ကိုလှိုင်မင်းနှင့် တွေ့ပါက အမေးအမြန်းတွေထူနေညီမှာ သေချာသည်။ ကိုလှိုင်မင်းမေးသမျှ ဖြေနေရလျှင် ယုဝါနှင့် ကရဝိတ်ဟိုတယ်တွင် ချိန်းဆိုထားချက် လွဲသွားမည်။

ကိုလှိုင်မင်းရောက်လာပုံမှာ ဟိုတယ်မန်နေဂျာဖုန်းဆက်၍ရောက်လာသည်မျိုးမဟုတ်တန်ရာ၊ သူ၏ရဲထောက်လှမ်းရေးကိစ္စတစ်ခုခုရှိ၍ ရောက်လာခြင်းသာဖြစ်ပေမည်။

ဟိုတယ်မန်နေဂျာဖုန်းဆက်သည်က နယ်မြေရဲစခန်းသာဖြစ်သည်မို့ ရိုးရိုးနယ်မြေရဲတွေသာ ရောက်လာဖြိမ့်မည်။

ဦးအောင်မောင်းကြီးအား အိမ်တိုင်ရာရောက် ပို့ဆောင်ခဲ့ပြီးနောက် နောင်သက်ဆွေသည် ကရဝိတ်ဟိုတယ်ဆီသို့ ဆက်လက်မောင်းထွက်လာခဲ့ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၄)

"ကိုယ်နောက်ကျသွားတယ် ... ယုဝါစောင့်နေရတာ ကြာပြီလားဟင် ..."

"ရပါတယ် အစ်ကိုနောင် ... ယုဝါရောက်တာ ခြောက်နာရီမထိုးခင် ငါးမိနစ်လောက်ကမှ ရောက်တာမို့ သိပ်အကြာကြီးမစောင့်ရပါဘူး ..."

နောင်သက်ဆွေက သူ့လက်ပတ်နာရီကိုကြည့်သည်။ ခြောက်နာရီဆယ့်ငါးမိနစ်ရှိပေပြီ။

ယုဝါသည် မိမိစိတ်မကောင်းဖြစ်မည်ကိုစိုး၍ ချိန်းထားသော ခြောက်နာရီမထိုးမီ ငါးမိနစ်အလိုတွင် ရောက်သည်ဆိုသည်မှာ လိမ်ညာပြောခြင်းသာဖြစ်သည်။

ဟိုယခင်ချိန်းဆိုခဲ့သည်များတွင်လည်း မိမိက ဆန္ဒစောပြီး ချိန်းဆိုထားချိန်ထက်စောပြီး ရောက်သည်ပင် ယုဝါက မိမိ



ထက်အရင်ဦးစွာရောက်နှင့်နေသည်များကို တွေ့ရဖန်များချေပြီ။

ယခုလည်း ယုဝါသည် လိမ္မော်ရည်တစ်ပုလင်းမှာယူပြီး တစိမ့်စိမ့်သောက်ရင်း မိမိကိုစောင့်သည်မှာ လိမ္မော်ရည်ပုလင်းထွင် ဖင်ကပ်ပင်မကျန်ပါလေတော့။

သူမ၏ အစ်ကိုနောင် နောက်ကျမှရောက်လာခြင်းကို စိတ်ဆိုးစိတ်ကွက် စိတ်ကောက်ခြင်း လုံးဝမရှိရှာပေ။

တချို့မိန်းကလေးဆိုပါက ချိန်းသည့်အချိန်ထက်နောက်ကျမှ ရောက်လာရကောင်းလားဟု အပြစ်တင် စိတ်ဆိုးစိတ်ကောက်လိမ့်မည်ထင်ပါ၏။

နောင်သက်ဆွေသည် စားသောက်ဖွယ်ရာများကို မှာကြားတော့သည်။ ပြီးနောက် မိမိနောက်ကျရခြင်းအကြောင်းမှာ ဦးအောင်မောင်းကြီးအား ဟိုတယ်တွင်လိုက်ပြီး ပြုစုရာ၌ ဟိုတယ်တွင် မစ္စတာဒေးဗစ်ဆိုသူနှင့် ကြုံတွေ့ပြီး ရန်ဖြစ်ကြောင်း၊ မစ္စတာဒေးဗစ်က နဂိုကတည်းက ဦးအောင်မောင်းအပေါ် မကျေနပ်ချက်တွေရှိနေခဲ့သည်ကအစအဆုံး ယုဝါအားပြောပြသည်။ ဒါတွေကြောင့် ယုဝါထံ အရောက်နောက်ကျရကြောင်း ထုချေလွှာစကားပြောလိုက်ခြင်းဖြစ်ပါ၏။

ယုဝါက သူမ၏အစ်ကိုနောင်ပြောသည်ကို ငြိမ်ငြိမ်လေး နားထောင်ပါ၏။

ကျွဲပေါက်လောက်ရှိသော လူကြီးအကြောင်းနှင့် ကိုသိုင်းမင်းတို့အဖွဲ့ရောက်လာသည့်အကြောင်းပြောသည်နှင့် ယုဝါ၏မျက်နှာကလေး ပျက်သွားသည်။ ညိုးနွမ်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကိုလည်း နောင်သက်ဆွေ သတိထားလိုက်
သည်။

"ယုဝါ ..."

"ရှင် အစ်ကိုနောင် ..."

"ယုဝါ မျက်နှာလေးညှိုးသွားတယ် ... ဘာဖြစ်လို့လဲ

"မညှိုးပါဘူး ... အစ်ကိုနောင် စိတ်ထင်လို့ပါ ..."

"ညှိုးသွားပါတယ် ... အစ်ကိုနောင်က ယုဝါရဲ့မျက်နှာ
အမြဲကြည့်နေတာ ... မှန်ကြည့်သလို ကြည့်နေတာ ...
ပထမတော့ ပြုံးနားထောင်ပြီး နောက်ပိုင်းမှာ မျက်နှာလေး
ညှိုးသွားတာ ..."

"ယုဝါ မညှိုးပါဘူး ... အစ်ကိုနောင်နဲ့တွေ့ရရင် ယုဝါ
နေတာပဲဟာ ..."

"ဒါဆို အစ်ကိုနောင်နဲ့ မတွေ့ရတဲ့အချိန်မှာ ယုဝါမပျော်
ပေါ့ ဟုတ်လား ..."

ယုဝါ ပြန်မဖြေသေးမီမှာပင် မှာထားသော
သောက်ဖွယ်ရာများတစ်ခုပြီးတစ်ခု လာချပေးသည်။

စကားအဆက်ပြတ်သွားပြီး စားသောက်ဖွယ်
များသို့ အာရုံရောက်သွားသည်။

ယုဝါသည် ဟက်ဟက်ပက်ပက် မစားနိုင်ရှာ
တို့ကနန်း ဆိတ်ကနန်းသာ စားသောက်သည်ကို နောင်သက်
မြင်နေရသည်။

"အစ်ကိုနောင် ... ပုလင်းနဲ့ရိုက်ခဲ့တဲ့ ကျွဲပေါက်လောက်



ကြီးဆိုတာ ဘယ်လိုပုံပန်းသဏ္ဌာန်ရှိလဲဟင် ..."

"သူ့မျက်နှာကိုတော့ အစ်ကိုနောင် သဲသဲကွဲကွဲမမြင်လိုက်ရ
ဘူး ... အနားပျော့ဦးထုပ်ကို နဖူးအုပ်ဆောင်းထားပြီး နေ
ကာမျက်မှန်မည်းကြီးလည်း တပ်ထားတယ် ... ကိုယ်မြင်ရ
သလောက်ပြောရရင် သူ့နှာခေါင်းထိပ်ဟာ လုံးတယ် ...
နှုတ်ခမ်းနှစ်ခုလုံးထူတယ် ... အသားရောင်က မဖြူမညို
အသားလတ်လို့ ပြောရမလားဘဲ ... အဲဒီလောက်ပဲ ကိုယ်
မြင်လိုက်မိတယ် ... နေပါဦး ... ယုဝါက အဲဒီကျွဲပေါက်လူ
ကြီးအကြောင်း ဘာလို့မေးတာလဲ ..."

"ဘာမှမဖြစ်ပါဘူး ... ယုဝါ မော်လမြိုင်မှာတုန်းက မြင်ဖူးခဲ့တဲ့
လူကြီးလားလို့ပါ အစ်ကိုနောင် ... ယုဝါအမေးအမြန်းတွေ
တာနဲ့ အစ်ကိုနောင်အစားအသောက်အရှိန်ပျက်သွားတယ်"

နောင်သက်ဆွေက စားစရာများကို ဆက်စားသည်။

"ဒါထက် ယုဝါ မစ္စတာဒေးဗစ်ကို သိသလားဟင် ..."

"ဟင့်အင်း ... မသိဘူး ... ဩော် ဒါထက် အစ်ကိုနောင့်ကို
ယုဝါပြောမလို့ မေ့နေတယ် ..."

"ဘာများလဲ ယုဝါ ..."

"ကမ်းခြေဦးဟိုတယ်က မန်နေဂျာက ယုဝါကို အပြစ်တင်
စကားပြောပြီး ကြိမ်းမောင်းလာတယ် ... သတိပေးစကား
ပြောလာတယ်ဆိုပါတော့ ..."

"ဦးပြည့်သိမ်းကလား ..."

"အင်းပေါ့ ..."

www.burmeseclassic.com

www.burmeseclassic.com



ယုဝါနှင့် ချစ်မိကြပြီး သုံးလေးလအတွင်း ကမ်းခြေ
ဦးဟိုတယ်သို့ နောင်သက်ဆွေအရောက်များသည်။ ယုဝါသိသိချင်း
ဆိုသော အလှည့်ကျနေ့တိုင်း ဟိုတယ်သို့ ရောက်ခြင်းဖြစ်ပါ၏။

အရောက်များသောအခါ ကမ်းခြေဦးဟိုတယ် မန်
နေဂျာအား ဦးပြည်သိမ်းဟု မြင်ဖူးသိဖူးတော့သည်။ ခင်ခင်မင်မင်
ရင်းရင်းနှီးနှီးသိကျွမ်းမှုမျိုးခြင်းတော့ မဟုတ်။

“ဦးပြည်သိမ်းက ယုဝါကို ဘာလို့ကြိမ်းမောင်းရတာလဲ …”

“အစ်ကိုနောင်နဲ့ ယုဝါတွဲလွန်းအားကြီးလို့တဲ့ …”

“ဘာဆိုင်လဲ … ယုဝါ တာဝန်ကို အလှည့်ကျတဲ့နေ့မပျက်
မကွက် စရိုသတ်ကြိုက်အောင်ဆိုပေးရင် ပြီးတာပဲ … ယုဝ
ရဲ့ ကိုယ်ရေးကိုယ်တာပိုင်းမှာ ဦးပြည်သိမ်း ဘာဝင်စွက်ဖ
ရှိလဲ …”

ခါတိုင်းအကြိမ်များက ယင်းသို့ မိမိတို့ချစ်သူနှစ်ဦး
ချစ်လမ်းခရီး၌ အဟန့်အတားကိစ္စလေးများပေါ်ပေါက်လာ၍
အစ်ကိုနောင်က ယခုလို မခံမရပ်နိုင်ဘဲ ဒေါနှင့်မောနှင့်ပြောသည်
ဆိုပါက ယုဝါက ကျေနပ်စွာ သဘောကျစွာ ခစ်ခစ်တက်လေးရယ်
မောတတ်ပေသည်။ သူမအား မိမိကချစ်လွန်းသောကြောင့် ဒေါကန်
သည်ဟု ယုဝါသဘောတွေ့ခြင်းဖြစ်ပါ၏။

ယခု မန်နေဂျာဦးပြည်သိမ်းနှင့်ပတ်သက်ပြီး ဒေါနှင့်
မောနှင့်ပြောသည်ကိုတော့ ယုဝါမပြုံးနိုင်၊ မရယ်နိုင်ဘဲ သူမ၏အာရုံ
သည် တခြားသို့ရောက်နေပုံရလေသည်။

ထိုမျှသာမက ယုဝါသည် ယနေ့အဖို့ ဂဏှာမငြိမ်ဘဲ



ဆိုင်းလိုလို၊ ထမလိုလိုဖြစ်နေသည်ကိုလည်း နောင်သက်ဆွေ သတိ
ထားမိပြန်သည်။

“ဘာဖြစ်နေတာလဲ ယုဝါ …”

“ယုဝါ ဘာမှမဖြစ်ပါဘူး အစ်ကိုနောင် … ဟိုလေ … ယုဝါ
မှာ တယ်လီဖုန်းပြောစရာကိစ္စတစ်ခုရှိနေတယ် … အစ်ကို
နောင် ခဏလေးစောင့်ပေးနော် … ယုဝါဖုန်းသွားပြောဦး
မယ် …”

ယုဝါပြောပြောဆိုဆို တယ်လီဖုန်းရှိရာသို့ ထွက်သွား
သည်။

ဆယ်မိနစ်ခန့်ကြာမှ ယုဝါပြန်လာသည်။

နောင်သက်ဆွေလည်း အစားအသောက်လက်စ
သတ်ပြီးလေပြီ။

ယုဝါက အပြုံးလေးနှင့် နောင်သက်ဆွေကို ပြော
လိုက်သည်။

ယုဝါကို နောင်သက်ဆွေ အံ့ဩမိသည်။

ယုဝါသည် လွယ်သော မိန်းကလေးမဟုတ်မှန်း
နောင်သက်ဆွေသုံးလေးလအတွင်း အသိဆုံးဖြစ်ပါ၏။

သို့သော် ယုဝါကို နောက်မှတင်ပြီး မိမိအခန်းသို့
ဆိုင်ကယ်မောင်းလာခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



(၅)

ဗီရိုကိုဖွင့်ကာ နောင်သက်ဆွေ၏ရှပ်အင်္ကျီနှင့် ချည်ချောပုဆိုးတစ်ထည်ကို ရွေးယူလိုက်သည်။

ထိုအင်္ကျီနှင့် ထိုပုဆိုးမှာ နောင်သက်ဆွေနှင့် ယုဝါ ပထမဆုံးတွေ့ရသည့်ညက သူမ၏အဝတ်စိုများသွေ့ခြောက်အောင် လှမ်းဖို့အတွက် ယာယီယူဝတ်ခဲ့သော အင်္ကျီနှင့် ပုဆိုးဖြစ်ပါ၏။

ထိုအင်္ကျီနှင့် ပုဆိုးကို နောင်သက်ဆွေက ပင်မင်းပေးထားပြီးနောက် ဗီရိုထဲတွင် ပြန်ထည့်ထားခြင်းဖြစ်ပါ၏။

ယုဝါသည် သူမဝတ်လာသော အမျိုးသမီးဝတ်စုံကို ချွတ်လှမ်းကာ နောင်သက်ဆွေ၏ ထိုအင်္ကျီနှင့် ထိုပုဆိုးကိုပင် ဝတ်ဆင်ကာ ဧည့်ခန်းသို့ ပြန်ထွက်လာလေသည်။

နောင်သက်ဆွေသည် ယုဝါလုပ်ဆောင်သမျှကို ဂရုထားကြည့်နေပါ၏။



ယုဝါ ယခုလုပ်ဆောင်နေခြင်းတို့သည် နောင်သက် ...တွက် အလွန်စက်ခဲသော ပုစ္ဆာတစ်ခု၏အဖြေကို တွက်ချက် ...သည့်နှယ်ဖြစ်နေသည်။

ခါတိုင်းဆိုလျှင် ချိန်းတွေ့ပြီးနောက် ယုဝါကို သူမ၏ ...ဆောင်သို့ ပြန်ပို့ခဲ့ရသည်ချည်းဖြစ်ပါ၏။

ယနေ့မူ ...

ယုဝါနှင့် ချိန်းတွေ့ပြီး အပြန်တွင် ယုဝါက အဆောင် ...ပြန်ဘဲ မိမိအခန်းကိုပင် လိုက်မည်ဆို၍ ခေါ်ဆောင်လာခဲ့သည်။ ...အမျိုးသမီးဝတ်စုံကိုချွတ်ပြီး ယခင်က ဝတ်ခဲ့သော အင်္ကျီ ...ပုဆိုးလဲဝတ်ခြင်းကပင် ယုဝါသည် ဒီညဒီမှာပဲ အိပ်မည်ဟူသော ...ဟာယ်သက်ရောက်နေသည်။

“ယုဝါ ... ”

“ရှင် အစ်ကိုနောင် ... ”

“ယုဝါကို ကိုယ်ဘယ်လိုနားလည်ရမှာလဲ ယုဝါ ... ကိုယ့်ကို ပြောစမ်းပါ ... ယုဝါ ဘာတွေလုပ်နေတာလဲ ... ”

ယုဝါသည် သူမအစ်ကိုနောင်နှင့် ကပ်နေသော ...လားထိုင်တွင် ဝင်ထိုင်သည်။ ပြီး နောင်သက်ဆွေအနီးသို့ တိုး ...နိုင်သမျှတိုးကပ်ထိုင်သည်။ နောင်သက်ဆွေက ဆက်၍မေး ...မြန်းသည်။

“ယုဝါ ဘာတွေဖြစ်နေလဲ ... ယုဝါမှာ ဘာအခက်အခဲတွေ ရှိနေလဲ ... ”

“ဟောကြည့် ... အစ်ကိုနောင် ကတိဖျက်ပြီ ... ”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ကိုယ့်ဆီက ကတိတောင်းပြီးမှ ကိုယ့်အချစ်ယုဝါလက်ခံခဲ့တာမှန်တယ် ... ယုဝါရဲ့ကိုယ်ရေးကိုယ်တာ အခက်အခဲတွေကို ကိုယ်က ဘယ်တော့မှ မမေးပါဘူးလို့ ကတိထားခဲ့တယ် ... အဲဒါက ကိုယ် ယုဝါကိုချစ်လွန်းပြီး ယုဝါဆီက တုံ့ပြန်တဲ့အချစ်ရယူချင်လွန်းလို့ ဒီကတိကို လွယ်လွယ်ပေးခဲ့တာ ... အခုတော့ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြပြီ ... ယုဝါရဲ့အခက်အခဲဟာ ကိုယ့်အခက်အခဲ ယုဝါရဲ့ပြဿနာဟာ ကိုယ့်ပြဿနာဖြစ်ရမယ် ... ယုဝါတစ်ယောက်တည်း ပြဿနာအခက်အခဲကို ဖြေရှင်းမဲ့အစား ကိုယ့်ပါကူပြီး ဖြေရှင်းပေးချင်တယ် ..."

ယုဝါ ငြိမ်နေပါ၏။

နောင်သက်ဆွေက ရင်ထဲက ပြောချင်သမျှတွေ ဆက်ပြောသည်။

"ညနေက ကရဝိတ်မှာ တွေ့တွေ့ချင်း ယုဝါမျက်နှာလေး ကြည်လို့လင်လို့ပါ ... ကိုယ်က ကိုယ်အရောက်နောက်ကျရတဲ့အကြောင်းကိုပြောရင်း ကျွဲပေါက်လိုလူကြီးနဲ့ မစ္စတာဒေးဗစ်အကြောင်းကိုလည်း ပြောရော ... ယုဝါမျက်နှာပျက်သွားတယ် ... မျက်နှာညိုးသွားတယ် ... ပြီး ကိုယ်ကမေးတော့ ကျွဲပေါက်လိုလူကြီးကို မော်လမြိုင်မှာ မြင်ခဲ့ဖူးသယောင် ယုဝါပြောတာကလွဲပြီး ဘာတစ်ခွန်းမှ မပြောတော့ဘူး ..."

"ဒီမှာ ယုဝါ ပြောစမ်းပါ ... ကျွဲပေါက်ကို လူကြီးနဲ့ မစ္စတာဒေးဗစ်တို့အကြောင်းကို ယုဝါ ဘယ်လောက်အထိ သိထား



သလဲ ... သူတို့ကို ယုဝါက ကြောက်စရာအကြောင်းတစ်ခုခု ရှိနေလား ..."

ယုဝါသည် သူ့မရင်ထဲက သိပ်ကိုချစ်ရသော အစ်ကိုနောင် စိတ်အားထက်သန်စွာ အားမာန်နှင့် ပြောသည်ကို ငေးကြည့်နေသော်လည်း ဘာတစ်ခွန်းမျှပြန်မပြော။

တစ်ခဏကြာသည်အထိ နှစ်ဦးသားငြိမ်နေကြသည်။ ပြီးမှ ယုဝါက ပြောလာပါ၏။

"ကောင်းပြီ အစ်ကိုနောင် ... ယုဝါရဲ့ကိစ္စတွေပြောပြရင်း အစ်ကိုနောင် စိတ်မောရုံကလွဲပြီး ဘာမှတတ်နိုင်မှာ မဟုတ်တာရယ် ... အစ်ကိုနောင့်ကို မပြောရက်တာရယ်ကြောင့် မပြောဘဲနေခဲ့တာ ... ယုဝါ အစ်ကိုနောင့်ကို တအားကြီးချစ်လို့ သိလား ..."

"နို ... ကိုယ်ကကော ယုဝါကို တကယ်တအားကြီးချစ်တာ ကျတော့ကော ..."

"သိတယ် ... ယုဝါ သိပ်သိတယ် ... အစ်ကိုနောင်ဟာ ယုဝါကို ဘဝတစ်ခုလုံးပေးပြီးချစ်မှန်းသိတယ် ... အဲဒီလို ချစ်မှန်းသိလေ ယုဝါ ရင်နာလေပဲ ... တကယ်လို့သာ အစ်ကိုနောင်က ယုဝါကို အပျော်သဘောမျိုးနဲ့ ချစ် ... ယုဝါကလည်း နှစ်သက်စရာသိပ်ကောင်းတဲ့ ... ယောကျ်ားတစ်ယောက်ကို လက်ခံတဲ့အနေနဲ့ လက်ခံ ... အဲ နောက်ပြီး နှစ်ယောက်စလုံး ဖုတ်ဖက်ခါပြီး ခွဲခွာသွားကြတာမျိုးဆိုရင် သိပ်ကောင်းမှာလို့တောင် ယုဝါတစ်ခါတစ်ခါ အတွေးပေါက်

www.burmeseclassic.com

www.burmeseclassic.com



တယ် ... "

"ဘာရယ် ... ယုဝါပြောတာတွေက အချစ်မှာ တန်ဖိုးမရှိလိုက်တာ ... အလေးအနက်မရှိလိုက်တာ ... "

"ဟုတ်တယ် အစ်ကိုနောင် ... အခုတော့ ယုဝါနဲ့ အစ်ကိုနောင်ရဲ့နှစ်ယောက်စလုံးရင်ထဲက အချစ်တွေဟာ တန်ဖိုးအနဂ္ဃကြီးမြင့်လွန်းနေတာကို ယုဝါပြောနေတာ ... နို့မို့ရင် ယုဝါရဲ့ကိစ္စပြဿနာကို ဘယ်သူ့ဆို ဘယ်သူ့ကိုမှ မပြောဘူး အခု အစ်ကိုနောင်မေးတာတွေကို ယုဝါမဖြေဘဲနေရင် ယုဝါနဲ့ အစ်ကိုနောင်ချစ်ကြတဲ့အချစ်မှာ သံသယတွေ ဝင်တော့မယ် ... ဒီမှာ အစ်ကိုနောင် ယုဝါ အစ်ကိုနောင်ကိုချစ်တာက ယုဝါရဲ့ဒီတစ်သက်မှာ အစ်ကိုနောင်ကလွဲပြီး ဘယ်ယောကျာ်းတစ်ယောက်ကိုမှ ယုဝါမချစ်ခဲ့ဘူး ... နောက်ကိုလည်း အစ်ကိုနောင်ကလွဲပြီး ဘယ်ယောကျာ်းတစ်ယောက်ကိုမှလည်း ချစ်လို့မရတော့ဘူးဆိုတာ ဘာသံသယနှမ်းတစ်စေ့တောင် မရှိအောင် ယုံပါ အစ်ကိုနောင် ... "

"ယုံတယ် ယုဝါ ... အကြွင်းမရှိ ယုံတယ် ... ပါးစပ်ကယုံတာမဟုတ်ဘူး ... အသည်းနှလုံးက ယုံတာ ... "

"ယုဝါပြောမယ် ... အစ်ကိုနောင်ပြောတဲ့ ကျွဲပေါက်လို လူကြီးကို ယုဝါသိပါတယ် ... သူဟာ အလွန်ကြီးမားတဲ့ ဒုစရိုက်အဖွဲ့ကြီးက လူကြီးတစ်ယောက်ပါ ... တကယ့်လူဆိုးကြီးပါ ... သူနဲ့ပတ်သက်ပြီး ယုဝါသိထားတာ အဲဒီလောက်ပဲရှိတယ် အစ်ကိုနောင် ... "



"မစ္စတာဒေးဗစ်ကိုကော ... "

"ယုဝါလုံးဝမသိဘူး အစ်ကိုနောင် ... "

နောင်သက်ဆွေ ယုံတော့မယုံချင်ပေ။

"ထားပါတော့လေ ... နောက်တစ်ခုက ကရဝိတ်မှာ ကျွဲပေါက်လိုလူကြီးအကြောင်း ကိုယ်ပြောပြတော့ ယုဝါ မျက်နှာပျက်သွားတယ် ... မျက်နှာညှိုးသွားတယ် ... အဲဒီနောက် ယုဝါတယ်လီဖုန်းသွားပြောတယ် ... ဖုန်းပြောပြီး ပြန်လာတဲ့နောက် ယုဝါရင်ထဲက တစ်ခုခုကို ကျိတ်ဆုံးဖြတ်လိုက်ပြီး ပျော်သလိုနေမယ်ဆိုတဲ့စိတ်မျိုးနဲ့ ပြုံးပြုံးရွှင်ရွှင်ပြန်ဖြစ်လာတယ် ... ဟင် ... ယုဝါ ယုဝါ ငိုနေတယ် ... ဘာလို့ငိုနေတာလဲ အချစ်ရယ် ... "

နောင်သက်ဆွေပြောလေမှ ယုဝါသည် ရှိုက်ကြီးတငင် ငိုချလိုက်လေတော့သဖြင့် နောင်သက်ဆွေသည် ယုဝါ၏တစ်ကိုယ်လုံးကို ပိုက်ထွေးထားလိုက်မိတော့သည်။

"မငိုပါနဲ့ ယုဝါ ... ယုဝါငိုရင် ကိုယ့်ရင်ထဲမှာ နာနာကျင်ကျင်ခံစားရတယ် ... နောက်ထပ် ယုဝါကို ကိုယ်ဘာမှမမေးတော့ဘူး ... ယုဝါ မငိုနဲ့တော့နော် ... ကိုယ်မေးနေတာတွေက ယုဝါကို အပြစ်တင်ချင်လို့မှ မဟုတ်တာ ... ယုဝါရဲ့ အခက်အခဲကို လက်တွဲပြီး ကူညီဖြေရှင်းချင်လို့ပါ ... "

"မလွယ်ပါဘူး အစ်ကိုနောင် ... သူတို့အဖွဲ့ဟာ အင်အားသိပ်ကြီးပါတယ် ... "

"အဲဒီသူတို့အဖွဲ့ဆိုတာ ဘယ်သူတွေလဲ ယုဝါ ... "

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကိုတော့ ယုဝါမပြောပါဘူး ... "

"အဲဒီ သူတို့ကပဲ ယုဝါကို ဒုက္ခတွေအမျိုးမျိုးပေးနေတယ် မဟုတ်လား ... "

"ဒုက္ခပေးတယ်တော့ မဟုတ်ပါဘူး ... ယုဝါကို ကောင်းကောင်းထား ... ကောင်းကောင်းဝတ် ... ကောင်းကောင်းစား ထားရှိပါတယ် ... ဒါပေမဲ့ ဘယ်နည်းနဲ့မှ ယုဝါ သူတို့ လက်ထဲက မလွှတ်နိုင်ဘူး ... ကဲပါ အစ်ကိုနောင်ရာ ယုဝါနဲ့ တွေ့တုန်းတွေ့ခိုက်မှာ ဒီပြင့်ပျော်စရာ ... စိတ်ချမ်းသာစရာ တွေသာ ပြောကြဆိုကြ ... ကြည်နူးကြပါစို့လား ... "

ယုဝါစိတ်ချမ်းသာစေဖို့ နောင်သက်ဆွေက လုံးဝ မမေးမြန်းတော့ပေ။ ဒီကိစ္စနှင့် ပတ်သက်ပြီး ဦးအောင်မောင်းကြီး ကို မေးမြန်းလျှင် မစ္စတာဒေးဗစ်အကြောင်းမှစပြီး ဦးအောင်မောင်း ကြီးသိသလောက် စုံစမ်းနိုင်သည် မဟုတ်ပါလား။

တိုက်ခန်းကလုံသည်မို့ နံနက်မိုးလင်းပြီလား၊ မလင်း သေးဘူးလားတော့ မသိ။ နောင်သက်ဆွေ အိပ်ရာမှ နိုးသည်နှင့် သူ့ဘေးတွင်ရှိခဲ့သော ယုဝါကို သူ့လက်တစ်ဖက်ဖြင့် စမ်းသပ်သည်။

ချစ်လှစွာသော ယုဝါကို စမ်းမတွေ့။

ယုဝါ သူ့ဘေးတွင် မရှိတော့။

မျက်စိနှစ်လုံးအလိုလိုပွင့်သွားပြီး နောင်သက်ဆွေ



ဝေါက်ခနဲ ထထိုင်သည်။

ဟိုဟိုဒီဒီလိုက်ကြည့်သည်။

မှန်ပြတင်းမှအလင်းရောင်လေးဝင်နေပြီကိုလည်း တွေ့ရသည်။

အိပ်ခန်းမီးခလုတ်ကို အငမ်းမရဖွင့်လိုက်သည်။ တောင်းမှောက်သော ကျိုးကန်းမျက်စိဖြင့် တစ်ခန်းလုံးဝှေ့ပြီး ယုဝါ ကို ရှာသည်။ နှုတ်မှလည်း အော်ခေါ်သည်။

"ယုဝါ ... ယုဝါ ... ယုဝါ ... "

"ရှင် ... ရှင် ... ယုဝါရှိပါတယ် ... အစ်ကိုနောင် ... "

ယုဝါက အသံပြန်ပေးရင်း မီးဖိုခန်းဘက်ဆီမှ ထွက် လာသည်။

ယုဝါသည် ရေမိုးချိုးကိုယ်လက်သန့်စင်ပြီးရုံမက သူမ၏အမျိုးသမီးဝတ်စုံထဘီများကိုပင် ဝတ်ထားပြီးလေပြီ။

သူမ၏လက်ထဲတွင် သတင်းစာဟောင်းစက္ကူဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကိုလည်း ကိုင်ထားလျက်သား တွေ့ ရသည်။

ယုဝါကို ဆီးပွေ့ပါးချင်းအပ်ရင်း ...

"အဲဒါ ဘာအထုပ်လဲ ယုဝါ ... "

"ညက ယုဝါယူဝတ်ခဲ့တဲ့ အစ်ကိုနောင့်ရဲ့အကျႌနဲ့ ပုဆိုးတွေ ပါ ... "

"ဘာလို့ အကျႌဟောင်းပုဆိုးဟောင်းတွေကို ထုပ်ထားတာ လဲ ... "

www.burmeseclassic.com

www.burmeseclassic.com



"အမှတ်တရပေါ့ ... "

"ဘာရယ် ... အမှတ်တရ ဟုတ်လား ... "

"အစ်ကိုနောင်ကလည်းနော် ဒုန်းဝေးလိုက်တာ ... ဒီအ
နဲ့ ပုဆိုးကို ယုဝါကိုယ်တိုင် လျှော်ဖွတ်မလို့ ယူသွားမှာ
ကဲ ... ဒါဆို သဘောပေါက် ... "

နောင်သက်ဆွေက ယုဝါအား ကျစ်ကျစ်ပါ မြေ
လင်းမြေပတ်သလို ဖက်ထားပြန်သည်။

"ယုဝါအဆောင်ကို ပြန်တော့မယ် အစ်ကိုနောင် ... "

"ကိုယ်လိုက်ပို့မှာပဲဟာ ... "

"မပို့နဲ့တော့ အစ်ကိုနောင် ... ဆက်အိပ်ပါ အိပ်ရေးဝအော
အိပ်လိုက်နော် ... ယုဝါ ကနေ့မနက်ပိုင်းလုပ်စရာလေး
ရှိနေလို့ သွားတော့မယ်နော် ... "

"အခု မိုးလင်းသွားပြီလား ယုဝါ ... "

"မနက်ခြောက်နာရီခွဲပြီလေ ... မိုးထိန်ထိန်လင်းပြီပေါ့"

နောင်သက်ဆွေက လင်းမြေပတ်ကို ဖြေလိုက
သည်။

ဒါဆို ညနေခြောက်နာရီမှာ ကရဝိတ်မှာ ထပ်
မယ်နော် ယုဝါ။

"အင်းပေါ့ ... "

လှေကားအဆင်းအထိ ယုဝါကို နောင်သက်ဆွေ
လိုက်ပို့သည်။

လှေကားရင်းအရောက် ယုဝါသည် ဘာမပြောညာ



ခပြောနှင့် နောင်သက်ဆွေ၏ပါးပြင်ကို ဘယ်ရောညာရော ကြူကြူ
မွှေးလိုက်ပြီးမှ လမ်းပေါ်သို့ ထွက်ခွာသွားပေတော့သည်။

ယုဝါလမ်းချိုးမှ ကွယ်ပျောက်သည်အထိ နောင်
သက်ဆွေ ငေးကြည့်ကျန်ခဲ့ရင်း လုံးဝမတွေ့တော့မှ လှေကားပြန်
တက်၊ အခန်းပြန်ဝင်ရင်း ယုဝါအကြောင်း တစ်ခုပြီးတစ်ခု စဉ်းစား
အံ့ဩမိသည်။

ယုဝါက အစ်ကိုနောင်ဆက်အိပ်ပါဟု ဆိုခဲ့သည့်တိုင်
အောင် နောင်သက်ဆွေတွင် ဆက်အိပ်ချင်စိတ်မရှိတော့။

မီးဖိုဘက်သို့ နောင်သက်ဆွေ လျှောက်သွားသည်။

ထမင်းစားစားပွဲပေါ်တွင် ကော်ဖီကို ကြွေခရား
တွင် အသင့်ဖျော်ထားခဲ့သည်။

ယုဝါ ဘယ်အချိန်ကထပြီး ရေနွေးတည်၊ ကော်ဖီ
ဖျော်သွားလေမှန်းမသိ။

နောင်သက်ဆွေ ရေချိုးခန်းဝင်၊ သွားတိုက်၊ ရေမိုး
ချိုးပြီး သန့်စင်ပြီး အဝတ်လဲကာ ထမင်းစားပွဲတွင် ကော်ဖီသောက်
ရန် ထိုင်လိုက်သည်။

"ကလင် ... ကလင် ... ကလင် ... "

အိမ်ရှေ့မီမီစာရေးစားပွဲဆီမှ တယ်လီဖုန်းမြည်သံ
ထွက်ပေါ်လာ၍ နောင်သက်ဆွေ ထွက်လာပြီး တယ်လီဖုန်းကို
ကောက်ကိုင်လိုက်သည်။

"အမိန့်ရှိပါ ကျွန်တော်နောင်သက်ဆွေပါ ... "

"ကျုပ်က ပြည်သိမ်းပါ ... ကမ်းခြေဦးဟိုတယ်မန်နေဂျာ

www.burmeseclassic.com

www.burmeseclassic.com



လေ ... ”

“ဩ ... ဦးပြည်သိမ်းက မနက်စောစောစီးစီး ကျွန်တော့်ဆီ ဖုန်းဆက်သတဲ့လား ... ကဲ အမိန့်ရှိစမ်းပါဦး ... ဘာကိစ္စများ ပါလိမ့်ဗျာ ... ”

အမှန်တော့ နောင်သက်ဆွေသည် ကမ်းခြေဦးဟိုတယ်မှ ဦးပြည်သိမ်းအား နှစ်သက်သည်မဟုတ်သောကြောင့် ယခု ပြန်လည်ပြောဆိုဆက်ဆံပုံကလည်း မနှစ်သက်သောအသံမျိုး စကားလုံးမျိုးပါရှိသွားပေသည်။

ဟိုစဉ်ကတော့ ဦးပြည်သိမ်းအပေါ်တွင် နောင်သက်ဆွေ ဘာအာဃာတမှမရှိခဲ့၊ မနေ့ညနေက ယုဝါအား မိမိနှင့် တွဲနေသည်ကို ဦးပြည်သိမ်းက ဟန့်တားသည်ဟု ယုဝါကပြောသောကြောင့် နောင်သက်ဆွေစိတ်ထဲ၌ ဦးပြည်သိမ်းအပေါ် အာဃာတထားမိခြင်းသာဖြစ်ပါသည်။

နောင်သက်ဆွေ ပြန်မေးသည်ကို ဦးပြည်သိမ်းက ချက်ချင်းပြန်မပြောသေးဘဲ အသံပျောက် ဆိုင်းငံ့နေသေးသည်။

အဲ ပြန်ပြီးပြောလာသောအခါ၌လည်း အထစ်ထစ် အငေါ့ငေါ့နှင့် အပြောချောမွေ့ခြင်းမရှိပါလေ။

“ဒီလိုလေ ... ကျုပ်ပြောချင်တာက ယု ... ယု ... ယုဝါရဲ့ ကိစ္စပါ ... ”

“ဟုတ်ကဲ့ ပြောပါ ဦးပြည်သိမ်း ... ယုဝါရဲ့ကိစ္စဆိုရင် ကျွန်တော်သိပ်စိတ်ဝင်စားပြီး စိတ်ပါလက်ပါနားထောင်နေပါတယ် ... ”



“အဲ ... ယုဝါခဗျာ ... ”

“ယုဝါခဗျာ ဘာဖြစ်လဲ ဦးပြည်သိမ်း ... ယုဝါဘာဖြစ်လဲ ပြဿနာတစ်ခုခုဖြစ်လို့လား ... ပြောဗျာ မြန်မြန် ... ထစ်ငေါ့ ထစ်ငေါ့ပြောမနေပါနဲ့ ... ”

“ဘာမှမဖြစ်ပါဘူး ... အဲ ယုဝါဘာမှမဖြစ်သေးတာက ရှေ့ဆက်ပြီး မောင်နောင်သက်ဆွေနဲ့ မတွဲကြရင်ပေါ့လေ”

“ဘာ ... ဘာဗျ ... ”

“ဟုတ်တယ် မောင်နောင်သက်ဆွေ ... ယုဝါနဲ့တွဲတာကို ရပ်တန်းက ရပ်လိုက်ရင် အကောင်းဆုံးပဲ ... ”

“အိုး ... ဒါက ကျွန်တော့်ရဲ့ကိုယ်ရေးကိုယ်တာနဲ့ အခွင့်အရေးပါ ... ”

“ဟုတ်ပါတယ် ... ဒါပေမဲ့ မောင်နောင်သက်ဆွေရဲ့ ကိုယ်ရေးကိုယ်တာဟာ ကျုပ်တို့အတွက် ပြဿနာဖြစ်လာမယ် အခက်အခဲဖြစ်လာမယ်ဆိုရင်တော့ မကောင်းဘူးပေါ့ ... ”

“ကျုပ်တို့အတွက် ဟုတ်လား ... အဲဒီ ကျုပ်တို့ဆိုတာက ဦးပြည်သိမ်းအပြင် ဘယ်သူတွေပါဝင်နေလဲ ... ယုဝါနဲ့ ကျွန်တော်တွဲတာနဲ့အဲဒီကျုပ်တို့ဆိုတဲ့လူတွေမှာဘယ်လိုပြဿနာနဲ့ ဘယ်လိုအခက်အခဲဖြစ်လို့လဲဗျာ ... ”

ဦးပြည်သိမ်းက ယခုတစ်ကြိမ်တော့ ထစ်ထစ်ငေါ့ငေါ့မဖြစ်ဘဲ အေးဆေးတည်ငြိမ်စွာ ပြန်ဖြေပါ၏။

“ကျုပ်တို့မှာ အများတွေနဲ့ ပြဿနာတွေ တစ်ခုပြီးတစ်ခု ဆက်ဖြစ်နေတယ် ... အဲဒီလိုဖြစ်နေရတဲ့အထဲမှာ မောင်

www.burmeseclassic.com

www.burmeseclassic.com



နောင်သက်ဆွေနဲ့ ယုဝါတို့ တပူးတွဲတွဲဖြစ်နေတာကို လျှ
လျှို့ရှုထားလို့ မရတော့တဲ့အပိုင်းပါဝင်လာပြီ … ဒီတော့
ယုဝါနဲ့ မောင်နောင်သက်ဆွေဆက်ပြီး မပတ်သက်ပါနဲ့တော့
လို့ ကျုပ်ကန့်ကွက်ဖို့ဖြစ်လာပြီ … ”

“ကျွန်တော်က ယုဝါတို့ဆက်ပြီးအမြဲပတ်သက်နေမယ်ဆိုရင်
ကောဗျာ … ”

“အင်မတိ အင်မတန် မကောင်းဘူးပေါ့ မောင်နောင်သက်
ဆွေ … မကောင်းတာမှ ယုဝါအတွက်လည်း မကောင်းဘူး
မောင်နောင်သက်ဆွေအတွက်လည်း မကောင်းဘူး … အဲ
ကျုပ်တို့အတွက်လည်း မကောင်းဘူး … ”

“အားပါးပါး ကြီးကျယ်ခမ်းနားလွန်းလှပါပြီလား ဦးပြည်သိမ်း
ရယ် … ဒါထက် ဦးပြည်သိမ်းပြောနေတဲ့ ကျုပ်တို့ဆိုတဲ့
ပုဂ္ဂိုလ်တွေဟာ ဘယ်သူတွေဆိုတာ … ကျွန်တော်သိခွင့်ရှိ
မလား ဦးပြည်သိမ်း … ”

“မသိချင်ပါနဲ့ မောင်နောင်သက်ဆွေ … ဒီပုဂ္ဂိုလ်တွေဟာ
ဘယ်သူဘယ်ဝါရယ်လို့ မောင်နောင်သက်ဆွေသိတဲ့နေ့ဟာ
မောင်ရင့်အဖို့ အသက်ရှူရပ်သွားတဲ့နေ့ဖြစ်သွားမှာမို့ပါ”

“ဟုတ်ပါ့မလား ဦးပြည်သိမ်း … ကျွန်တော်တို့တိုင်းပြည်
ဟာ မင်းမဲ့တိုင်းပြည်မှမဟုတ်တာ … ဥပဒေနဲ့အုပ်ချုပ်ရေး
ပိုင်းမှာ အင်မတန်စနစ်ထားရှိတဲ့ တိုင်းပြည်ပဲဟာ … အခု
ဦးပြည်သိမ်းပြောနေတာတွေဟာ … ”

နောင်သက်ဆွေ၏စကားမဆုံးမီ ဦးပြည်သိမ်းက



ဖြတ်ပြောလိုက်ပေသည်။

“ဒီမှာ မောင်နောင်သက်ဆွေ … အခု ကျုပ်နဲ့ မောင်နောင်
သက်ဆွေဟာ စင်မြင့်ပေါ်မှာ စကားရည်လုပြိုင်ပွဲကျင်းပနေ
တာ မဟုတ်ဘူး … ကျုပ်နောက်ဆုံးပြောမယ် နောက်ထပ်
ယုဝါကို လုံးဝမပတ်သက်ပါနဲ့တော့ … ဒါပါပဲ”

ပြောပြောဆိုဆို ဦးပြည်သိမ်းဘက်မှ တယ်လီဖုန်း
ဆောင့်ချသံကို ကြားလိုက်ရသည်။

ဦးပြည်သိမ်းသည် အဘယ်ကြောင့် မိမိကို ယုဝါနှင့်
မပတ်သက်တော့ရန် တားမြစ်ချင်ပေသနည်း။

သူတို့ဆိုသည့် ဒုစရိုက်အဖွဲ့ထဲတွင် ဦးပြည်သိမ်းက
အပါအဝင်တစ်ဦးဖြစ်နေပေပြီဆိုတာကတော့ သေချာလေပြီ။

နောင်သက်ဆွေ တယ်လီဖုန်းကို ပြန်ကောက်ကိုင်
သည်။ ယုဝါ၏ဘော်ဒါဆောင်ကို ဆက်သည်။

“ယုဝါ မနက်စောစောက ပြန်လာပြီး မနက်ရှစ်နာရီမှာပဲ
အပြင်ပြန်ထွက်သွားပါတယ်ရှင် … ဘယ်သွားမှန်းမသိပါဘူး
ရှင် … ”

နောင်သက်ဆွေ ဖုန်းချလိုက်ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



(၆)

အကြိမ်ပေါင်းများတော့လည်း နောင်သက်ဆွေအဖို့ တာဝန်ကျ အမျိုးသမီးကိုပင် ပြန်၍အားနာလာတော့သည်။

နာရီဝက်တစ်ကြိမ်လောက် ယုဝါ၏ဘော်ဒါဆောင်သို့ နောင်သက်ဆွေ ဆက်မေးသည်။

"မယုဝါ အဆောင်ကို ပြန်မလာသေးပါဘူးရှင် ..."

"မယုဝါက အဆောင်ကို ပြန်ပြီးဖုန်းမဆက်ပါဘူးရှင် ..."

"မယုဝါ ဘယ်ကိုသွားတယ်ဆိုတာ မသိနိုင်ပါဘူးရှင် ..."

"ဟုတ်ကဲ့ မယုဝါပြန်ရောက်လာတာနဲ့ အဲဒီက နံပါတ်ကို ပြန်ဆက်ပါလို့ ပြောပေးပါ့မယ်ရှင် ..."

ဘော်ဒါဆောင်မှ အကြိမ်ကြိမ်ကြားပြီးငြီးမို့ နောက်ထပ်ဆက်ရန် ဝန်လေးလာသည်။

ကမ်းခြေဦးဟိုတယ်တော့ နောင်သက်ဆွေ ဖုန်းမဆက်ပေ။



ဖုန်းကိုင်သူမှာ မန်နေဂျာဦးပြည့်သိမ်းသာဖြစ်နေသောကြောင့် ယုဝါကိုမေးလျှင် အမှန်ကိုပြောမည်မဟုတ်မှန်း နောင်သက်ဆွေသိနေသည်။

တကယ်တော့လည်း ဦးပြည့်သိမ်းက မိမိထံသို့ ယုဝါနှင့် ဟန့်တားစကားဆိုလိုခြင်းကြောင့်လည်း မိမိက ယုဝါကို ယခုချက်ချင်း တွေ့ချင်ပြောချင်လာခြင်းသာဖြစ်ပါသည်။

တကယ်ဆို ညနေခြောက်နာရီတွင် ယုဝါနှင့် မိမိ အချိတ်တွင် တွေ့ဆုံကြမည်သာ။

ယနေ့အဖို့ ယုဝါထံမှ ဖုန်းအဆက်ကို ညနေ ကရဝိတ်ဟိုတယ်သို့မသွားမီအထိ ထိုင်စောင့်မည်ဟုသာ နောင်သက်ဆွေ ဆုံးဖြတ်ရတော့သည်။

ထိုင်စောင့်နေစဉ်မှာပင် တယ်လီဖုန်းမှ ကလင်ကလင်အော်မြည်သံထွက်လာသည်။

ကမန်းကတန်းကောက်ကိုင်လိုက်သည်။

"ပြောပါ ... နားထောင်နေပါတယ် ..."

"ဗိုးနောင်လားဟေ့ ... ငါ မင်းတို့အခေါ်နဲ့ဆို အောင်မောင်းကြီးလေကွာ ..."

နောင်သက်ဆွေ စိတ်ကုန်စွာ ခေါင်းကုတ်မိတော့သည်။

"ပြောပါ ဦးအောင်မောင်းကြီးကိစ္စထူးလို့ ကျွန်တော့်ဆီ ဖုန်းဆက်တာလား ..."

"အေးကွ ... ဒီနေ့ တိုက်ထိုင်အယ်ဒီတာက သူ့မိန်းမ ဆေး

www.burmeseclassic.com

www.burmeseclassic.com



ခန်းလိုက်ပြစရာရှိလို့ ငါ့ကို သူ့ကိုယ်စား ခဏတိုက်ထိုင်ပေး ပါလို့ ချောဆွဲထားတယ်လေ ...”

“အဲဒါ ကိစ္စထူးကြီးမို့ ကျွန်တော့်ဆီ ဖုန်းဆက်တာလား ... ဒါမှမဟုတ် ဦးအောင်မောင်းကြီး တိုက်ထိုင်ရာထူးဝင်ထိုင် ရတာကို ကြွားချင်လို့လား ...”

“ဟာ ... မင်းဘိုးအေ ...”

ဦးအောင်မောင်းကြီးက နောင်သက်ဆွေ ပြန်ရိ သောစကားကြောင့် အလွန်ယဉ်ကျေးသော ဆဲနည်းဖြင့် ဆဲလိုက် သည်။

“ဘာလဲ မင်းက ငါ့ကို အယ်ဒီတာရာထူးမက်တယ်ထင်နေ လား ... အဲဒီ့ အယ်ဒီတာတွေကို ငါသောက်မြင်ကပ်လွန်း လို့ ...”

“ဒါဖြင့် ကျွန်တော့်ဆီ ဘာလို့ ဖုန်းဆက်တာလဲ ဦးအောင် မောင်းကြီး ...”

“အေး ... ငါက ယာယီ ... အယ်ဒီတာစားပွဲမှာရှိတဲ့ ဖုန်းလာ သမျှ နားထောင်ဖြေကြားရတယ်လေကွာ ... အဲဒါဖုန်းတစ်ခု ဝင်လာတယ်ကွ ... စာရေးဆရာမောင်နောင်သက်ဆွေနဲ့ တွေ့ချင် စကားပြောချင်လို့တဲ့ကွ ...”

“ဘယ်သူဆက်တာလဲဗျာ ... ကျွန်တော့်မှာ ဦးအောင်မောင်း ကြီးလို ဖုန်းဆက်ပြီး အကြွေးတောင်းခံမဲ့သူမျိုးမှ မရှိတာဘဲ ဗျာ ...”

“ဟာ ... ဒီကောင် နောင်သက်ဆွေ ငါ့ကိုပဲ နှိမ်ချင်နေတယ်



အခု မင်းကို တွေ့ချင်ပြောချင်တဲ့ပုဂ္ဂိုလ်ကြီးက ... ရဲအဖွဲ့ ထောက်လှမ်းရေးအရာရှိ ဦးငွေငြိမ်းတဲ့ဟေ့ ...”

“ဘာကိစ္စတဲ့လဲ ...”

“ဟ ... အဲဒါကို ငါသိနိုင်မလား ... အေး ဦးငွေငြိမ်းက မင်းဆီကို အကြောင်းကြားပေးပါတဲ့ ... ဒီကနေ့ သုံးနာရီမှာ မင်းအလာကို သူ့ရုံးခန်းကနေပြီး အထူးစောင့်နေပါ့မယ်တဲ့ အဲဒါပဲ ...”

ဦးအောင်မောင်းကြီးက အရာရှိဦးငွေငြိမ်း၏ ရုံးရှိရာ နေရာလိပ်စာကို ယူထားသည့်အတိုင်း နောင်သက်ဆွေကို ဖုန်းမှ ပြောသဖြင့် နောင်သက်ဆွေ စာရွက်တွင် ရေးထားမှတ်သားရတော့ သည်။

“ဟေ့ ဒါထက် ... ဖိုးနောင် ...”

“ပြော ဦးအောင်မောင်းကြီး ...”

“မနေ့ညနေက ဟိုတယ်မှာ ငါနဲ့ဒေးဗစ်ဖြစ်တဲ့ပွဲမှာ မင်းပါ အဆစ်ပါသွားတာကို ငါစိတ်မကောင်းပါဘူး ...”

“ဒါကတော့ ကျွန်တော်တို့ လောကမှာ ဆောင်ပုဒ်တောင် ရှိသေးတာပဲဗျာ ...”

“ဘာဆောင်ပုဒ်လဲကွ ...”

“သြော်ဗျာ ... ချဲ့စွဲရင် မွဲတတ်သည် ... ဦးအောင်မောင်းကြီး နှင့်တွဲလျှင် ကွဲတတ်သည်တဲ့လေ ... ဆောင်ပုဒ်က ...”

“မင်းအဘ ကလိန်း ...”

ဦးအောင်မောင်းကြီး၏ဒုတိယအကြိမ်မြောက်ယဉ်

www.burmeseclassic.com

www.burmeseclassic.com



တော့နှစ် ဆဲဆိုခြင်းကို နောင်သက်ဆွေခံလိုက်ရပြန်ပါလေ၏။

နောင်သက်ဆွေသည် မွန်းလွဲနှစ်နာရီခွဲအထိ ဖုန်းနားတွင်ထိုင်ကာ ယုဝါဆက်မည်ကို စောင့်သည်။

ယုဝါထံမှ မဆက်။

သူမ၏ဘော်ဒါဆောင်သို့လည်းမဆက်ဟု ထပ်ပြီး ဖုန်းဆက်မေးမြန်းသိရှိရသည်။

နှစ်နာရီခွဲတွင် ဦးငွေငြိမ်းထံသို့သွားရန် နောင်သက်ဆွေပြင်ဆင်ရတော့သည်။

ရဲထောက်လှမ်းရေးအရာရှိကြီးက ခေါ်ယူသည်ကို မိမိလေးစားရပေမည်။

သုံးနာရီထိုးရန် ငါးမိနစ်အလိုမှာပင် နောင်သက်ဆွေ ဦးငွေငြိမ်း၏ရုံးခန်းသို့ ရောက်ရှိသွားပါ၏။

"လာ ... လာ ... မောင်နောင်သက်ဆွေ ... "

ဦးငွေငြိမ်းက သူ၏အလုပ်စားပွဲကြီးနောက်ရှိ ဆံလည်ကုလားထိုင်ကြီးပေါ်မှထိုင်ရင်း ဝင်ရောက်လာသော နောင်သက်ဆွေကို ဖော်ရွေစွာ လှမ်းခေါ်ပေသည်။

စားပွဲကြီးရှေ့တွင် စီချထားသော ညှို့ထိုင်ကုလားထိုင်တစ်လုံးတွင် နောင်သက်ဆွေ ဝင်ရောက်ထိုင်လိုက်ပါ၏။

ဦးငွေငြိမ်းသည် ပခုံးတွင် ငွေလခြမ်းနှင့် ငွေကြယ်တစ်ပွင့်ပိုင်ဆိုင်သော ရဲမှူးအဆင့်အရာရှိကြီးတစ်ဦးဖြစ်သည်ကို တွေ့ရပေသည်။

ညှို့ထိုင်ကုလားထိုင်တွင် ကိုလှိုင်မင်းက ထိုင်



[illegible]သား ရောက်နှင့်နေပေသည်။

နောင်သက်ဆွေက ကိုလှိုင်မင်းဘေးတွင် ကပ်[illegible]ထိုင်လိုက်ခြင်းဖြစ်ပါ၏။

"နေကောင်းပါတယ်နော် ကိုလှိုင်မင်း ... "

"ကောင်းပါတယ် ... "

ကိုလှိုင်မင်းက နောင်သက်ဆွေကို တိုတိုပြတ်ပြတ် [illegible] ပြန်ပြောသည်။

ကိုလှိုင်မင်းသည် မိမိကို နာကစ်နေမှန်း နောင်သက်[illegible]သိသည်။ ယုဝါနှင့် ပထမဆုံးတွေ့ဆုံရသောညက မိမိက ယုဝါ[illegible] ဖွက်ထားပေးသည်ဟု ကိုလှိုင်မင်း အထင်မှားဆဲရှိနေပုံရသည်။

ဦးငွေငြိမ်းသည် ကိုလှိုင်မင်းက နောင်သက်ဆွေကို [illegible]တိုပြတ်ပြတ်ဆက်ဆံခြင်းအတွက် ပြုံးလိုက်ပါ၏။

"မနေ့က မောင်နောင်သက်ဆွေတို့ ဟိုတယ်တစ်ခုမှာ ဖြစ်ပျက်ခဲ့တာတွေ မောင်လှိုင်မင်းက အစီရင်ခံထားလို့ ကျုပ်သိထားပြီးပါပြီ ... ဒါပေမဲ့ မစ္စတာဒေးဗစ်နဲ့ မောင်နောင်သက်ဆွေ ဘယ်လိုကစပြီး စကားများကြတယ်ဆိုတာတော့ ကျုပ်မသိသေးဘူး ... မောင်လှိုင်မင်းရောက်သွားတော့ အားလုံးက လစ်သွားကြပြီကိုး ... ဟိုတယ်မန်နေဂျာပြောပြသလောက်ပဲ မောင်လှိုင်မင်းက သိခဲ့ရတယ်တဲ့ ... "

"ကျားနာဖြစ်နေတဲ့ မစ္စတာဒေးဗစ်က သူ့ထိုင်နေရာကနေ ကျွန်တော်တို့ဝိုင်းကိုလာပြီး ရန်စကားပြောတာနဲ့ ရန်ဖြစ်လိုက်ကြတာပါပဲ ဦးငွေငြိမ်း ... အားလုံး အရက်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



~~ရှာနေ~~ကြပြီကိုး ..."

ကိုလှိုင်မင်းက ကြားဖြတ်မေးလိုက်သည်။

"မနေ့က အဲဒီ့ဟိုတယ်မှာ ခင်ဗျားတို့ မစ္စတာဒေးဗစ်နဲ့ တွေ့ဆုံဖို့ ချိန်းလိုက်တာ မဟုတ်လား ..."

"အားပါးပါး ... ကိုလှိုင်မင်း မေးလိုက်ပုံက ကြောက်စရာကြီးပါလား ... မစ္စတာဒေးဗစ်လို ဒုစရိုက်မှောင်ခိုသမားတစ်ယောက်ကို ကျုပ်က ဘာဖြစ်လို့ ချိန်းတွေ့ရမှာလဲ ..."

"ဟုတ်တယ် ... ကျုပ်မေးတဲ့ မေးခွန်းဟာ ကြောက်စရာကောင်းတာ အမှန်ပဲ ... ဘာလို့လဲဆိုတော့ ဒေးဗစ်ဟာ တိုင်းပြည်အတွက် ဘယ်လောက်ကြောက်စရာကောင်းတဲ့ အန္တရာယ်ကောင်မှန်း ကိုနောင်သက်ဆွေသိပြီးသားပဲလေ"

"မစ္စတာဒေးဗစ်နဲ့ ချိန်းတွေ့ဖို့နေနေသာသာ ဒီလူနဲ့ ကျုပ်တစ်ခါမှ စကားတောင်မပြောဖူးဘူး ... သိလည်း မသိကျွမ်းခဲ့ဘူး ... ဒါပေမဲ့ သတင်းထောက်ကြီးဦးဘအုန်းက မစ္စတာဒေးဗစ်အကြောင်းရေးသလောက်တော့ ကျုပ်ဖတ်ဖူးတယ်"

ကိုလှိုင်မင်းသည တစ်ခုခုပြန်ပြောတော့မည်ကို ဦးငွေငြိမ်းက လက်ဝါးကာပြပြီး ဟန့်တားလိုက်သည်။ ကိုလှိုင်မင်း ပါးစပ်ပိတ်သွားပါ၏။

"ဟုတ်တယ် မောင်နောင်သက်ဆွေ ... မစ္စတာဒေးဗစ်ဟာ သာမန်မှောင်ခိုမဟုတ်ဘူး ... လူမျိုးနဲ့ တိုင်းပြည်ကို အင်မတန်ထိခိုက်နစ်နာစေတဲ့ကိစ္စတွေအထိ လုပ်တယ် ... နိုင်ငံခြားအဆက်အသွယ်တွေလည်း ရှိတယ် ... ဟိုတစ်လောက



ကျုပ် မစ္စတာဒေးဗစ်ကို အရေးယူစစ်ဆေးတော့ သံရုံးနှစ်ရုံးလောက်က မစ္စတာဒေးဗစ်ကို ဝင်ပြီး အကာအကွယ်ပေးသေးတယ် ... ဒါပေမဲ့ ပစ္စည်းလက်ပူးလက်ကြပ် ဓာတ်ပုံအထောက်အထားတွေ တွေ့ရလို့ သံရုံးတွေက မသိမသာနောက်ပြန်ဆုတ်သွားတယ် ... ကျုပ်တို့ မစ္စတာဒေးဗစ်နိုင်ငံကူးလက်မှတ်ပတ်(စ်)စပို့ကို သိမ်းတယ် ... ဗိတ်တယ်သူနေထိုင်ရာ ရပ်ကွက်ပိုင်ရဲစခန်းမှာ တစ်ပတ်တစ်ကြိမ်လက်မှတ်ထိုးစေတယ် ... သူ့ကို ရုံးတင်အပြစ်ပေးနိုင်တဲ့အထိ အထောက်အထားသက်သေပစ္စည်းတွေကိုတော့ ကျုပ်တို့ ရဲထောက်လှမ်းရေးက ရှာဖွေနေဆဲပဲ ..."

"အဲဒီ့ဓာတ်ပုံအထောက်အထားတွေဆိုတာ ကျွန်တော်တို့ရဲ့ သတင်းထောက်ကြီးဦးဘအုန်း ဖော်ထုတ်ပြလိုက်တဲ့ ဓာတ်ပုံတွေပဲ မဟုတ်လား ..."

"ဟုတ်ပါတယ် ... စာပေသမားတစ်ဦးဟာ တိုင်းပြည်နဲ့လူမျိုးအတွက် ဘယ်လောက်ထိရောက်အောင် စွမ်းဆောင်နိုင်တယ်ဆိုတာ ကျုပ်ခံယူလေးစားထားသူပါ ... အခု မောင်နောင်သက်ဆွေကို ကျုပ်ခေါ်ယူဆွေးနွေးတွေ့ဆုံတာဟာလည်း အဲဒီ့ကိစ္စ ဆွေးနွေးချင်လို့ပါပဲ မောင်နောင်သက်ဆွေ"

"ဒါဆိုရင်တော့ အကြောင်းသိပ်ထူးမယ်မထင်ဘူး ဦးငွေငြိမ်း ကျွန်တော်က ဝတ္ထုလိုင်းသမားပါ ... အဲ ဦးဘအုန်းလို ပုဂ္ဂိုလ်ကြီးကျတော့ သတင်းထောက် တကယ့်စာရေးဆရာကျက်တဲ့ ပုဂ္ဂိုလ်ကြီးပါ ... မစ္စတာဒေးဗစ် ဒီလောက်

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ကြီးမှန်း ကျွန်တော်မသိတာ အမှန်ပါ … အႏ
ကိစ္စမျိုးကျတော့ ဦးငွေငြိမ်းတို့အနေနဲ့ ရင့်ကျက်တဲ့ ဦးဘ
အုန်းလို လူမျိုးကို ခေါ်ယူဆွေးနွေးသင့်တယ်လို့ ကျွန်တော်
ယူဆပါတယ် … ကျွန်တော့်ကို သွားခွင့်ပြုပါ … ”

နောင်သက်ဆွေ တကယ်ပင် အဖြစ်မှန်နှင့် စိတ်ထဲ
သည့်အတိုင်း ပြောပြီး ထိုင်ရာမှထလိုက်သည်။

“နေပါဦး မောင်နောင်သက်ဆွေ … ခဏပြန်ထိုင်ပါဦး …”

အရာရှိကြီးဦးငွေငြိမ်းက နောင်သက်ဆွေကို ပြန်
ထိုင်ခိုင်းပြီး ကိုလှိုင်မင်းကို တဖန်လှည့်ပြောလိုက်သည်။

“ကဲ … ကိုလှိုင်မင်း … ကျုပ်သိချင်တာလေးတွေ ကျုပ်သိ
ပြီဆိုတော့ ကိုလှိုင်မင်းဆက်လုပ်စရာရှိတာ ဆက်လုပ်ဖို့ သွား
နိုင်ပြီ … ”

ကိုလှိုင်မင်း ထိုင်ရာမှထသည်။ ဦးငွေငြိမ်းကို အလေး
ပြုပြီးနောက် ထွက်ခွာသွားသည်။ နောင်သက်ဆွေကိုမူ နှုတ်ဆက်
မသွားပေ။

နောင်သက်ဆွေက ပြန်ထိုင်ရပါ၏။

“ကိုလှိုင်မင်းက ကျွန်တော့်ကို ‘မကျေမနပ်ဖြစ်နေပုံရတယ်
တကယ်တော့ သူဟာ အထင်မှားနေတာပါ … ကျွန်တော်
သူ့အပေါ် ဘာမှအမှားမလုပ်ခဲ့ပါဘူး … ”

“အင်း … ကိုလှိုင်မင်းဟာ ကျုပ်ကိုအဖွဲ့မှာ လူတော်လူ
ကောင်းတစ်ယောက်ပါ … အခု မောင်နောင်သက်ဆွေက
ကိုလှိုင်မင်းအထင်မှားစေလောက်တဲ့ မိန်းမတစ်ယောက်နဲ့



တွဲနေလို့ပါ … အဲဒီမိန်းမက မိန်းမရှုပ်မိန်းမလည်ပဲ … ”

“ဗျာ … မိန်းမရှုပ် မိန်းမလည် ဟုတ်လား … ဘယ်မိန်းမကို
ရည်ညွှန်းတာလဲဗျာ … ”

“ယုဝါကိုလေ … ”

နောင်သက်ဆွေက ဦးငွေငြိမ်း၏မျက်နှာကို တည့်
တည့်ကြီး စူးစူးစိုက်စိုက်ကြည့်လိုက်သည်။ ကိုလှိုင်မင်းက မိမိနှင့်
ယုဝါအကြောင်း ဦးငွေငြိမ်းကို တော်တော်ပြောထားဟန်တူသည်။

ထို့ကြောင့်လည်း ဦးငွေငြိမ်းက မိမိကို တိုက်ရိုက်
ခေါ်ယူတွေ့ဆုံခြင်းဖြစ်တန်ရာသည်။

ယုဝါသည် ရဲထောက်လှမ်းရေးမှလိုက်နေသော
အမျိုးသမီးတစ်ဦးမှန်း နောင်သက်ဆွေ ရိပ်မိထားခဲ့ပါ၏။

“ယုဝါကို ကျွန်တော်တွဲတာဟာ ဦးငွေငြိမ်းတို့ ရဲထောက်
လှမ်းရေးအဖွဲ့မှ အထစ်အငေါ့တစ်ခုခုဖြစ်နေသလားဗျာ …”

“ကျုပ်တို့အဖွဲ့မှာ အထစ်အငေါ့ဖြစ်တယ်လို့ ပြောရလောက်
အောင်တော့ မဟုတ်ဘူးပေါ့ … မောင်နောင်သက်ဆွေ
ဒါပေမဲ့ တိုင်းပြည်ရဲ့ဆူးညောင့်ခလုတ်နဲ့ အထစ်အငေါ့ဖြစ်စေ
တာတွေကို ကျုပ်တို့အဖွဲ့က တာဝန်အရ လိုက်ရှင်းနေတာ
တော့ အမှန်ပဲ … ”

“ကဲပါလေ … ကျုပ် မောင်နောင်သက်ဆွေနဲ့စကားဆက်
ပြောကြရင် ဒီကိစ္စကို မောင်နောင်သက်ဆွေ လိပ်ပတ်လည်
လာမှာပါ … ပထမဆုံး ယုဝါနဲ့ မောင်နောင်သက်ဆွေ ဆက်
သက်လာပုံကို ကျုပ်ကို ပြောပြပါလား … ”

www.burmeseclassic.com

www.burmeseclassic.com



"ယုဝါနဲ့ ကျွန်တော်ပတ်သက်တာက ကျွန်တော့်ရဲ့ကိုယ်
ကိုယ်တာပါ ... ဒါကြောင့် ကျွန်တော်က ဦးငွေငြိမ်းမေး
ကို ယုဝါနဲ့ပတ်သက်ရင် မဖြေပါဘူးဆိုရင်ကော ... "

"လူမှုရေးနဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေကို မဖြေပါဘူ
တာ ... တချို့နေရာတွေမှာ အတိုင်းအတာတစ်ခုအထိ
ပါတယ် မောင်နောင်သက်ဆွေ ... အဲဒီ့တချို့နေရာတွေ
လည်း ကျုပ်တို့က ခွင့်လွှတ်ပါတယ် ... တစ်ဖက်သာ
လူမှုရေးနဲ့ ကိုယ်ရေးကိုယ်တာကို အတတ်နိုင်ဆုံးမထိ
စေဖို့ကိုလည်း ကျုပ်တို့အဖွဲ့က ရှောင်ပါတယ် ... ဒါ
ကျားလိုအကောင် ... မြွေပွေးလိုအကောင်မျိုးကို သတ်
တာဟာ တရားတော်အရ ပါဏာတိပါတကံထိုက်မှု
လျက်သားနဲ့ လူသားတွေရဲ့အန္တရာယ်မို့ ရိုက်သတ်တဲ့
မှာ ရိုက်သတ်ရတာပဲ ... ဒီကိစ္စမျိုးကျတော့ တရား
က တားမြစ်ထားတာကို လိုက်နာနေလို့မရတော့ဘူး
ကျုပ်ပြောတာ မောင်နောင်သက်ဆွေသဘောပေါက်ပါ
နော် ... "

သဘောပေါက်ပါ၏။ ဦးငွေငြိမ်းဆိုလိုသည်မှာ
အပ်လာပါက လူမှုရေးဖြစ်စေ၊ ကိုယ်ရေးကိုယ်တာဖြစ်စေ သူတို့
စစ်ဆေးခွင့်ရှိသည်ဟု ဆိုလိုခြင်းဖြစ်နေပါ၏။

"ဒါတော့ ဦးငွေငြိမ်းတို့အနေနဲ့ ကျွန်တော့်ကို တရား
သလို စစ်နိုင်နေတာပဲ ... ဦးငွေငြိမ်းတို့က အခွင့်အာ
တဲ့ ပုဂ္ဂိုလ်တွေပဲ ... "



နောင်သက်ဆွေ ပြန်ပြောသောစကားမှာ "အောက်
ချုပ်"စကားဖြစ်ပါ၏။ အကယ်၍ ဦးငွေငြိမ်းနေရာတွင် ခက်ထန်
သော တခြားအရာရှိကြီးတစ်ဦးသာဆိုပါက ဤနေရာတွင်
သို့လားအပ်သော အပြင်းအထန်လေးများပင် ဖြစ်သွားနိုင်ပေ
သည်။

သို့သော် ဦးငွေငြိမ်းက နောင်သက်ဆွေကို ပြုံးပင်
ပြလိုက်သေးသည်။

"ကျွဲမြီးတိုသွားသလား မောင်နောင်သက်ဆွေ ... စိတ်ရှည်
ရှည်ထားပါလို့ ကျုပ်ကပဲ မောင်ရင့်ကို ဖျောင်းဖျပါတယ်
တကယ်တော့ ကျုပ်တို့မှာ ယုဝါနဲ့ပတ်သက်ပြီး သတင်းတွေ
ရသင့်သလောက် ရထားပါတယ် ... ရထားတဲ့သတင်းတွေ
ကလည်း သတင်းဆိုးတွေပါ ... အဲဒီ့တော့ ယုဝါနဲ့တွဲနေတဲ့
မောင်နောင်သက်ဆွေကိုပါ ကျုပ်တို့စုံစမ်းတယ် ... "

"မောင်နောင်သက်ဆွေဟာ မိုးကုတ်က လူချမ်းသာမိဘနှစ်
ပါးရဲ့တစ်ဦးတည်းသော သား ... တက္ကသိုလ်ဘွဲ့ရပြီးသား
စာပေကို ဝါသနာအရ လိုက်စားနေတာ ... နောက်ကြောင်း
ဘာမှမရှိဘူး ... သိပ်ရှင်းတယ် ... သာမန်အားဖြင့် လူတော်
လူကောင်းတစ်ယောက်လို့ ကျုပ်တို့စုံစမ်းရရှိတယ် ... အဲဒီ့
တော့ ယုဝါနဲ့ မောင်နောင်သက်ဆွေတွဲခဲ့ရတဲ့အကြောင်းရင်း
အကြောင်းမှန်ကို ပြောပြပါလား ... ကျုပ်တို့မှာ လိုအပ်
လာလို့ မေးရတာပါ ... "

နောင်သက်ဆွေသည် ဦးငွေငြိမ်းအား ကြည်ညိုလာ

www.burmeseclassic.com

www.burmeseclassic.com



ယေသည်။ လေးစားလာသည်။ ဦးငွေငြိမ်းအပေါ် ယုံကြည်စိတ်
လည်း သက်ဝင်လာသည်။

ထို့ထက်မှာမူ ...

ယုဝါသည် ဒုစရိုက်လုပ်ငန်းတစ်ခုခုတွင် လှို့ဝှက်
ဝင်နေခြင်းမဟုတ်၊ တစ်စုံတစ်ယောက် သို့မဟုတ် တစ်သင်းတစ်
၏လွှမ်းမိုးမှုကို မလွန်ဆန်နိုင်သောကြောင့် သူတို့၏ ခိုင်းတာ
ဆန္ဒမပါဘဲ လုပ်ကိုင်ပေးနေရမှန်းလည်း နောင်သက်ဆွေ ရိပ်မိသ
သာ။

ယုဝါအား ယင်းသို့အလွှမ်းအမိုးခံနေရသည့်ဘ
နောင်သက်ဆွေဆွဲထုတ်ချင်သည်မှာလည်း အနုဋ္ဌ။

ထိုရော့အခါ ဦးငွေငြိမ်းတို့လို ရဲထောက်လှမ်းရေး
အဖွဲ့၏ အကူအညီနှင့်သာ ယုဝါကို ဆွဲထုတ်နိုင်မည်ဖြစ်ကြောင်း
ယခု ပြောရင်းပင် နောင်သက်ဆွေသဘောပေါက်လာသည်။

"ကျွန်တော် ယုဝါနဲ့ပတ်သက်ခဲ့တာကို အစကနေပြီး ယ
အဆုံးအထိ ဦးငွေငြိမ်းကို ယုံကြည်စိတ်နဲ့ ပြောပြပါ့မယ် ...

လွန်ခဲ့တဲ့ လေးလလောက်၏ ညတစ်ညတွင် ကို
မင်းတို့လိုက်၍ ယုဝါ မိမိအခန်းသို့ ရောက်လာသည်မှအစ တ
နှင့် တစ်ဦး မေတ္တာရှိသွားပုံနှင့် ယနေ့အထိ နောက်ဆုံးဖြစ်ပျ
သည်များအားလုံးကို နောင်သက်ဆွေက ပြောပြလိုက်ပါ၏။

စကားအဆုံးတွင် ...

"မောင်နောင်သက်ဆွေအနေနဲ့ ယုဝါနဲ့ ချစ်ကျွမ်းဝင်ခဲ့တာ
လွဲပြီး ယုဝါရဲ့နောက်ကြောင်း ရာဇဝင်ကို ဘာမှမသိသလ



လား ..."

"အမှန်ပါ ဦးငွေငြိမ်း ... ယုဝါက သူ့အကြောင်းကို မပြောဘူး
ကျွန်တော်က ဖွင့်မေးရင် ငိုတယ် ... ဒီတော့လည်း ကျွန်
တော်က မမေးရက်လို့ နောက်ထပ်မမေးဘဲ နေလိုက်တော့
တာပါပဲ ဦးငွေငြိမ်း ..."

"ယုဝါက မစ္စတာဒေးဗစ်ကို သိနေလား ..."

"လုံးဝမသိဘူးလို့ ပြောပါတယ် ... သူပြောတာကိုလည်း
ကျွန်တော်ယုံတယ် ..."

"ဖြစ်နိုင်ပါတယ် ... ဒီလိုဒုစရိုက်အဖွဲ့တွေမှာ တစ်ဖွဲ့နဲ့တစ်ဖွဲ့
မသိတာတွေရှိတယ် ... ကိုယ့်အဖွဲ့သားချင်းတောင် မသိ
တာမျိုးတွေ ရှိတတ်ပါတယ် ..."

"ယုဝါနဲ့ပတ်သက်ပြီး ... ဦးငွေငြိမ်းတို့ စုံစမ်းသိရှိထား
သလောက် ကျွန်တော်သိနိုင်ခွင့်ရှိမလား ... သိခွင့်ပေးနိုင်
မလား ..."

ဦးငွေငြိမ်းက ညင်သာစွာ ဦးခေါင်းညိတ်ပြပါ၏။

နောင်သက်ဆွေအား မိန်းကလေးတစ်ယောက်
အပေါ်တွင်အရူးအမူးချစ်မိသည်ကလွဲပြီး ယင်းမိန်းကလေးအကြောင်း
ကို ဦးငွေငြိမ်းစိတ်ထဲက ယုံကြည်ပေးသည်။

"ယုဝါဟာ ကျုပ်တို့ရဲ့ထောက်လှမ်းရေးအဖွဲ့မှာ သီးခြားဖိုင်
ဖွင့်ထားရတဲ့သူတစ်ယောက်ပဲ ... အဲဒီဖိုင်ကို အပြင်လူဖြစ်
တဲ့ မောင်နောင်သက်ဆွေကို ကျုပ်ပြပိုင်ခွင့်မရှိဘူး ... ဒီဖိုင်
တွဲကို ကြည့်လည်း မောင်နောင်သက်ဆွေ နားလည်မှာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး … ကျုပ်တို့အချင်းချင်းသာ နားလည်တဲ့စကားလုံးတွေ သင်္ကေတတွေနဲ့ ရေးထားတာ … ”

“ကျွန်တော် ယုဝါရဲ့အကြောင်းကို အကြမ်းဖျဉ်း ပုံကြမ်းလောက်သိရရင် တော်ပါပြီ ဦးငွေငြိမ်း … ”

“အဲဒီလောက်တော့ ပြောလို့ရတယ် … တိုတိုနဲ့လိုရင်းကိုပြောရရင် ယုဝါဟာ အင်အားကြီးတဲ့ ဒုစရိုက်ဂိုဏ်းတစ်ခုကို အကျိုးပြုလုပ်ပေးနေတဲ့ ဒုစရိုက်အဖွဲ့ဝင်တစ်ဦးပဲ … သူတို့ဂိုဏ်း … သူတို့အဖွဲ့ဟာ နိုင်ငံအချို့နဲ့အဆက်အသွယ်ရှိတယ်ဆိုတာလည်း စုံစမ်းလို့သိထားတယ် … ”

“အဲဒီ ဒုစရိုက်ဂိုဏ်းအဖွဲ့ရဲ့လုပ်ငန်းတွေက ဘာတွေလဲဗျာ”

“ခြုံပြောရရင် မှောင်ခိုလုပ်ငန်းတွေပေါ့ … အင်္ဂလိပ်လိုပြောရင်တော့ စမတ်ဂလင်းအဖွဲ့ပေါ့ကွာ … စမတ်ဂလင်းလုပ်ငန်းမျိုးဆိုတာ တိုင်းပြည်တိုင်းမှာ တစ်ဦးချင်းဖြစ်ဖြစ် … အဖွဲ့လိုက်ဖြစ်ဖြစ် လုပ်ဆောင်နေတာတွေ ရှိနေတာပဲ … အဲ ဒါပေမဲ့ အဲဒီစမတ်ဂလင်းအဖွဲ့ရဲ့အမျိုးသားရေးကို ထိခိုက်လာမယ် … တိုင်းပြည်ရဲ့အကျိုးကို ထိခိုက်လာမယ်ဆိုရင်တော့ ကျုပ်တို့ရဲ့ထောက်လှမ်းရေးအဖွဲ့က ဝင်လာတာပဲ သာမန် စမတ်ဂလင်းလေးတွေလောက်ကတော့ သာမန်ရဲအဖွဲ့က ကိုင်တွယ်တယ် … ”

“ဒါဆို ယုဝါပါဝင်နေတဲ့အဖွဲ့ဟာ ရဲထောက်လှမ်းရေးက ဝင်လာရတဲ့အထိဖြစ်နေလို့လား ဦးငွေငြိမ်း … ”

“ကျုပ်တို့ စုံစမ်းဆဲ … အထောက်အထားသက်သေတွေ



ရှာဖွေဆဲဆိုပါတော့ … ”

“ယုဝါဟာ ဒီလောက် ပြင်းထန်တဲ့အလုပ်မျိုးကို လုပ်ပေးပါ့မလားလို့ ကျွန်တော့်စိတ်ထဲ ဇဝေဇဝါဖြစ်ရတယ်ဗျာ … ”

“တစ်ထစ်ချပြောလို့တော့ မရသေးဘူး … ”

“ဒါဆို ဦးငွေငြိမ်းကို ယုဝါကိုခေါ်ယူစစ်ဆေးပါလားဟင်”

ဦးငွေငြိမ်းက ခေါင်းခါပြသည်။

“သားကောင်ကို လက်ခုပ်တီးပြီး ခြောက်လိုက်ရင် တောနက်ထဲဝင်ပြေးသွားပြီး မျက်စိအောက်က ပျောက်ကွယ်သွားမှာပေါ့ မောင်နောင်သက်ဆွေ … ကျုပ်တို့အဖွဲ့က မနိုင်လုံသေးရင် မတိကျသေးရင် အရေးယူတဲ့အပိုင်းကို မလုပ်သေးဘူး … ခိုင်လုံအောင် တိကျအောင် ဆက်စုံစမ်းတယ် … ယုဝါနဲ့ ပတ်သက်ပြီး ကျုပ်တို့မှာ ခိုင်မာတိကျဖောာမျိုး မရသေးဘူး … မရေရာသေးတဲ့ ယုဝါကို ကျုပ်တို့က ခေါ်စစ်ဆေးလိုက်ရင် လက်ခုပ်တီး ခြောက်လှန့်သလိုဖြစ်သွားမယ် သူတို့အဖွဲ့ဟာ အခုလက်ရှိထက်ပိုပြီး သိုသိုသိပ်သိပ်တွေလုပ်မယ် … ခြေရာဖျောက် မြေလျှိုးသွားမယ် … ဒါကြောင့် ယုဝါကို ခေါ်မစစ်ဆေးဘဲ ယုဝါနဲ့ရင်းနှီးတဲ့ ယုဝါနဲ့သံယောဇဉ်ရှိတဲ့ မောင်နောင်သက်ဆွေဆီမှာ သတင်းရှာကြည့်တာပဲ မောင်နောင်သက်ဆွေအပေါ်မှာ ကိုလှိုင်မင်းက မကျေနပ်တာလေးတွေ တစ်ခုတလေရှိပေမဲ့ ကိုလှိုင်မင်းက မောင်နောင်သက်ဆွေကို လုံးဝထောက်ခံတင်ပြတယ် … လူတော်လူကောင်းတစ်ယောက်ဖြစ်တယ် … စိတ်ချရင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ် မဟုတ်တာမလုပ်ဘူး ... ကိုယ်ကျင့်တရား ကောင်းတယ် ... တည်ကြည်တယ် ... မိဘမျိုးရိုးသန့်တယ် ဆိုတာတွေပေါ့လေ ... "

"ယုဝါအကြောင်း ဆက်ပြောပါလား ဦးငွေငြိမ်း ... "

"ဆက်ပြောရရင် ယုဝါဟာ ဒုစရိုက်အဖွဲ့အစည်းတစ်ခုခုထဲမှာ ပါနေပေမဲ့ အဖွဲ့အစည်းရဲ့လုပ်ငန်းတွေအပေါ်မှာ အားသွန်ခွန်စိုက် သဘောထားပုံမရဘူး ... ယုဝါလုပ်ဆောင်နေပုံတွေဟာ လေးလေးနက်နက်မရှိလှဘူး ... ယုဝါပုံစံက ခိုင်းတာလုပ်မယ် ... လုပ်စရာမရှိရင် သူနေတတ်သလို နေမယ် ဆိုတဲ့အသွင်ကို တွေ့ရတယ် ... "

"ဟုတ်တယ် ဦးငွေငြိမ်း ... ကျွန်တော်လည်း ယုဝါကို အဲဒီအတိုင်းပဲမြင်တယ် ... သူတို့အဖွဲ့က ခိုင်းတာတို့ ... မလွန်ဆန်ရဲလို့ လုပ်ပေးတယ် ... ယုဝါအနေနဲ့ စိတ်ဝင်တစားရှိလှတယ်တော့ မဟုတ်ဘူးလို့ ... "

"ဒါဆို မေးပါရစေ မောင်နောင်သက်ဆွေရဲ့အခန်းထဲကို ယုဝါ ပထမဆုံးရောက်လာတဲ့ညက ယုဝါဆီမှာ မှောင်ခိုပစ္စည်းတွေပါသွားတယ် ... ဒါကြောင့် ကိုလှိုင်မင်းက တအားယုဝါကို ဖိလိုက်တာ ... "

"ဟုတ်ပါ့မလား ... အဲဒီညက ယုဝါဆီမှာ ပါတိတ်ထဘီတွေ အချို့မှန်ထုပ်တွေစတဲ့ မှောင်ခိုပစ္စည်းတွေ ကျွန်တော်တစ်ခုမှ မတွေ့မိဘူး ... လူချည်းသက်သက်ပါ ... သူ့အဝတ်တွေ ရေစိုလို့ ကျွန်တော့်အဝတ်အစားတွေတောင် ယူဝတ်သေးတာ ... သူပြန်သွားတော့လည်း သူ့အဝတ်အစားတွေ ပြန်ဝတ်ပြီး ပြန်သွားတာ ... ဘာပစ္စည်းမှ အပိုပါတာ ကျွန်တော် မတွေ့ခဲ့ဘူး ... "

ဦးငွေငြိမ်းက အသံထွက်အောင် ရယ်သည်။

"အဲဒီမှောင်ခိုပစ္စည်းမျိုးတွေကို ပြောတာမဟုတ်ဘူး ... ပါတိတ်တို့ အချို့မှုန့်စတဲ့ မှောင်ခိုပစ္စည်း ကျုပ်တို့ဖမ်းချင်ရင် မော်လမြိုင်ရထား ... မန္တလေးရထားမှာ ဖမ်းလိုက်တာနဲ့ အဲဒီပစ္စည်းမျိုးကို ကုန်တင်ကားတွေနဲ့တောင် သယ်ယူလို့ရတယ် ... အင်း မောင်နောင်သက်ဆွေက တကယ်ရိုးတာပဲ ... "

"ဒါဆို ယုဝါက ဘယ်လိုမှောင်ခိုပစ္စည်းမျိုးတွေကို သယ်ဆောင်လို့ ကိုလှိုင်မင်းတို့က ဖမ်းလိုက်တာလဲ ဦးငွေငြိမ်း"

"ပတ္တမြား ... နီလာစတဲ့ တွင်းထွက်ကျောက်မျက်ရတနာတွေပဲ ... ဒါတွေက အမျိုးသမီးတွေရဲ့ ခါးထဲမှာဖြစ်ဖြစ် အင်္ကျီအောက် ရင်ညွှန့်ထဲမှာဖြစ်ဖြစ် ဖွက်လို့ရတယ်လေ ... ပစ္စည်းသေးမွှားပေမဲ့ တန်ဖိုးကျတော့ သိပ်ပြီးကြီးမားတဲ့ ပစ္စည်းတွေ ... အဲဒါတွေဟာ ကိုယ့်တိုင်းပြည်က ထွက်တဲ့ တွင်းထွက်ရတနာတွေ ... အဲဒီညက ယုဝါနဲ့အတူ အဲဒီ ရတနာပစ္စည်းတွေကို လက်ပူးလက်ကြပ်ဖမ်းမိရင် ... ကျုပ်တို့ဘက်က ပိုင်ပြီပေါ့ ... ပစ္စည်းတွေကို သက်သေထားပြီး ယုဝါတို့အဖွဲ့အစည်းပါ ပေါ်ပြီပေါ့ ... အဲဒီလို လက်ပူးလက်ကြပ်အနိုင်အမာကို ကျုပ်တို့က လိုချင်တာ ... "



www.burmeseclassic.com

www.burmeseclassic.com



နောင်သက်ဆွေ ခေါင်းညိတ်ပါ၏။

"ဆက်ပြောပါပြီး ဦးငွေငြိမ်း ... ကျွန်တော့်ရဲ့တကယ်ဆ
က ယုဝါကို အဲဒီဒုစရိုက်အဖွဲ့အစည်းထဲက ဆွဲထုတ်ချင်
တယ် ... လွတ်မြောက်သွားစေချင်တယ် ... ယုဝါကိုယ်
တိုင်က သူ့အဖွဲ့ကို သူမလွန်ဆန်နိုင်လို့ လုပ်ပေးနေရတာ
သူတို့နဲ့ ပြတ်ပြတ်သားသား ကင်းလွတ်သွားရင် ယုဝါ
ကျွန်တော်က တရားဝင်လက်ထပ်ယူမှာပါ ... ယုဝါရဲ့ သူ
အဖွဲ့က လွတ်မြောက်ရေးအတွက် ဦးငွေငြိမ်းတို့ကို ကျွ
တော်အားကိုးပါတယ် ... "

ဦးငွေငြိမ်းက နောင်သက်ဆွေ၏စကားကို လက်
ခံရပေသည်။

"ကျုပ်ပြောမယ် ... ယုဝါဆိုတဲ့နာမည်ဟာ အဲဒီမိန်းကလေ
ရဲ့ မူရင်းနာမည်အမှန်ပဲဆိုတာ ကျုပ်တို့စုံစမ်းသိရတယ်
ဒါပေမဲ့ မော်လမြိုင်မှာတုန်းကတော့ ဒီမိန်းကလေးဟာ ပု
ဖြူဆိုတဲ့နာမည်ယူခဲ့တယ် မောင်နောင်သက်ဆွေ ... "

"ပုလဲဖြူ ဟုတ်လား ... "

"ဟုတ်တယ် ... မော်လမြိုင်ကမ်းနားလမ်းက ( ... )
တယ်မှာ အခုလိုပဲ ပုလဲဖြူဟာ အဆိုတော်လုပ်ခဲ့သေးတ
အဲဒီ မော်လမြိုင်ဟိုတယ်ဟာလည်း အခု ရန်ကုန်က က
ခြေဦးဟိုတယ်ပုံစံအတိုင်း ညှော်ခေါ် ဖြေဖျော်ရေးအစီအ
ထားခဲ့တယ် ... အဲဒီမော်လမြိုင်က ဟိုတယ်ကို ကိုနဂါး
တဲ့လူက တည်ထောင်တာ ... "



"ကိုနဂါး ... "

"ဟုတ်တယ် ကိုနဂါးတဲ့ ... သူ့ရင်ဘတ်မှာကော ... ကျော
ပြင်မှာပါ နဂါးရုပ်ကြီး ဆေးမှင်တက်တူထိုးထားတယ်တဲ့
ပုလဲဖြူဟာ အဲဒီဟိုတယ်မှာပဲ သီးသန့်ခန်းနဲ့နေခဲ့တယ် ...
အဲဒီကိုနဂါးရဲ့မော်လမြိုင်က ဟိုတယ်ကို ရဲအဖွဲ့က သတင်း
အရ တစ်ညမှာ ဝိုင်းဖမ်းတယ် ... ဟိုတယ်မှာပဲ ဥပဒေနဲ့
မကင်းတဲ့ ပစ္စည်းတချို့ရော ဖမ်းမိပေမဲ့ ကိုနဂါးရော ...
ပုလဲဖြူရော လွတ်မြောက်သွားတယ် ... "

"ဥပဒေနဲ့ မကင်းတဲ့ ပစ္စည်းဆိုတာ ဘာပစ္စည်းကို မိတာလဲ
ဦးငွေငြိမ်း ... "

"ဘိန်းဖြူ ... "

ဘိန်းဖြူသည် အမျိုးသားရေးနှင့် တိုင်းပြည်ကိုပါ ထိ
ခိုက်နစ်နာစေသော အကြီးမားဆုံးအန္တရာယ်ကြီးဖြစ်ကြောင်း နောင်
သက်ဆွေကောင်းကောင်းသိရှိနားလည်ပါ၏။ နောင်သက်ဆွေတို့
လို စာပေသမားတွေက ပို၍ပင်သိနားလည်သည်။ ထို့ကြောင့်လည်း
စာပေသမားတိုင်းသည် ဘိန်းဖြူ၏ကြီးမားလှသော အန္တရာယ်ကို
အများပြည်သူသိရှိစေနိုင်ရန် အခွင့်သင့်တိုင်း ဖော်ပြရေးသားကြပါ
၏။

"ကိုနဂါးဟာ အဲဒီဟိုတယ်ကို ဘန်းပြပြီး ဘိန်းဖြူဖြန့်ဖြူးရေး
လုပ်ငန်းကို လုပ်ခဲ့တာပဲ ... ပုလဲဖြူကတော့ ကိုနဂါးခိုင်း
သမျှ လုပ်ဆောင်ပေးပေ့လေ ... ဖြန့်ဖြူးရေးမှာ ပုလဲဖြူ
လို မိန်းမချော မိန်းမလှလေးတွေ လုပ်ဆောင်ပေးတာက

www.burmeseclassic.com

www.burmeseclassic.com



ပိုပြီး အောင်မြင်တယ် ... ဘိန်းဖြူကို အများအားဖြင့် သုံးစွဲကြသူတွေက လူငယ်လူရွယ်တွေကိုး ... ဒါကြောင့်လည်း ရဲတွေက အဖမ်းမှာ ပုလဲဖြူကိုပါ ကိုနဂါးက အရခေါ်သွားတာဖြစ်ရမယ်လို့ မော်လမြိုင်ရဲအဖွဲ့က မှတ်ချက်ပြုတယ် ..."

"ကိုနဂါးနဲ့ ပုလဲဖြူကို မမိလိုက်ပေမဲ့ ဟိုတယ်က ဝန်ထမ်းတွေကိုတော့ ဖမ်းမိမှာပဲမဟုတ်လား ဦးငွေငြိမ်း ..."

"အဲဒီ ဟိုတယ်မန်နေဂျာကစပြီး စားပွဲထိုးဝန်ထမ်းတွေအထိ ဝန်ထမ်းအားလုံးဟာ မော်လမြိုင်ဇာတိတွေချည်းပဲ ... သန့်တော်တဲ့လခရရှိလို့ ဝင်လုပ်တာကလွဲပြီး သူတို့ ဘာမှမသိဘူး ... အဲဒီဝန်ထမ်းအားလုံး တစ်ဦးချင်း မော်လမြိုင်ရဲအဖွဲ့က စစ်ဆေးတယ် ... ရိုးရိုးသာမန်လခစားတွေဆိုတာကိုပဲ စစ်ဆေးရရှိတယ် ..."

"ဒါဆို ဒီဟိုတယ်အဆောက်အဦကအစ ဟိုတယ်ထဲရှိတဲ့ ပစ္စည်းတွေအားလုံးကို ကိုနဂါးက ဆုံးရှုံးသွားမှာပေါ့ ... အထိနာသွားမှာပေါ့ ..."

"နဂါးက လူပါးပဲ ... ဟိုတယ်ဖွင့်တဲ့အဆောက်အဦဟာ မော်လမြိုင်က သူဌေးတစ်ယောက်ပိုင်ဖြစ်နေတယ် ... နဂါးက တစ်လသုံးထောင်နဲ့ ငှားတာ ... ဟိုတယ်သုံး စားပွဲကုလားထိုင်ပရိဘောဂတွေကလည်း လပေးအငှားတွေချည်းပဲ ... အဲ ဟိုတယ်ကောင်တာက ကျန်ခဲ့တဲ့ အရက်ပုလင်းတွေနဲ့ တခြားစားသောက်ဖွယ်တွေလောက်ပဲ နဂါးက ဆုံးရှုံးတယ် ... ဘာရှိမှာလဲ ရှိလှပါမှ ငွေနှစ်သောင်းဖိုး



လောက်ပဲဟာ ..."

"ဒါဆို အခု ရန်ကုန်ကမ်းခြေဦးဟိုတယ်မှာ သီချင်းဆိုနေတဲ့ ယုဝါဟာ မော်လမြိုင်မှာ သီချင်းဆိုခဲ့တဲ့ ပုလဲဖြူပဲပေါ့နော်"

"ဟုတ်တယ် ..."

ဩော် ... နောင်သက်ဆွေအဖို့ ယုဝါ၏အတိတ်ဖြစ်စဉ်အရာ၊ ယခု ပစ္စုပ္ပန်ဖြစ်စဉ်ရော ဝက်ပါထဲမှာ မျက်စိလည်သလိုဖြစ်နေပေပြီလား။ ကွေ့ကောက်ရှုပ်ထွေးလွန်းပါတကား။

နောင်သက်ဆွေ ငိုင်ကျသွားသည်။

ဘယ်လိုတွေ ဘာပဲဖြစ်ဖြစ် နောင်သက်ဆွေ၏ယုဝါအပေါ် ချစ်သော မေတ္တာသည် တစ်ပြားသားမျှပင် လျော့မသွားပါသော။

အရှုပ်တော်ပုံတွေထဲမှ ယုဝါကို ဆွဲထုတ်ကာ အမြန်ဆုံးလက်ထပ်ပစ်ဖို့ပင် စဉ်းစားတော့သည်။

နောင်သက်ဆွေ တစ်သက်တွင် တစ်ခါသာ ချစ်မူးသေးသော သိပ်ချစ်ရသည့် ယုဝါမဟုတ်ပါလော။

"ဩ ... ကျုပ်ပြောဖို့တစ်ခုကျန်နေတယ် ..."

"ပြောပါ ဦးငွေငြိမ်း ..."

"မနေ့ညက ဟိုတယ်မှာ မစ္စတာဒေးဗစ်နဲ့ရန်ဖြစ်ပြီး သတင်းထောက်ဦးဘအုန်းကို လည်ပင်းညှစ်လို့ မောင်နောင်သက်ဆွေက အရက်ပုလင်းနဲ့ခေါင်းကိုရိုက်ခဲ့တဲ့ ကွဲပေါက်လောက်ရှိတဲ့လူဟာ နဂါးပဲ ... ကျုပ်ဆီကို ကိုလှိုင်မင်းအစီရင်ခံစာတွေ့ရှိချက်မှာ ဖော်ပြတယ် ..."

www.burmeseclassic.com

www.burmeseclassic.com



"ဗွာ ... အဲဒီကျွဲပေါက်ကြီးက နဂါး ... "

"ဟုတ်တယ် ... မဖွတာဒေးဗစ်ကို ကလေးချီသလို ချီ[illegible] ခေါ်သွားတဲ့သူဟာ နဂါးပဲ ... "

ဟုတ်ပေမည်။ မနေ့ညနေက ကရစိတ်တွင် ယု[illegible] အား မိမိဖြစ်ခဲ့တာတွေ ပြန်ပြောပြရာတွင် ကျွဲပေါက်လိုလူကြီး အကြောင်းကိုပြောသည်နှင့် ယုဝါ မျက်နှာပျက်၊ မျက်နှာညှိုးသွား သည်ကို နောင်သက်ဆွေ ပြန်လည်သတိရသည်။ မော်လမြိုင်မှာ တုန်းက ယုဝါသည် ကိုနဂါးအား အကျိုးပြုပေးခဲ့ရသည်နှင့် ဆက်စ[illegible] တွေးကြည့်နိုင်ပါ၏။

"ယုဝါနဲ့ မောင်နောင်သက်ဆွေတို့ ကနေ့တွေ့ကြဖို့ အစ[illegible] အစဉ်ရှိထားသလား ... "

"ရှိပါတယ် ... ကနေ့ ခြောက်နာရီ ကရစိတ်ဟိုတယ်မှာ တွေ့ကြဖို့ ချိန်းထားပါတယ် ... "

"အခု မောင်နောင်သက်ဆွေကို ကျုပ်ခေါ်ယူတွေ့ဆုံတာ ကိုကော မောင်သက်ဆွေက ဘာကြောင့်ဆိုတာ တွေးမိရဲ့ လား ... "

"ယုဝါနဲ့ဆက်ပြီး မတွဲဖို့ ... မတွေ့ဖို့ ဦးငွေငြိမ်းပြောချင်လို့ မဟုတ်လား ... "

"လုံးဝမဟုတ်ဘူး မောင်သက်ဆွေ ... ယုဝါနဲ့ မောင်နောင် သက်ဆွေဆက်ပြီး တွဲမြဲတွဲပါ ... နောက်ပြီး တိုင်းပြည်နဲ့ လူမျိုးအပေါ်မှာ သစ္စာခံယူထားတဲ့အနေနဲ့ ယုဝါဆီက သတင်းရရှိသမျှ ကျုပ်ဆီကို သတင်းပြန်ပို့ပေးပါ ... အဲဒါ



ပြောချင်လို့ မောင်နောင်သက်ဆွေကို ခေါ်တွေ့တာပါပဲ"

နောင်သက်ဆွေက ရုတ်ခြည်းပင် ဦးငွေငြိမ်းအား [illegible]မေးလိုက်သည်။

"တကယ်လို့ပေါ့ ဦးငွေငြိမ်း ... ယုဝါက သူတို့အဖွဲ့ရဲ့လှုပ် ရှားမှုသတင်းတွေ ပေးမယ် ... ယုဝါကိုယ်တိုင်ကလည်း သူတို့အဖွဲ့က လွတ်မြောက်အောင် ကြိုးစားမယ်ဆိုရင် ပထမအချက် ယုဝါကို ယခင်က သူတို့ခိုင်းလို့လုပ်ဆောင် ခဲ့ရတာတွေကို အပြစ်ဒဏ်မပေးဘဲ ခွင့်လွှတ်ချက်ပေးမလား နောက် ဒုတိယအချက်က ယုဝါ သူတို့အဖွဲ့က လွတ်မြောက် ဖို့ကြိုးစားရာမှာ ဦးငွေငြိမ်းတို့က အကူအညီပေးမလား ... "

လက်နက်ကိုင်သောင်းကျန်းတွေကိုတောင် အမြင် မှန်လို့ လက်နက်ချအလင်းဝင်လာရင် သက်ဆိုင်ရာက ခွင့်လွှတ်ဆီး ကြိုသေးတာပဲကွာ၊ ယုဝါသာ တကယ် ကျုပ်တို့ဘက်ဝင်လာရင် ဘာလို့ ခွင့်မလွှတ်ရမှာလဲ။

"ကောင်းပါပြီ ဦးငွေငြိမ်း ... ဒါဆိုရင် ယုဝါကို ကျွန်တော် ပြောပြမယ် ... ကျွန်တော့်ရဲ့ဆန္ဒကို ယုဝါလိုက်လျောမယ် လို့ ထင်ပါတယ် ... ကျွန်တော့်ကို ခွင့်ပြုပါဦး ဦးငွေငြိမ်း"[illegible]

www.burmeseclassic.com

www.burmeseclassic.com



(၇)

ညနေခြောက်နာရီမထိုးသေးမီမှာပင် နောင်သက်ဆွေ ကရဝိတ်ဟိုတယ်သို့ရောက်သွားသည်။

ယုဝါနှင့်အတူ ထိုင်နေကျ စားပွဲတွင် တစ်ယောက်တည်းထိုင်ရင်း အသားလွတ်ကြီး ထိုင်စောင့်နေရမည့်အစား ဘီယာနှင့် အမြည်းကိုမှာယူလိုက်သည်။

ဘီယာနှင့် အမြည်းစားရင်း ယုဝါနှင့်ပတ်သက်၍ စဉ်းစားခန်းဝင်ရင်း ယုဝါကိုစောင့်သည်။

နဂါးကဲ့သို့ ဒုစရိုက်အကောင်ကြီးကြီးနှင့် မော်လမြိုင်တွင် တွဲခဲ့သည်ဆိုသော ယုဝါအား နဂါးအဖွဲ့မှ ထုတ်ယူနိုင်ရေးသည် လွယ်မည်တော့မဟုတ်ပေ။

မိမိအဖို့ စဉ်းစားရမည်သာ။

ဒုစရိုက်အဖွဲ့ကြီးမှ ယုဝါလွတ်မြောက်ကင်းကွာမှသာ မိမိကို ယုဝါလက်ထပ်နိုင်မည်ဖြစ်သည်။



တကယ်တမ်း နဂါးနှင့် မိမိယှဉ်ပြိုင်ကြပြီဆိုပါက [illegible]ကာ မိမိဘက်မှ ပါရှိရပ်တည်မည်ကတော့ သေချာသည်။ ယုဝါ[illegible]ကို အရမ်းကြီးချစ်သည် မဟုတ်ပါလေလား။

ည ခုနစ်နာရီထိုးသွားပြီ။

ယုဝါရောက်မလာ။

နောင်သက်ဆွေစိတ်ရှည်လက်ရှည်ဆက်စောင့်သည်။ [illegible]အတွက် စိတ်ပူစပြုလာပြီလည်း ဖြစ်ပါ၏။

အဆင်ချောလျှင် ယုဝါသည် မိမိနှင့် ချိန်းဆိုထားရာ[illegible] လာချင်လှစွာသော ဓာလေးနှင့် ချိန်းသည့်အချိန်ထက် တင်[illegible]ပြီး အမြဲရောက်နေလေ့ရှိသည်။

သူမ၏အဆောင်သို့ ဖုန်းဆက်လည်း မရှိ မတွေ့။ [illegible]အချိန်အထိလည်း ပေါ်မလာသေး။

ယုဝါ တစ်နေရာရာသို့ ခရီးလွန်နေပေသလား။

ဒါမှမဟုတ် မိမိထံသို့ မလာရောက်နိုင်အောင် တစ်[illegible]ပြဿနာအနှောင့်အယှက်အတားအဆီးရှိနေ၍ပေလား။

နောင်သက်ဆွေ စိတ်လက်မအီမသာဖြစ်လာသည်မှ[illegible]က်စောင့်ရင်း အာရုံပြောင်းအောင် စားပွဲပေါ်ရှိ ယနေ့ထုတ်[illegible]တင်းစာကို အသင့်တွေ့သည်နှင့် ကောက်ယူဖတ်လိုက်သည်။

နောင်သက်ဆွေသည် မိမိတိုက်ခန်းအတွက် သတင်း[illegible]ယူသည်မှာ ကြာပေပြီ။ မိမိက မိုးလင်းထွက်ပြီး မိုးချုပ်မှ အိမ်[illegible]ရောက်သူမို့ သတင်းစာလာပို့သူအတွက် အခက်အခဲတွေ့သည့်[illegible] တစ်ကြောင်း။ မိမိက အမြဲအပြင်ထွက်ပြီး လက်ဖက်ရည်[illegible]ထိုင်

www.burmeseclassic.com

www.burmeseclassic.com



ထခင်းဆိုင်ထိုင်နှင့် ထိုမှာပင် သတင်းစာဖတ်ဖြစ်သည်က များသည်။

**'မှောင်ခိုသမားတစ်ဦး အသတ်ခံရခြင်း'**

ထိုခေါင်းစီးနှင့် သတင်းကို နောင်သက်ဆွေ ဖတ်ရ မစ္စတာဒေးဗစ် အသတ်ခံရသည့်သတင်းဖြစ်နေသည်။

အလောင်းကို အင်းလျားကန်ဘေးတစ်နေရာတွင် ရင်ဘတ်ဓားတန်းလန်းနှင့် တွေ့ရသည်ဟု ဆိုသည်။

မနေ့ညကပင် ဟိုတယ်တွင်ရန်ဖြစ်ကြရာ၌ ကျွဲပေါက်လောက်ရှိသော လူကြီး(ကိုနဂါး)က မစ္စတာဒေးဗစ်ကို ဖွေ့ချီပြီး ဟိုတယ်နောက်ဖေးပေါက်မှ ထွက်ပြေးသွားသည်ကို နောင်သက်ဆွေ မြင်တွေ့ခဲ့ရသေးသည်။

ကျွဲပေါက်ကြီး ကိုနဂါးကပင် မစ္စတာဒေးဗစ်ကို ဓားနှင့်ထိုးသတ်လိုက်ခြင်းပေလား။

ဆက်စပ်တွေးလျှင် ယခုအချိန်ထိ ယုဝါသည် ပေါ်မလာသေး၊ ယုဝါအတွက် နောင်သက်ဆွေမှာ ထိပ်မြွေခဲ ပွေပန်တော့သည်။

သတင်းစာသည် နံနက်ပိုင်းတွင်ထွက်သည်။ မိမိက ကြိုဖတ်ဖြစ်သောကြောင့် ယခုမှ ဖတ်မိခြင်းဖြစ်သည်။

ဦးငွေငြိမ်းနှင့် ယနေ့တွေ့စဉ်က ဦးငွေငြိမ်းက မစ္စတာဒေးဗစ် အသတ်ခံရကြောင်းကို မပြော၊ ဦးငွေငြိမ်းထံသို့ သတင်းအစီရင်ခံချက်မပေးပို့သေးသောကြောင့်ပေလား။

ပြီး ဦးငွေငြိမ်းလို အလုပ်သိပ်များသူသည် သတင်းစာဖတ်သည်ဆိုလျှင်တောင် အလုပ်မှပြန် အနားယူချိန်၊ ညပိုင်းတ



သော သတင်းစာဖတ်ဖြစ်သည်လား မသိ။

ကရဝိတ်ဟိုတယ်မှ တယ်လီဖုန်းဖြင့်ပင် ဦးငွေငြိမ်း အိမ်နံပါတ်ကို တယ်လီဖုန်းလမ်းညွှန်စာအုပ်တွင်ရှာဖွေပြီး နောင်သက်ဆွေဆက်လိုက်သည်။

ဦးငွေငြိမ်း အိမ်သို့ပြန်မရောက်သေးကြောင်း အိမ်သားတစ်ဦးထံမှ ပြန်ကြားသည်။ တစ်ဖန် ဦးငွေငြိမ်းရုံးခန်းသို့ ဆက်ပြန်သည်။ တယ်လီဖုန်းကိုင်မည့်သူမရှိပေ။ ရုံးဆင်းသွားကြသည်ပဲ ဖြစ်မည်။

နောင်သက်ဆွေ ကိုလှိုင်မင်းထံ ဆက်ပြန်သည်။ ဖုန်းကိုင်မည့်သူမရှိပြန်။

ဦးငွေငြိမ်းရော၊ ကိုလှိုင်မင်းရော၊ မစ္စတာဒေးဗစ် အသတ်ခံရမှုနှင့် ပတ်သက်ပြီး အလုပ်များနေခြင်းဖြစ်တန်ရာသည်။

နောင်သက်ဆွေ ကျသင့်ငွေကို ရှင်းပြီး သူ့မော်တော်ဆိုင်ကယ်ဖြင့် ကမ်းခြေဦးဟိုတယ်သို့ မောင်းလာခဲ့သည်။ ညခုနစ်နာရီငါးဆယ်မိနစ်တွင် ကမ်းခြေဦးဟိုတယ်သို့ ရောက်လာပြီးသည်နှင့် ယုဝါကို စေ့စိုက်ရှာဖွေကြည့်သည်။

စားပွဲတစ်ခုတွင် ထိုင်ကာ စေ့စိုက်ရှာဖွေခြင်းမျိုးသာ ဖြစ်ပါ၏။

အကြောင်းမှု ယနေ့အစီအစဉ်အရ ညရှစ်နာရီတွင် ယုဝါသီချင်းဆိုရမည့်အလှည့်ဖြစ်သည်။

ထို့ကြောင့် ရှစ်နာရီထိုးသည်အထိ စိတ်မောစွာ ပိုင်စောင့်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ညရှစ်နာရီထိုးသွားပြီ။

သို့သော် ယုဝါမဆို အခြားအမျိုးသမီးအဆိုတော်တစ်ဦးက သီဆိုပေသည်။

နောင်သက်ဆွေ ထိုင်ရာမှထသည်။

ကောင်တာတွင် အရက်ရောင်းတာဝန်ခံကိုညိုကြီးထံသို့ လျှောက်သွားပြီး မေးမြန်းခြင်းပြုတော့သည်။ ယုဝါနှင့် ပတ်သက်၍ ခဏခဏ ကမ်းခြေဦးဟိုတယ်သို့ နောင်သက်ဆွေအရောက်များသဖြင့် ကိုညိုကြီးနှင့် မျက်မှန်းတန်းမိနေကြသည်။ ကိုညိုကြီး၏ ပါးတစ်ဖက်တွင် ငါးပြားစေ့ခန့် အမည်းမှတ်အတိုင်းရှိသည်ကိုပင် နောင်သက်ဆွေ သတိထားမိသည်။

“ဒီမယ် ကိုညိုကြီး ... အခုဆိုရှမဲ့အလှည့်ဟာ ယုဝါရဲ့အလှည့်ပါနော် ... ယုဝါ ဘာလို့မဆိုဘဲ တခြားသူ ဆိုရတာလဲဗျ”

ကိုညိုကြီးက ဝတ်ကျေတမ်းကျေပြန်ဖြေသည့်ပုံစံဖြင့် ဖြေသည်။

“ယုဝါ နေမကောင်းဘူးဆိုလားဘဲ ... ”

“မဖြစ်နိုင်တာဘဲ ကိုညိုကြီးရာ ... မနက်က ယုဝါက အကောင်းစက်စက်ပဲဟာ ... အခု ယုဝါ ဘယ်မှာလဲဟင်”

“မပြောတတ်ဘူးဗျ ... ”

ပြောပြောဆိုဆို ကိုညိုကြီးသည် အခြားအရက်မှာသူများဘက်သို့ လျှောက်သွားကာ နောင်သက်ဆွေကို ကျောခိုင်းသွားသည်။

နောင်သက်ဆွေ ယောင်တောင်တောင်ရပ်ကျန်ရင်း



ဟိုတယ်တစ်ခုလုံး ဝေ့ဝိုက်ကြည့်ပြန်ရာ မှန်များခြားထားသော ...ခန်းမှလျှောက်သွားသော မန်နေဂျာဦးပြည်သိမ်းကို တွေ့ရသဖြင့် ...ပြည်သိမ်းရှိရာသို့ နောင်သက်ဆွေ မပြေးရုံတမယ် သွားရောက် ...ပေသည်။

ဦးပြည်သိမ်းကို မီလာသည်နှင့် လှမ်းကာ လက် ...ခောင်းတစ်ဖက်ကို ဆွဲလိုက်သည်။

“ယုဝါကော ဦးပြည်သိမ်း ... ”

ဒရောသောပါး သူ့ကိုလှမ်းဆွဲ လှမ်းမေးနေသော နောင်သက်ဆွေအား ဦးပြည်သိမ်းက စိတ်ပျက်သောအကြည့်ဖြင့် ...ကြည့်သည်။

သို့သော် ဦးပြည်သိမ်းက နောင်သက်ဆွေကို ပြန်ကြည့်သောမျက်လုံးအကြည့်ထဲတွင် ကရုဏာပါသည်ဟု နောင်သက်ဆွေထင်မိသည်။

“ကျွန်တော်မေးနေတယ်လေဗျာ ... ယုဝါကောဟင် ... ယုဝါ ဘယ်မှာလဲ ... ”

“အင်း ခက်ပါလား မောင်နောင်သက်ဆွေ ... ဒီပုံစံ ဒီအချိုးနဲ့သာဆိုရင်တော့ မောင်နောင်သက်ဆွေ ဒီဟိုတယ်ထဲမှာပဲ ဒုက္ခရောက်တော့မယ် ... ”

“ဒီမယ် ဦးပြည်သိမ်း ... ယုဝါကို ခင်ဗျားတို့ ဘာလုပ်ထားကြသလဲဟင် ... ယုဝါကို ဘယ်မှာဝှက်ထားကြသလဲ ... ဒီနေ့ နေ့ခင်းကပဲ ဦးပြည်သိမ်းကိုယ်တိုင် ကျွန်တော် ယုဝါကို ဆက်မတွဲဖို့ တယ်လီဖုန်းနဲ့ ဟန့်တားစကားပြောခဲ့သေး

www.burmeseclassic.com

www.burmeseclassic.com



တာပဲ ... ဒီနေ့တစ်နေ့လုံး ယုဝါကို ကျွန်တော်ရှာမတွေ့ဘူး ယုဝါဟာ တစ်ခုခုဖြစ်ရင် ကျွန်တော့်ဆီကို ဖုန်းဆက်မှာပေ ကျွန်တော်နဲ့ ချိန်းထားတဲ့နေရာကိုလည်း မလာဘူး ... ယု ဝါ ဘယ်မှာလဲဗျာ ... ကျေးဇူးပြုပြီး ဦးပြည်သိမ်းက ယုဝါ ဘယ်မှာလဲဆိုတာကို ပြောပြပါလားဗျာ ... ”

“ဝမ်းနည်းပါတယ် မောင်နောင်သက်ဆွေ ... ကျုပ်အလုပ် တွေရှိသေးတယ် ... သွားမယ် ... ကျုပ်လက်ကို လွှတ်ပါ”

နောင်သက်ဆွေက မလွှတ်ပေ။

“ပြောစမ်းပါ ဦးပြည်သိမ်းရာ ... လူငယ်တွေအပေါ် ထောက်ထားညှာတာစိတ်လေးနဲ့ ပြောစမ်းပါ ... ယုဝါ ဘယ်မှာလဲဟင် ... ”

“ကောင်းပြီ မောင်နောင်သက်ဆွေ ... ကျုပ်ပြောမယ် ဒါပေမဲ့ အခုမပြောသေးဘူး ... နောက် နာရီဝက်ကြာရင် ကျုပ် မန်နေဂျာအခန်းကိုလာခဲ့ ... အဲဒီတော့ ပြောမယ် ... ”

“ဟာဗျာ ... အခုပြောလိုက်တော့ ဘာဖြစ်လဲ ... ”

“ဒီမှာ မောင်နောင်သက်ဆွေ ... ကျုပ်အလိုက်လျောနိုင်ဆုံးဟာ ဒါပဲ ... ကျုပ်အလုပ်တွေ ရှိသေးတယ် ... နာရီဝက်ကြာရင် ကျုပ်အခန်းကို လာခဲ့ ... ဒါပဲ ... ”

နာရီဝက်လောက်တော့ သည်းခံစောင့်မည်ဟု စိတ်ပိုင်းဖြတ်ကာ ဦးပြည်သိမ်းကို ဆွဲထားရာမှ လွှတ်ပေးပြီး စားပွဲလွတ် တစ်လုံးတွင် ဝင်ထိုင်နေလိုက်သည်။

နာရီဝက်စောင့်ပါဆိုသော်လည်း မိနစ်နှစ်ဆယ်ပင်



လိုက် စားပွဲထိုးတစ်ယောက် နောင်သက်ဆွေထံသို့တန်းတန်း တ်လာကာ မေးမြန်းသည်။

“နောင်ကြီးက ကိုနောင်သက်ဆွေပါလား ... ”

“ဟုတ်ပါတယ် ... ”

“မန်နေဂျာအခန်းထဲကို ကြွပါတဲ့ ... ကျွန်တော့်နောက်ကို လိုက်ခဲ့ပါ ... ”

နောင်သက်ဆွေ ချက်ချင်းထပြီး စားပွဲထိုးနောက်သို့ သွားသည်။

အပေါ်ထပ်လှေကားကို တက်ရပါ၏။

“အဲဒီအခန်းပဲ ... ”

စားပွဲထိုးက ပိတ်ထားသော အခန်းတစ်ခန်းကို မေး ပြကာ ဆက်၍ရှေ့သို့လျှောက်သွားသည်။

ပိတ်ထားသော အခန်းတံခါးဘုသီးကို နောင်သက် လှည့်ဖွင့်သည်။

ပွင့်သွားပါ၏။

အထဲခန်းသို့ နောင်သက်ဆွေဝင်လိုက်သည်။ ထည် သော ပေါ်လစ်ရောင် ငါးပေသုံးပေစားပွဲကြီးရှိသည်။ စားပွဲ က်တွင် သားရေဖုံး ဆုံလည်ကုလားထိုင်ကြီးပေါ်၌ အသက်သုံး ကျော် လေးဆယ်နီးပါးခန့်လူတစ်ဦး ထိုင်နေသည်။ အသား သွယ်သည်။ ဥပမိရုပ်သန့်ပါ၏။ ဂျင်းဘောင်းဘီနှင့် ဂျင်းဂျ ကို ဝတ်ထားသည်။

မျက်နှာကြက်တွင် ပန်းဆိုင်းမီးဖွင့်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးကိုတစ်ဦး မြင်မြင်ထင်ထင် တွေ့ရပါ၏။

ထိုလူက ဝင်လာသော နောင်သက်ဆွေကို အပြုံးနှင့် ဆီးကြိုသည်။ ဖော်ရွေသော လက္ခဏာပြနေပါ၏။

ထိုသူသည် မန်နေဂျာဦးပြည်သိမ်းတော့ မဟုတ်ပေ။

"ထိုင်ပါ ကိုနောင်သက်ဆွေ … စိတ်အေးလက်အေး ထိုင်နိုင်ပါတယ် … "

စားပွဲကြီးရှေ့ရှိ စီချထားသော ကုလားထိုင်တစ်လုံးတွင် နောင်သက်ဆွေဝင်ထိုင်သည်။ ထိုလူနှင့် မျက်နှာချင်းဆိုင်။

"ဦးပြည်သိမ်းကော … "

"ဒီအချိန်ဟာ ဒိတယ်မှာ ညှို့ကျချိန်ပဲ ကိုနောင်သက်ဆွေ ဦးပြည်သိမ်းခမျာ ဘယ်အားနိုင်မလဲ … "

"ဒါဆို ခင်ဗျားက ဘယ်သူလဲ … ကျွန်တော့်ကို ဘာလို့ အခေါ်လွှတ်တာလဲ … "

"သတင်းထောက်ကြီး ဦးဘအုံးကို ကိုနောင်သက်ဆွေတို့က အောင်မောင်းလို့ အမည်ပေးထားရင် ကျုပ်နာမည်က အောင်စည်ဆိုပါတော့ဗျာ … ရှေးခေတ်က ဘုရင်တွေဟာ စစ်ထွက်ပြီဆိုရင် အောင်စည်အောင်မောင်းတွေ တီးခတ်ကြတယ်မဟုတ်လား … "

သူ့ကိုယ်သူ 'အောင်စည်' ဟု အမည်ပေးပြီး သူ့ဟာသူ သဘောကျသလို ရယ်မောလိုက်ပါသေး၏။

နာမည်ရင်းမဟုတ်ဘဲ ယခု နောင်သက်ဆွေနှင့်



တွေ့မှ ဖန်တီးယူလိုက်သောအမည်မှန်း နောင်သက်ဆွေ ရိပ်မိသည်။

"အင်းလေ … အခုတွေ့တာ ကိုအောင်စည်ပဲ ဖြစ်ဖြစ် … နာရီဝက်အတွင်း ချိန်းထားတဲ့ မန်နေဂျာ ဦးပြည်သိမ်းဖြစ်ဖြစ် … အဓိက ကျွန်တော့်ကို ပြောပြစေချင်တာက ယုဝါ ဘယ်မှာလဲဆိုတာပဲ … ကိုအောင်စည် ယုဝါကို ကျွန်တော် အရမ်းအရမ်းကြီးကို တွေ့ချင်နေပါတယ် … ယုဝါ ဘယ်မှာလဲဆိုတာ ပြောပြပါလားဗျာ … "

"နားထောင် ကိုနောင်သက်ဆွေ … ဆင်ဖြူရှင်မင်းတရားကြီးဟာ အောင်ပင်လယ်ကန်မှာ ရေကစားတော်မူရင်း အမှတ်မထင် အလားတူရေလာကစားတဲ့ နတ်သမီးတစ်ပါးနဲ့ တွေ့ဆုံသတဲ့ … မင်းကြီးနဲ့နတ်သမီးဟာ အတူရေကစားကြပြီး ချစ်ကျွမ်းဝင်ကြတယ် … မင်းကြီး သိပ်ပျော်ရသတဲ့၊ ဒါပေမဲ့ … အချိန်လည်းစေ့ရော … နတ်သမီးဟာ နတ်ပြည်ပြန်သွားတာမို့ … မင်းကြီး မျက်စိအောက်က ကွယ်ပျောက်သွားတဲ့ နတ်သမီးကို အစွဲလမ်းကြီးစွဲလမ်းသွားတဲ့ မင်းတရားကြီးဟာ နတ်သမီးကွယ်ပျောက်တာနဲ့ စွဲလမ်းစိတ်နဲ့ ရူးသွားသတဲ့ … အဲဒါပဲပေါ့ဗျာ … ကိုနောင်သက်ဆွေ … မရူးနဲ့ … မရူးနဲ့ … ယုဝါဟာ အချိန်တန်ပြီမို့ ပျောက်ကွယ်သွားရှာပြီလို့သာ သဘောမှတ်လိုက် … နတ်သမီးကို အချိန်တန်ပြီမို့ နတ်မင်းကြီးက ပြန်ခေါ်လိုက်သလို ယုဝါကိုလည်း သက်ဆိုင်ရာတွေက ပြန်ခေါ်လိုက်ပြီ ကိုနောင်သက်ဆွေ"

"ယုဝါ ဘယ်မှာလဲ ကိုအောင်စည် … "

www.burmeseclassic.com

www.burmeseclassic.com



"နတ်သမီးနဲ့လူသား ... ဘဝချင်းတခြားစီပဲဗျာ ... ယုဝါ ဟာ နတ်ပြည်ကို ပြန်သွားပြီပေါ့ ... နတ်ပြည်ဆိုတာ လူသားတွေ သွားလို့မှမရတာ ... အဲ ... ခင်ဗျား တမင် နတ်ပြည်ကိုရောက်သွားမှ ယုဝါကို ပြန်တွေ့ကောင်း တွေ့နိုင်တော့မှာ ကိုနောင်သက်ဆွေ ... "

"အိုဗျာ ... ယုဝါ ဘယ်မှာ ... ယုဝါ ဘယ်မှာလဲ ကိုအောင်စည် ... "

"မေ့ပစ်လိုက်ပါ ... ယုဝါကို မေ့ပစ်လိုက်တာဟာ ခင်ဗျားအတွက် အကောင်းဆုံးဖြစ်မယ် ... ယုဝါအတွက်လည်း ကောင်းမယ်ပေါ့ဗျာ ... "

"ယုဝါ ဘယ်မှာလဲ ... "

"စိတ်မကောင်းပါဘူး ကိုနောင်သက်ဆွေ ... ယုဝါ ဘယ်မှာလဲဆိုတာ ဘယ်သူမှ မသိနိုင်ပါဘူး ... "

"ကျွန်တော် ယုဝါကို ပြန်မတွေ့ရမချင်း ဒီနေရာက မပြန်တော့ဘူးဆိုရင်ကော ... "

"ဘယ်ကောင်းမလဲ ... ကိုနောင်သက်ဆွေအတွက် ကံဇာတာ သိပ်နိမ့်သွားမှာပေါ့ ... "

"ကံဇာတာသိပ်နိမ့်သွားမယ်ဆိုတာ မစ္စတာဒေးဗစ် လေးတန်းလန်းနဲ့ လမ်းဘေးမှာ သေနေတာမျိုးကို ရည်ညွှန်းတာလား ကိုအောင်စည် ... "

ကိုအောင်စည်ဆိုသူက နောင်သက်ဆွေကို သေချာစိုက်ကြည့်ပြီး ပြုံးပါ၏။



"အဲ ... ဟုတ်သားပဲ ... ဒီနေ့ထုတ်သတင်းစာမှာ မစ္စတာဒေးဗစ် အသတ်ခံလိုက်ရကြောင်း ကျုပ်ဖတ်မိလိုက်တယ်"

"သတင်းစာမထွက်ခင်ကတည်းက မစ္စတာဒေးဗစ် ကြွသွားပြီမှန်း ကိုအောင်စည်တို့ သိပြီးသားပါ ... "

"သတင်းစာမထွက်ခင်က ကျုပ်တို့က ဘယ်လိုသိနိုင်မှာလဲ ကိုနောင်သက်ဆွေ ... "

"သိပ်သိနိုင်တာပေါ့ဗျာ ... မစ္စတာဒေးဗစ်ဟာ ပတ်(စ်)ပို့ အသိမ်းမခံရခင် နေ့စဉ် ရဲစခန်းမှာ လက်မှတ်ထိုးမနေရခင်အထိ ကိုအောင်စည်တို့အဖွဲ့ကို အကျိုးပြုသွားသူ မဟုတ်လား ... "

ကိုအောင်စည်၏မျက်နှာ ချက်ချင်းတင်းမာသွားသည်။ ဆုံလည်ကုလားထိုင်ကျောမှီကို အားရပါးရမှီချပြီး နောက်လှန်ရှေ့ချထိုင် ကစားနေလိုက်သေးသည်။

"မစ္စတာဒေးဗစ်ကို ကျုပ်တို့ကသတ်လိုက်တာလို့ ခင်ဗျား စွပ်စွဲလိုက်တာလား ... "

"ဟုတ်တယ် ... "

"ဒါဆို ... ဟောဒီမှာ တယ်လီဖုန်း ခင်ဗျားဖုန်းဆက်ပြီး ... ရဲအဖွဲ့ကိုတိုင်လိုက်လေ ... ဘာအထောက်အထားမှမရှိဘဲ ရဲအဖွဲ့က ကျုပ်တို့ကို ဘယ်လိုအရေးယူမလဲ ... ကဲ ... ကဲ ခင်ဗျားပြန်တော့ ... ကိုနောင်သက်ဆွေ ... "

"ယုဝါကို တွေ့ပါရစေ ... "

"လုံးဝကြီးကို မမျှော်လင့်ပါနဲ့တော့ ... ဒီတစ်သက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား ယုဝါကို ပြန်တွေ့ဖို့ မမျှော်လင့်နဲ့တော့ ... ဒီတော့ အေးအေးဆေးဆေးရှိနေတုန်း ခင်ဗျားပြန်တော့ ... "

"မပြန်ဘူးဗျာ ... ယုဝါနဲ့တွေ့ခွင့်မပေးရင် ခင်ဗျားတို့ကို သက်ဆိုင်ရာမှာတိုင်မယ် ... "

အောင်စည် ဆုံလည်ကုလားထိုင်မှထရပ်သည်။ ပြူ ပြတင်းပေါက်ရှိရာသို့ အေးဆေးစွာ တစ်လှမ်းချင်းလျှောက်သွားသည်။

"သက်ဆိုင်ရာရဲအဖွဲ့ကိုတိုင်တောလို့ ခင်ဗျားကို ကျုပ်က တယ်လီဖုန်းတောင် ပြောခွင့်ပြုထားတာပဲ ... တိုင်လိုက်လေဗျာ ... "

နောင်သက်ဆွေလည်း ထိုင်ရာမှထပြီး ကိုအောင်စည်ရှိရာသို့ လျှောက်သွားသည်။ အောင်စည်၏လက်မောင်းတစ်ဘက်ကို နောင်သက်ဆွေဆုပ်ကိုင်လိုက်သည်။

အောင်စည်က ရုန်းဖယ်ခြင်းမပြုဘဲ နောင်သက်ဆွေကို ပြန်စိုက်ကြည့်နေသည်။

"မစ္စတာဒေးဗစ်ကိစ္စကို ကျွန်တော်က ရဲအဖွဲ့ကိုတိုင်မှာမဟုတ်ဘူး ... တခြားတစ်နေရာကိုတိုင်မှာ ... "

"ဆိုပါဦး ... ကိုနောင်သက်က ဘယ်တခြားတစ်နေရာကို တိုင်မှာလဲ ... "

"ဦးနေငြိမ်းဦးစီးတဲ့ ရဲထောက်လှမ်းရေးအဖွဲ့ကိုတိုင်မှာ ... ဟောဒီကမ်းခြေဦးဟိုတယ်ကို ရှာကြည့်ပါလို့တိုင်မှာ"

အောင်စည် ရယ်လိုက်သည်။



အသက်မပါဘဲ ဟန်ဆောင်၍ရယ်သံထွက်အောင် ရယ်သည့်ပုံစံသာဖြစ်ပါ၏။

"ဒီကမ်းခြေဦးဟိုတယ်ကို ရှာဖွေပါပြီတဲ့ ... ဘာတွေမှာ မို့လဲ ... ကဲ ... "

"သိပ်တွေ့မှာပေါ့ ... ခင်ဗျားတို့ နိုင်ငံခြားခိုးထုတ်မဲ့ ... ပတ္တမြား၊ နီလာ စတဲ့ကျောက်မျက်ရတနာတွေကို တွေ့မယ် ... ပထမပိုင်းက ကျောက်မျက်တွင်းထွက်ရတနာတွေနဲ့ ... အလဲအဖယ်ယူထားတဲ့ ... မူးယစ်ဆေးဝါးတွေ ... ဘိန်းဖြူတွေကို တွေ့မယ် ... "

အောင်စည်သည် စိတ်အရှုံးဆုံးနှင့် သည်းအခံနိုင်ဆုံးသဏ္ဌာန် မျက်နှာတွင် ပေါ်ထွက်လာပါ၏။

"ဒီမှာ ကိုနောင်သက်ဆွေ ... ပြဿနာကို ဘာလို့ တအားတင်းမာလာစေတာလဲ ... ကိုနောင်သက်ဆွေ ... ဘာဖြစ်လို့ ... ဒီလောက်သူရဲကောင်းဆန်ချင်နေတာလဲ ... "

"ဟုတ်တယ် ... ပြဿနာမတင်းမာစေချင်ရင် ... ကျုပ်သူရဲကောင်းမဆန်စေချင်ရင် ကျုပ်ကို ယုဝါနဲ့တွေ့ခွင့်ပေးပါ ... ဒါဆို ကျုပ်ပါးစပ်ပိတ်ထားမယ် ... ငြိမ်ငြိမ်လေးနေမယ် ... "

"ပြန်တော့ဗျာ ... ခင်ဗျားပြန်တော့ ... "

"မပြန်ဘူးဗျာ ... ယုဝါနဲ့တွေ့ပြီးမှပြန်မယ် ... "

အောင်စည်က နောင်သက်ဆွေဆုပ်ကိုင်ထားသော သူ့လက်မောင်းကို ဆောင့်ရုန်းထွက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ပြောပြီးပြီ ... ယုဝါကို ခင်ဗျား နောက်ထပ်တွေ့
လုံးဝမမျှော်လင့်နဲ့လို့ ... "

နောင်သက်ဆွေက အောင်စည် ရန်းထွက်လို
သော လက်မောင်းကို ပြန်၍ဆုပ်ကိုင်ပြန်သည်။ အောင်စည်
အဆွဲမခံဘဲ လွတ်အောင်ရှောင်လိုက်သည်။

ဒုတိယအကြိမ် နောင်သက်ဆွေကထပ်အဆွဲမှာ
သူ၏ဦးခေါင်းပေါ်သို့ ဒုတ်ခနဲ မာကျောသောအရာတစ်ခုက လာ
ရိုက်ချခြင်းခံလိုက်ရသည်။

နာကျင်စွာပင် နောက်သက်ဆွေ ဒူးညွတ်ကျသွား
သည်။

"ခင်ဗျားတို့ဒုစရိုက်ကောင်တွေ ... ယုဝါကို ဖမ်းဆီးချုပ်
နှောင်ထားတယ် ... ယုဝါကို အခုလွှတ် ... အခု ... လွှတ်"

အော်ပြောနေစဉ် ဒုတိယအကြိမ် ဦးခေါင်းကိုအရိုက်
ခံရပြန်သည်။

ယခုတစ်ကြိမ်မှာတော့ နောင်သက်ဆွေ ဘုန်းဘုန်း
လဲကျသွားပေတော့သည်။

ဒီနောက်မှာတော့ နောင်သက်ဆွေ ဘာဆို ဘာကို
မှ မသိတော့ဘဲ မေ့သွားပါလေ၏။



(၈)

"မောင်နောင်သက်ဆွေ ... မောင်နောင်သက်ဆွေ ... "

နောင်သက်ဆွေသည် သူ့အားခေါ်နေသံကြားနေရ
သည်။ ဟိုအဝေးကြီးမှ လှမ်းခေါ်သကဲ့သို့ ကြားရခြင်းမျိုး ဖြစ်သည်။

တဖြည်းဖြည်းခေါ်သံ နီးကပ်လာသည်။

ခေါ်သံနှင့်အတူ မိမိခန္ဓာကိုယ်ကို လှုပ်ကိုင်နေမှန်း
ကိုလည်း သိရသည်။

နောင်သက်ဆွေ မျက်စိဖွင့်ကြည့်သည်။

မိမိအပေါ်တွင် မျက်နှာတွေအုပ်မိုးနေကြသည်ကို
တွေ့ရသည်။

ပထမဆုံးမြင်တွေ့ရသောမျက်နှာမှာ ဦးငွေငြိမ်း၏
မျက်နှာဖြစ်ပါ၏။

"ဟော ... သတိရပြီ ... မျက်လုံးဖွင့်ပြီး ကျုပ် ... ဦးငွေငြိမ်း
လေ ... မှတ်မိရဲ့လား ... "

www.burmeseclassic.com

www.burmeseclassic.com



"မှတ်မိပါတယ် ... ကျွန်တော် ကောင်းကောင်း သတိ
ပါပြီ ... "
"ဟုတ်ပြီ ... ဖြန်းခနဲ မထနဲ့ဦး ... တဖြည်းဖြည်း အားယူ
ပြီးမှ ထ ... "
နောင်သက်ဆွေက ပတ်ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်
လိုက်သည်။ ဆေးရုံမှန်းသိသာပါ၏။
"ဘာတွေဖြစ်ကုန်တာလဲ ဦးငွေငြိမ်း ... "
"မောင်နောင်သက်ဆွေ လမ်းဘေးမှာလဲနေတာကိုတွေ့ရ
တာပဲ ... လုံးဝသတိလစ်နေတယ် ... တော်တော့်ကို ပယ်
ပယ်နယ်နယ်တီးလိုက်တာပဲ ... မောင်နောင်သက်ဆွေကို
တီးထည့်လိုက်သူဟာ ဘယ်သူလဲဟင် ... "
နောင်သက်ဆွေ ပြန်ပြောနိုင်ပါ၏။
"မရေမရာဘဲ ဦးငွေငြိမ်း သူ့ကိုယ်သူ အောင်စည်လို့နာမည်
ပေးထားတယ် ... နာမည်လိမ်ကြီးပါ ... ဟောဒီ ...
ဦးအောင်မောင်းကြီးကို အတုယူပြီး ... သူ့ကိုယ်သူ အောင်
စည်လို့ ပေးတဲ့နာမည်ပါ ... အောင်စည်အောင်မောင်းကို
အတုယူတဲ့သဘောပဲ ... "
"မောင်နောင်သက်ဆွေ ခေါင်းမှာသုံးချက်ချုပ်ရတယ် ...
ဘယ်ဘက်နံရိုးနှစ်ချောင်းလည်း အက်သွားတယ်တဲ့ ...
ဒါပေမဲ့ ရက်ပိုင်းအတွင်းမှာ ဆေးရုံကဆင်းနိုင်မှာပါလို့ ...
ဆရာဝန်က ပြောတယ် ... "
"သူတို့ ... ကျွန်တော့်ကို မစွတာဒေးဗစ်လို့ အသေမသတ်



ကြဘူးနော် ... အဲ့ဒါ ယုဝါကြောင့်ပဲဖြစ်ရမယ် ... ကျွန်တော့်
ကို အသေမလုပ်ဖို့ ယုဝါကပဲ တားမြစ်တာဖြစ်ရမယ်"
"အင်း ... ကျုပ်လည်း အဲဒီလိုပဲ တွေးမိတယ် ... မောင်ရင့်
ကို အသေလုပ်လိုက်ရင် ယုဝါက ထိန်းလို့မရတဲ့အခြေအနေ
ရှိလို့နေမှာပေါ့လေ ... "
"သူတို့ ယုဝါကို ချုပ်နှောင်ပြီး ဖုက်ထားတဲ့သဘောရှိတယ်၊
ဦးငွေငြိမ်းတို့ ကမ်းခြေဦးဟိုတယ်ကို ဘာမှမလုပ်ဘူးလား
ဟင် ... ဘာမှအရေးမယူဘူးလားဗျာ ... "
"ပထမတုန်းကတော့ ... မျှော်ထားပါသေးတယ် ... မောင်
ရင့်ကို အနာတရဖြစ်အောင်လုပ်လာတော့ ... သက်ဆိုင်ရာ
နယ်မြေရဲ့အဖွဲ့နဲ့ပေါင်းပြီး ... ကျုပ်တို့ကမ်းခြေဦးဟိုတယ်ကို
အလစ်ဝင်မွှေလိုက်တယ် ... "
"ဒါဆို ... ကိုအောင်စည်ဆိုတဲ့လူကို ဖမ်းမမိလိုက်ဘူးလား
ဟင် ... "
"အောင်စည်ဆိုတဲ့နာမည် ကမ်းခြေဦးဟိုတယ်ဝန်ထမ်း
စာရင်းမှာ လုံးဝမပါဘူး ... အခု ... မောင်ရင်ပြောမှပဲ ...
အောင်စည်ဆိုတဲ့နာမည်ကို ကြားဘူးရတာပဲ ... ကမ်းခြေဦး
ဟိုတယ်မှာ အဓိကစစ်ဆေးရတာ မန်နေဂျာဦးပြည်သိမ်းပဲ၊
ကျန်တာတွေက သာမန်လခစားဝန်ထမ်းတွေ ... ကျုပ်
ပြောခဲ့ဘူးတဲ့ မော်လမြိုင်က ကိုးနဂါးဟိုတယ်ပုံစံအတိုင်း
ပါပဲ ... ဒါကြောင့် ကျုပ်တို့က မျှော်ပြီးစောင့်ကြည့်နေတာ၊
မောင်ရင် အနာတရဖြစ်မှ တက်မွှေသင့်ပြီလို့ ယူဆပြီး တက်

www.burmeseclassic.com

www.burmeseclassic.com



မွှေလိုက်တာ ... "

"ဦးပြည်သိမ်းကတော့ ဘာထွက်ဆိုလဲ ... "

"အင်း ... ပြောင်ကွယ်တာပေါ့ကွယ် ... မောင်နောင်သက်ဆွေ အခုလို အနာတရဖြစ်တာ သူနဲ့ဘာမှမပတ်သက်ဘူးတဲ့ ... မောင်ရင် သတိရတဲ့အခါ ပြန်မေးကြည့်ဗျ်တဲ့ ... "

"ဟုတ်တော့ ဟုတ်တယ် ဦးငွေငြိမ်း ... ကျွန်တော် ခံလိုက်ရတာက ကိုအောင်စည်ဆိုတဲ့လူရဲ့ လက်ချက်ပဲ ... အဲဒီအချိန်က ဦးပြည်သိမ်း လုံးဝမရှိဘူး ... "

နောင်သက်ဆွေက ထိုညက ဖြစ်ပျက်ခဲ့သမျှတွေကို အသေးစိတ်ပြန်ပြောပြလိုက်သည်။

ဦးငွေငြိမ်း စိတ်ဝင်တစားနားထောင်ပါ၏။

"ကောင်းပြီလေ ... အခုတော့ ... မောင်ရင် ဒဏ်ရာတွေ သက်သာသွားတဲ့အထိ ဆေးရုံမှာပဲနေလိုက်ပါ ... ပြန်ပြီး ထူထူထောင်ထောင် ဖြစ်လာတဲ့အခါ ... ကျုပ်နဲ့ဆက်ပြီး ဆွေးနွေးမယ် ... ကဲ ... ကျုပ်ပြန်မယ် ... "

"ဩော် ... အဲဒီညက ကျွန်တော့်မော်တော်ဆိုင်ကယ် ကမ်းခြေဦးဟိုတယ်မှာ ကျန်ခဲ့တယ် ဦးငွေငြိမ်း ... "

"ကျုပ်တို့သိမ်းထားပါတယ် ... မောင်နောင်သက်ဆွေရဲ့ မော်တော်ဆိုင်ကယ် ကမ်းခြေဦးဟိုတယ်မှာရှိနေပြီး ... မောင်ရင်ကတော့ အနာထရနဲ့ လမ်းဘေးမှာ သတိလစ်နေတာ တွေ့တာနဲ့ ... ဒါကမ်းခြေဦးဟိုတယ်ရဲ့ လက်ချက်ပဲ ယူမှတ်ပြီး ... ဒေသရဲအဖွဲ့နဲ့ ကျုပ်တို့ဝင်မွှေလိုက်တာ"



ဦးငွေငြိမ်း ပြန်သွားမှ ဦးအောင်မောင်းကြီးနှင့် ပြောဖြစ်တော့သည်။

"မင်းမသေတာ ကံကောင်းတယ် ဖိုးနောင် ... မစ္စတာဒေးဗစ်တုန်းက သူတို့အဖွဲ့မှ ဆက်သုံးမရတော့တာရယ် ... မစ္စတာဒေးဗစ်ကို လွှတ်ထားရင် မူးမူးရူးရူးနဲ့ သူတို့ပေါ်မှာ စိုးတာရယ်ကြောင့် အစဖျောက်ပစ်လိုက်တာလို့ ငါထင်တယ်ကွ ... "

"ယုဝါကြောင့် ကျွန်တော့်ကို အသေမသတ်တာလို့ ဦးငွေငြိမ်း ပြောသွားတယ်လေဗျာ ... "

ဆေးရုံတွင် နောင်သက်ဆွေ နှစ်ပတ်တိတိထားရှိ ပေးသည်။

ပထမပတ်တွင် ဦးခေါင်းမှချုပ်ရိုးဖြေသည်။ လွန်ခဲ့ (၃)ရက်က နံဘေးတွင် ကျောက်ပတ်တီးကိုင်ထားသည်ကို သည်။

အားလုံးကောင်းပါ၏။

ဦးငွေငြိမ်းကိုယ်တိုင် ဆေးရုံဆရာဝန်ကြီး ဖုန်းဆက် အရ နောင်သက်ဆွေကို လာခေါ်သည်။ သူ့ရုံးခန်းသို့ခေါ်သွား

ရုံးခန်းထဲတွင် လူတစ်ယောက်စောင့်နေသည်ကို သည်။ ဦးငွေငြိမ်းကပင် မိတ်ဆက်ပေးသည်။

"အဲဒါ ကိုညွန့်ဦးတဲ့ ... ကိုလှိုင်မင်းနဲ့ ရာထူးအတူတူပဲ ... အဲ ... မောင်နောင်သက်ဆွေကတော့ မောင်ရင့်ကို သိပြီး

www.burmeseclassic.com

www.burmeseclassic.com



သား မောင်ရင့်အကြောင်းတွေ မှတ်သားပြီးသား ... ”

နောင်သက်ဆွေနှင့် ကိုညွန့်ဦးလက်ဆွဲနှုတ်ဆက်ကြ
သည်။

ပြီး ... နှစ်ဦးစလုံး ဦးငွေငြိမ်းအလုပ်စားပွဲရှေ့တွင်
ထိုင်ကြသည်။

“ကဲ ... မောင်နောင်သက်ဆွေကပဲ ကမ်းခြေဦးဟိုတယ်မှာ ကိုအောင်စည်ဆိုတဲ့လူနဲ့ တွေ့ခဲ့ဖြစ်ခဲ့တာတွေ ... ကိုညွန့်ဦးကို ပြောပြပါ ... ကျုပ် ပြောသင့်သလောက် ပြောထားပြီးပြီ ... မောင်ရင် ကာယကံရှင်ကိုယ်တိုင် ပြောရရင် ပိုကောင်းမလားလို့ ... နယ်မြေရဲနဲ့ပူးပေါင်းပြီး ကမ်းခြေဦး ဟိုတယ်ကို ဝင်မွှေတုန်းက ကိုညွန့်ဦးကပဲ ဦးစီးဆောင်ရွက်ခဲ့တာလေ ... ”

ကိုညွန့်ဦးကပင် နောင်သက်ဆွေကို ပထမရှင်းပြ
သည်။

“ကျုပ်တို့ ကမ်းခြေဦးဟိုတယ်ကိုဝင်စီးပြီး ဝန်ထမ်းစာရင်းတွေ စစ်ဆေးတော့ ... ကိုအောင်စည် ဆိုတဲ့ နာမည်လည်း မတွေ့ဘူး ... ကိုအောင်စည့်ကိုလည်း မတွေ့ဘူး ... ဒီတော့ ကိုအောင်စည်ရဲ့ ပုံပန်းသဏ္ဌာန်နဲ့ အပြောအဆို အပြုအမူ လှုပ်ရှားပုံတွေကို ကျွန်တော့်ကို ပြောပြဗျာ ... ”

နောင်သက်ဆွေက တွေ့ရှိသမျှပြောပြသည် ...
ကိုညွန့်ဦးက သေချာနားထောင်ပါ၏။

“ဒါဆိုရင် အောင်စည်ရဲ့ ပုံသဏ္ဌာန်ဟာ ကျုပ်တို့အလိုရှိနေ



တဲ့လူဖြစ်လေမလားလို့ ကျုပ်တွေးမိတယ် ကိုညွန့်ဦး”

ဦးငွေငြိမ်းက ဝင်ရောက်ပြောဆိုလိုက်ခြင်းဖြစ်ပါ၏။
ငြိမ်း ပြောသည်ကို ကိုညွန့်ဦးက ဟုတ်နိုင်ကြောင်း ခေါင်းညိတ်
သည်။

နောင်သက်ဆွေက ကိုညွန့်ဦးအား ထပ်မေးပြန်
သည်။

“ကိုညွန့်ဦး ... ကမ်းခြေဦးဟိုတယ် မန်နေဂျာ ဦးပြည်သိမ်းတို့ စစ်မေးတော့ သူက ဘာတွေထွက်ဆိုလဲဗျာ ... ”

“ကျွန်တော်တို့ ဝင်မွှေတဲ့အချိန်မှာ ဟိုတယ်မှာ ဦးပြည်သိမ်း မရှိဘူး ... ဝန်ထမ်းတွေက ဦးပြည်သိမ်း ... အိမ်ပြန်သွားတယ်ဆိုလို့ အိမ်ကိုလိုက်သွားစစ်ဆေးတယ် ... ဒါပေမဲ့ ... ဦးပြည်သိမ်းဆီက ဘာမှခိုင်ခိုင်မာမာ ထောက်ထောက်ထားထားသတင်းမရဘူး ... သူဟာ လခစားမန်နေဂျာမို့ ဟိုတယ်မှာ စားသောက်ဖွယ်ကိစ္စ ... အရက်ရောင်းကိစ္စ ဝန်ထမ်းတွေကို ကြပ်မတ်တဲ့ကိစ္စကလွဲပြီး တခြားဘာမှမသိဘူးတဲ့ ... သူက ဟိုတယ်မန်နေဂျာအနေနဲ့ မန်နေဂျာ ဂုဏ်နိကိုသာ သိတယ်ဆိုတော့လည်း ကျွန်တော်တို့ ဘာမှ မတတ်နိုင်ဘူးပေါ့ ... ကိုနောင်သက်ဆွေ ... ”

“ဦးပြည်သိမ်းဟာ ... ဟိုတယ်မန်နေဂျာဆိုရင် ဟိုတယ်ပိုင်ရှင်ဟာ ဘယ်သူတဲ့လဲ ... ကျွန်တော် သိခဲ့သလောက်ကတော့ ကိုအောင်စည်ဆိုတဲ့လူရဲ့ ဩဇာဟာ ဦးပြည်သိမ်းအပေါ်မှာလည်း ကြောင်းနေတယ် ... ”

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလည်း အခက်သားဗျ ... ကမ်းခြေဦးဟိုတယ် အဆောက်အဦးကို တကယ်ပိုင်ဆိုင်တဲ့လူဟာ 'ဦးချန့်ဝါ' ဆိုတဲ့ တရုတ်အမျိုးသားကြီးတစ်ဦး ပိုင်တယ် ... တစ်လ ငါးထောင်နဲ့ ဟိုတယ်ဖွင့်တဲ့လူကို ငှားထားတာတဲ့ ..."

"ဒါဆို ကမ်းခြေဦးဟိုတယ်ကို ဖွင့်တဲ့သူဟာ ကိုအောင်စည် ဆိုတဲ့လူပဲဖြစ်နိုင်တာပေါ့ ..."

"အဲဒါလည်း သက်ဆိုင်ရာဌာနရဲ့ ဟိုတယ်မှတ်ပုံတင်စာရင်းကို ကျွန်တော် သွားစစ်ဆေးပြီးပြီ ... မှတ်ပုံတင်စာရင်း နာမည်က 'ဒေါ်[redacted]ကြည်'တဲ့ ... မှတ်ပုံတင်ရုံးမှာ ပေးထားတဲ့ လိပ်စာအရ ဒေါ်ရင်ကြည်ဆီကို ကျွန်တော်လိုက်သွားတယ် ... ကမ္ဘာအေးဘုရားလမ်း ခြံနံပါတ် (---)တဲ့ ... အဲဒီရောက်တော့ အဲဒီနေရာဟာ မြေကွက်လပ်ကြီးဖြစ်နေတယ် ... မြေစာရင်းဌာနမှာ ဆက်စစ်ကြည့်ပြန်တော့ ဒီမြေကွက်ဟာ သာသနာ့မြေဖြစ်နေတယ် ..."

"လုပ်ပုံတွေက အပိုင်ပဲနော် ..."

"ဒုစရိုက်သမားတွေဟာ ဒီလိုပဲ ကလီကမာဉာဏ်တွေနဲ့ လုပ်တတ်ကြတာပဲလေ ... ဒါပေမဲ့ ... နောက်ဆုံးမှာ ကျွန်တော်တို့လက်က ပြေးမလွတ်ပါဘူး ..."

"ဒါဆို ... ကမ်းခြေဦးဟိုတယ်မှာပဲ ဆက်ပြီး ကိုညွန့်ဦး ခြေရာခံမလား ..."

ကိုညွန့်ဦး ခေါင်းခါပြသည်။

"ကျွန်တော်တို့ ဝင်စီးပြီးတဲ့နောက် ကမ်းခြေဦးဟိုတယ်ကို



သူတို့ပိတ်ပစ်လိုက်တယ် ... ခုချိန်ထိ ပြန်မဖွင့်ဘူး ... ပိုင်ရှင် ဦးချန့်ဝါကကော့ အဆောက်အဦးငှားရမ်းခကို ခြောက်လစာ ကြိုယူထားတာဆို ... ဒီလကုန်မှ ရက်စေ့မယ်လို့ ပြောတယ် ... လကုန်လို့မှ ဆက်မဖွင့်ရင် သူ့အဆောက်အဦကို ဦးချန့်ဝါက ပြန်သိမ်းမယ်တဲ့ ... ကျွန်တော့်စိတ်အထင်တော့ ကိုနောင်သက်ဆွေကို သူတို့အနာတရ တီးပြီးတဲ့နောက် ... ရဲအဖွဲ့နဲ့ ရဲထောက်လှမ်းရေးအဖွဲ့ ဝင်စစ်တာမို့ သူတို့ခြေရာပျောက် လစ်ပြေးသွားကြပြီလို့ ထင်တာပဲ ..."

ဦးငွေငြိမ်းက ဝင်ပြောပြသည်။

"မော်လမြိုင်ကဟိုတယ်အကြောင်း ကျုပ် မောင်နောင်သက်ဆွေကို ပြောဖူးသားပဲ ... ကိုနဂါးဆိုတဲ့လူ ဦးစီးတယ်၊ အဲ ... ရဲတွေလည်း ဝင်ဖမ်းရော ကိုနဂါးဆိုတဲ့လူလည်း လစ်သွားရောလေ ... အဲဒီပုံစံပဲပေါ့ ... အခု ... ကမ်းခြေဦးဟိုတယ်က ကိုအောင်စည်ဆိုတဲ့လူ လစ်သွားတာ ... သူတို့လစ်ပြီဆိုရင် ခြေရာပျောက်ချည်းပဲ ..."

"ဒါဆို ယူဝါလည်း သူတို့နဲ့ပါသွားပြီ နေမှာပေါ့နော် ..."

ကိုညွန့်ဦးက ပြုံးပါ၏။ ဦးငွေငြိမ်းကလည်း ပြုံးရင်း ပြန်ပြောသည်။

"သိပ်လည်း အားမလျှော့နဲ့ မောင်နောင်သက်ဆွေ ... အခု မကြာသေးခင်ကပဲ ကျုပ်တို့ဆီကို သတင်းပို့တယ် ... မစ္စတာဒေးဗစ်ကို ချိပြေးသွားတဲ့ ကျွဲပေါက်ကိုနဂါးဆိုတဲ့လူကို တွေ့ပြီတဲ့ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဟုတ်လား ... နဂါးကို ဘယ်မှာတွေ့တာလဲ ဦးငွေငြိမ်း ... "

နောင်သက်ဆွေ ကုလားထိုင်ဖင်ကြွ အငန်းမရ မေးတော့သည်။

"တောင်ကြီးမှာ ... "

"ကိုနဂါးဟာ မော်လမြိုင်မှာ ယုဝါကို ပုလဲဖြူနာမည်နဲ့ အသုံးချခဲ့တယ် ... တကယ်လို့ ကိုနဂါးနဲ့ ကိုအောင်စည်ဟာ တစ်ဖွဲ့တည်းသားချင်းတွေ ဖြစ်ရင်တော့ ... အောင်စည်ဟာ ကိုနဂါးရှိရာ တောင်ကြီးကိုလစ်ပြေးသွားနိုင်တယ်"

"ဒါဆို ... ယုဝါကိုလည်း ကိုအောင်စည်က တောင်ကြီးကို ခေါ်သွားမှာပေါ့နော် ဦးငွေငြိမ်း ... "

"ကျုပ်တို့ အဲဒီလိုပဲ ဆက်စပ်တွေးကြည့်တာပဲ ... ကံသေကံမတော့ မဟုတ်ဘူးပေါ့ မောင်နောင်သက်ဆွေ ... ဘာပဲဖြစ်ဖြစ် ... ကျုပ်တို့ကတော့ တောင်ကြီးမှာရှိတဲ့ ကျုပ်တို့အဖွဲ့ခွဲကို ခြေရာခံ ခြေရာကောက်တာဝန်ပေးလိုက်ပြီ ... အဲ ... နဂါးကို ခြေရာကောက်ရင် ယုဝါကိုလည်း တွေ့ချင်တွေ့နိုင်မှာပေါ့လေ ... "

"ဒါ ... ဒါဆို ... ကျွန်တော် တောင်ကြီးလိုက်သွားမယ်"

နောင်သက်ဆွေက အငန်းမရ ပြောလိုက်ပြန်သည်။

အငန်းမရဖြစ်နေသော နောင်သက်ဆွေကိုကြည့်ရင်း ဦးငွေငြိမ်းက ကိုညွန့်ဦးအား အဓိပ္ပာယ်တစ်ခုခုဆောင်အကြည့်နှင့် ကြည့်လိုက်သည်။ ပြီးမှ ရယ်သံပြုသည်။



"ဟဲ ... ဟဲ ... ကျုပ်နဲ့ ကိုညွန့်ဦးတောင် မနေ့က အဲဒီကိစ္စ ဆွေးနွေးကြသေးတယ် ... တကယ်လို့သာ မောင်နောင်သက်ဆွေ တောင်ကြီးကိုလိုက်သွားရင် ... နဂါးကို ခြေရာခံရတာ ပိုပြီး ခရီးရောက်နိုင်တယ်ဆိုတဲ့အကြောင်းပါ ... ဘာလို့လဲဆိုတော့ ယုဝါက မောင်နောင်သက်ဆွေကို ပြန်ချစ်တဲ့ချစ်သူမဟုတ်လား ... သူတို့က ဒီလိုလူငယ်နှစ်ယောက် ချစ်နေကြတာကိုလည်း သိထားကြမှာပဲလေ ... "

"သိတယ် ... သူတို့သိတယ် ... အဲဟို ညက ကိုအောင်စည်က ကျွန်တော့်ကို ယုဝါနဲ့ ဆက်မတွေ့ဖို့တောင် ပြောခဲ့တာပဲ ဦးငွေငြိမ်း ... "

"အဲဒါပဲပေါ့ ... မောင်နောင်လတ်ဆွေ တောင်ကြီးကို လိုက်လာတာဟာ ချစ်တဲ့ ယုဝါကို အစွဲအလမ်းကြီးပြီး ယုဝါကို ရှာဖို့လာတာလို့ပဲ သူတို့ယူဆကြမှာ ... "

"အဲဒီအတိုင်းလည်း မှန်နေတာပဲ ဦးငွေငြိမ်း ... "

"ဟုတ်ပြီလေ ... အဲဒီတော့ ကျုပ်တို့တွက်တာက ယုဝါနောက်ကိုလိုက်လာတဲ့ မောင်နောင်သက်ဆွေကို သူတို့က တစ်နည်းနည်းနဲ့တုံ့ပြန်လာမယ် ... တုံ့ပြန်တာဟာ မောင်နောင်သက်ဆွေကို ဆက်သွယ်မှုပြုတဲ့သဘောပဲ မဟုတ်လား ... သူတို့ဆက်သွယ်လာတဲ့ လမ်းကြောင်းကို ကျုပ်တို့က ရှာဖွေပြန်လိုက်ရင် သူတို့ကို ကျုပ်တို့ သွားခနဲတွေ့နိုင်မယ် ... အခုတော့ သူတို့လုပ်သွားတာတွေက ခြေရာလည်း ပျောက် ... ရေလည်းနောက်နဲ့ ... ကျုပ်တို့မှာ လမ်းစ

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ပျောက်သွားတယ် … အဲ … ဒါပေမဲ့ … ”

“ဒါပေမဲ့ … ဘာဖြစ်လဲ … ဆက်ပြောပါ ဦးငွေငြိမ်း …

“မောင်နောင်သက်ဆွေက အရပ်သားတစ်ဦးဖြစ်နေတာ မင်း … ယုဝါနဲ့ သူတို့နောက်ကို လိုက်သွားလို့ … ကျ အနေနဲ့ ပြောပိုင်ခွင့်မရှိဘူး … မောင်နောင်သက်ဆွေ သူတို့ရှိရာ တောင်ကြီးကိုသွားရင် အန္တရာယ်များနိုင်တယ် ဒါကြောင့် … သွားပါလို့ … ကျုပ်တို့ မတိုက်တွန်းသင့်ဘူ

“ဘာဟုတ်မလဲ … ကျွန်တော်က ယုဝါရှိတဲ့နေရာဆို ဦးငွေငြိမ်းတို့က မသွားပါနဲ့လို့ တားတောင် မရဘူးသွားမှာ ငရဲပြည်ပဲဖြစ်ဖြစ် ဆိုပါတော့ … အခု တောင်ကြီးကို ကျွ တော် လိုက်သွားမှာပါ … ”

“ကောင်းတယ် … ကိုနောင်သက်ဆွေ … ”

ဟု ကိုညွန့်ဦးက အားတက်သရော ပြောသည်။

“ဒါပေမဲ့ … ခင်ဗျားကို ကျုပ်တို့ ရဲထောက်လှမ်းရေးအဖွဲ့ က တာဝန်ပေးလွှတ်တာ မဟုတ်ဘူးနော် … တောင်ကြီ မှာလည်း ကျုပ်တို့အဖွဲ့ခွဲရှိနေတာပဲ … ဒါပေမဲ့ … ကျုပ်တို့ ရဲထောက်လှမ်းရေးသမားတွေအနေနဲ့ … နဂါးကို ခြေရာ ကောက်ရတာ ဆက်သွယ်ရတာ ခက်ခဲတယ်ပေါ့ … သူတို့ က ကျုပ်တို့ လိုက်မှန်းသိတာနဲ့ … ကိုယ်ရောင်ဖျောက် လစ်ပြေးသွားတာချည်းပဲကိုး … ”

“ကျွန်တော် သဘောပေါက်ပြီ … ကျွန်တော့်ကို ဦးငွေငြိမ်း တို့ … ကိုညွန့်ဦးတို့အဖွဲ့က ‘တည်ကြက်’ သဘောထားချင် တယ်ဆိုပါတော့ … တည်ကြက်ကိုမြင်တာနဲ့ တောထဲက တောကြက်တွေထွက်လာမဲ့ဘေးက ကိုယ်ပျောက်စောင့် ကြည့်နေတဲ့လူတွေက တောကြက်ကို အမိဖမ်းမယ် … အဲဒီ သဘောပဲ မဟုတ်လား … ”

“အဲဒါ သဘောပဲရှိတာ … အမှန်ပဲ ကိုနောင်သက်ဆွေ … ဒါပေမဲ့ … ခင်ဗျားရဲ့အန္တရာယ်လုံခြုံရေးကို ကျုပ်တို့လူတွေ က အထူးဂရုစိုက်ကြမှာပါ … ”

အားလုံး ခဏငြိမ်သက်သွားကြသည်။

ဦးငွေငြိမ်းက ဆေးတံမီးညှိခဲ့ထားသည်။

“ဒါဆို မောင်နောင်သက်ဆွေ တောင်ကြီးကိုလိုက်ဖို့ ဆုံးဖြတ် ပြီပေါ့နော် … ”

“ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီးပါပြီ … ”

“ရန်ကုန်မှာ လက်စမသတ်သေးတဲ့အလုပ်တွေ ရှိနေမှာ ပေါ့ … ”

“ဘာမှမရှိဘူး ဦးငွေငြိမ်း … ကျွန်တော် စာရေးနေတာ ဝါသနာကြောင့် ရေးနေတဲ့ ကိုယ်ပိုင်အလုပ်ပဲ … လက်စ သတ်စရာရယ်လို့မှ မရှိတာ … ”

“အဲ … ဖြန့်းခနဲ ခရီးထွက်မယ်ဆိုတော့ ငွေရေးကြေးရေး ကော … ”

“နက်ဖြန်ဘဏ်မှာ ငွေထုတ်ယူရုံပဲ … ”

ကိုညွန့်ဦးက ရယ်မောရင်း ဦးငွေငြိမ်းကို လှမ်းပြော လိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကလည်း ကိုနောင်သက်ဆွေကို ငွေရေးကြေးရေး သွားပြောနေသေးတယ် ... သူက မိုးကုတ်က သူဌေးသား ဘဏ်မှာ လိုသလောက်ထုတ်ယူဖို့ သူ့မိဘက သွင်းထားတာ ... "

"သိတယ် ကိုညွန့်ဦး ... ဘာပဲဖြစ်ဖြစ် ... မောင်နောင်သက်ဆွေက ကျုပ်တို့နဲ့ပူးပေါင်းသူ ဖြစ်လာတော့ ... မေးသင့်မေးထိုက်တာလေးတွေ ပြောသင့်ပြောထိုက်တာလေးတွေ မေးတဲ့ပြောတဲ့သဘောပါ ... တာဝန်အရဆိုပါတော့ ... "

"ဒါတော့ မှန်ပါတယ် ဆရာ ... "

"အခု ... မောင်နောင်သက်ဆွေ သွားမဲ့ တောင်ကြီးမှာ အန္တရာယ်ရှိနိုင်တယ် ... မိုးကုတ်က မောင်ရင့်မိဘတွေဆီ အကျိုးအကြောင်း ပြောဦးမလား ... ကျုပ် ဝါယာလက်နဲ့ မိုးကုတ်စခန်းကို ဆက်လို့ရတယ် ... "

"မလိုပါဘူး ... ဦးငွေငြိမ်း ... ကျွန်တော် ဆေးရုံတက်တာကိုတောင် မိဘတွေဆီအကြောင်းမကြားတာ ... မိဘတွေ စိတ်ပူမှာစိုးလို့ ... စိတ်ချ ဦးငွေငြိမ်း ... ကျွန်တော့်ကိုယ်ကို ကျွန်တော် ယုံတယ် ... ကျွန်တော့်အသက်အန္တရာယ်ပြုတဲ့ လူကို ကျွန်တော်နဲ့အတူ နတ်ပြည်ဖြစ်ဖြစ် ... ငရဲပြည်ဖြစ်ဖြစ် အပါခေါ်သွားမှာ ... နောက်ဆုံး ဆေးရုံတက်ရအောင် ခံလိုက်ရတာက ယုဝါကို ဆန္ဒစောလွန်းသွားပြီး မှွန်သွားလို့ ... အခု ယုဝါကို ဆန္ဒစောပေမဲ့ မမှွန်ဖို့ ကိုယ့်ဟာကို သတိထားမှာပါ ... ကဲ ... ကျွန်တော် ... တောင်ကြီးကို



ရောက်သွားပါပြီတဲ့ ... ကျွန်တော် ဘာတွေလုပ်ရမလဲ ... ဦးငွေငြိမ်း ... "

"ထွေထွေထူးထူး မရှိပါဘူး ... ကိုနောင်သက်ဆွေ တောင်ကြီးမှာ ယုဝါကို ရှာရင်း သတင်းစုံစမ်းရင်း လူစည်ကားတဲ့ နေရာတွေကို လျှောက်သွားဖို့ပဲ ... ဈေးတို့ ရုပ်ရှင်ရုံတို့ ဘုတာတို့ အိုဗျာ ... တစ်မြို့လုံး ဟိုစပ်စပ် ... ဒီစပ်စပ် လျှောက်သွား ... ဒါမှ သူတို့အဖွဲ့က တစ်ယောက်မမြင်... တစ်ယောက်မြင်ပြီး ကိုနောင်သက်ဆွေကို တစ်နည်းနည်း ဆက်သွယ်လာမယ်လို့ ကျုပ် ထင်တယ်လေ ... "

"အင်းပေါ့လေ ... ကျားနဲ့ဆင်ပဲ ... လယ်ပြင်မှာတွေ့ကြမှာပေါ့ ... "

"ကိုနောင်သက်ဆွေရဲ့ အန္တရာယ်လုံခြုံမှုအတွက် ကျုပ်တို့ လူတွေက အရပ်ဝတ်နဲ့ ကိုနောင်သက်ဆွေရဲ့ဝန်းကျင်မှာ ရှိနေမှာပါ ... ဒါပေမဲ့ ... မောင်ရင်ကိုယ်တိုင်ကလည်း လျင်ဖို့ သွက်ဖို့ ပါးနပ်ဖို့တော့ အမြဲသတိရှိနေရမယ် ... "

"ဖြစ်ပါတယ် ... ကျွန်တော် ဟိုက်စကူးကျောင်းသားဘဝတည်းက အားကစားမှာရော ကိုယ်ခံပညာမှာရော တော်တော်လေး ကစားခဲ့တာပါ ... သူတို့နဲ့ယှဉ်တဲ့အခါ ကျားမဟုတ်တောင် ကြောင်လောက်တော့ ဖြစ်မှာပါ ... ကြောင်ဆိုတာက အကောင်သေးပေမဲ့ ကျားရဲ့အရည်အချင်းတွေ ရှိတယ်လေ ... "

"ကိုနောင်သက်ဆွေရဲ့အရည်အသွေးကို ကျွန်တော်တို့ ယုံ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီးသားပါ ... ကိုနောင်သက်ဆွေရဲ့ နောက်ကြောင်းရာဇဝင် ကျွန်တော်တို့ စုံစမ်းထားပြီးသားပါ ... ခင်ဗျားလူညံ့တစ်ယောက်မဟုတ်ကြောင်း သိထားပြီးသားပါ ... နောက်ပြီး ... ကိုနောင်သက်ဆွေနဲ့အတူ ကျွန်တော် တောင်ကြီးမှာ ရှိနေမှာပါ ... "

"ဩ ... ဒါဆို ... ကိုညွှန့်ဦးလည်း တောင်ကြီးသွားမယ်ပေါ့ ပိုကောင်းတာပေါ့ဗျာ ... "

ဦးငွေငြိမ်းက နောက်ဆုံးအကြိမ်ထပ်ပြောပြန်သည်။

"ကိုနောင်သက်ဆွေ စိတ်နိုင်မှလုပ်နော် ... ကျုပ်တို့အဖွဲ့က မောင်ရင့်ကို တောင်ကြီးကို သွားပါလို့ ဇွတ်မတိုက်တွန်းဘူး ... အခုဟာက မောင်နောင်သက်ဆွေကိုယ်တိုင်က တောင်ကြီးကို သွားမှာဆိုလို့ 'တည်ကြက်'နည်းကို ဦးစားပေးလိုက်တဲ့သဘောပဲ ရှိတယ် ... မောင်ရင့်ကို'တည်ကြက်' သဘော ကျုပ်တို့က ဇွတ်ဖန်တီးနေတာ မဟုတ်ဘူး ... ဒီနည်းမဟုတ်လည်း ကျုပ်တို့အဖွဲ့က တခြားနည်းတစ်ခုခုနဲ့ နဂါးတို့ အောင်စည်တို့ကို အမိဖမ်းမှာပဲ ... "

"ကျွန်တော် ယုဝါကို တွေ့ဖို့အဓိကပဲ ... အခု ယုဝါ တောင်ကြီးမှာ ရှိတယ်ဆိုလို့ တောင်ကြီးကိုလိုက်တာ ... တောင်ကြီးရောက်ပြီးမှ ယုဝါက မြစ်ကြီးနားမှာဆို မြစ်ကြီးနားကို ကျွန်တော် ဆက်လိုက်မှာပဲ ... ဒါမှမဟုတ် ... တနင်္သာရီဘက် ... ရေး-မြိတ်-ထားဝယ်ကို ယုဝါသွားပြီဆိုလည်း ... ရေး-မြိတ်-ထားဝယ်ကို ကျွန်တော်လိုက်မှာ ... တကယ်



လို့ အခု ဦးငွေငြိမ်းတို့က ကျွန်တော့်ကို သေနတ်နဲ့ တွေ့ပြီး တောင်ကြီးကိုမသွားနဲ့လို့ ဆိုလာရင်တော့ ကျွန်တော်က ပစ်ချင်ပစ် ... ဇွတ်သွားမှာမျိုးပါ ... "

ဦးငွေငြိမ်းနှင့် ကိုညွှန့်ဦးတို့ ပြုံးကြပြန်လေသည်။

သူတို့နှင့် ပူးပေါင်းခြင်းကို ကျေနပ်သောကြောင့် ပြုံးခြင်းပေလား။

ဒါမှမဟုတ် ...

ဒီငနဲ ... ယုဝါနှင့် ပတ်သက်ပြီး တော်တော်ကဲပါလားဟု ယူဆပြီး ပြုံးကြခြင်းလားတော့ မသိပါလေ။

နောင်သက်ဆွေကတော့ ယုဝါရှိရာသို့ တုံးတိုက်တိုက် ကျားကိုက်ကိုက် ဇွတ်သွားမည်သာ။

တောင်ကြီးသို့သွားရောက်ရေးနှင့် လုပ်ဆောင်ရေး အစီအစဉ်တွေကို ညှိနှိုင်းကြပြီးနောက် နောင်သက်ဆွေ၏မော်တော်ဆိုင်ကယ်ကို ပြန်ပေးသည်။ နောင်သက်ဆွေ ထွက်လာခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## (၉)

တံခါးဖွင့်ပေးစဉ်က သူမကိုယ်ကို နန်းမူဟု ပြော သဖြင့် သူမ၏အမည်မှာ နန်းမူဟု နောင်သက်ဆွေ မှတ်သားလိုက်၏။

အပေါ်အိပ်စင်နှစ်ခုသို့လည်း နောင်သက်ဆွေ ကြည့်လိုက်သည်။ မိမိအပေါ်ထပ် အိပ်စင်တွင် မုတ်ဆိတ်ဖားဖားနှင့် ဘာဘူကြီးတစ်ယောက် အိပ်နေသည်ကိုတွေ့ရသည်။

မနန်းမူ၏ အပေါ်ထပ်အိပ်စင်ကို ကြည့်ပြန်ရာ နောင်သက်ဆွေ ထိတ်ခနဲဖြစ်သွားပါ။ ထိုအပေါ်ထပ်အိပ်စင်ထက်တွင် ဝိန်လိုသော အမျိုးသမီးကြီးတစ်ဦးဖြစ်နေပြီး အိပ်စင်တွင် လဲလျောင်းရင်း မျက်လုံးနှစ်လုံးပြူးကာ နောင်သက်ဆွေကို စိုက်ကြည့်နေသောကြောင့် ဖြစ်ပါ၏။ လူကသာ ဝိန်လိုသော်လည်း မျက်လုံးက တော်တော်ပြူးပေသည်။



မိမိကို ထိုဝိန်လိုသောအမျိုးသမီးကြီးက ဘာကြောင့် ကြည့်စိုက်ကြည့်သည်ကို ပဲခူးဘူတာရထားခဏဆိုက်မှ သိရသည်။

ပဲခူးဘူတာအဆိုက်တွင် ဝိန်လိုမျက်ပြူးအဒေါ်ကြီး ခင်မှ ဆင်းကာ မနန်းမူနှင့်အတူ ငါးသလောက်ကင်၊ ကြက်သား ကြော် စသည်တို့ ဝယ်စားကြသည်။

လက်စသတ်တော့ ဒေါ်ဝိန်လိုမျက်ပြူးသည် မနန်း အဒေါ်ပေကိုး။ နောင်သက်ဆွေနှင့် သူမ၏တူမ အောက်အိပ် တစ်ဘက်စီတွင် နေရာယူထားသည်ကို စိတ်မချသော အကြည့် ပြူးကြည့်နေခြင်း ဖြစ်ပေတော့သည်။

တစ်ဝတစ်ပြဲစားပြီး ဒေါ်ဝိန်လိုမျက်ပြူး သူမ၏ အိပ် သို့ ပြန်တက်သွားသည်။ ရထားလည်း ဆက်၍ခုတ်မောင်းထွက်သည်။

မနန်းမူက သူမ၏အိပ်ရာတွင် တုံးလုံးလှဲချသည်မျိုး တ်မှုဘဲ ထောင်တစ်ဝက် လှဲကာစ်ဝက်ဖြင့် တွဲနံရံကို ကျောမှီသည်။

မနန်းမူအား လုံးကြီးပေါက်လှဟု ခေါ်ရပေမည်။ သည် ဖိုင့်ဟန်ရှိသော်လည်း သူမ၏ ရင်၊ တင်၊ ခါးတို့နှင့် အရပ် ခောင်းမှာလိုက်ဖက်ပြီး ကြည့်ကောင်းသည်။ အချိုးအဆက် ပြေသည်ဟု ဆိုနိုင်သည်။

ပြည့်ပြည့်ဖြိုးဖြိုးနှင့် တင်းတင်းမို့မို့ ဆိုပါက မနန်းမူ မြင်ရုံနှင့် နှစ်သက်ကြမည်သာ။

www.burmeseclassic.com

www.burmeseclassic.com



ယုဝါနှင့်တော့ မယှဉ်သာ။

ယုဝါ၏ခန္ဓာကိုယ်လေးက အများတင်စားခေါ်သည့် အခေါ်နှင့်ဆိုလျှင် ငါးရံ့ကိုယ်လေးဟု ခေါ်ဆိုကြသည်။ ရမက်ကို မြူဆွယ်သော ကိုယ်လုံးကိုယ်ထည်မျိုးမဟုတ်၊ သူ့နေရာနှင့်သူ အားလုံးကြည့်ကောင်းသော အစိုအပို့နှင့် ကောက်ကြောင်းလေး တွေရှိနေသည်။

နောင်သက်ဆွေက အိတ်ထဲမှ ယုဝါ၏ပို့စကတ်ဆိုဒ် ဓာတ်ပုံကိုထုတ်ယူလိုက်သည်။ ပြီး တွဲနံရံကို မနန်းမူကဲ့သို့ပင် ကျော တစ်ဝက်မှီကာ ယုဝါ၏ဓာတ်ပုံကို ကြည့်နေသည်။

"ဒါထက်ဗျာ ... မနန်းမူက တောင်ကြီးကိုသွားမှာလား ဟင် ... "

"အဲဒီကိုပဲပေါ့ ... နန်းမူက တောင်ကြီးသူပဲ ... ရန်ကုန်ကို စာအလည်သွားတာ ... "

"ဒါဆို ... ဒီဟာဒီဓာတ်ပုံကို စာလောက် ကြည့်ပေးပါ လားဟင် ... "

နောင်သက်ဆွေ လှမ်းပေးသော ယုဝါ၏ဓာတ်ပုံကို မနန်းမူက လှမ်းယူပြီးကြည့်သည်။ ကြည့်တာမှ အကြာကြီးကိုစိုက် ကြည့်သည်။ ပြီး မနန်းမူ၏နှုတ်မှ မှတ်ချက်ပြုပါ၏။

"သိပ်ချောသိပ်လှတဲ့ မိန်းကလေးပဲ ... "

"ဟုတ်ပါတယ် မနန်းမူ ... အပြင်မှာဆိုရင် ဓာတ်ပုံထဲက ထက်တောင် ပိုပြီးကြည့်ကောင်းပါသေးတယ် ... အဲဒီ ဓာတ်ပုံထဲက မိန်းကလေးကို တောင်ကြီးမှာ မနန်းမူ တွေ့



ဘူးများ တွေ့ဘူးသလားလို့ ... "

"ဟင့်အင်း ... မတွေ့ဘူးဘူး ... "

မနန်းမူ ဖြေပုံက စဉ်းစားပင် မစဉ်းစားဘဲ ချက်ချင်း ဖြေဆိုလိုက်ပုံမျိုး ဖြစ်မှန်း နောင်သက်ဆွေ သတိထားလိုက်သည်။ ပြီး ဓာတ်ပုံကို နောင်သက်ဆွေအား ပြန်ပေးသည်။

နောင်သက်ဆွေ ယင်းသို့ တမင်တကာ ပြုမူလိုက် ခြင်းဖြစ်သည်။ ဓာတ်ပုံကိုပြန်ယူကာ အိတ်ထဲပြန်ထည့်သည်။ ယုဝါ ၏ ဓာတ်ပုံကို ယခုမှတွေ့ဘူးသော မနန်းမူအား ပေးကြည့်စေသည် မှာ ပေါကြောင်ကြောင်ဟု ထင်စရာရှိပါ၏။

သို့သော် နောင်သက်ဆွေ မပေါပါ ... မကြောင်ပါ။

ဦးဌေးငြိမ်းက မှာလိုက်သည်။ မိမိသည် တောင်ကြီး တွင် ယုဝါကိုလိုက်ရှာနေကြောင်း ပေါ်လွင်စေရမည်။ ယခု မနန်း မူက တောင်ကြီးသူဆိုသဖြင့် ယုဝါ ဓာတ်ပုံကို တမင်ပြခြင်းဖြစ် သည်။

တစ်ချက်ခုတ် နှစ်ချက်ပြတ်သဘော။

အကယ်၍ မနန်းမူက ယုဝါကို သိရှိထားသူဖြစ်ပါက တောင်ကြီးတွင် ယုဝါ ဘယ်နေရာတွင် ဘယ်လိပ်စာတွင် ရှိနေ ကြောင်း မေးမြန်းနိုင်သည်။

သို့မဟုတ် မနန်းမူသည် ကိုနဂါး၊ ကိုအောင်စည်တို့ ၏ အဖွဲ့ဝင်တစ်ဦး ဖြစ်နေလျှင်လည်း၊ သူတို့က မနန်းမူထံမှ သတင်း အရ မိမိကို တစ်နည်းနည်းဖြင့် ဆက်သွယ်လာစေနိုင်သည်။

ထို့ကြောင့် ယုဝါ၏ဓာတ်ပုံကို မနန်းမူအား တမင်

www.burmeseclassic.com

www.burmeseclassic.com



ပင် ထုတ်ပြခြင်းပါပေ။

ဒီနောက်မှာတော့ ပင်ပန်းလွန်းလှပြီဖြစ်သော နောင်သက်ဆွေသည် မှေးခနဲ အိပ်ပျော်သွားသည်။

သိပ်အကြာကြီးမဟုတ်ဘဲ တစ်ပတ်ကျော့ပြန်နိုး လာသည်နှင့် မျက်နှာချင်းဆိုင်မှ မနန်းမူကို ကြည့်မိလျှက်သားဖြစ် သွားသည်။

နောင်သက်ဆွေ ထရပ်ပြီး ရေအိမ်သို့သွား၊ ကိုယ် လက်သန့်စင်ကာ ပြန်လာခဲ့သည်။

"ဪ ... ကိုနောင်သက်ဆွေ ... "

မနန်းမူက မိမိအမည်ကို ခေါ်လိုက်သဖြင့် အံ့ဩ သွားသည်။ မိမိက မနန်းမူအား မိမိနာမည်ကို ပြောမထားသော ကြောင့်ပင်။

"အံ့ဩသွားသလား ... ကိုနောင်သက်ဆွေရဲ့နာမည်ကို ခေါ် လိုက်လို့ ... မအံ့ဩနဲ့ ဒီမှာ ... ရော့ ... "

မနန်းမူက သူမခေါင်းအုံးအောက်မှ စာအိတ်တစ် အိတ်ကို ထုတ်ယူပြီး နောင်သက်ဆွေကို လှမ်းပေးသည်။

စာအိတ်မှာ သာမန်လမ်းဘေးကွမ်းယာဆိုင်များ တွင် အလွယ်တကူ ဝယ်ယူနိုင်သောစာအိတ်မျိုးဖြစ်ပါ၏။ စာအိတ် ၏ မျက်နှာပြင်တွင် ရေးထားသည်ကို ဖတ်လိုက်ရာ ... 'နောင် သက်ဆွေသို့' ဟု အမည်တစ်ခုတည်းရေးထားသည်ကို တွေ့ရသည်။

"တောင်ငူဘူတာဆိုက်တော့ ကြက်ဥပြုတ်၊ ဘဲဥပြုတ်ရောင်း တဲ့ ချာတိတ်တစ်ယောက်က ကိုနောင်သက်ဆွေကို ဒီစာ



အိတ်လာပေးတယ် ... ကိုနောင်သက်ဆွေ အိပ်နေတော့ ဒီစာအိတ်ကို ကိုနောင်သက်ဆွေဆိုတဲ့လူကို ပေးပေးပါလို့ ပြောပြီး ... နန်းမူကို ပေးသွားဟယ် ... "

မနန်းမူက ပြောရင်း အပေါ်အိပ်စင်မှ မုတ်ဆိတ်ဖွား ဘာဘူကြီး အိပ်နေသည်ကို လှမ်းကြည့်ရင်း ဆက်ပြောသည်။

"ဟိုအပေါ်က မုတ်ဆိတ်ဖွားဖွား ဘာဘူကြီးကတော့ ... ကိုနောင်သက်ဆွေဆိုတာ မဖြစ်နိုင်ဘူးပေါ့နော် ... "

နောင်သက်ဆွေက ပြုံးလိုက်ပါ၏။

"ဟုတ်ကဲ့ ... ကျွန်တော့်နာမည်- နောင်သက်ဆွေပါ ... မနန်းမူ ... "

စာအိတ်ကိုယူပြီး နောင်သက်ဆွေက ပြောလိုက် သည်။

မနန်းမူ အညာစောင်ပါးလေး သူမကိုယ်ပေါ်ပြန် လှမ်းခြုံပြီး ကျောမှီကာ ဖတ်လက်စစာအုပ်ကို ဆက်ဖတ်ပါ၏။

နောင်သက်ဆွေ စာအိတ်ကိုသေချာကြည့်ပြီးမှ ထိပ် ညီညီညာညာဆုတ်ပြီး အတွင်းမှစာရွက်ကို ထုတ်ယူပြီးဖတ်လိုက် သည်။

စာမှာ အင်္ဂလိပ်လိုရေးထားသည်။ လိုရင်းကို တိုတို တုတ်တုတ်ရေးထားပါ၏။

- ကိုနောင်သက်ဆွေ
- သာစည်မှာဆင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



* သာကြိုပါမည်။
* တောင်ကြီးတွင် ကိုနောင်သက်ဆွေ တည်းခိုရန် ဟိုတယ်စီစဉ်ထားပြီးပြီ။

အန်-ယူ၊

စာ၏အောက် လက်မှတ်ထိုးနေရာတွင် အင်္ဂလိပ်လို ဟု အင်္ဂလိပ်လို N.U ဟု အင်္ဂလိပ်စာလုံးကြီးဖြင့် ရေးထားသည်။ N နှင့် U ကြားတွင် ဖူးလ်စတော့အစက် ကြားခံထားသဖြင့် မြန်မာလို 'နု' ဟူ၍တော့ မဖြစ်နိုင်။

ဒါဆို ညွန့်ဦး ဆိုသည့်အမည်၏အတိုကောက်မှန်း နောင်သက်ဆွေ ချက်ချင်းသဘောပေါက်သည်။

ကိုညွန့်ဦးက မိမိကို သာစည်တွင် ဆင်းပါဟုဆိုထားသည်။

အဘယ်ကြောင့်နည်း။

အစီအစဉ်ပြောင်းခြင်းဖြစ်နိုင်သည်။

ပထမအစီအစဉ်က နောင်သက်ဆွေသည် ရွှေညောင်အထိလိုက်ပါပြီ။ ရွှေညောင်ရောက်မှ သူတို့လူတစ်ယောက် လာကြိုပြီး တောင်ကြီးဆက်သွားရန်ဖြစ်သည်။

ဤစာသည် ရန်သူ၏ ထောင်ချောက်ဖြစ်နေလေမလား။ ဤစာသည် ကိုညွန့်ဦးကိုယ်တိုင် ရေးသောစာမှ ဟုတ်ပါလေလား။ စာရွက်ထဲမှ လက်ရေးနှင့် စာအိတ်ပေါ်တွင် ရေးထားသော နောင်သက်ဆွေဟု ရေးထားသည့် လက်ရေးရော၊ မှင်ရောင်



ကတော့ တူနေသည်။

စာအိတ်၏ ကော်ကပ်အဖုံးကို နောင်သက်ဆွေ ကြည့်ပြန်သည်။ အဖုံးမှာ ကော်ကပ်ထားသောကြောင့် အဟတော့ [illegible]

သို့သော် အဖုံးကော်ကပ်သည် တွန့်သည့်နေရာတွေ ရှိနေသည်။ ပြီး ... ဤကဲ့သို့ ကွမ်းယာဆိုင်ရောင်းစာအိတ်မျိုးတို့သည် အဖုံးကော် သိပ်မကပ်တတ်။

နောင်သက်ဆွေ မနန်းမူကို လှမ်းကြည့်မိသည်။

စာအိတ်အဖုံးမှာ လက်ရာပျက်နေသည်ဟု နောင်သက်ဆွေ ထင်မိသည်။

မနန်းမူသည် စာအိတ်ဖုံးကို အလွယ်ဖွင့်ပြီး အထဲမှာ စာကိုယူ၍ဖတ်မည်၊ ပြီး ပြန်ပြီး ထမင်းလုံးဖြင့် ဖိ၍ကပ်သည်မျိုး ဖြစ်နိုင်သည်။ ပဲခူးတွင် ငါးသလောက်ကင်၊ ကြက်သားကြော် ဝယ်ခဲ့က သူတို့တွင်ပါရှိသော ထမင်းချိုင့်မှ ထမင်းဖြင့်စားသည်ကို နောင်သက်ဆွေ တွေ့မိသည်။ စာအိတ်ကို ပြန်ကပ်ရာတွင် ကော်ခွဲတော့သဖြင့် ထမင်းစေ့ဖြင့် ကပ်ခြင်းဖြစ်နိုင်သည်။ ထို့ကြောင့် မသေမသပ်တွန့်နေခြင်း ဖြစ်ပေမည်။

ကိစ္စမရှိ။

မိမိကိုယ်တိုင်က ယုဝါကိုရှာရန် အဓိကမို့ သူတို့သိသွားလေ ပိုကောင်းလေဟုပင် ယူဆလိုက်သည်။

မနန်းမူကလည်း စာအုပ်ကိုမှောက်လျက်သား ရင်ဘတ်ပေါ်တင်ပြီး အိပ်ပျော်နေပေပြီ။ အိပ်ချင်ဟန်ဆောင်နေခြင်း

www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်နိုင်ပါ၏။

နောင်သက်ဆွေ ဆုံးဖြတ်လိုက်သည်။

သာစည်ရောက်လျှင် ဤရထားဘသည် ရွှေညော ရထားဖြင့် တွဲဖြုတ်တွဲချိတ်တွေ လုပ်မည်မို့ အချိန်ကြာမည်။

မိမိကဆင်းပြီး ကိုညွန့်ဦးကို ရှာမည်။ ကိုညွန့်ဦးနှ တွေ့လျှင် ကိုညွန့်ဦး အစီအစဉ်အတိုင်း မိမိဆက်လုပ်မည်။

အကယ်၍ ကိုညွန့်ဦးကိုယ်တိုင် မတွေ့ရဘဲ အခြ လူ ကိုညွန့်ဦးက လွှတ်လိုက်ပါသည်ဆိုသည့်လူ ဖြစ်နေလျှင် နော သက်ဆွေ ထိုလူနှင့်မလိုက်သွားဘဲ ဤရထားဖြင့်ပင် ရွှေညော အထိ လိုက်သွားမည်။

စာအိတ်ကို မိမိလက်ဆွဲအိတ်၏ ဘေးက ဇစ်ဓ အိတ်ထဲသို့ ထည့်ထားလိုက်သည်။

ထိုအခါကျမှ မိမိဆွဲအိတ်၏ဘေးကပ် အိတ်ထဲတွ အပြာရောင်သမ်းနေသော ဒဿမသုံးနှစ် ပစ္စတိုသေနတ်လေးကိ ပြန်စမ်းမိသည်။

မိမိတောင်ကြီးသို့သွားရာတွင် အန္တရာယ်ရှိနိုင်သည် မို့ ဦးငွေငြိမ်းက ယာယီပါမစ်နှင့်တကွ ဤပစ္စတိုသေနတ်လေးကိ မိမိဆောင်ထားရန် ပေးလိုက်ခြင်းဖြစ်သည်။

မိမိသည် တက္ကသိုလ်ကျောင်းသားဘဝက ဟိုစပ်စပ် ဒီစပ်စပ်ဖြင့် သေနတ်ပစ်သင်ဝင်ကာ သေနတ်မျိုးစုံ သေနတ်ပစ် လေ့ကျင့်ခဲ့ဘူးသည်။ ပစ္စတို ခြောက်လုံးပြူးကာဘိုင်၊ သေနတ် စသည်တို့ကို တစ်စစီဖြုတ်ပြီး ပြန်တပ်ဆင်နိုင်သည်။ အလေ့အကျင့်



ကြောင့်လည်း အတိုက်အလျောက် သေနတ်ပစ်လက်ဖြောင့်ပါ၏။

တက္ကသိုလ်က ဘွဲ့ရထွက်လာပြီး စာပေနယ်ထဲဝင် သေနတ်အလေ့အကျင့် ပြတ်သွားခြင်းဖြစ်သည်။

နောင်သက်ဆွေက ဘေးကပ်အိတ်ထဲမှ ပစ္စတိုလေး ဆွဲထုတ်ယူပြီး သူဝတ်ထားသော ဂျာကင်အင်္ကျီအိတ်ထဲသို့ ထည့် ထားလိုက်သည်။

ယခုပင် ရန်သူက ထောင်ချောက်ဆင်ပြီဟု သံသယ ဖြစ်လာပြီမို့ အရေးရှိလျှင် ကာကွယ်ရန် ပစ္စတိုလေး ထုတ်ယူထားလိုက်ခြင်းဖြစ်ပါ၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## (၁၉)

BURMESE CLASSIC .com

နံနက်အရုဏ်ဦးဝေလီဝေလင်းမှာပင် မီးရထားသည်
သာစည်ဘူတာသို့ ဆိုက်ရောက်ပေသည်။

နောင်သက်ဆွေက ကိုညွန့်ဦးပေးပါသည်ဆိုသည့်
စာရပြီးကတည်းက ပြန်အိပ်မပျော်ပါလေတော့။

သာစည်ဘူတာသို့ ရထားဆိုက်သည်နှင့် သူ၏
အိတ်ကြီးကို စလွယ်သိုင်းလွယ်လိုက်သည်။

မဆင်းသက်မီ မနန်းမူကိုကြည့်ပါ၏။

လုံးကြီးပေါက်လှ မနန်းမူသည် ယခုတော့ တက
အိပ်ပျော်သွားပုံရသည်။

သူမ၏ဖတ်လက်စ စာအုပ်သည် ဘေးသို့ကျ
သည်။ သူမ၏ခါးအောက်ပိုင်းနှင့် ရင်ညွန့်ကို ဖုံးလွှမ်းထားသော
စောင်ပါးသည်လည်း ဘေးသို့ပုံကျနေသည်။



အပေါ်ထပ်အိပ်စင်ရှိ ဒေါ်ပိန်လှိုမျက်ပြူးကို နောင်သက်ဆွေ လှမ်းကြည့်ပြန်သည်။ ဒေါ်ပိန်လှိုမျက်ပြူးသည်လည်း အိပ်မောကျနေပြီ၊ ခွီး ခွီး ခွား ခွားနှင့် ဟောက်သံပင် ထွက်နေပါ၏။

သူမ၏တူမချော မနန်းမူ မိမိနှင့် အောက်အိပ်စင်တွင် ယှဉ်တွဲလျက်ရှိသည်ကို မျက်လုံးပြူးကြီးနှင့် စောင့်ကြည့်နေသော ဒေါ်ပိန်လှိုမျက်ပြူးခမျာ ယခုနေ မိမိက မနန်းမူကို ခိုးယူသွားလျှင်ပင် ဒေါ်မျက်ပြူး ရွှေညောင်ရောက်မှ သိလေမလား မပြောတတ်။

တစ်ဘက်အပေါ်အိပ်စင်မှ မုတ်ဆိတ်ဖားဘာဘူကြီးကတော့ မပြောပါနှင့်တော့။ ရန်ကုန်မှ ရထားစထွက်ကတည်းက အိပ်လိုက်လာသည်မှာ တစ်လမ်းလုံး ဟာမှမစားမသောက်၊ ရှူးရှူးမပေါက်၊ အီးအီးမပါ အိပ်လျက်သာရှိနေတော့သည်။ ဒေါ်ပိန်လှိုမျက်ပြူးနှင့်အပြိုင် ဟောက်နေပါသေး၏။

ထိုသုံးယောက်ကို ကြည့်ပြီးမှ နောင်သက်ဆွေ တွဲပေါ်မှ ဆင်းသက်ခဲ့သည်။ ဘူတာအပြင်မထွက်မီ လှမ်းမျှော်ကြည့်လိုက်သည်။

ကိုညွန့်ဦးကို နောင်သက်ဆွေ ဘူတာအပြင်ဘက် ကားများရပ်ရာနေရာတွင် လှမ်းမြင်တွေ့ရပါ၏။

အပြင်ဘက် တမာပင်ကြီးအောက်တွင် ကားနှစ်စီး ယှဉ်ရပ်ထားသည်။

တစ်စီးက လင်းရိုဗာ၊

နောက်တစ်စီးက ဖင်မလီယာ၊

www.burmeseclassic.com

www.burmeseclassic.com



ဖင်မလီယာကား၏ ဘောနက်ကို ကိုညွန့်ဦး
ဖွင့်တာ ကားအင်ဂျင်ကို ငုံ့ကြည့်နေသည်။ လက်နှိုက်ပြင်ဆင်နေ
သည်။

နောင်သက်ဆွေအနီးသို့ လျှောက်သွားသည်။

"ကျွန်တော့်ကို ဘာစကားမှ လာမပြောနဲ့ ... လင်းရိုဗာ
ကားပေါ်သာ တက်ထိုင်ပါ ကိုနောင်သက်ဆွေ ... ခင်ဗျား
တည်းခိုရမဲ့ တောင်ကြီးကဟိုတယ်အထိ လိုက်ပို့ပေးလိ
မယ် ... ကဲ ... သွားပေတော့ ... တောင်ကြီးကျမှ ခင်ဗျား
တည်းခိုခန်းမှာ ကျွန်တော် လာတွေ့မယ် ..."

ကိုညွန့်ဦးက ခေါင်းငုံ့စက်ပြင်နေရာမှ တစ်ချက်မျှ
မကြည့်ဘဲ တောက်လျှောက် ပြောသံကို နောင်သက်ဆွေ ကြား
သည်။

BURMESE CLASSIC .com

နောင်သက်ဆွေ လင်းရိုဗာကားရှေ့ တံခါးဖွင့်ပြီး
ဝင်ထိုင်လိုက်သည်နှင့် လင်းရိုဗာကားမောင်းသူက စကားတစ်ခွန်း
မပြော မောင်းထွက်လာခဲ့သည်။

နောင်သက်ဆွေကလည်း စကားတစ်ခွန်းမျှမပြော
ဘဲ လိုက်သွားသည်။

နံနက်(၉)နာရီတွင်တောင်ကြီးသို့ရောက်လာသည်။

တက္ကသိုလ်ကျောင်းသားဘဝက နောင်သက်ဆွေ
သည် တောင်ကြီးသို့ တစ်ခေါက်ရောက်ဘူးခဲ့သည်။

ဒီဇင်ဘာကျောင်းပိတ်ရက်တွင် အဆောင်အတူနေ
သူငယ်ချင်း တောင်ကြီးသား အောင်မြင့်ထူးက အလည်လိုက်ရန်



ခေါ်သဖြင့် လိုက်လာခဲ့ဘူးခြင်းဖြစ်ပါ၏။

အောင်မြင့်ထူး၏ မိဘများက တောင်ကြီးတွင်
နာမည်ကြီးသော ပွဲစားတွင် ... အောင်မြင့်ထူးကလည်း တောင်
ကြီးတွင် ဟိုနေရာစပ်စပ်၊ ဒီနေရာစပ်စပ် ပေါက်ရောက်သူတစ်ဦး
ဖြစ်သည်။

ယခုအခေါက်တွင် နောင်သက်ဆွေ၏ဆန္ဒအရဆိုပါ
က သူငယ်ချင်းအောင်မြင့်ထူးအိမ်တွင် တည်းခိုလိုသည်။

ဦးဌေးငြိမ်းက အောင်မြင့်ထူး၏မိဘအိမ်တွင်တည်းခို
လျှင် နဂါးနှင့် အောင်စည်အဖွဲ့တွေက နောင်သက်ဆွေအား လာ
ရောက်ဆက်သွယ်ရာတွင် နောက်တွန့်မည်စိုးသောကြောင့် အပြင်
ဟိုတယ်တည်းခိုခန်းတွင်သာ တည်းခိုစေခြင်းဖြစ်သည်။

လင်းရိုဗာကားသည် 'တိမ်လွှာ'ဟိုတယ်၏ ခြံထဲသို့
မောင်းဝင်ခဲ့သည်။ ခြံဝင်းကျယ်သည်။ နှစ်ထပ်တိုက်အဆောက်အဦ
ကြီးဖြစ်သည်။ အလှအပ ပဿာဒအတွက် စိုက်ထားသောထင်းရှူး
ပင်လေးတွေ တန်းစီနေသည်မှာ ကြည့်နူးဖွယ်ရှိပါ၏။ ချယ်ရီပင်
တွေလည်း ရှိသည်။ ပန်းအိုးများဖြင့် နှင်းဆီပန်း စသည်တို့လည်း
စီစီရီရီထားရှိသည်။

နောင်သက်ဆွေအတွက် တည်းခိုခန်းကင်ကြိုယူ
ထားပြီးသားဖြစ်ပါ၏။ နံပါတ်(၈)ဖြစ်ပြီး အပေါ်ထပ်တွင် ရှိနေသည်၊
တစ်ယောက်အိပ်ခုတင်၊ စာကြည့်စားပွဲ။ ဗီရိုငယ်တစ်ခု စသည့်
အသုံးအဆောင် အကောင်းစား အပျံစားတွေဖြစ်ပါ၏။ ရေပူ ရေအေး
ချိုးနိုင်သော ရေချိုးခန်းနှင့် ရေအိမ်လည်း တွဲထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလိုသေးလဲ ..."

လင်းရိဗာမောင်းသူက အခန်းအထိလိုက်ပို့ပြီး တ
ခွန်းသာမေးသည်။

"မလိုဘူး ..."

လင်းရိဗာမောင်းသူ ပြန်သွားသည်။

နောင်သက်ဆွေ ရောက်သည်နှင့် ရေချိုးခန်းထ
ရေပူရေအေးစပ်ပြီး ရေချိုးသန့်စင်သည်။

လန်းဆန်းသွားပါ၏။

နံနက်(၁၀)နာရီတွင် ကိုညွန့်ဦးနှင့် အဖော် တ
ယောက် နောင်သက်ဆွေထံသို့ ရောက်လာကြသည်။

ကိုညွန့်ဦးက သူနှင့်ပါလာသော အဖော်အား နော
သက်ဆွေနှင့် မိတ်ဖွဲ့ပေးသည်။

"အဲဒါ ... ကိုဒေဝါတဲ့ ... ကိုနောင်သက်ဆွေကို ကိုဒေဝါ
အခုမှ မြင်ဖူးပေမဲ့ ကိုနောင်သက်ဆွေရဲ့အကြောင်း ... ကျ
တို့ အားလုံး ကိုဒေဝါကို ပြောပြထားပြီးပြီ ..."

"တွေ့ရတာ ဝမ်းသာပါတယ် ..."

နှစ်ဦးသား လက်ဆွဲနှုတ်ဆက်ကြသည်။

ကိုဒေဝါ၏ ပုံစံမှာ တကယ့်လူကြမ်းကြီးဖြစ်ပါ၏
လက်ဆွဲနှုတ်ဆက်ရာ၌ ကိုဒေဝါ၏ လက်ဝါးတွေသည် ကြမ်းထော
လှသည်။

ဘေးလူအမြင်နှင့်ဆိုလျှင် ကိုဒေဝါအား ရဲထော
လှမ်းရေးသမားတစ်ဦးဟု ဘယ်လိုမှ မြင်ကြမည် မဟုတ်ပါလေ။



ကျေးလက်က လယ်သမားကြီးတစ်ဦးဟု လည်း
ကောင်း၊ အလုပ်ကြမ်းသမားတစ်ဦးဟုလည်းကောင်း မြင်ကြမည်
သာဖြစ်သည်။

ကိုဒေဝါသည် ဘဲမြီးကတုံးဆံတောက်နှင့်ဖြစ်သည်။
ဆံပင်တိုက ထိုးထိုးထောင်ထောင်နှင့် အကြည့်ရဆိုးသည်။ ဝတ်
ထားသည်က ရှပ်အင်္ကျီအဖြူကို လည်ပင်ကြယ်သီးမတပ်ဘဲ အပေါ်
မှ ဖျင်ကြမ်းတိုက်ပုံအင်္ကျီ ပင်နီရောင်ကို ဝတ်ထားသည်။ ပုဆိုး
ကလည်း ချည်ချောမဟုတ်၊ ပုဆိုးကြမ်းကို ဒူးဆစ်ဖုံးရုံဝတ်ထား
သည်၊ ခန္ဓာကိုယ်တုတ်ခိုင်ပြီး အရပ်အမောင်း ကောင်းသည်၊ ပါးစပ်
တွင် ကွမ်းငုံထားပါသေး၏။

"ကိုနောင်သက်ဆွေရဲ့ လုံခြုံရေးအတွက် ကိုဒေဝါကို တာဝန်
ပေးထားတယ် ..."

ကိုညွန့်ဦးက စာရေးစားပွဲကုလားထိုင်တွင် ထိုင်
သည်၊ နောင်သက်ဆွေက ခုတင်တွင် ခြေချထိုင်သည်၊ ကိုဒေဝါက
မတ်တတ်ရပ်နေသည်။

နောင်သက်ဆွေက ဆွဲအိတ်ထဲမှကိုညွန့်ဦးပေးသော
စာကို ထုတ်ယူပြသည်။

ပြီး ၎င်းစာကို မနန်းမူလက်မှတစ်ဆင့်ရကြောင်း၊
စာအိတ်ကော်ကပ်ပုံကို မသင်္ကာကြောင်းပြောပြသည်။

ကိုညွန့်ဦးက စာအိတ်ကိုယူပြီး သေချာကြည့်သည်။

"ဒီ[illegible]အိတ်ရော ဒီစာရော ကျွန်တော် ပေးခိုင်းလိုက်တာ
တော့ အမှန်ပဲ ... ဒါပေမဲ့ ဒီစာအိတ်ကော်ကပ်ထားတဲ့ပုံတွန်းက

www.burmeseclassic.com

www.burmeseclassic.com



အတွန့်မရှိဘူး ... အပြုံမရှိဘူး ... ပေကျံမနေဘူး ... အစ အတိုင်းဆိုရင် ခင်ဗျားကို မပေးခင် မနန်းမူဆိုတဲ့အမျိုးသမီး က ဒီစာအိတ်ဖုံးဖွင့်ပြီး စာကိုယူ ဖတ်ကြည့်တာ သေချာ တယ် ... ပြန်ပိတ်ရာမှာ မသေမသပ်ဖြစ်တာလည်း သေ ချာတယ် ... "

"မီးရထားပေါ်ကျမှ ပထမဆုံးမြင်ဘူးတဲ့ ကျွန်တော့်စာကို မနန်းမူက ဘာလို့ဖောက်ဖတ်တာလဲဆိုတာ စဉ်းစားစရာပဲ"

ကိုညွန့်ဦးက လက်နှစ်ချောင်းထောင်ပြပြီး ထင်မြင် ချက်ပေးသည်။

"ပထမအချက်ကတော့ ကိုနောင်သက်ဆွေကို တွေ့လိုက် တဲ့ ယေဘုယျအမျိုးသမီးတိုင်းလိုလိုဟာ မြင်တာနဲ့ နှစ် သက်ချင်တဲ့ ရုပ်၊ကိုယ်လုံးကိုယ်ထည်မျိုး ကိုနောင်သက် ဆွေမှာရှိနေတယ် ... မနန်းမူဟာ ခင်ဗျားကို မြင်တာနဲ့ ညအိပ်ခရီးသွားဖော်တစ်ဦးအဖြစ်နဲ့ သွားရမှာမို့ သဘောကျ စပ်စုချင်တဲ့စိတ်နဲ့ ခင်ဗျားအကြောင်း သိချင်လို့ ဖွင့်ဖတ် ကြည့်တာများလား ... "

"မဖြစ်နိုင်ဘူး ... ပထမဆုံး ရထားထွက်မှ ကျွန်တော် ဖို့ရိုး ဖားယားပြေးတက်လာတာကို တံခါးဖွင့်ပေးရင်း ပထမဆုံး တွေ့တွေ့ချင်းမှာတော့ ကိုညွန့်ဦး ပြောသလို မှန်သင့် သလောက် မှန်မယ် ... ဒါပေမဲ့ ... ကျွန်တော်က 'ယုဝါ'ရဲ့ ဓာတ်ပုံကိုထုတ်ပြပြီးတဲ့ အချိန်ကစပြီး မနန်းမူရဲ့မျက်နှာ အမူအရာဟာ ပြောင်းသွားတယ် ... "



"ဒါဆိုရင် ဒုတိယအချက်က ဖြစ်နိုင်တယ် ... မနန်းမူဟာ နဂါးတို့ အောင်စည်တို့အထဲက အဖွဲ့ဝင်တစ်ယောက်ဖြစ်နေ ရင် 'ယုဝါ'ကို သူသိနေမယ် ... ယုဝါရဲ့ဓာတ်ပုံကိုမြင်တာနဲ့ ခင်ဗျား နောင်သက်ဆွေမှန်း သိသွားမယ် ... ဒီတော့ ... ခင်ဗျားဆီပေးတဲ့စာကို သူဖောက်ဖတ်ပြီပေါ့ဗျာ ... "

"ကျွန်တော် စဉ်းစားနေတယ်ဗျ ... "

ငြိမ်သက်စွာနားထောင်နေသော ကိုဒေဝါက ဝင် ပြောလိုက်သည်။ နောင်သက်ဆွေရော ကိုညွန့်ဦးရော ကိုဒေဝါ ဘာစဉ်းစားမိသည်ဆိုခြင်းကို နားစွင့်ထားပါ၏။

"မီးရထားပေါ်မှာ ကိုနောင်သက်ဆွေ တွေ့ခဲ့တဲ့ အမျိုးသမီး မနန်းမူဆိုတာ '**စောမူနန်း**' များ ဖြစ်နေမလားလို့ ... "

"အဲဒီ စောမူနန်းဆိုတာက ဘာလဲ ... ဘယ်သူလဲ ... "

"ရေထွက်ဦးလမ်းထဲမှာထားတဲ့ ကလပ်တစ်ခုရှိတယ် ... အဲ ... နွေမိုးဆောင်းကလပ်က ညနေခြောက်နာရီကျမှ ဖွင့်တယ် ... ညကလပ်ဆိုပါတော့ တရုတ်အစားအသောက် နဲ့ ဥရောပအစားအသောက်၊ နိုင်ငံခြားအရက်အမျိုးမျိုး၊ စီးကရက်အမျိုးမျိုး ရနိုင်တယ် ... "

"ဟိုတယ်တော့ မဟုတ်ဘူးပေါ့နော် ... "

ကိုဒေဝါက ခေါင်းခါပြသည်။

"ဟိုတယ်ဆိုတာမျိုးက ပိုက်ဆံရှိရင် ဘယ်သူမဆို တက် ရောက်နိုင်တာပဲ ... "

"အင်း ... ဆက်စပ်ပြောပါဦး ကိုဒေဝါ ... အဲဒီ နွေမိုးဆောင်း

www.burmeseclassic.com

www.burmeseclassic.com



ကလပ်နဲ့ ကျွန်တော် မီးရထားပေါ်မှာ တွေ့ခဲ့တဲ့ မနန်းမှုနဲ့ ဘယ်လိုပတ်သက်နေလို့လဲဗျာ ... "

"အဲဒီ နွေမိုးဆောင်းကလပ်ကို သက်ဆိုင်ရာဌာနမှာ မှတ်ပုံတင်ထားတဲ့ပိုင်ရှင်နာမည်ဟာ ဒေါ်စောမူနန်းလို့ ကျွန်တော် သိထားလို့ပဲ ကိုနောင်သက်ဆွေ ... "

"ဩ ... ဩ ... ကိုဒေဝါက နွေမိုးဆောင်းကလပ်အကြောင်း တော်တော် သိရှိစုံစမ်းထားတာပဲ ... "

"ကိုနဂါး ဆိုတဲ့လူ ... နွေမိုးဆောင်းကလပ်ကို လာတတ်တယ်လို့ ကျွန်တော် သတင်းရထားတယ်လေ ... အဲဒီသတင်းကို ရန်ကုန်က ဆရာဦးငွေငြိမ်းဆီလည်း သတင်းပို့ထားတယ် ... သက်ဆိုင်ရာမှတ်ပုံတင်ဌာနမှာလည်း နွေမိုးဆောင်ကလပ်ရဲ့ မှတ်ပုံတင်ကို သွားစစ်ဆေးထားတယ် ... ဒါကြောင့် ဒီလောက် ပြောနိုင်တာပါ ... "

နောင်သက်ဆွေကလက်ဖျစ်တစ်ချက်တီးလိုက်သည်။

"ဒါဆို နွေမိုးဆောင်းကလပ်နဲ့ ကိုနဂါးဆက်သွယ်မှုနှုန်း အဝင်အထွက်ရှိမှန်းသိရပြီ ... အဲဒီနွေမိုးဆောင်းကလပ်ကိုယ်တိုင်ဟာ ကိုနဂါးတို့ ကိုအောင်စည်တို့ရဲ့ ဩဇာလောင်းရိပ်အောက်မှာ တည်ထောင်ထားတာတောင် ဖြစ်နိုင်တယ် ... "

"ဒါဆို ယုဝါဟာ အဲဒီနွေမိုးဆောင်းကလပ်ထဲမှာ ရှိနိုင်တယ်၊ ဒါကြောင့်မီးရထားပေါ်မှာတွေ့ခဲ့တဲ့ မနန်းမှုဟာ ကျွန်တော်က ယုဝါရဲ့ဓာတ်ပုံထုတ်ပြတာကို အခြေခံပြီး ကိုညွန့်ဦး ကျွန်တော့်ကိုပေးတဲ့စာကို သူဖောက်ဖတ်တာဖြစ်ရမယ်"



"ဖြစ်နိုင်ပါတယ် ... ကိုနောင်သက်ဆွေ ... "

ကိုဒေဝါရော၊ ကိုညွန့်ဦးရော နောင်သက်ဆွေ၏ကို ထောက်ခံခေါင်းညိတ်ကြပါ၏။

"နေဦး ကိုဒေဝါ ... ကျွန်တော်ပြောတဲ့ မနန်းမှုဆိုတာ [illegible]ချောတယ် ... လှတယ် ... ကိုယ်ထည်ကတော့ လုံးကြီးပေါက်လှပဲ ... သူ့ခန္ဓာကိုယ်ဟာ ယောကျ်ားသားတွေကို ဆွဲဆောင်အား တော်တော်ရှိဘယ်လို့ ပြောနိုင်တယ် ... ကိုဒေဝါပြောတဲ့ နွေမိုးဆောင်းကလပ်ပိုင်ရှင် စောမူနန်းဆိုတာကကော ကျွန်တော်ပြောတဲ့ပုံစံမျိုးပဲလား"

ကိုဒေဝါက ပြုံးလိုက်သည်။

"ဆောရီးပဲ ကိုနောင်သက်ဆွေ ... ကျွန်တော် အခုထက်ထိ ကလပ်ပိုင်ရှင် စောမူနန်းကို မမြင်ဘူးသေးဘူး ... စုံစမ်းသိရှိတဲ့ သတင်းကိုသာ ပြောပြနေတာပါ ... ကျွန်တော် စုံစမ်းတဲ့အချိန်မှာ စောမူနန်းဟာ ခရီးထွက်နေတယ်တဲ့ ... ဒါကြောင့် အခု ကိုနောင်သက်ဆွေနဲ့ မီးရထားပေါ်မှာတွေ့ခဲ့တဲ့ နန်းမှုဆိုတာ ခရီးကပြန်လာတဲ့ စောမူနန်းဖြစ်မလားလို့ ယူဆနိုင်တာကို ပြောတာပါ ... "

"ဒါဆိုရင်တော့ ... ကောင်ကြီးက နွေမိုးဆောင်ကလပ်ဟာ မော်လမြိုင်မှာ ဖွင့်ခဲ့တဲ့ဟိုတယ် ... ရန်ကုန်မှာဖွင့်ခဲ့တဲ့ ကမ်းခြေဦးဟိုတယ်တွေလိုပဲ ... ကိုနဂါး ကိုအောင်စည်တို့က နောက်ကွယ်က ကြိုးကိုင်ထားတာတွေပဲ ဖြစ်မယ် ... အခု နွေမိုးဆောင်းကလပ်ပုံစံက မင်ဘာအဖွဲ့ဝင်တွေသာ

www.burmeseclassic.com

www.burmeseclassic.com



ပင်ရောက်နိုင်ခွင့်ရှိတာပဲ ... ခြားနားတယ် ... ဒါထက် နွေ
မိုးဆောင်းကလပ် တောင်ကြီးမှာဖွင့်တာ ... ကြာသွား
လား ကိုဒေဝါ ... ”

“မှတ်ပုံတင်အရတော့ ကြာပြီ ... မော်လမြိုင်ဟိုတယ် ...
ရန်ကုန်က ကမ်းခြေဦးဟိုတယ်တွေ ဖွင့်တာထက် တောင်
ကြီးက နွေမိုးဆောင်းကလပ်ဖွင့်တာ အချိန်စောတယ် ...
စောမူနန်းဖွင့်ခဲ့တာတဲ့ ... တစ်ခုတော့ စဉ်းစားနိုင်တယ် ...
နဂါးနဲ့ အောင်စည်တို့ဟာ မော်လမြိုင်နဲ့ရန်ကုန်က ဟိုတယ်
တွေဆီက ပြေးလာပြီး မူလပိုင်ရှင် စောမူနန်းကို ကြိုက်
သလောက်ငွေတွေပုံအောပြီး ... နွေမိုးဆောင်းကို ဦးစီး
လိုက်တာမျိုးလည်း ဖြစ်နိုင်တယ် ... သူတို့အဓိကလုပ်ငန်း
က ဘိန်းဖြူဆိုတော့ ဒီကလပ်အသင်းမင်ဘာတွေကို
တဖြည်းဖြည်းသိမ်းသွင်းပြီး မင်ဘာတွေကတစ်ဆင့် ဘိန်းဖြူ
ဖြန့်ချိရေးလုပ်တာကော မဖြစ်နိုင်ဘူးလား ... စောမူနန်း
အဖို့ကတော့ ကလပ်က စားသောက်ကိစ္စ ... အရက်ရောင်း
ကိစ္စ ... ကပွဲလုပ်ပေးရေးကိစ္စတွေက ရတဲ့ဝင်ငွေနဲ့ ကျေနပ်
နေတာမျိုး ဖြစ်နိုင်တာပဲ ... ”

“ကပါလေ ... ဒီလိုလုပ်ကြစို့ ... ”

ကိုညွန့်ဦးက နောင်သက်ဆွေ၏ ပခုံးကိုဖတ်ကာ
ဆက်ပြောပြသည်။

“နွေမိုးဆောင်းကလပ်ကို ကိုနောင်သက်ဆွေ ခဏခဏ
သွားဗျာ ... ကလပ်ထဲ ရောက်တာနဲ့ ကလပ်ဝန်ထမ်းငွေ



ကိုပဲဖြစ်ဖြစ် ... တခြားစိတ်ထဲမှာ အထင်သက်ရောက်တဲ့
သူတွေကိုဖြစ်ဖြစ် ... ကိုနဂါး မလာဘူးလား ... ကိုအောင်
စည် မလာဘူးလားလို့ တမင်မေးဗျာ ... ဒါဆို ကိုနဂါးနဲ့
ကိုအောင်စည်ဟာ ကိုနောင်သက်ဆွေကို တစ်နည်းနည်းနဲ့
ဆက်သွယ်လာမှာပဲ ... ကိုနောင်သက်ဆွေဟာ ယုဝါနောက်
ကို တစ်စိုက်မတ်မတ် လိုက်နေမှန်း သူတို့သိနေတာပဲ”

ကိုဒေဝါက ရယ်လိုက်သည်။

“ကိုညွန့်ဦး ပြောတာကောင်းတာတော့ သိပ်ကောင်းတယ်၊
ဒါပေမဲ့ ကိုနောင်သက်ဆွေက နွေမိုးဆောင်းကလပ်ထဲကို
ဘယ်လိုဝင်ခွင့်ရမလဲ ... ကျွန်တော်တို့ ရဲထောက်လှမ်းရေး
ဝိတ်ကိုအသုံးပြုပြီး ဝင်ခွင့်ရအောင်လုပ်လို့လည်း မဖြစ်ဘူး...
ကိုနောင်သက်ဆွေ နောက်မှာ ကျုပ်တို့ရှိနေတာကိုသိတာ
နဲ့ ... နဂါးနဲ့အောင်စည်ဟာ ကိုနောင်သက်ဆွေကိုလာပြီး
ဆက်သွယ်ဖို့နေနေသာသာ ထပ်ပြီး ခြေရာဖျောက်လစ်ပြေး
သွားရင် ပိုဆိုးသွားမယ် ကိုညွန့်ဦး ... ”

“ဒါလည်း ဟုတ်တာပဲ ... ကျွန်တော် ဆန္ဒစောသွားတယ်
ကိုဒေဝါ ... ”

“တစ်ခုတော့ရှိတယ်ဗျ ... ”

“ပြောပါ ကိုနောင်သက်ဆွေ ... ”

“ဒီတောင်ကြီးမြို့မှာ ကျွန်တော်နဲ့ကျောင်းနေဘက် သိပ်ခင်
တဲ့ သူငယ်ချင်းအောင်မြင့်ထူးဆိုတာ ရှိတယ် ... ဒီကောင်
က ဒီမြို့မှာ တော်တော်ပေါက်ရောက်တယ် ... ကျောင်း
ဝိတ်တုန်း ဒီကောင်ခေါ်လို့ ကျွန်တော် လိုက်ခဲ့ဘူးတယ်...

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင့်ထူးဟာ နွေမိုးဆောင်းကလပ်ကို ဝင်နိုင်ထွက်နိုင်တဲ့သူဖြစ်နေရင် သူနဲ့အတူ ကျွန်တော် အဲဒီကလပ်ကို ဝင်နိုင်ခွင့်ရမလားဘဲ ..."

ကိုညွန့်ဦးရော ကိုဒေဝါပါ ခေါင်းညိတ်ကြသည်။

"လုပ်ကြည့်ပေါ့ ကိုနောင်သက်ဆွေ ... အခုလောလောဆယ်မှာတော့ အဲဒီအကြံအကောင်းဆုံးပဲ ... တစ်ခုတော့ရှိပါ... ကမ်းခြေဦးဟိုတယ်မှာတုန်းကလို ကိုနောင်သက်ဆွေ တစ်ကိုယ်ကောင် ကျဲလိုက်တာမျိုးတော့ မလုပ်နဲ့နော် ... နောက်ပြီး သူတို့နဲ့ဆက်သွယ်မိလို့ ကိုနောင်သက်ဆွေကိုဘယ်ဘယ်ညာညာ ခေါ်သွားမယ်ဆိုလည်း တစ်ယောက်တည်းတော့ လိုက်မသွားနဲ့ ... အလီမှာနဲ့ နောက်ထပ် ထပ်ပြီးချိန်း ... ကျွန်တော်တို့ကို ဆက်သွယ်နည်းနဲ့ သတင်းပို့ ... ဒါဆို ... ကျုပ်တို့က နောက်ယောင်ခံလိုက်နိုင်တယ် ... ကလပ်ထဲဝင်ပြီဆိုတာနဲ့ တစေ့တစောင်း အမြဲရစ်ကို အကဲခတ်ကြည့်ပေါ့ဗျာ ... မျက်ခြည်မပြတ်စေနဲ့ ..."

ထိုအစီအစဉ်ကို ပြုလုပ်ပြီးနောက် ကိုညွန့်ဦးနှင့် ကိုဒေဝါသည် တိတ်တဆိတ်ပင် ကိုယ်ယောင်ဖျောက်ပြန်သွားကြသည်။ နောင်သက်ဆွေ သက်ပြင်းချပါ၏။

ဘာပဲပြောပြော နောင်သက်ဆွေ အဓိကမျှော်လင့်ချက်မှာ ကိုနဂါး ကိုအောင်စည်တို့နှင့်တွေ့လျှင် ယုဝါကို ပြန်တွေ့နိုင်မည်ဟူသော မျှော်လင့်ချက်ကြီးပါတည်း။



(၁၁)

အောင်မြင့်ထူးထံသို့ ဖုန်းဆက်ရပေမည်။

သူ အိမ်သွားရန် နောင်သက်ဆွေ လမ်းမမှတ်မိ။

နောင်သက်ဆွေအဖို့ တောသားမြို့ရောက်ပုံစံဖြစ်နေသည်။ တောင်ကြီးတွင် ဘယ်ကိုမှမသွားတတ်၊ အရှေ့အနောက်တောင်မြောက်ကိုပင် မသိသေး။ နေထွက်ရာအရပ်နှင့် ဘုရားစင်ရှိသည့် အရှေ့ဟုသာ မှတ်ယူနေရသည်။

အောင်မြင့်ထူး ဖုန်းနံပါတ်ကိုတော့ သူ မှတ်ထားရှိသော ဖုန်းစာအုပ်လေးထဲတွင် ရေးမှတ်ဘူးခဲ့သည်ကို သတိရသည်။

သွားလေရာသို့ ယူသွားလေ့ရှိသော ဖုန်းစာအုပ်ကလေးကို ထုတ်ယူကာ တောင်ကြီး အောင်မြင့်ထူး ဖုန်းနံပါတ်ကို ရှာသည်။

တွေ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြောလို့သာ ပြောရသည်။ အောင်မြင့်ထူးနှင့် တွဲဖော်တို့တော့ ခပ်လန့်လန့်။

ရန်ကုန်တွင် 'ဦးအောင်မောင်းနှင့် တွဲလျှင် ကွဲတတ်သည်' ဆိုသည့် ဆောင်ပုဒ်ရှိနေသည့်ကြားကပင် ဦးအောင်မောင်းနှင့် တွဲမိခဲ့၍ ကွဲခဲ့ပြီးလေပြီ။

အောင်မြင့်ထူးက ဦးအောင်မောင်းကြီးထက်ပင် သာချင်သေးသည်။

အောင်မြင့်ထူးသည် မြင်းကို ချိုတပ်ပေးထားသော အစားထဲကဖြစ်သည်။ မြင်းသဘာဝအတိုင်း ကန်တက်ရုံမက ချိုတပ်ထားသောကြောင့် ဝှေ့လည်းဝှေ့သည်။

နောက်တစ်နည်း တင်စားရဦးမည်ဆိုပါက အောင်မြင့်ထူးသည် ကျားကိုအတောင်တပ်ပေးထားသလို ရှိသည်။ တောထဲတွင်သာမက မိုးပေါ်ပျံပြီး သောင်းကျန်းချင်သော အောင်မြင့်ထူး ပါပေ။

မတတ်နိုင်ပြီ။

ရောမပြည်ရောက်မှတော့ ရောမပြည်သားနှင့် အပေါင်းအဖော်ပြုရမည်သာ။

ဖုန်းစာအုပ်ထဲမှ နံပါတ်အတိုင်း နောင်သက်ဆွေ တည်းခိုရာဟိုတယ်ဖုန်းဖြင့် ဆက်ခေါ်လိုက်သည်။

အောင်မြင့်ထူးအသံ ထွက်လာသည်။

"ပြော ... မိတ်ဆွေ ... ဒီက အခုပြောနေတာ စာရေးဆရာအောင်မြင့်ထူးပဲ ..."



"အလို ... နင်က စာရေးဆရာအောင်မြင့်ထူးတဲ့လား"

အောင်မြင့်ထူးသည် သူ့ကိုယ်သူ သူဌေးသားဆိုခြင်းထက်၊ စာရေးဆရာဟု ဂုဏ်ယူချင်သူဖြစ်သည်။ သူရေးသမျှဝတ္ထုတိုလေးတွေ ဟိုဂျာနယ်၊ ဒီမဂ္ဂဇင်း၊ အပတ်စဉ် စာစောင်တွေထဲ လျှောက်ထည့်ရင်း သူ့ဝတ္ထုသုံးပုဒ် ပုံနှိပ်စာလုံးဖြင့် ပါဘူးသည်။

အဲဒီကတည်းက သူ့ကိုယ်သူ စာရေးဆရာဟု ဝင့်ကြွားသူဖြစ်ပါ၏။

"နေဦး ... အဲဒီလို ကိုယ့်ကိုပြောတဲ့အသံမျိုးရော ... အပြောမျိုးရောဟာ ... ကိုယ်နဲ့အင်မတန်ရင်းနှီးနေတယ် ... ဒါပေမဲ့ ဘယ်သူမှန်း မမှတ်မိသလိုပဲ ... အဲဒီက ဘယ်သူလဲဟင်"

"နင့်ဟာနင် စဉ်းစားပေါ့ ... နင်က နင့်ဝတ္ထုတိုလေးသုံးပုဒ် ... စာစောင် မဂ္ဂဇင်းမှာ ပါဘူးတာနဲ့ နင့်ကိုယ်နင် စာရေးဆရာတဲ့လား ... အောင်မြင့်ထူး ..."

"ဟာ ... ဒီကောင် ... နောင်သက်ဆွေပဲ ... နင့် ဒီအပြောနဲ့ ဒီအသံကို ခွေးချီသွားတောင် ငါက သေချာမှတ်မိတာပေါ့ ... ဟေ့ ... ငနောင် ... နင်အခု ဘယ်ကဆက်နေတာလဲ ... နင် ရန်ကုန်က လှမ်းဆက်တာတော့ မဖြစ်နိုင်ဘူး၊ နင့်လိုကောင်က ငါ့ဆီကို ရန်ကုန်ကနေပြီး အမှတ်တရဆက်မဲ့ကောင် မဟုတ်ဘူး၊ ရန်ကုန်ကဆက်ရင် ဖုန်းသံ ဒီလောက်လည်း မကြည်ဘူး ... ဟေ့ကောင် ... ပြောစမ်း ငနောင် နင် ဘယ်ကဆက်နေတာလဲ ... နင့်အသံကြားတာနဲ့ ငါ ဝမ်းသာနေတာ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... အောင်မြင့်ထူး ... ငါ အခုဆက်နေတာ မင်းတို့တောင်ကြီးက တိမ်လွှာဟိုတယ်ကဆက်နေတာ အဲဒီဟိုတယ် ... အခန်းအမှတ်ရှစ်မှာ ငါတည်းနေတယ်"

"ဟေ ... နင် တောင်ကြီးရောက်နေတယ် ဟုတ်လား ဒါနဲ့တောင် နင်က ဘယ်သူ့အားကိုးပြီး ဟိုတယ်မှာ တည်းတာလဲ ... ငါ့အိမ်မှာ ဘာလို့လာမတည်းတာလဲ ..."

"ကြုံသလိုတည်းလိုက်တာပဲ" အောင်မြင့်ထူး ... နောက်ပြီး နင့်အိမ်ကို ငါမလာတတ်ဘူး ... ကျောင်းသားဘဝ တစ်ခါမှ နင့်အိမ်ကို ငါရောက်ဖူးတာ ..."

"အမယ်လေး ... နောင်ရာ ... တောင်ကြီးမှာ ခွေးဘဲ ကောင် လည်ပင်းကို အောင်မြင့်ထူးအိမ် ဘယ်အိမ်လဲလို့ စာဆွဲပြီးလွှတ်လိုက် ... အဲဒီခွေး ငါ့ဆီရောက်လာမယ် နင် အပိုတွေပြောမနေနဲ့ ... ငါ့အိမ်မှာ မတည်းချင်လို့ မတည်းတာ ... ကဲပါလေ ... အခု နင် တောင်ကြီးကို ဘာ လို့လာတာလဲ ..."

"ကုန်ကြမ်းရှာ ..."

"အေးပေါ့ကွာ ... စာရေးဆရာဆိုတော့ ဒေသအမျိုးမျိုးမှာ ဒေသန္တရဗဟုသုတအမျိုးမျိုး ရှာရတယ်ပေါ့ကွာ ... ဒါပေမဲ့ ဒီရာသီမျိုးမှာ တောင်ကြီးကို ရပ်ဝေးဧည့်တွေ လာလေ့မရှိ ဘူး ... နွေရာသီဆို ဟုတ်သေး ... နင် တောင်ကြီးကို လာတာ တခြားဘာကိစ္စ ရှိသေးလဲ နောင် ..."

"ကုန်ကြမ်းရှာ ..."



"အာ ... ဒီကောင် ... နင့်ကိစ္စ မပြောချင်လည်းနေ ... နင်တို့ အောင်မြင်တဲ့ စာရေးဆရာတချို့က ကြောင်တွေ"

"နင်ကော ... နင့်ကိုယ်နင် စာရေးဆရာဆို ..."

အောင်မြင့်ထူးထံမှ ရယ်သံထွက်လာပါလေ၏။

"အေးလေ ... ငါလည်း ကြောင်ပေါ့ ... ကြောင် ဖြစ်ရတာကိုပဲ ဂုဏ်ယူတယ်ကွာ ... ဒါထက် ငါ့အိမ်မှာ နင် ဘာ လို့ မတည်းတာလဲ နောင်သက်ဆွေ ... ငါ့အိမ်က နင်အခု တည်းနေတဲ့ တိမ်လွှာဟိုတယ်တည်းခိုခန်းထက် အရာရာ မှာ အများကြီး သာတယ်သူငယ်ချင်း ... နောက်ပြီး အိမ်မှာ ငါတစ်ယောက်တည်းကွာ ... မင်း ငါနဲ့ အတူလာနေရင် သူငယ်ချင်းနှစ်ယောက် ကျောင်းအဆောင်မှာ အတူနေတုန်း က ပုံစံမျိုး ပြန်နေကြရင် ဘယ်လောက်ပျော်စရာကောင်း မလဲ ... နောက်ပြီး တောင်ကြီးမှာ ငါက ရေခံမြေခံကွာ၊ မင်းမိဘ မိလျှံနာမို့ ငွေပေါပြီး ဟိုတယ်မှာ တည်းပေမဲ့ ... ငါ့ဆီရောက်တဲ့အခိုက် မင်းကို ငါ ပြုစုချင်တယ် သူငယ်ချင်း၊ မင်းလုပ်ပုံ ငါ မကျေနပ်ဘူးကွာ ..."

အောင်မြင့်ထူးက ခင်မင်မှုကို အခြေခံထားပြီး သူ့ အိမ်တွင် လာမတည်းသည့်အတွက် အပြစ်တင်သည်ကို နောင်သက် ဆွေက လေပြေထိုးရပါတော့၏။

"မင်း ... ငါ့ကို ခင်မင်တာ ငါ သိပ်သိတာပေါ့ အောင်မြင့်ထူး၊ ဒါပေမဲ့ ငါ အခု တောင်ကြီးကိုလာတာ အလည်အပတ်ကော် အလုပ်ကိစ္စတစ်ဝက်နဲ့ အလုပ်သဘောအရ ဟိုတယ်မှာ

www.burmeseclassic.com

www.burmeseclassic.com



တည်းလိုက်ရတာပါ ... ဒါပေမဲ့ ... ”

နောင်သက်ဆွေ စကားကို ခဏရပ်ထားလို
သည်။

“ဆက်ပြောလေကွာ ... ဒါပေမဲ့ ဘာဖြစ်လဲ ... ”

“ဪကွာ ... ဒါပေမဲ့ ... ငါ့ခများ အရှင်လတ်လတ် 
ပြည်ကို ဖြုန်းခနဲ ရောက်သွားတဲ့ နတ်သားလေးတစ်ပ
ဖြစ်နေတယ်ကွ ... ”

“အရှင်လတ်လတ် နတ်သား ဘာဖြစ်လို့လဲ ... ”

“မရောက်စဖူး ... ရောက်လာတော့ ငါ့မှာ ဘယ်ဆိုလို့ ဘ
လာရမှန်းမသိ ဖြစ်နေတာပေါ့ကွာ ... လမ်းတွေမသိ 
နေရာတွေမသိ ဖြစ်နေတယ် ... ”

“ဒါဆို ... မင်း အင်းလေးကန်ကိုသွားပြီး ခုန်ဆင်းသေလို
ငနောင် ... ငါနဲ့အတူ လာနေပါဆိုတော့လည်း မနေဘူ
ကဲ ... ပြော ... တောင်ကြီးမှာ မင်း ဘယ်လမ်းဘယ်နေ
ကို သွားချင်လဲ ... ”

“နွေမိုးဆောင်းကလပ်ကို ငါ သွားချင်တယ် ... အဲဒီကလ
က မင်ဘာကလွဲပြီး အပြင်လူဝင်ခွင့်မပေးဘူးဆိုလား
အောင်မြင့်ထူး ... ”

အောင်မြင့်ထူးထံမှ ရယ်သံထွက်လာပေသည်။

“ဒီမှာ ငနောင် ... ပုဂံရာဇဝင်မှာ အလောင်းစည်သူမင်းကြီး
ဟာ ဖောင်နဲ့သွားရာမှာ ဘယ်နေရာဖြစ်ဖြစ် ... လက်ညှိုး
ညွှန်တာနဲ့ ရေဖြစ်သွားပြီး ဖောင်တော်ဟာ သွားချင်ရာ



သွားလို့ရခဲ့တယ်ကွ ... ”

“ဟ ... ငါက သမိုင်းအဓိကနဲ့ ဘွဲ့ရခဲ့သူပါ အောင်မြင့်ထူး၊
အဲဒါ ငါ သိပ်သိတာပေါ့ ... ”

“မင်း မှတ်ထား ငနောင် ... တောင်ကြီးမှာ ငါဆိုတဲ့ကောင်
က အလောင်းစည်သူပေါက်စကွ ... ဘယ်နေရာမဆို ငါ
သွားချင်ရင် တံခါးဖွင့်ပေးရတယ် ... မင်း စိတ်ချ ... နွေမိုး
ဆောင်းကလပ်ကို ငါ လိုက်ပို့ပေးမယ် ... ဒါပေမဲ့ အဲဒီ
ကလပ်က ညနေခြောက်နာရီကျမှ ဖွင့်တာကွ ... နေ့ပိုင်း
သွားလို့မရဘူး ... ”

“အေးပါ ... ညပိုင်းမှာပဲ ငါ သွားချင်တာပါ သူငယ်ချင်း”

“အိုကေ ... ဒါဆို ... မင်းဟိုတယ်ကပဲ မင်းစောင့်နေ ...
ဒီည ခုနစ်နာရီ မင်းကို ငါလာခေါ်မယ် ... ”

“ကျေးဇူးပဲ သူငယ်ချင်း ... ”

“ဪ ... နောင်ဆက်ဆွေ ဒီရာသီဆိုတော့ တောင်ကြီးမှာ
မင်း သိပ်အေးမနေဘူးလား ... ”

“အေးသားပဲ သူငယ်ချင်း ... ”

“ဒါဆို ... ထွေးထွေးနွေးနွေး ဖြစ်သွားအောင် ငါ့ဆီ လာခဲ့
လေ ... ငါ ကားလွှတ်ပေးလိုက်မယ် ... ငါ့ဆီမှာ ထွေးထွေး
နွေးနွေး ဖြစ်သွားစေတာလေးတွေ အဆင်သင့် ရှိနေတယ်
ငနောင် ... ”

“ဘာလဲ ... အရက်လား ... ငါ သောက်ချင်ရင် ဟိုတယ်ခန်း
ထဲမှာ မှာသောက်ရင် ရတာပဲ ... ”

www.burmeseclassic.com

www.burmeseclassic.com



"မင်း တော့ပဲ ... အရက်ဆိုတာ ရင်ထဲကိုသာ နွေးစေတာ
ကွ ... ငါပြောတာက ပြင်ပခန္ဓာကိုယ် ထွေးထွေးနွေးနွေး
ဖြစ်သွားစေတဲ့ ပစ္စည်းကိုပြောတာ ... အေးပါလေ ... မင်း
က ဒါမျိုး ဝါသနာမှမပါတာ ... ကဲ ... ငါ မင်းဆီကို ည
ခုနစ်နာရီ လာခဲ့မယ် သူငယ်ချင်း ... "



(၁၂)

"ငါ နောက်ကျသွားတယ် သူငယ်ချင်း ... အမျိုးသမီးတစ်ယောက်ကို ကလောကို ပြန်ပို့ပေးရလို့ ... "

ကလော ပြန်ပို့ပေးရသည်မှာ ဖုန်းဆက်စဉ်က ပြောသော ထွေးထွေးနွေးနွေးပစ္စည်းလေးပင်ဟု နောင်သက်ဆွေ နားလည်လိုက်ပါ၏။

"ရတယ် သူငယ်ချင်း ... ရတယ် ... "

ညရှစ်နာရီလောက်ကျမှ အောင်မြင့်ထူး၏ အက်(စ်)အီးကားဖြူကြီးနှင့် နောင်သက်ဆွေကိုခေါ်ကာ နွေမိုးဆောင်းကာလပ်သို့ လာခဲ့ကြသည်။

မောင်းလာရင်း ...

"အဲဟို ... ညဘက်က ခြံတံခါးနဲ့ ခြံဝင်းကျယ်ကြီးဟာ နွေမိုးဆောင်းကလပ်ပဲကွ ... "

ခြံဝန်းကျယ်ကြီးတွင် အဝင်ခြံတံခါးတစ်ပေါက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



အထွက်ခြံတံခါးတစ်ပေါက်ဖြင့် နှစ်ပေါက်ထားရှိသည်။

အဝင်ပေါက်မှာရော အထွက်ပေါက်မှာရော ကင်း သစ်သားအဆောက်အဦ ကိုယ်စီရှိနေကြသည်။ အစောင့်ကိုယ် လည်း ချထားသည်။

ဝင်ပေါက်သို့ ကားခေါင်းချိုးကွေ့ဝင်လိုက်သည်နှင့် ကင်းတဲမှ ကင်းစောင့်ယောကျ်ားတစ်ဦး ကားဆီသို့ ဆင်းလာ သည်။

အစောင့်က ကားထဲသို့ ငုံ့ကြည့်သည်။

"ဩော် ... ဆရာပါလား ... "

အစောင့်က အောင်မြင့်ထူးကို ဆလံပေးကာ ပြော လိုက်ပါ၏။

အောင်မြင့်ထူးက အိတ်ထဲမှ တစ်ရာတန်တစ်ရွက် ထုတ်ပေးလိုက်သည်။ အစောင့်က ခြံတံခါးဖွင့်ပေးသဖြင့် မောင်း ဝင်လာခဲ့သည်။

"တွေ့လား ... နှောင်သက်ဆွေ ... "

"ဘာကိုတွေ့လားလဲ ... "

"ဒီကလပ်ကို ငါ မီးသေတာလေ ... တော်ရုံလူဆိုရင် အစောင့်က မုန့်ဖိုးဘယ်လောက်ပေးပေး ဖွင့်မပေးသေးဘဲ သေချာစစ်ဆေးတယ် ... စစ်ဆေးကျေနပ်မှ ခြံတံခါးဖွင့် ဝင်ခွင့်ပေးတာ ... "

"ကိုယ့်ဟာကိုယ် တံခါးဖွင့်ပြီး ဇွတ်မောင်းဝင်ရင်ကောကွာ"

"ဘယ်ရမလဲ ... ဒီကတစ်ဆင့် ကလပ်အဆောက်အဦထဲ



ဝင်ဖို့ အလုံပိတ်မှန်တံခါးကြီး ရှိသေးတယ် ... အဲဒီမှန်တံခါး စောင်က ဇွတ်ဝင်လာတဲ့လူဆိုရင် လုံးဝ ဝင်ခွင့်မပေးဘူး၊ ခြံဝင်းတံခါးပေါက်ကင်းက သူ့ဆီ ချက်ချင်းဖုန်းဆက်ထား ဘာ ... အဲဒီမှန်လုံပိတ်တံခါးကိုပါ ဇွတ်ဖွင့်ဝင်မယ်ဆိုရင် တော့ ... ချက်ချင်းကလပ်ရဲ့ လက်သတ်မွေး လူမိုက်သုံး ယောက် ရောက်လာပြီး လာတဲ့သူ ပြန်မသွားဘူးဆိုရင် ဖိုက်တင်ပလေးရတာပဲ ... လူမိုက်သုံးယောက်တောင်ဆို တော့ ကိုယ်ပဲနာမှာပေါ့ကွာ ... လိုအပ်ရင် နောက်ထပ် လူမိုက်တွေကို ထပ်ခေါ်လို့ ရသေးတယ်ကွ ... "

ခြံဝင်းကျယ်ကြီးထဲတွင် သိန်းကျော်တန်ကားတွေ ည်း ရှိနေပါ၏။ ခြံက ကျယ်ဝန်းလှသည်မို့ ဟိုမှာတစ်စီး ဒီမှာတစ် း ဆိုစေကာမူ ကားအစီး လေးငါးဆယ်ခန့် ရှိအံ့ထင်သည်။

ကလပ်၏ မှန်လုံပိတ်တံခါးနှင့် မနီးမဝေးတွင် ကား ပ်ခဲ့ပြီး နှစ်ယောက်သား ဆင်းလာခဲ့ကြသည်။

"ဟာ ... ဆရာမှာ လူစိမ်းအမျိုးသားအဖော်နဲ့ပါလား"

"အေး ... ဒါ ငါနဲ့အတူ တက္ကသိုလ်မှာ တက်ခဲ့တဲ့ ငါ့သူငယ် ချင်း မိုးကုတ်က သူဌေးသားပဲဝဏ္ဏ ... ဘာလဲ ... မင်းက ငါ့ကို တံခါးဖွင့်မပေးချင်လို့လား ... "

အစောင့်ဝဏ္ဏ ထိုင်စောင့်နေသောဘေးတွင် မှန်လုံ တံခါးအဖွင့်အပိတ် လျှပ်စစ်ခလုတ် ရှိပေသည်။

အစောင့်ဝဏ္ဏက အောင်မြင့်ထူးနှင့် ကျွမ်းပြီးသား ဖြစ်စေကာမူ လူစိမ်း နှောင်သက်ဆွေပါလာသောကြောင့် ချက်ချင်း

www.burmeseclassic.com

www.burmeseclassic.com



တံခါးဖွင့်ခလုတ်ကို မနှိပ်ဘဲ အကဲခတ်ပေသည်။

"ဟာ ... ဆရာထူးကိုတော့ တံခါးဖွင့်ပေးဖို့ အဆင်သင့်ပါ ဆရာ ... ဒါပေမဲ့ ခါတိုင်း ဆရာထူး တွဲလာတာက ဂါဝန်ဝတ်ဖြစ်ဖြစ် ... စကတ်ဝတ်ဖြစ်ဖြစ် ... ထဘီဝတ်ဖြစ်ဖြစ်မို့ပါ ... အခု ဆရာထူးအဖော်က ..."

မှန်လုံတံခါးစောင့်က အောင်မြင့်ထူး အရှိန်အဝါကြောင့် မှန်လုံတံခါးကို ဖွင့်ပေးပေသည်။

မှန်တံခါး ဖြစ်သော်လည်း ဟိုဘက်ဒီဘက် မြင်ရသော မှန်တံခါးမဟုတ်ပါလေ။ ရွှေမိုးဆောင်းကလပ်တွင် ပြတင်းပေါက်မှန်မှအစ အားလုံးသော မှန်တို့သည် ကျောက်မှန်တွေ ဖြစ်ပေသည်။ အလင်းရောင်ရသည်မှလွဲပြီး ဒိုးယိုပေါက် ဟိုဘက်ဒီဘက် မမြင်ရပေ။ ပြီး ထိုကျောက်မှန်တို့သည် တုတ်နှင့် ရိုက်ခွဲ၍ပင် မကွဲနိုင်ပါလေ။

အောင်မြင့်ထူးနှင့် နောက်သက်ဆွေ ဝင်ရောက်ခဲ့ကြသည်။

စားပွဲအသီးသီးတွင် အတွဲအသီးသီး စားသောက်နေကြသည်ကို တွေ့ရသည်။

ခမ်းနားထည်ဝါစွာ အရာရာကို မွမ်းမံထားပါ၏။

သူတို့နှစ်ယောက်သည် စားပွဲလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်ကြသည်။

"နင် ဘာသောက်မလဲ အောင်မြင့်ထူး ... ငါ ကောင်တာသွားပြီး တစ်ပုလင်းယူမယ် ..."



"မဟုတ်တာ ... အိမ်ရှင်က ငါပဲဟာ ... ငါပဲ ပြုစုမှာပေါ့။ ငါ သွားယူမယ် ..."

"မဟုတ်သေးဘူးကွ ... ဒီ ရွှေမိုးဆောင်းကလပ်ကို ငါလာတာ ငါ့ကိစ္စနဲ့ငါမို့ပါ ... ငါ လှုပ်ရှားသမျှ မင်း ထိုင်ကြည့်ကွာ၊ မင်းနဲ့ငါအဖို့ အိမ်ရှင်ဝတ္တရားတွေ ဘာတွေ ထည့်တွက်မနေနဲ့ အောင်မြင့်ထူး ... ကလပ်ထဲ ငါ ဝင်နိုင်တာပဲ ဟုတ်လှပြီပဲကွာ ..."

"ဒါဆို ... နင့်သဘော ..."

နောင်သက်ဆွေ ထပြီး အရက်ကောင်တာသို့ လာခဲ့သည်။ ကောင်တာတွင် လက်ငင်းငွေချေစနစ်ဖြင့် ဗက်(၆၉)အရက်တစ်ပုလင်း ဝယ်လိုက်သည်။ နောင်သက်ဆွေ၏ မျက်လုံးအစုံက အားလုံးကို ဇွဲမိုက်ကြည့်သည်။

ချောင်ကျပြီး အလင်းရောင်နည်းသော ထောင့်စားပွဲတစ်လုံးတွင် ကိုဒေဝါတစ်ယောက်တည်း ဘီယာသောက်နေသည်ကို တွေ့ရပေသည်။ သောက်ရင်း အတွဲတွေဆီသို့ ကိုဒေဝါ ကြည့်နေသည်။ သူထိုင်သော စားပွဲနေရာမှကြည့်လျှင် ကလပ်တစ်ခုလုံးရှိ စားပွဲတွေကို မြင်နိုင်ပေသည်။

နောင်သက်ဆွေက ပြန်အမ်းငွေနှင့် အရက်ပုလင်းကို ယူရင်း အရက်ရောင်းသူကို မေးလိုက်သည်။

"ကိုနဂါးတစ်ယောက် ပြန်သွားပြီလားဗျာ ... ဒါမှမဟုတ် မလာသေးတာလား ..."

"ကိုနဂါး ..."

www.burmeseclassic.com

www.burmeseclassic.com



ထိုနာမည်ကို အရက်ရောင်းသူက ပြန်လည်ရေရွတ်လိုက်သည်။ ပြီး ...

"ကိုနဂါးဆိုတာ ကျုပ်မသိဘူးဗျ ... "

"ကိုနဂါးဟာ ... ဒီကလပ်ကို လာနေကျပါ ... ဒီမှာ အရက်သောက်နေကျပါ ... ဒါတောင် ခင်ဗျားက မသိဘူးတဲ့လားဗျာ ... "

အရက်ရောင်းသူက ပြုံးပြီး ပြန်ပြောပါ၏။

"ဒီကလပ်ကို လာတဲ့သူတွေ အားလုံးလိုလိုဟာ စားပွဲထိုးကတစ်ဆင့် ပက်ချင်မှာပြီး သောက်ကြတာပဲ ... နောင်ကြီးလို ပုလင်းလိုက်ဝယ်တဲ့သူ မရှိသလောက်ပဲ ... ဒီတော့ ကိုနဂါးဆိုတဲ့လူဟာ ပက်ချင်မှာသောက်သမားဆိုရင် ကျုပ်က ဘယ်သိနိုင်မလဲ ... ကိုနဂါးကို သိချင်းသိရင် စားပွဲထိုးတွေသာ သိမှာပေါ့ ... "

နောင်သက်ဆွေ ဆက်၍မမေးတော့ဘဲ ပုလင်းမည်းမည်းဝတုတ်ပြဲ ဗက်(၆၉)ကိုဆွဲရင်း စားပွဲဆီသို့ ပြန်လာခဲ့သည်။

အရက်ရောင်းသူက ကိုနဂါးကို မသိဟု ဘူးကွယ်လိုက်သည်။

ကိစ္စမရှိ ...

နောင်သက်ဆွေက ကိုနဂါးကို လိုက်မေးနေမှန်း ဤကလပ်မှ ဝန်ထမ်းတွေသိသွားဖို့သာ ရည်ရွယ်ပြီး မေးမြန်းခြင်းဖြစ်သည်။

စားပွဲသို့ နောင်သက်ဆွေ ပြန်ရောက်သောအခါ စား



ပွဲတွင် အောင်မြင့်ထူး မရှိပေ။

မျက်လုံးဝေ့ဝိုက်ပြီး အောင်မြင့်ထူးကို ရှာသည်။

တွေ့ပါ၏။

အောင်မြင့်ထူးသည် ယခုမှ ရောက်လာပြီး စားပွဲချင်း နေရာမယူသေးသော စုံတွဲသစ်တစ်တွဲနှင့် မတ်တတ်ရပ်စကားပြောနေသည်။

နောက်ရောက်လာသော စုံတွဲတွင် ယောကျ်ားကအတွဲ့လောက်သူမဟုတ်၊ အမျိုးသမီးကတော့ ရေရေလည်လည်အတွဲ့လောက်သည်။

ရုပ်ချောသည်၊ အရွယ်ငယ်သည်၊ အင်္ကျီလက်ပြတ်အပါနှင့် စကတ်အနက် ဝတ်ထားသည်။ စကတ်မှာ မီနီစကတ်ကတ်မို့ ဒူးဆစ်အထိပင်မရောက်ဘဲ ပေါင်လည်လောက်အထိတိုနံ့နံ့လေး ဖြစ်ပါ၏။ ပေါင်တံ၊ ခြေသလုံးနှင့် လက်မောင်းလေးတွေမှာ ဖြူဖြူဝင်းဝင်းနှင့် အလွန်ကြည့်ကောင်း ကြည့်လှသည်။ ကပြားမလေး ဖြစ်ပေမည်။ ရှမ်းနှင့် တရုတ်စပ်ကပြား ပို၍ ဖြစ်နိုင်သည်။ ထို့ကြောင့်လည်း မျက်နှာလှလှလေးနှင့် လက်မောင်း၊ ပေါင်တံ၊ ခြေသလုံးတို့မှာ ဝင်းမွတ်နေသည်။ ကိုယ်လုံးကိုယ်ထည်နှင့် အလုံးအမောင်းမှာ အချိုးကျလှပါ၏။

ကပြားမလေးနှင့် တွဲလာသူကတော့ မပြောပါနှင့်တော့။ အလွန်ကြည့်၍မကောင်းသော အမျိုးသားတစ်ဦးကို လက်ညှိုးထိုးပြပါဆိုလျှင် ထိုလူကိုသာ တန်းခနဲ လက်ညှိုးထိုးပြနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူက ပိန်လွှန်းရသည့်အထဲ အရပ်က ရှည်လွှန်း… သည်။ ပိန်ရှည်ရသည့်အထဲ ဂျင်းဘောင်းဘီအကျပ်၊ ဂျင်းအ… အတွက်ကို ဝတ်ထားသေးသည်။

ခြေနှစ်ဖက်ကိုလည်း ကားပြီးရပ်နေသောကြော… လည်းထောက် ထောက်ထားသည့်ပုံစံ ပွက်နေသည်။

အောင်မြင့်ထူးသည် သိပ်လှသိပ်ငယ် သိပ်အချိုး… သော လည်းထောက်အမျိုးသားနှင့် တွဲလာသည်။ ကပြားအ… သမီးချောကို ခြေဟန်လက်ဟန်တွေ မာန်တွေ အားတွေနှင့် … ပြီးနောက် နောက်သက်ဆွေ စားပွဲဆီသို့ ပြန်လာသည်။

ဘာမပြော ညာမပြော နောင်သက်ဆွေ ဝယ်… သော ဗက်(၆၉)အရက်ပုလင်းကို အောင်မြင့်ထူးဖောက်ကာ ပုလ… လိုက် တစ်ရှိန်ထိုး မော့သောက်တော့သည်။

"ဟကောင် … မင်းဟာက ဆော်ဒါမရော ရေမရောနဲ့ … ရင်ကျိုကုလားမော့ မော့ချနေတာပါလားကွ …"

"မလိုပါဘူးကွာ … အရက်ကို ဆော်ဒါရော ရေခဲတုံး… တွေရော သောက်တာက … လူအထင်ကြီးအောင် အ… သောက်တာ …"

ပြောရင်း ထပ်မော့ပြန်သည်။

ဒီကောင် တစ်ခုခု စိတ်တိုသွားပုံရပေသည်။ ကပြ… ကောင်မချောလေးနှင့် စကားပြော ပြန်လာပြီးမှ ဒီပုံစံ ဖြစ်သွာ… သဖြင့် ဒီကောင် ကပြားချောမလေးနှင့် ပတ်သက်ပြီး တစ်ခု… ခံစားလာရဟန် တူပါလေ၏။



"ကောင်မလေးက တော်တော်မိတယ်ကွ … ကပြားမလေး ထင်တယ်နော် …"

"အင်း …"

"တွဲလာတဲ့ကောင်ကတော့ … လည်းထောက်ပေါ်မှာ ဘူးသီးခြောက်တင်ထားတဲ့ ပုံစံပဲ … ကောင်မလေးနဲ့ လုံးဝ အတွဲမညီဘူး … ကျီးကန်း ဘဲဥချိုပုံကြီး …"

"အင်း …"

"ဒီလိုကောင်ကို … ဒီကောင်မလေးက တွဲတာ ဒီကောင် အရပ်ဆိုး အကျည်းတန်သလောက် ဘော်ထောတယ်ထင်တယ် … ဒီကောင့်ကို မင်းသိလား အောင်မြင့်ထူး …"

"အလကားကောင်ပါ … တာချီလိတ်နဲ့ ဟိုဘက်ဒီဘက်ကူး ပြီး ကံကောင်းလို့ ထောနေတဲ့ကောင်ပါ … ကဲပါကွာ … ဒီအကြောင်းတွေ မပြောပါနဲ့တော့ … နက်ဖြန်ကျမှ ဒီ ကောင်မလေးနဲ့ ငါ ပြဿနာ ရှင်းမယ် … ကဲ … စားကြ သောက်ကြစို့ …"

အောင်မြင့်ထူးက သူငယ်ချင်း နောင်သက်ဆွေကို …ပြီး စိတ်ကို ထိန်းထားလိုက်ပုံရပေသည်။ ပြီး စားပွဲထိုးတစ်ဦး … လှမ်းခေါ်လိုက်သည်။

စားပွဲထိုးအား ရေခဲစိမ် ဆော်ဒါပုလင်းများနှင့် စား… သောက်စရာ အမြည်းသုံးမျိုး မှာလိုက်သည်။

နောင်သက်ဆွေက ဟိုတယ်ရှိ စားပွဲအားလုံးနှင့် … အနှံ့ကို မျက်လုံးဝေ့ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယုဝါကိုရော ကိုနဂါးနှင့် ကိုအောင်စည်ကိုရော အ

အနအရိပ်အယောင်ပင် မတွေ့ရပါလေ။

စားပွဲထိုးသည် အမြည်းသုံးမျိုးနှင့် ရေခဲစိမ်ဆော်

ပုလင်းများ ယူလာပေသည်။

နောင်သက်ဆွေက အိတ်ထဲမှ ငွေငါးဆယ် ထုတ်

ပြီး စားပွဲထိုးကို ဘောက်ဆူးပေးရင်း မေးမြန်းလိုက်သည်။

"ဒီမှာ ... ဒီည ကိုနဂါး ဒီကို ဘယ်အချိန်လောက် လာ

တဲ့လဲ ... ကျွန်တော်နဲ့ တွေ့စရာရှိလို့ပါ ... "

"ကိုနဂါးဆိုတာ ... ကျွန်တော် ကြားတောင်မကြားဖူး

ဆရာ ... "

စားပွဲထိုးက နောင်သက်ဆွေပေးသော ငွေငါးဆ

ကို စိတ်ဝင်စားလှပုံမရဘဲ ပြန်လှည့်သွားတော့သည်။

အောင်မြင့်ထူးက နောင်သက်ဆွေ ပြုမူနေပုံ

အကဲခတ်ကြည့်ပုံနှင့် ကြည့်သော်လည်း ဘာမေးခွန်းမှ မမေး

နောင်သက်ဆွေသည် အစားနှင့် အသောက်တ

အာရုံမရှိလှဘဲ ဟိုတယ်တစ်ခုလုံးအား ဝေ့ဝိုက်ကြည့်ပြန်သည်

လား ... လား။

ကောင်တာ၏ ဒီမှာဘက်စွန်းတွင် မှီ၍ခပ်နွဲ့နွဲ့

နေသော မီးရထားတွဲထဲတွင် အတူစီးဆုံခဲ့သော မနန်းမူ လှမ်း

သည်။ မနန်းမူကလည်း နောင်သက်ဆွေကို ကြည့်နေခိုက်နှင့်

ပြီး မျက်လုံးခြင်း ဆုံလိုက်ကြသည်။

နောင်သက်ဆွေက ချက်ချင်း ထရပ်ကာ မနန်း



ရာသို့ လျှောက်သွားသည်။

မနန်းမူက ချာခနဲလှည့်ကာ တခြားဘက်သို့သွားရန်

ခြေဦးလှည့်လိုက်ပါ၏။

"ဒီမှာ ... ဒီမှာ ... မနန်းမူ ခဏလေး ... "

"ရှင် လူမှားနေပြီ ... ကျွန်မနာမည် စောမူနန်းပါ ... "

"နာမည်ဆိုတာ ချက်ချင်းပြောင်းလို့ရပေမဲ့ ... ရုပ်ကတော့ ချက်ချင်း ပြောင်းလို့မရပါဘူးဗျာ ... ခင်ဗျားဟာ မနန်းမူပဲ ဖြစ်ဖြစ် ... စောမူနန်းပဲဖြစ်ဖြစ် မနေ့က ညရထား အိပ်စင်တွဲမှာ သာစည်အထိ ကျွန်တော်နဲ့ လိုက်ပါလာခဲ့တယ် မဟုတ်လား ... အဲ ... ကျွန်တော်နဲ့ ခရီးသွားမိတ်ဆွေ ဖြစ်ခဲ့ဖူးတာလေးကို ထောက်ထားပြီး ... ကျွန်တော့်ကို တစ်ခုလောက် ကူညီပါလားဗျာ ... ဒီကလပ်ဟာ ခင်ဗျား ပိုင် ကလပ်ပါ ... ကျွန်တော် ကိုနဂါးကို တွေ့ချင်လို့ပါ ... သူ့ကို ဘယ်မှာတွေ့နိုင်မယ်ဆိုတာ ... တစ်စိတ်လောက် ကျေးဇူးပြုပြီး ပြောပြပါလားဗျာ ... "

အမျိုးသမီးက နောင်သက်ဆွေ ပြောသည်ကို ပြုံး

ိက်ပါ၏။

"ရှင် ... တကယ့်ကို လူမှားနေတာပဲ ... ကျွန်မဟာ နန်းမူ မဟုတ်တဲ့အပြင် ရှင်ပြောတဲ့ ကိုနဂါးဆိုသည်ကို လုံးဝမသိဘူးရှင့် ... ကိုနဂါးဆိုတဲ့နာမည် ကြားတောင်မကြားဖူးဘူး ကဲ ... ခွင့်ပြုပါနော်ရှင် ... "

အမျိုးသမီး ပြန်လှည့်သွားသည်ကို နောင်သက်ဆွေ

www.burmeseclassic.com

www.burmeseclassic.com



ဘာ နောက်လိုက်သည်နှင့် နောင်သက်ဆွေ၏လက်မောင်းကို တင်း
တစ်ယောက်က ဆွဲထားလိုက်သဖြင့် နောက်သို့ လှည့်ကြည့်လိုက်
သည်။

အောင်မြင့်ထူးက ဆွဲထားခြင်း ဖြစ်ပါ၏။

အောင်မြင့်ထူး အသောက်များပြီး မူးနေပေ
နောင်သက်ဆွေကို ဒယီးဒယိုင်ဖြင့် သူကပင် စားပွဲသို့ ပြန်ဆွဲခေ
လာသည်။

"စိတ်လျှော့ သူငယ်ချင်း ... စိတ်ကို လျှော့ချလိုက် ..."

"ဘာလို့စိတ်လျှော့ရမှာလဲ အောင်မြင့်ထူး ..."

"နင့်မိဘက ... နင့်ကို အမွေတွေပုံပြီး ပေးပြီးပြီလား ငနောင် ..."

"ကြံကြံဖန်ဖန်ကွာ ... အမွေဆိုတာ မိဘကွယ်လွန်မှ သား သမီးခံရတာမျိုးပဲဟာ ... ငါ့အဖေနဲ့ ငါ့အမေက ဒေါင်ဒေါင် မြည် ကျန်းမာရေးကောင်းနေတာပဲဟာ ..."

"အေး ... ငါ သိသပေါ့ ... ဒါကြောင့် မင်းကို စိတ်လျှော့ လိုက်လို့ပြောတာ ... စောမူနန်းက အတိအလင်း ကြေညာ ထားတယ်လေကွာ ... အနည်းဆုံး သိန်းငါးဆယ်လောက် ကိုယ်ပိုင်မရှိတဲ့လူဆိုရင် သူ့နားမကပ်နဲ့တဲ့ ... သူကိုယ်တိုင် က သိန်းငါးဆယ်ချမ်းသာပြီးသားတဲ့ ... ဒါမှ သူ့ဆီချဉ်းကပ် သူမှာ အနည်းဆုံး သိန်းငါးဆယ်ရှိလေမှ မျှတတဲ့သဘော ရှိမယ်တဲ့ ... လေးဆယ့်ကိုးသိန်းပဲရှိတဲ့လူတောင် သူ့နား မကပ်နဲ့တဲ့ ... ငါ့မိဘက သိပ်ချမ်းသာပေမဲ့ ငါ အမွေ



သေးလို့ ငါ့ကိုတောင် စောမူနန်းက ကန်တော့ဆွမ်းပါဘုရား တဲ့ဟေ့ ..."

"မင်း ... အော်ကျယ်အော်ကျယ်နဲ့ ဘာတွေလျှောက်ပြော နေတာလဲ အောင်မြင့်ထူး ... မင်း မူးလာရင် သွေးဆိုးချင် တာဟာ ကျောင်းသားဘဝတုန်းကလိုပါပဲလားကွာ ..."

"ဟ ... သူငယ်ချင်း ငနောင် ... အရက်ဆိုတာ သောက်ရင် မူးတာ ... နိယာမပဲကွ ... အရက်သောက်လို့မူးတာ ဆန်း တာမှတ်လို့ ... အခု ငါပြောနေတာတွေဟာ မူးလို့ပြောနေ တာ မဟုတ်ဘူး ငနောင် ... တကယ်ဆိုတော့ မိန်းမဆိုတာ မိန်းမပါပဲကွာ ... သူ့အရွယ် သူ့အလှနဲ့ လမ်းဘေးမှာ ဈေး ထိုင်ရောင်းတဲ့ မိန်းမဟာလည်း မိန်းမပဲ ... ရင်ထဲနှလုံးသား ထဲက မေတ္တာမပါဘဲ ကိုယ်ရေပြားဆွေးနွေးရုံဆိုရင် မိန်းမ ဆိုတာ အတူတူချည်းပဲလေကွာ ... စိတ်လျှော့လိုက် သူငယ်ချင်း ... စောနန်းမူကို စိတ်လျှော့လိုက် ... လက် စသတ်တော့ မင်း တောင်ကြီးကိုလာတာ ဒါကြောင့်ကိုး"

အောင်မြင့်ထူးသည် ပြောလေကဲလေ ဖြစ်နေပါ၏။

နောင်သက်ဆွေ ဘာမျှဆက်မပြောတော့ဘဲ အရက်ကိုငုံ့ ဆော်ဒါ ဆော သောက်နေလိုက်သည်။

အောင်မြင့်ထူး ကျယ်လောင်ကျယ်လောင် ပြော စကားများကို ဒေသခံ တောင်ကြီးသူတောင်ကြီးသားတွေက ကြားရင်း သောက်ရင်း စောမူနန်းကို စိတ်သိမ့် ပြုံးကြပေသည်။ ယ်ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင့်ထူးက တော်တော်များများ သောက်ထားသဖြင့် ပုလင်းတွင် အရက်မှာ ဖင်ကပ်မျှသာ ရှိတော့သည်။ တော်ရုံလူသာဆိုပါက အောင်မြင့်ထူး သောက်ပုံမျိုးနှင့် ဒေါင်းသွားပေမည်။

ယခု အောင်မြင့်ထူး မဒေါင်းသေး၊ သူ့ဖန်ခွက်ထဲ ထပ်ငှဲ့ခြင်းဖြစ်သည်။

"ဟ ... ကုန်ပြီပဲ ... နောက်ထပ်တစ်ပုလင်း ငါသွားဆွဲမယ် ... မင်းနေခဲ့ ငနောင် ..."

"တော်ပြီ အောင်မြင့်ထူး ... မင်း သိပ်များနေပြီ ..."

"ထပ်သရီး ... ဒီလောက်နဲ့ ငါများသတဲ့လား ... မင်းက ငါ ရေချိန်တွေ သိပ်တိုးနေတာ သိမှမသိတာ ..."

ပြောမရ တားမရ အောင်မြင့်ထူး အရက်ကောင်တာဆီသို့ ထသွားတော့သည်။

အောင်မြင့်ထူး ကောင်တာတွင် အရက်ဝယ်နေစဉ်မှာပင် ကလပ်၏ လင်းထိန်သောမီးသည် ရုတ်တရက် မှိန်မှိန်လျှလျှလေးသို့ ပြောင်းလိုက်သည်။ ငါးတိုင်အား ရောင်စုံမီးလုံးလေးတွေ မျက်နှာကျက်မှာရော ဘေးနံရံများမှရော လင်းလက်လာခြင်း ဖြစ်ပါ၏။

မှောင်ရိပ်သန်းပေးလိုက်သော်လည်း တစ်ဦးနှင့်တစ်ဦး မြင်ကြရပေသည်။

မီးမှိန်သည်နှင့် တီးဝိုင်းမှ ငြိမ့်ညောင်းသော တီးလုံးလေးတွေ ပေါ်ထွက်လာသည်။



နှောင်သက်ဆွေ နာရီကြည့်သည်။

ည(၁၀)နာရီတိတိ ထိုးပေပြီ။

စားပွဲအသီးသီးမှ မိုမစုံတွဲအသီးသီးတို့ တလာကြပြီး ကတွဲကကြသည်။

စားပွဲထိုးများက ကပွဲခွင် ကျယ်ပြောသွားစေရန် စားပွဲတချို့ကို ရွှေ့ပြောင်းပေးကြသည်။

ကပြားချောမလေးနှင့် ကိုလှည်းထောက် ဘူးသီးခြောက်တို့လည်း တွဲ၍ကနေပေသည်။ ကိုလှည်းထောက် ဘူးသီးခြောက်မှာ အရပ်ရှည်သူမို့ သူ၏ဘူးသီးခြောက် ဦးခေါင်းက သူများထက် ပို၍ ရှည်ထွက်နေပေသည်။

ဤအခြေအနေမှာပင် ဖြစ်ချင်တော့လည်း အဖြစ်က တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လာသည်။

အောင်မြင့်ထူးလေ အောင်မြင့်ထူး ... ။

ဂျော်နီဝေါ့ကားတစ်ပုလင်းဆွဲလာပြီး ပြန်လာသည်။ သူပြန်ရာလမ်းကြောင်းမှာ ကပွဲကို ဖြတ်သန်းလာရသည်။

အကယ်၍ သူ ဖြတ်သန်းလာရာတွင် ကပြားချောလေးနှင့် ဘူးသီးခြောက် လှည်းထောက်ခွ အတွဲနှင့် မဆုံလျှင် ဘာမှ မရှိ။

ယခုတော့ အောင်မြင့်ထူး ပြန်လာသည်တွင် ထိုအတွဲနှင့် ပက်ပင်းကြီး သွားတိုးတော့သည်။

"ဟား ... ဟား ... ဟား ..."

အောင်မြင့်ထူး၏ ဟားတိုက်ရယ်သံသည် ငြိမ့်ငြိမ့်

www.burmeseclassic.com

www.burmeseclassic.com



[illegible] တီးနေသော တီးမှုတ်သံကို လွှမ်းမိုးသွားစေပါ၏။

"ဟား ... ဟား ... ဟား ... ကြည့်ပဲ ကြည့်ကြပါဦး ... အရပ်ကတို့ ... ဒီအတွဲကို ကြည့်လိုက်ကြစမ်းပါ ... ကျီးကန်းဝိန် ကျီးကန်းခြောက်က ဘဲဥလုလုကို ချီတာနဲ့ မတူဘူးလား ..."

"ရွှေဟင်းအိုးထဲမှာ အမဲရိုး ထည့်ထားသလိုပဲဗျို့ ... ကြည့်ကြစမ်းပါ ကြည့်ကြစမ်းပါ ... ဟား ... ဟား ... ဟား ... ကဲ ... နန်စီ ... အဲဒီအတွဲကိုဖြုတ် ... ကိုယ်နဲ့တစ်ပွဲ ကကြမယ် ..."

နန်စီဆိုသည့် ကပြားမချောလေးက အောင်မြင့်ထူး ဖိတ်ခေါ်ချက်ကို ပြုံးပြုံးလေး ခေါင်းညိတ်ကာ တွဲကရန်အသင့်ဖြစ်သွားသည်။

ဒါကို လှည်းထောက်ခွဘူးသီးခြောက်က နန်စီကို လွှတ်မပေးရုံမက အောင်မြင့်ထူး၏ ရင်ဘတ်ကို ဆောင့်တွန်းလိုက်သည်။

ကပွဲ၏ သဘောတရားအရ ဤသို့ မလုပ်ရပေ။ နောက်တစ်ဦး၏ ဖိတ်ခေါ်ချက်ကို အမျိုးသမီးက သဘောတူလက်ခံလျှင် လွှတ်ပေးရပေသည်။ ဤသည်မှာ ကပွဲ၏ ယဉ်ကျေးမှုတစ်ရပ် ဖြစ်ပါ၏။

ယခုမူ လှည်းထောက်ခွဘူးသီးခြောက်က စတင်ကြမ်းလိုက်သည်။

မူးလျှင် နဂိုကမှ သွေးဆိုးသော အောင်မြင့်ထူးသည် အညှံ့မခံဘဲ လှည်းထောက်ခွဘူးသီးခြောက် ဦးခေါင်းကို သူ့လက်ထဲမှ အရက်ပုလင်းနှင့် ပြန်ဆော်ထည့်လိုက်သည်။



ပွဲမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားပါ၏။

သို့သော် ... ဤပွဲတွင် ကလပ်စားပွဲထိုးတွေသည် လှည်းထောက်ခွဘူးသီးခြောက်၏လူတွေ ဖြစ်နေသည်။

အောင်မြင့်ထူးကို စားပွဲထိုးနှစ်ယောက်က တစ်ဘက်စီ ချုပ်ကိုင်လိုက်သည်။

လဲကျသွားသော လှည်းထောက်ခွက အောင်မြင့်ထူးကို ပြန်သယ်ရန် ထပြီး ရှေ့သို့ တိုးလာသည်။

အောင်မြင့်ထူးက တစ်ဘက်စီ အချုပ်ကိုင်ခံထားရသည့်ကြားကပင် လှည်းထောက်ခွ၏ ရင်ဘတ်ကို ခြေစုံမြှောက်ပြီး ကန်ထည့်လိုက်သည်။

သို့တိုင် အချုပ်ကိုင်ခံထားရာမှ အောင်မြင့်ထူး လွတ်မသွားပေ။

ပက်လက်ကျသွားပြန်သော လှည်းထောက်ခွက ပြန်ထလာပြီး အောင်မြင့်ထူးကို ရေရေလည်လည်တီးရန် ကုလားထိုင်တစ်လုံး ကိုင်မြှောက်လိုက်သည်။

နောင်သက်ဆွေ လှသားခနဲရောက်ကာလှည်းထောက်ခွ၏ ဝမ်းဗိုက်ကို ခြေကန်ပစ်သွင်းလိုက်သည်။

တစ်ဆက်တည်းမှာပင် အောင်မြင့်ထူးအား ချုပ်ကိုင်ထားသည့် စားပွဲထိုးနှစ်ယောက်၏ လည်ကုပ်တွေကို လက်ဝါးစောင်းတစ်ချက်စီ ခုတ်သွင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အား ... အားနှင့် အော်သံ လဲကျသံတွေ ထွက်သွားသည်။

စားပွဲထိုးနှစ်ယောက် ပုံကျသွားပြီး အောင်မြင့်ထူး လွတ်သွားသည်။

ပရိသတ် ဟိုပြေးဒီပြေး ဖြစ်ကုန်ပြီး ပွဲပျက်သွားတော့သည်။

ကလပ်စားပွဲထိုးတွေ အားလုံးသည် အောင်မြင့်ထူးနှင့် နောင်သက်ဆွေကို ဆော်ရန် ပန်းအိုးတွေ ဆေးလိပ်ပြာခံခွက်တွေ ကိုယ်စီကိုင်ကာ စုပြုံလာကြသည်။

နောင်သက်ဆွေနှင့် အောင်မြင့်ထူးအတွက် မလွယ်ကြောပါပေ။

စားပွဲထိုးတွေရော တခြားကလပ်ဝန်ထမ်းတွေရော ဆယ်ယောက်ထက်မနည်း ဝိုင်းလာကြသည်။

လွတ်အောင်ပြေးဖို့ကျတော့လည်း ကလပ်၏ မှန်လုံတံခါးပေါက်တွေအားလုံး ပိတ်ထားသည်။

နောင်သက်ဆွေနှင့် အောင်မြင့်ထူး ကျောချင်းကပ်လိုက်သည်။ ဝင်လာသမျှကို ပြန်၍ခုခံရန် ဖြစ်ပါ၏။

သို့သော် အင်အားခြင်း မမျှပေ။

"ဒိုင်း ... ဒိုင်း ..."

ယင်းအခိုက်မှာပင် သေနတ်သံနှစ်ချက် ထွက်ပေါ်လာသောကြောင့် စားပွဲထိုးအုပ် တန့်ခနဲ ရပ်သွားသည်။

"ဟေး ... အားလုံး ငြိမ်ကြ ... ငါဟာ သက်ဆိုင်ရာက ရဲ



အရာရှိတစ်ယောက်ပဲ ... ငါ့နာမည် ဒေဝါ ... ဟောဒီမှာ ငါ့ရဲ့ ရာထူးကတ်ပြား ... အိုင်ဒင်တီဘီကတ် ကြည့်ကြ ... အားလုံး ငြိမ်း ... ဗိုဆန်သူကို ခြေထောက်တွေ ပေါင်တွေကို သေနတ်နဲ့ပစ်ဖမ်းမယ် ... အရေးလည်းယူမယ် ..."

အားလုံး ငြိမ်သွားကြသည်။

ကိုဒေဝါက ဆက်ပြီး အမိန့်ပေးသည်။

"ဟေ့ ... တံခါးစောင့် ဝဏ္ဏ ... တံခါးဖွင့်လိုက်စမ်း ... ဟိုနှစ်ယောက်ကို ထွက်သွားခွင့်ပေးလိုက် ... အဲ ... ဟိုနှစ်ယောက် ထွက်သွားတော့ ..."

နောင်သက်ဆွေနှင့် အောင်မြင့်ထူးကို ကိုဒေဝါက လှမ်းပြောသဖြင့် နှစ်ယောက်သား အစောင့်ဖွင့်ပေးသော တံခါးမှ ထွက်လာခဲ့ကြတော့သည်။ မိမိတို့ ထွက်ပြီးသည်နှင့် တံခါးပြန်ပိတ်သွားသည်။

အပြင်ဘက် ကော်ရစ်ဒါထောင့်တွင် ကျောက်ရုပ်လိုတောင့်တောင့်ကြီး ရပ်နေသော မနန်းမူခေါ် မစောမူနန်းအား မကျေမနပ်မျက်နှာဖြင့် နောင်သက်ဆွေ တွေ့ရသည်။

နောင်သက်ဆွေက မထီတရီအပြုံးဖြင့် လှမ်းပြောလိုက်သည်။

"ကျွန်တော် ပြန်ပါဦးမယ် မနန်းမူ ... အဲ ... အဲ ... မှားသွားတယ် ... ကျွန်တော် ပြန်ပါဦးမယ် မစောမူနန်း ..."

စောမူနန်းက ဘာမျှပြန်မပြောဘဲ ထွက်လာခဲ့သည်။

အက်(စ်)အီးကားနှင့် နှစ်ယောက်သား နွေမိုးဆောင်းကလပ်ခြံထဲ

www.burmeseclassic.com

www.burmeseclassic.com



မှ ထွက်လာခဲ့ကြသည်။

"တကယ်ပဲ ... မင်းကိုပဲ ငါက ကျေးဇူးပြန်တင်ရတယ် ငနောင် ... မင်းသာ ပါမလာရင် ဒီပွဲမှာ ငါ ရေရေလည်လည် ခံရမှာ ... ငါက နန်စီ တခြားလူနဲ့ တွဲလာတာကို တွေ့တဲ့ နေရာမှာ ရန်ဖြစ်မှာ သေချာတယ် ... ဒီကလပ်အကြောင်း ငါ ကောင်းကောင်းသိတယ် ... လက်သည်မပေါ်ဘဲ လမ်းဘေးမှာ လဲနေတဲ့လူတွေကို တောင်ကြီးဆေးရုံကို ပို့ရတာ များလှပြီ ..."

"ဒီကလပ်ကို မင်းသိပ်ပိုင်တယ်ဆို ..."

"အေး ... ဘာမှမဖြစ်ရင်တော့ ငါပေးကမ်းထားလို့ ကလပ်ကကောင်တွေ ငါ ပိုင်တယ်လို့ပြောတာ ... အခု ဒီပွဲကြီးပွဲကောင်းမျိုးကျတော့ ... ဟိုပိန်ရှည်ကောင်ဘက်ကကောင်တွေ ဖြစ်နေတာ ခုမှ ငါတွေ့တာ ..."

နောင်သက်ဆွေသည် လှည်းတောက်ခွ ဘူးသီးခြောက်ကောင်ကို ကိုနဂါးတို့ ကိုအောင်စည်တို့၏ လူပေလားဟု သံသယ ဖြစ်မိသည်။ နွေမိုးဆောင်းကလပ်ကို ကိုနဂါး၊ ကိုအောင်စည်တို့က နောက်ကွယ်မှ ကြိုးကိုင်ထားပြီး ဝန်ထမ်းတွေသည် သူတို့လူတွေပဲလား။

အောင်မြင့်ထူးက သူ့အိမ်လိုက်ခဲ့ရန် အတင်းခေါ်သော်လည်း နောင်သက်ဆွေက ငြင်းပြီး မိမိတည်းခိုရာ တိမ်လွှာဟိုတယ်သို့ပင် ပြန်လာခဲ့သည်။

အောင်မြင့်ထူး ပြန်သွားပြီး နောင်သက်ဆွေ သူ့



အိပ်ရာထက်တွင် အနားယူနေစဉ်မှာပင် တယ်လီဖုန်းသံ မြည်လာသည်။

ကိုညွန့်ဦးထံမှ ဖြစ်နေပါ၏။

"ဘယ်လိုလဲ ကိုနောင်သက်ဆွေ ... ခင်ဗျားသူငယ်ချင်း အောင်မြင့်ထူးကြောင့် ကျုပ်တို့အစီအစဉ်တွေ ပျက်သွားတယ် ..."

"အေးဗျာ ..."

နောင်သက်ဆွေက အေးဗျာဟုသာ ဝန်ခံစကားဆိုလိုက်ပါ၏။

"ကိုဒေဝါက ကျုပ်ဆီကို အားလုံးသတင်းပို့တယ် ... ခင်ဗျားသူငယ်ချင်း အောင်မြင့်ထူးဆိုတဲ့လူက တကယ်ကြောင်တဲ့လူပဲ ... ကိုဒေဝါက ခင်ဗျား အသက်အန္တရာယ်အတွက် လူလုံးအတင်ကဖော် သေနတ်ဖောက်ပြီး ကာကွယ်ပေးလိုက်ရတယ် ... ဒီနောက်မှာတော့ ကျုပ်တို့ လှို့လှို့ဝှက်ဝှက် ဘာဆက်လုပ်နိုင်မှာလဲ ကိုနောင်သက်ဆွေ ..."

"အေးဗျာ ... ဆောရီးဆိုတာကလွဲပြီး ကျွန်တော် ဘာမှ မတတ်နိုင်ဘူး ... ကျွန်တော့်သူငယ်ချင်းကြောင့် ဒီလို ဖြစ်သွားတာဟာ ကျွန်တော့်မှာ တာဝန်ရှိတယ်လို့ ဝန်ခံတယ်၊ ခင်ဗျားတို့ ကြိုက်သလိုသာ လုပ်တော့ဗျာ ... အရေးယူလည်း ကျုပ်ခံမယ် ..."

ကိုညွန့်ဦး၏ သက်ပြင်းချသံ ကြားရသည်။

"ခင်ဗျားကို ... ကျုပ်တို့က ဘာအရေးယူလို့ရမှာလဲ ... ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုတာက ခင်ဗျားအတွက် ကိုဒေဝါ အထင်ကရ ရပ်တည် ပေးလိုက်တဲ့အတွက် ခင်ဗျား သွေးရိုးသားရိုး ယုဝါ လိုက်ရှာ နေတဲ့လူမဟုတ်ဘဲ ... ကျုပ်တို့ ရဲထောက်လှမ်းရေးဘက်က ရပ်တည်သူမှန်း သူတို့သိသွားကြတာမို့ ... ရှေ့ဘယ်လိုဆက် ပြီး လုပ်တော့မလဲ ... အဲဒါကို ကျုပ်က ပြောတာပါ ...

နောင်သက်ဆွေ ဘာမှ ဆက်မပြောပါလေတော့။ ငွေငွေဝေါင်ဝေါင်နှင့်ပင် တယ်လီဖုန်းကို ပြန်ချထားလိုက်တော့သည်။

ဘာတတ်နိုင်မှာလဲ ဖြစ်သမျှအကြောင်း အကောင်း ဟုသာ မှတ်ယူလိုက်ပေတော့သည်။



(၁၃)

"မထူးတော့ဘူးဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ... ကျုပ်တို့ တောင်ကြီး ရဲစခန်းကို ဖုန်းဆက်ခေါ်လိုက်တယ် ... လူတွေအားလုံးကို တောင်ကြီးရဲအဖွဲ့က တစ်ဦးချင်း စစ်ဆေးစေတယ်"

နောက်တစ်နေ့နံနက်(၈)နာရီတွင် ကိုညွန့်ဦးနှင့် ကိုဒေဝါတို့ နောင်သက်ဆွေထံ ရောက်လာသည်။ မနေ့ညက နောင်သက်ဆွေနှင့် အောင်မြင့်ထူး ပြန်လာပြီးနောက် ကိုဒေဝါက ရွှေမိုးဆောင်းကလပ်တွင် ဆက်ပြီး ဖြစ်ခဲ့သမျှကို နောင်သက်ဆွေအား ပြောပြနေခြင်း ဖြစ်ပါ၏။

"ရဲတွေရှာတော့ ... ဘာတွေတွေ့လဲ ကိုဒေဝါ ..."

ကိုဒေဝါ ပခုံးတွန့်ပြပြီး ဆက်ပြောသည်။

"မိတော့မိတယ် ... ဒါပေမဲ့ အဖျားအနား အကိုင်းအခက်ကိုပဲ မိတာပါ ... ပင်စည်နဲ့ ရေသောက်မြစ်ကို မမိဘူး ... စားပွဲထိုးသုံးယောက်စီက ပလတ်စတစ်အိတ်ထုပ်လေးတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ထည့်ထားတဲ့ အဖြူထုပ်(၃)ထုပ် မိတယ် … အထုပ်သေးလေးတွေပါ …"

"အဲဒီစားပွဲထိုးသုံးယောက်ကို စစ်ဆေးတော့ကော …"

"ကျုပ်ပြောပြီးပြီပဲ … ဒီကောင်တွေက အကိုင်းအခက်အဖျားပိုင်းတွေပါလို့ သူတို့ကို အဲဒီအထုပ်ပေးခိုင်းတဲ့လူက တစ်နေ့တစ်ယောက်ပြောင်းပြီး ပေးတာတဲ့ … သူတို့ မမြင်ဘူး … မသိဘူးတဲ့လူတွေချည်းပဲတဲ့ … တစ်ထုပ် ဖြန့်ဝေပေးရင်း နှစ်ရာရတယ်တဲ့ … အထုပ်ကို ကပွဲလုပ်ချိန်ကျမှ ဖြန့်ရတယ်တဲ့ … ခိုင်းတဲ့လူက အဲဒီအချိန်ကျမှ ရောက်လာပြီး အထုပ်ပေးရမဲ့ … ကနေတဲ့အတွဲတွေထဲက သူကို ညွှန်ပြတယ်တဲ့ … စားပွဲထိုးက အဲဒီလူနားကပ်သွားပြီး သူ့အိတ်ထဲ အထုပ်ထည့်ပေးလိုက်ရုံပဲတဲ့ … ဒါကြောင့် အထုပ်လက်ခံတဲ့လူကိုလည်း သူမသိဘူးတဲ့ …"

"ဘူးကွယ်တာပါပဲလား …"

"ဒါမျိုးတွေက ဒီလိုနည်းတွေကိုသုံးပြီး ဖြန့်ဝေတတ်တာပဲ ကိုနောင်သက်ဆွေ … စားပွဲထိုးတွေဟာ သိလျက်နဲ့ ဘူးကွယ်တာလည်း ဖြစ်နိုင်တယ် … ဒါမှမဟုတ် တခြားပဥ္စလက်နည်းနဲ့ ဖြန့်တာမို့ စားပွဲထိုးက တကယ်မသိတာလည်း ဖြစ်နိုင်တာဘဲ … ဘာပဲဖြစ်ဖြစ် စားပွဲထိုးသုံးယောက်စီမှာ တစ်ထုပ်စီ အထင်ကရ မိထားတော့ အဲဒီစားပွဲထိုးသုံးယောက် ထောင်ကျမှာကော့ သေချာတယ် …"

"မစောမှုနန်းကိုကော … ခင်ဗျားတို့ မစစ်ဆေးဘူးလား။



မနေ့ညက ကျွန်တော်နဲ့ အောင်မြင့်ထူးကို ကိုဒေဝါက ပြန်ခွင့်ပေးတော့ … ကလပ်အပြင်ဘက် ကော်ရစ်ဒါမှာ မစောနန်းမှူ ရပ်နေတာကို ကျွန်တော် မြင်ခဲ့တယ် …"

"မစစ်ဆေးဘဲ … ဘယ်နေပါ့မလဲ ကိုနောင်သက်ဆွေ … ဒါပေမဲ့ မပိုင်ဘူးလေဗျာ … ဒီကလပ် အဆောက်အဦကို သူပိုင်တာတော့ မှန်တယ်တဲ့ … ဒီရွှေမိုးဆောင်းညကလပ်ကို သူဖွင့်တာလည်း အမှန်ပဲတဲ့ … ဒါပေမဲ့ သူ့ရဲ့ညကလပ်ကို ခုတုံးလုပ်ပြီး အဖြူဖြန့်ဝေနေတာကို သူမအနေနဲ့ ဘာသိနိုင်မှာတဲ့လဲတဲ့ … ဒါတောင် ကလပ်ကိုလာတဲ့သူတွေကို သေချာစစ်ဆေးပြီးမှ လက်ခံမှန်း သက်ဆိုင်ရာတွေ အသိပဲတဲ့ … တိုတိုပြောရရင် စောမှုနန်းကို စစ်ရုံကလွဲပြီး ကျုပ်တို့ အရေးမယူနိုင်ဘူးဆိုပါတော့ … ဒါကြောင့် ပြန်လွှတ်ပေးလိုက်ရတယ် …"

"စောမှုနန်းဟာ … ကျွန်တော်နဲ့အတူ ညရထားစီးလာတဲ့ နန်းမူ ဖြစ်တာသေချာတယ် … ကျွန်တော့်စာကို ခိုးဖောက်ဖတ်တယ်ဆိုကတည်းက နန်းမူဟာ … ကိုနဂါးတို့နဲ့ အဆက်အသွယ်ရှိရမယ် … အဲဒီနန်းမူဟာ ရွှေမိုးဆောင်းကလပ်ပိုင်ရှင် စောမူနန်းဟာ ကိုနဂါးတို့အဖွဲ့ထဲက ဖြစ်ရမယ် …"

"အဲဒီလိုဆက်စပ်ပြီး ကျုပ်တို့လည်း တွေးမိတာပေါ့ဗျာ … ဒါပေမဲ့ ခိုင်လုံတဲ့သက်သေ အထောက်အထားမရှိတော့ … ကျုပ်တို့ သူ့ကို ဘာမှမလုပ်နိုင်ဘူး ကိုနောင်သက်ဆွေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... အခု ကျွန်တော်နဲ့ ခင်ဗျားတို့ ဘာဆက်လုပ်ကြမလဲ ..."

ကိုညွန့်ဦး ချက်ချင်းမဖြေပေ။

ကြည့်ရသည်မှာ မိမိ၏ လုံခြုံမှုအတွက် ကိုဒေဝါက မနေ့ညက အထင်ကရ သေနတ်ဖောက် အထင်ကရ ဖော်လိုက်ရသည့်အတွက်ရော နေ့မိုးဆောင်းကလပ်ကို သေချာရှာဖွေရာတွင် ဘာမျှဖြစ်မလာသည်တို့ကိုရော စိတ်ပျက်လက်ပျက် ဖြစ်နေပုံရသည်။

"ဆရာဦးငွေငြိမ်းဆီကအမိန့်ကို စောင့်ပြီးမှ ဘာ ဆက်လုပ်ရမယ်ဆိုတာ သိရတော့မှာပဲ ... မနေ့ညက အဖြစ်အပျက်အားလုံး ဆရာဦးငွေငြိမ်းဆီ သတင်းပို့ တင်ပြပြီးပြီ ... ကျုပ်စိတ်ထင်တော့ ကျုပ်တို့ကို ရန်ကုန်ပြန်လာခဲ့လို့ ပြန်ခေါ်မယ် ထင်တာပဲ ..."

ဒီနောက်မှာတော့ ကိုညွန့်ဦးနှင့် ကိုဒေဝါတို့ နောင်သက်ဆွေကို နှုတ်ဆက်ပြီး ပြန်သွားကြသည်။

နောင်သက်ဆွေသည် အိပ်ရာပေါ် ပစ်လှဲလိုက်သည်။

မိမိအနေနှင့် ဘာဆက်လုပ်လို့ ဘာဆက်ကိုင်ရမှန်းမသိ ဖြစ်သွားသည်။

အကယ်၍သာ ဦးငွေငြိမ်းက ကိုညွန့်ဦးနှင့် ကိုဒေဝါကို ရန်ကုန်သို့ ပြန်ခေါ်လျှင် တောင်ကြီးတွင် မိမိအတွက် အားငယ်စရာ ကောင်းလှသည်။ မိမိမှာ တောင်ကြီးတွင် ယောင်ချာချာ ဖြစ်



နေတော့မည်။

ဒါဆို မိမိရော ရန်ကုန်သို့ ပြန်မည်လား ... မပြန်ချင်သေး။ ယုဝါကိုတွေ့ရန် တောင်ကြီးသို့ မိမိ လာခဲ့သည်။ ယုဝါကို လုံးဝမတွေ့ရဘဲလျက် ရန်ကုန်သို့ပြန်မည်ဆိုပါက မိမိ၏လုပ်ဆောင်ချက်တွေသည် ဘာအဓိပ္ပာယ်ရှိတော့မည်နည်း။

တောင်ကြီးဝယ် တစ်လမ်းဝင်တစ်လမ်းထွက်နှင့် ယုဝါကို ရှာချင်သေးသည်။ မရေရာသော ရှာဖွေမှု ဖြစ်လင့်ကစား မိမိတွင် ယုဝါ၏ဓာတွေ ငယ်ထိပ်မှ ခြေဖျားတိုင်အောင် ကပ်နေသည်။

စိတ်ပျက်ပျက်နှင့် နံနက်စာပင် ဆင်းမစားတော့ဘဲ အခန်းအောင်းကာ အိပ်ပစ်လိုက်သည်။

မွန်းလွဲပိုင်းကျမှ ပြန်နိုးသည်။

ရေချိုးအဝတ်လဲပြီး အောက်ထပ်သို့မဆင်းဘဲ နံနက်စာကို လာပို့ရန် ဖုန်းဆက်ပြီး အခန်းမှာပင် စားလိုက်သည်။

စားသောက်ပြီးပါက အောင်မြင့်ထူးကို ဖုန်းဆက်ခေါ်ကာ သူ့ကားနှင့် တောင်ကြီးကို ပတ်မွှေကာ ယုဝါကို ရှာဖွေမည်ဟု မှတ်ယူလိုက်သည်။

စားသောက်ပြီး တစ်ခဏအတွင်းမှာပင် ဖုန်းမြည်သံထွက်လာသည်။ ကိုညွန့်ဦးထံမှသော်လည်းကောင်း၊ အောင်မြင့်ထူးထံမှသော်လည်း လာသောဖုန်းဖြစ်တန်ရာသည်။

တောင်ကြီးတွင် ဒီလူနှစ်ယောက်မှအပ မိမိသို့ ဖုန်းဆက်မည့်သူ မရှိ။ ဖုန်းကောက်ကိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အမိန့်ရှိပါ ... နောင်သက်ဆွေပါ ... "

"ကိုနောင်သက်ဆွေကိုယ်တိုင်ပြောနေတာ ဟုတ်ပါတယ်နော် ... "

ဤအသံသည် ကိုညွန့်ဦးအသံမဟုတ်။

အောင်မြင့်ထူး၏အသံလည်း မဟုတ်။

တစ်ခါမျှ မိမိမကြားဘူးသော သူစိမ်းတစ်ဦး၏အသံမှန်း နောင်သက်ဆွေ သိသည်။

"ကျွန်တော်ကိုယ်တိုင် ပြောနေတာပါ ... ကျွန်တော့်အခန်းမှာ ကျွန်တော်တစ်ယောက်တည်း ရှိတာပဲဟာ ... "

"အဲဒါ ကောင်းတယ် ... တကယ်တော့ ခင်ဗျားဟာ အစကတည်းက လုပ်စရာရှိတာနဲ့ လုပ်ချင်တာကို ... ခင်ဗျားဘာသာ တစ်ယောက်တည်းလုပ်ဖို့ကောင်းတာ ... အခုခင်ဗျားတစ်ယောက်တည်းဆိုရင် ပိုကောင်းတာပေါ့ ... လုပ်စရာရှိတာကို တစ်ယောက်တည်းပဲ ဆက်လုပ်ပေါ့ဗျာ"

"ခင်ဗျား ဘယ်သူလဲ ... ခင်ဗျား ဘာကိုရည်ညွှန်းပြီး ပြောနေတာလဲ ... "

"ကျုပ် ဘယ်သူဆိုတာက အကြောင်းမဟုတ်ပါဘူး ... ကျုပ်ကိုယ်ကျုပ် ဓာတ်ကလို့ပြောလည်း ရတယ် ... အဲ ... မာဒဂ်လို့ ပြောရင်လည်းရတယ် ... နာမည်ဆိုတာ ဆက်သွယ်ရေးအတွက် သင်္ကေတတစ်ခုပဲ မဟုတ်လား ကိုနောင်သက်ဆွေ ... "

ချက်ချင်းပင် နောင်သက်ဆွေသည် ကမ်းခြေဦး



ဟိုတယ်တွင် ကိုအောင်စည်နှင့် တွေ့ဆုံခဲ့ပုံကို အမှတ်ထားလိုက်သည်။

ကိုအောင်စည်ကလည်း သူ့ကိုယ်သူ အောင်စည်ဟု အမည်ပေးခြင်းမှာ သင်္ကေတတစ်ခုဟုသာ ပြောခဲ့ဖူးသည်။

ယခုလည်း တစ်ဘက်မှ ဒီအဓိပ္ပာယ်မျိုး ပြောနေလေသည်။ ထိုသူသည် ကိုအောင်စည်ပင်လေလား။ ဒါဆို ကိုအောင်စည်က မိမိတို့ စတင်ဆက်သွယ်လေပြီခြင်းပေလား ... ။

"ဒီမှာ ကိုနောင်သက်ဆွေ ... ခင်ဗျား တောင်ကြီးကိုလာတာဟာ ... ဘာအဓိကနဲ့ လာတာလဲ ... "

"ရှင်းနေတာပဲ ... ယုဝါကို လာရှာတာ ... "

"ကျုပ်တို့ကလည်း အဲဒီလိုပဲ ယုံကြည်ထားပါတယ် ... ယုဝါကို ကိုနောင်သက်ဆွေနဲ့ တွေ့ပေးဖို့ ကျုပ်တို့ ဆုံးဖြတ်လိုက်ပြီ ... "

"ဘာဗျ ... အဲဒါ ... တ ... တကယ်လား ... "

"ကိုနောင်သက်ဆွေ ... စောစီလမ်း ခြံနံပါတ်(---)ကိုလာခဲ့ပါ ... တစ်ယောက်တည်း လာရမှာနော် ... အဖော်ပါလာရင်တော့ ယုဝါကိုတွေ့ဖို့ လုံးဝမမျှော်လင့်နဲ့ ... "

"အဲဒါ ... ယုဝါနဲ့မှားပြီး ကျုပ်ကို ခေါ်လိုက်တာလား ... ကျွန်တော့်ကို ရန်ရှာချင်လို့ ထောင်ချောက်ဆင်တာလား"

တစ်ဘက်မှလူက ရယ်ပါ၏။

"ကျုပ်တို့က ခင်ဗျားကို ရန်ရှာပါပြီတဲ့ ... အိုဗျာ ခင်ဗျားကို အသေသတ်လိုက်ပြီပဲ ထားပါဦး ... ကျုပ်တို့မှာ ဘာအကျိုး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ရှိမှာမို့လဲ … ခင်ဗျားကို အသေသတ်ချင်ရင် ကမ်းခြေဦးဟိုတယ် ရန်ကုန်မှာကတည်းက အသေသတ်ခဲ့ရင် ရသားပဲဟာ … ”

“ကျွန်တော် … ယုဝါနောက်ကို ခြေရာခံလိုက်နေတာဟာပဲ … ခင်ဗျားတို့မှာ အနှောင့်အယှက်ဖြစ်ပြီ … ကျွန်တော့်ကို လမ်းရှင်းအပျောက်ရှင်းချင်လို့ ဆိုရင်ကော … ”

“အတွေးမခေါင်နဲ့ ကိုနောင်သက်ဆွေ … ယုဝါဟာ ခင်ဗျားအတွက် သိပ်အမိကကျပေမဲ့ ကျုပ်တို့အတွက် အသေးအဖွဲ ဖြစ်သွားပြီ … ဟိုတုန်းကတော့ ပစ္စည်းဖလှယ်ရေးနဲ့ ဖြန့်ဖြူးရေးမှာ ကျုပ်တို့ ယုဝါကို အသုံးချနိုင်ခဲ့တာတော့ မှန်တယ် … ဒါပေမဲ့ အခုတော့ ယုဝါကို သက်ဆိုင်ရာ ရဲထောက်လှမ်းရေးတွေက လူကိုလည်း မှတ်မိသွားပြီ … ယုဝါနောက်ကိုလည်း လိုက်နေပြီ … ကျုပ်တို့အဖို့ ယုဝါဟာ လုံးဝ အသုံးမဝင်တော့ဘူး … ဒါကြောင့်လည်း ယုဝါကို အပြင်မထွက်စေဘဲ လုံးဝဝှက်ထားလိုက်တာ … ဟဲ … ဟဲ … ဟဲ”

တစ်ဖက်လူက ပြောရင်း ရယ်လိုက်ပါသေး၏။

“ဟဲ … ဟဲ … နောက်ပြီး ကိုနောင်သက်ဆွေက ယုဝါကိုမှ ယုဝါ တန်းတန်းစွဲ ချစ်နေတာကိုလည်း ကျုပ်တို့ ယုံကြည်တယ်လေ … ယုဝါကလည်း ခင်ဗျားကို တော်တော်ကြီးကို ချစ်ရှာပါတယ် … ဒါကြောင့်လည်း ခင်ဗျား ရဲထောက်လှမ်းရေးနဲ့ ပူးပေါင်းခဲ့တာကို … ကျုပ်တို့က နားလည်ခွင့်လွှတ်တယ် … ”



တစ်ဘက်မှ ထိုလူ၏ ပြောပြချက်တို့ကို နောင်သက်ဆွေ လက်ခံမိပေသည်။ သူဟို့၏ ဒုစရိုက်မှောင်ခိုလုပ်ငန်းနောက်သို့ မိမိက နဂိုတည်း လိုက်ခဲ့သူမဟုတ်။ ယုဝါနောက်သို့သာ လိုက်နေမှန်း သူတို့သဘောပေါက် လက်ခံသည်ဆိုလျှင် မိမိအား ရန်ရှာစရာ အကြောင်းမရှိဟု နောင်သက်ဆွေ မှတ်ယူယုံကြည်လိုက်သည်။

“ကောင်းပြီလေ … အခု ခင်ဗျားပြောတဲ့ စောစီလမ်း၊ ခြံအမှတ်(---)ကို ကျုပ်လာရင် ယုဝါကို တွေ့ရမှာ သေချာတယ်နော် … ”

“အခု … ကျုပ်တို့ပြောနေတာ ကလေးကစားနေတာမှမဟုတ်တာ … ”

“ဘယ်နေ့ ဘယ်အချိန် လာရမှာလဲ … စောစီလမ်းဆိုတာလည်း ကျွန်တော် မသိဘူး … တောင်ကြီးမှာ ကျွန်တော် မသွားဖူးတော့မလာတတ်ဘဲ … ”

“အခုပဲ လာခဲ့လေ … ခင်ဗျား တောင်ကြီးမှာ မသွားလာတတ်ပေမဲ့ တက္ကစီငှားပြီးလာ … တက္ကစီသမားတွေက ချောင်ကြိုချောင်ကြားအထိ လမ်းတွေအားလုံး သိကြတာပဲ … အဲ … ညဏ်များမယ်တော့ ခင်ဗျားမကြံနဲ့ … ကျုပ်တို့က ခင်ဗျား လှုပ်ရှားသမျှ စောင့်ကြည့်နေတာ … ခင်ဗျား ညဏ်များရင် ကျုပ်တို့က ကိုယ်ရောင်ဖျောက်လိုက်ရုံပဲ … ခင်ဗျားသာ ယုဝါကို တစ်သက်လုံး မတွေ့ရတော့ဘူးမှတ် … ”

www.burmeseclassic.com

www.burmeseclassic.com



"လုံးဝကြီးကို ညဏ်မများဘူး ... ဘယ်အဖော်တစ်ယောက်ကိုမှလည်း ခေါ်မလာဘူး ... ကျွန်တော်တစ်ယောက်တည်း လာမယ် ... စိတ်ချ ..."

"အေး ... ဒီလိုမှပေါ့ ... ဒါဆို အခုပဲ လာခဲ့ပေတော့ ..."

တစ်ဘက်မှ ဖုန်းချသံ ကြားရသဖြင့် နောင်သက်ဆွေလည်း ကိုင်ထားသောဖုန်းကို အသာဖြည်းဖြည်း ပြန်ချထားလိုက်သည်။

နောင်သက်ဆွေသည် ဝတ်ထားပြီးသော အဝတ်ပေါ်မှပင် ဂျာကင်ထပ်ဝတ်ပြီး အပြင်သို့ ထွက်လာခဲ့သည်။

အသင့်တွေ့သော တက္ကစီကားကို စောစီလမ်း သိလားဟု မေးပြီး သိသည်ဆိုသည်နှင့် တက်စီးလိုက်ပါလာခဲ့တော့သည်။

ပြောသည့်လိပ်စာအတိုင်း ရောက်လာပါ၏။ ခြံကြီးဝင်းကျယ်၏ အလယ်တွင် တစ်ထပ်တိုက်လေးတစ်လုံး ရှိနေသည်ကို တွေ့ရသည်။

ခြံတံခါး အသင့်ပွင့်နေသည်။

ခြံဝမှာပင် ကားရပ် ငွေရှင်းပြီး နောင်သက်ဆွေသည် တစ်ထပ်တိုက်လေးရှိရာသို့ လျှောက်ဝင်လာခဲ့သည်။

တစ်ထပ်တိုက်တံခါးပေါက် ပိတ်ထားသော်လည်း နောင်သက်ဆွေ တံခါးခေါက်ဖို့ပင် မလိုပေ။ တံခါးအနီးသို့ ရောက်သည်နှင့် တံခါးပွင့်လာသည်။ ကြိုဆိုသူ ထွက်လာသည်။

"သြော် ... သြော် ... မနန်းမူပါပဲလား ..."



"ဟုတ်ပါ့ ကိုနောင်သက်ဆွေ ... မီးရထားပေါ်တုန်းက မနန်းမူပါပဲ ... တောင်ကြီး ရောက်လာတော့ ... မစောမူနန်း ဖြစ်သွားတာတစ်ခုပဲ ... ခြားနားသွားတာပါ ..."

နောင်သက်ဆွေကို စောမူနန်းကပင်ဧည့်ဆီးကြိုပေသည်။ ယခုတော့ သူမသည် စောမူနန်းဖြစ်ကြောင်း ဝန်ခံပေပြီ။

အလိုအလျောက် ဝန်ခံခြင်းကပင်လျှင် သူမသည် ကိုနဂါး၊ ကိုအောင်တို့နှင့် ပတ်သက်သူမှန်း မိမိ သိသွားသော်လည်း အရေးမကြီးတော့ဟု အမှတ်ယ် သက်ရောက်ပေသည်။

နောင်သက်ဆွေက စေ့စိုက်ကြည့်သည်။

"ယုံပါကော ..."

"ရှိပါတယ် ... တွေ့မှာပါ ..."

စောမူနန်းက နောင်သက်ဆွေနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်မှာပင် ထိုင်လိုက်သည်။

"အခုတစ်ခါတော့ ... ကိုနောင်သက်ဆွေ ညဏ်မများဘဲ တစ်ယောက်တည်းလာတာကို ကျေးဇူးတင်ပါတယ်ရှင်"

"ကျွန်တော် ညဏ်များတယ် ... ညဏ်မများဘူးဆိုတာကို မစောမူနန်းက တပ်အပ်ပြောနိုင်လို့လား ..."

စောမူနန်းက မရယ်လိုပါဘဲလျက် ရယ်သံပြုသည်။ ရယ်သွမ်းသွေးဆိုပါတော့သည်။

"ကိုနောင်သက်ဆွေ လှုပ်ရှားသမျှကို ကျွန်မတို့က မျက်ခြည်မပြတ် ကြည့်နေတာပဲ ... ကိုနောင်သက်ဆွေ လှုပ်ရှားပုံတွေ နည်းမှားနေတယ် ..."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘာမှားတာလဲ ..."

"ကိုယ့်ချစ်သူကို ရှာဖွေတာပဲဟာ ... ကိုယ်တစ်ယောက်တည်း ကိုယ့်အစွမ်းအစနဲ့ ရှာသင့်တာပေ့ါ ... ကိုညွန့်ဦးတို့ရဲ့ အတယ်ကြက်အဖြစ်ခံပြီး တောင်ကြီးကို လိုက်လာတာ မှားတယ် ..."

"ဩော် ... မစောမူနန်းတို့ အဲဒီလောက်အထိတောင် သိနေကြသလား ..."

"ရန်ကုန်ဘူတာကြီးမှာ ကိုနောင်သက်ဆွေ ညအိပ်ရထား လက်မှတ်ဝယ်ကတည်းက ... ကျွန်မတို့ကလည်း ကိုနောင်သက်ဆွေရဲ့ အိပ်စင်တွဲကို ရအောင်ဝယ်ယူတယ် ... ဒါပေမဲ့ တောင်ငူဘူတာမှာ ကိုနောင်သက်ဆွေ အိပ်နေတုန်း စာလာပေးမှ ... စာကို ဖောက်ဖတ်လို့ ရဲထောက်လှမ်းရေးနဲ့ ကိုနောင်သက်ဆွေ ပူးပေါင်းမှန်း ကျွန်မတို့ သိရတာပေ့ါ။ အဲဒီက ဦးငွေငြိမ်းဟာ ... ကျွန်မတို့ကို ခြေရာခံနေတာ ကြာပြီပဲဟာ ... မှဆိုးနဲ့ သားကောင်ပေ့ါ ..."

နောင်သက်ဆွေ ဘာမျှမပြောဘဲ မစောနန်းမူကို စိုက်ကြည့်နေမိသည်။ သူမ၏ ပြောပြချက်များကလည်း မှန်နေပေသည်ကိုး။

"ဒါပေမဲ့ ... ကျွန်မတို့ ကိုနောင်သက်ဆွေအပေါ်မှာ သံသယ မရှိပါဘူး ... ကိုနောင်သက်ဆွေရဲ့ အဓိကဟာ ယုဝါဆိုတာမှန်း သေချာသိနေတာကိုး ... ယုဝါနဲ့ ပတ်သက်လာရင် ကိုနောင်သက်ဆွေ ဘာမဆို လုပ်မယ်မှန်း ကျွန်မတို့ နား



လည်ထားတာပဲ ..."

"ဒါဆို ... အခု ယုဝါကောဗျာ ..."

"ယုဝါကို ... ကိုနောင်သက်ဆွေ တွေ့ရမှာပါ ... ကိုနောင်သက်ဆွေအပေါ်မှာ ကျွန်မတို့ သံသယမရှိ ယုံကြည်ပေမဲ့ ကိုနောင်သက်ဆွေ ... ယုဝါကို ရှာပုံတော်ဖွင့်ရာမှာ ကျွန်မတို့ အထိနာသွားတာ နှစ်ခါတောင် ရှိသွားပြီ ... ပထမတစ်ခါက ရန်ကုန်ကမ်းခြေဦးဟိုတယ်မှာ ... ဒုတိယ အခု တောင်ကြီးက ရွှေမိုးဆောင်းကလပ်မှာ ... အဲဒီတော့ ကိုနောင်သက်ဆွေအပေါ်မှာ သံသယကင်းပေမဲ့ ... ဘာဖြစ်လို့ ရဲထောက်လှမ်းရေးနဲ့ ကိုနောင်သက်ဆွေ ပူးပေါင်းတာလဲဆိုတာ ပြောပြပါလား ..."

"ရန်ကုန်ကမ်းခြေဦးဟိုတယ်မှာတုန်းက ... ကျွန်တော်ဟာ ဘာရဲအဖွဲ့ ... ဘာထောက်လှမ်းရေးနဲ့မှ မပူးပေါင်းခဲ့ဘူး၊ ဒါပေမဲ့ ... ခင်ဗျားတို့အဖွဲ့က အဲဒီမှာ ကျွန်တော့်ကို မသေရုံတမယ် ဆော်လိုက်တာ ခံလိုက်ရတယ် ... တိုတိုပြောရရင် အခု ... တောင်ကြီး ယုဝါကို လိုက်ရှာရေးမှာ ကျွန်တော့်အတွက် လုံခြုံမှုလိုတယ် ... ဒါကြောင့် ရဲထောက်လှမ်းရေးနဲ့ ပူးပေါင်းတာ ... ဒါပေမဲ့ မနေ့ညက ရွှေမိုးဆောင်းကလပ်မှာ ဖြစ်သွားတာကတော့ ... ကျွန်တော့်ကျောင်းနေဘက် သူငယ်ချင်း အောင်မြင့်ထူးကြောင့် ထည့်တွက်မထားတဲ့ ရန်ပွဲကြီးဖြစ်သွားတာ ကျွန်တော့်အစီအစဉ်မှာ အဲဒီရန်ပွဲ ကိစ္စ ပုံးဝမပါခဲ့ဘူး ..."

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် … ရှင်းသည်ထက် ရှင်းသွားအောင် ကျွန်မ မေးပါရစေ … ကိုနောင်သက်ဆွေမှာ ရဲထောက်လှမ်းရေး သံယောဇဉ် လုံးဝမရှိဘူးပေါ့ ဟုတ်လား … "

"ကျွန်တော့်မှာ ယုဝါကလွဲပြီး တခြား ဘာသံယောဇဉ်မှ မရှိဘူး … အဲဒါကိုတော့ ယုံ … "

"ယုဝါဟာ ကျွန်မတို့အဖွဲ့ထဲက မိန်းကလေး … ရဲထောက်လှမ်းရေးက ခြေရာခံလိုက်နေတဲ့ မိန်းကလေးဆိုတာတွေကော ကိုနောင်သက်ဆွေ ထည့်မတွက်ဘူးလားရှင် … "

နောင်သက်ဆွေသည် မစောမှုနန်းအား စိုက်ကြည့်မိပြန်သည်။

သူမ၏ စွဲမက်စရာတွေ အလှအချောတွေကို ကြည့်ခြင်းမဟုတ်။

စောမှုနန်း၏ မျက်နှာလှလှလေးဝယ် ပုစ္ဆာတစ်ပုဒ် ရှိနေလေသလားဟု စူးစမ်းသောအကြည့် ဖြစ်ပါ၏။

မိမိကို ရဲထောက်လှမ်းရေးအဖွဲ့နှင့် သံယောဇဉ်ကင်းရဲ့လားဟု မေးသည်။ မိမိသည် ထောက်လှမ်းရေးနှင့် သံယောဇဉ်ကင်းကြောင်း သူ့ကို ယုံကြည်လျှင် သူတို့က မိမိကို ဘာလုပ်ပေမည်နည်း။

"အခု … ကျွန်တော့်စိတ်ထဲမှာ မစောနန်းမှု ပြောပြနေသမျှတွေဟာ … ကိစ္စတစ်ခုခုဆီကို ဦးတည်နေတယ်လို့ ထင်တယ် … ဘာမှန်းမသိအောင်လည်း စကားတွေက ဝေ့ဝိုက်လွန်းနေတယ် … တိုတိုရှင်းရှင်းနဲ့ လိုရင်းကို ပြောပါလား



မစောမှုနန်း … "

"ကောင်းပြီ … ရှင်းရှင်းနဲ့ တိုတိုကိုပဲ ပြောတော့မယ် … ကျွန်မတို့ ရှင့်ဆီက အကူအညီတစ်ခု လိုချင်တယ် … "

"ကျွန်တော် စွမ်းဆောင်နိုင်တာမျိုး ဖြစ်မလား … "

"သိပ်ဖြစ် … "

"တကယ်လို့ ကျွန်တော်က မကူညီဘူးဆိုရင်ကောဗျာ … "

"ရှင် … ယုဝါနဲ့တစ်သက်လုံး ပြန်မတွေ့ရတော့ဘူးပေါ့ရှင်"

"အခု ကျွန်တော့်ကို စောစီလမ်းကိုလာခဲ့ပါ … ယုဝါနဲ့တွေ့ရမယ်ဆိုတာကကော … "

"ဒါကတော့ … ယုဝါနဲ့တွေ့မပေးသေးခင် … အပေးအယူကိစ္စကိုတော့ ပြောရမှာပဲပေါ့ … ရှင်နဲ့အပေးအယူတည့်တာနဲ့ ယုဝါကို ရှင်တွေ့ကိုတွေ့စေရမယ် … "

"ခင်ဗျား ကတိမတည်ရင်ကော … "

"ကျားဟာ … သတ္တဝါတွေကို ကိုက်သတ်စားတတ်ပေမဲ့ သူ့မှာ သူ့မာနနဲ့ သူ့သိက္ခာတော့ရှိတယ်ပေါ့လေ … ကျားဟာ ဘယ်တုန်းက မြက်စားဖူးလို့လဲ … ကျွန်မတို့အဖွဲ့ဟာ ဒုစရိုက်လုပ်ငန်း လုပ်ပေမဲ့ … ပေးပြီးသား ကတိကိုတော့ တည်စေရတယ် … ဒီလိုကတိမတည်ရင် ဥပဒေအပြင်ဘက်မှာ လုပ်ငန်းလုပ်နေသူတွေအချင်းချင်း သတ်ပွဲတွေတဂျိန်းဂျိန်း ဖြစ်ကုန်မှာပေါ့ရှင် … ဒီတော့ ရှင်နဲ့အပေးအယူတည့်တာနဲ့ ယုဝါကို ရှင်တွေ့ရပြီမှတ် … အဲ … ရှင့်ဘက်ကလည်း ကတိတည်ရမှာနော် … ရှင်ကတိမတည်ရင်တော့ …

www.burmeseclassic.com

www.burmeseclassic.com



စောမူနန်းက ဆက်မပြောဘဲ သူမ၏ ပခုံးလှလှကို သာ တွန့်ပြလိုက်သည်။

"ကတိမတည်ရင် ဘာပြုမှာလဲ ... "

"သတ်ပွဲပေါ့ ... ကိုနောင်ထက်ဆွေရဲ့ အလောင်းဟာ ... ရေတွင်းပျက်ထဲရောက်ချင်ရောက်နေမယ် ... လမ်းဘေး ရေမြောင်းထဲ ရောက်ချင်ရောက်နေမယ်ဆိုပါတော့ ... ဒါက လည်း အပေးအယူတည့်ပြီးမှ ကတိမတည်ရင်ပြောတာပါ"

"ကဲ ... ပြော ... ကျွန်တော် ဘာပေးရမလဲ ... ယူရမှာက တော့ ယုဝါမှန်း သိပြီလေ ... "

"အဲဒါကျတော့ ကျွန်မမှာ ပြောပိုင်ခွင့်မရှိဘူး ... ရှင့်ကို သီးသန့်ပြောမဲ့သူ ရှိတယ် ... အဲဒီလူဆီမှာပဲ ယုဝါက ရှိနေ တာ ... "

"ကဲ ... အဲဒီလူနဲ့တွေ့မယ်ဗျာ ... ယုဝါနဲ့တွေ့မယ် ... အဲ ဘာလဲ ... ကျွန်တော် သီးသန့်တွေ့ရမယ်ဆိုတဲ့လူဟာ ... ကိုအောင်စည်ပဲ မဟုတ်လား မစောမူနန်း ... "

စောမူနန်းက ပြုံးပြန်သည်။

"ဟိုကျတော့ တွေ့မှာပေါ့ ... ကဲ ... ခဏလေးစောင့် ... ကျွန်မ အိပ်ခန်းထဲက သန့်ရှင်းရေးဝင်လိုက်ချင်လို့ ... မကြာ ပါဘူး ခဏပါ ... "

စောမူနန်း အိပ်ခန်းဝင်သွားသည်။ ယေဘုယျအား ဖြင့် အိပ်ခန်းနှင့် ရေအိမ်တွဲထားတတ်သည် မဟုတ်လား။

နောင်သက်ဆွေက စောမူနန်းကိုစောင့်ရင်း ...



စီးကရက်သောက်ရန် ဂျာကင်အိတ်ထဲရှိ စီးကရက်ဘူးနှိုက်ယူသည်။ ဂျာကင်အိပ်ထဲရှိ ဦးငွေငြိမ်း ယာယီပါမစ်ထုတ်ပေးထားသော သနတ်လေးပါလာသည်ကို လက်ဖြင့်ဖမ်းမိသည်။

ယခုလောက်ဆို ကိုညွန့်ဦး၊ ကိုဒေဝါတို့ ရန်ကုန်ပြန် သွားကြပြီ ပေပဲလား။

စီးကရက်ဘူးမှ တစ်လိပ်ထုတ်ယူမီးညှိ ရှူဖွာနေမိ သည်။

စီးကရက်ထက်ဝက်ပင် မကျိုးမီ စောမူနန်း ပြန် ထွက်လာသည်။

နည်းနည်းပါးပါး အလှပိုပြင်လာမှန်း နောင်သက် ဆွေ သတိထားမိသည်။ အင်း သိန်းငါးဆယ်တန်ကြီးပါလားဟု နောင်သက်ဆွေ ရင်ထဲက ပြုံးမိသည်။ သို့တိုင်အောင် သူမက နောင် သက်ဆွေကို လက်ထပ်ချင်ပါသည်။ သိန်းငါးဆယ်ပါလာဖို့ မလိုပါဟု ဆိုလာလျှင်တောင် နောင်သက်ဆွေက ဦးခေါင်းကို ဒရစပ် ယမ်းပြ ငြင်းဆန်မည်သာ။

နောင်သက်ဆွေအဖို့ ယုဝါမှ ယုပါသာလျှင် မဟုတ် လား။ ဘယ်လောက်ငွေတွေပါပါ။ ဘယ်လောက် ရုပ်ချောချော ယုဝါနေရာတွင် ဘယ်သူ့ကိုမှ အစားမထိုးနိုင်သောကြောင့်ပါတည်း။

"ဆရာကြီး ငိုင်လှချည်လား ... ကြည့်လှချည်လား ... လာ သွားကြစို့တော့လေ ... "

နောင်သက်ဆွေ စီးကရက်ထက်ဝက်ကျိုးကို ပြာခံ ခွက်ထဲ့ထိုးချေပြီး ထရပ်လိုက်သည်။ ရှေ့မှသွားသော စောမူနန်း

www.burmeseclassic.com

www.burmeseclassic.com



၏ နောက်မှ လိုက်သွားသည်။ ခြံထဲတွင်ရပ်ထားသော ဆန်နီဆလွန်းကားဆီသို့ ရောက်လာသည်။ ကားပေါ်ရှိ မောင်းသူနေရာတွင် မောင်းသူအသင့်ရှိနေသည်။

"ကိုနောင်သက်ဆွေရှေ့မှာ ထိုင်ပေါ့ ... "

နောင်သက်ဆွေ ပြုံးရပြန်သည်။ သိန်းငါးဆယ်တန်ကြီးက နောက်ခန်းကူရှင်တွင် သူမနှင့်အတူ မိမိတွဲထိုင်လျှင် သိန်းငါးဆယ်တန်ဖိုး ကျသွားမည်ကို စိုးရိမ်ဟန်တူပါလေ၏။ ရှေ့ခန်းမှာပင် ထိုင်လိုက်သည်။

"မောင်းတော့ဟေ့ ရှိန်းမောင် ... ဘယ်သွားမယ်ဆိုတာ မင်းသိပြီးသားပဲ ... "

ရှိန်းမောင်ဆိုသည့် မောင်းသူကို နောင်သက်ဆွေ ယခုမှသေချာကြည့်မိသည်။

ရန်ကုန်ကမ်းခြေဦး ဟိုတယ်မှာတုန်းက ကိုအောင်စည်အခန်းသို့ မိမိကိုလာခေါ်သွားသော စားပွဲထိုးဖြစ်မှန်း နောင်သက်ဆွေ မှတ်မိသည်။

ရှိန်းမောင်က မောင်းထွက်လာသည်။ ဘယ်ကိုပဲမောင်းမောင်း နောင်သက်ဆွေက လမ်းတွေမှမသိတာ မောင်းရာသို့ လိုက်ပါဖို့သာ ရှိသည်။

နောင်သက်ဆွေ လမ်းတွေ အိမ်တွေကို မှတ်သားဖို့ စိတ်မကူး။

အကြောင်းမှု ယခုရောက်ခဲ့သော စောစီလမ်းမှ မစောနန်းမူ၏ တစ်ထပ်တိုက်အိမ်လေးသည် နောက်တစ်ခါသွားပါ



က အိမ်ရှင်အသစ်ပုံစံ အသစ်ဖြစ်နေခြိမ့်သည်။ ထိုအိမ်ရှင်သစ်က အမှုနန်းကို သူတို့မသိပါ။ နာမည်ပင်မကြားဘူးပါဟု ဖြေလေမည်သာ။

ကိုအောင်စည်ကို လှုပ်ရှားပုံကိုက နေရာအတည်တကျ ထားရှိခြင်းမျိုး မဟုတ်သောကြောင့် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



(၁၄)

ရှိန်းမောင်သည် စကားတစ်ခွန်းမျှ မပြောဘဲ ကား ကိုသာ ဖိမောင်းနေသည်။

ကားပေါ်ရောက်ပြီးနောက် စောမူနန်းကလည်း စကားမပြောတော့ပေ။

နောင်သက်ဆွေစိတ်ထဲတွင် သို့လော သို့လော နှင့် ငြိမ်သက်စွာပင် လိုက်ပါခဲ့သည်။

မြို့စွန်သို့ ရောက်လာပုံရသည်။ အိမ်တွေတစ်အိမ်နှင့် တစ်အိမ် အလှမ်းကွာသော အစွန်အဖျား ဖြစ်သည်။

မောင်းလာရာမှ မြေနီလမ်းရှိရာ လက်ဝဲဘက်သို့ ကားကွေ့ဆက်မောင်းသည်။ ပြီး တစ်ဆေးမှာပင် ခြံကြီးတစ်ခြံ သို့ ကားမောင်းဝင်ရောက်လာပါ၏။ ခြံအလယ်တွင် နှစ်ထပ်တိုက် တစ်လုံးရှိသည်။ ခေတ်မီလှပသော တိုက်အိမ်လေး ဖြစ်ပါ၏။

နှစ်ထပ်တိုက်အိမ်၏ ဆင်ဝင်အောက်တွင် ရှိန်း



မောင်က ကားရပ်လိုက်သည်။

ကားပေါ်မှ ဆင်းကြသည်။

ရှိန်းမောင် တံခါးခေါက်စမ်း၊ ထုံးစံအတိုင်းခေါက်။

ရှိန်းမောင်က ပထမသုံးချက်ခေါက်သည်။ ငါးစက္ကန့် ခြားပြီး နောက်ထပ်နှစ်ချက် ခေါက်သည်။ နောက်ထပ် ငါးစက္ကန့် ခြားပြီးမှ သုံးချက်ထပ်ခေါက်သည်။

အတွင်းမှ တံခါးဖွင့်လိုက်ပါ၏။

ပွင့်သွားသောတံခါးပေါက်တွင် ကျွဲပေါက်ကို နဂါး သည် မားမားကြီးရပ်ပြီး နောင်သက်ဆွေတို့ အပြုံးခံအပြောဖြင့် နှုတ် ဆက် စကားဆိုပေသည်။

"ဩော် ... ကိုနောင်သက်ဆွေပါလာသားပဲ ... ကဲ ... အထဲ ဝင် ..."

စောမူနန်း ရှေ့ကဝင်သည်။

နောင်သက်ဆွေက နောက်မှဝင်လိုက်သည်။

ရှိန်းမောင်က အိမ်ထဲမဝင်ဘဲ အပြင်မှာပင် ကျန်ခဲ့ သည်။

နောင်သက်ဆွေအဖို့ တွေးကြည့်လျှင် ခြသေ့်ဂူထဲဝင် ခဲ့သော သမင်တစ်ကောင်လို ဖြစ်နေသည်။ ကိုနဂါး၊ ကိုအောင်စည် တို့သည် တကယ့်ဒုစရိုက်ကောင်ကြီးတွေ ဖြစ်သည်။ ကိုနဂါးချိုပိုး သယ်ယူပြေးသော မစ္စတာဒေးဗစ်သည် နောက်နေ့တွင် အလောင်း အဖြစ် လမ်းဘေးတွင် တွေ့ရသည်ကို သတိရမိသည်။

မိမိကိုယ်တိုင်လည်း ကမ်းခြေဦးဟိုတယ်တွင် မသေ

www.burmeseclassic.com

www.burmeseclassic.com



ရုံ တခြယ် အတီးခံရဖူးခဲ့ပြီ။

ဩော် ... ယုဝါအတွက် နောင်သက်ဆွေ စွန့်ဒေ
လွန်းလှပါတကား။

အထူးသဖြင့် နောင်သက်ဆွေအဖို့ တောင်ကြီးမြို့
အရှေ့အနောက်တောင်မြောက်ကိုပင် မသိသေး၊ ဘယ်နေ
ရောက်နေမှန်းလည်းမသိ၊ အကြောင်းဖြစ်လာ၍ အပြင်သို့လွ
အောင် ပြေးထွက်နိုင်သည်ဆိုဦးတော့ ရဲစခန်းဘယ်နေရာကွင် ရှိမှ
မသိ။

ရန်ကုန်မှာဆိုပါက လမ်းပေါ်ရောက်သည်နှင့် မိမိ
ဘယ်အရပ် ဘယ်လမ်းကိုရောက်နေမှန်း ခက်ခနဲသိသည်။

မတတ်နိုင်ပြီ။

ရှိုင်းရှိုင်းပုံခိုင်းရလျှင် ဝက်ဖြစ်မှတော့မစင်မကြောက်
တော့ပြီ၊ ဖြစ်ချင်ရာ ဖြစ်ပလေ့စေတော့။

အသက်ကို ဉာဏ်ဖြင့်စောင့်ဖို့သာ အဓိကထားလိုက်
တော့သည်။

"လာ ... လာ ... လာဗျို့ ... ကိုနောင်သက်ဆွေ ... ကောင်း
မြတ်သောမင်္ဂလာနဲ့ ကိုနောင်သက်ဆွေကို ကြိုဆိုပါတယ်"

ကိုအောင်စည်၏အသံကို ကြားရသည်။ လူတစ်
ယောက်လုံးကိုလည်း တွေ့မြင်ရပြီ။

ကိုနဂါး၊ ကိုအောင်စည်နှင့် ယုဝါတို့သည် ပိုကာ
ကစားနည်းနှင့် ပြောရလျှင် သုံးချပ်တွဲ အတွဲတစ်တွဲ ဖြစ်နေပါ၏။

ကိုနဂါးနှင့် ကိုအောင်စည်ကို တွေ့ရပြီဆိုလျှင် ယုဝါ



ကို တွေ့ရတော့မည်မှာ မလွဲကေန်ဟု တွက်နိုင်ပေပြီ။

ကိုအောင်စည်က ဧည့်ခန်းဆိုဖာတွင် ထိုင်နေရာမှ
ထလာပြီး နောင်သက်ဆွေကို လက်ဆွဲနှုတ်ဆက်သည်။

ဆိုဖာများတွင် ကိုနဂါးမှအပ အားလုံးထိုင်ကြသည်။
ကိုနဂါးကတော့ အနီးဆုံးပြတင်းပေါက်ကို ကျောမှီပြီး ရပ်နေသည်။

"ကျွန်တော်ကစပြီး တောင်းပန်စကားပြောရမှာပဲ ...
ရန်ကုန် ကမ်းခြေဦးဟိုတယ်မှာ ကျွန်တော့လူတွေ ကိုနောင်
သက်ဆွေကို လက်လွန်သွားတဲ့အတွက် တောင်းပန်တာပါ။
ကိုနောင်သက်ဆွေ နဂိုအတိုင်း ပြန်ကောင်းပါ့မလားလို့
တောင် ကျွန်တော် စိုးရိမ်စိတ်ဖြစ်ရပါသေးတယ် ..."

နောင်သက်ဆွေက ပြုံးပါ၏။

ကျွန်တော့်ကို အကျော်အမော် ဗေဒင်ဆရာတွေက
ဟောထားတယ်။ ကျွန်တော် အသက်ရှစ်ဆယ်အထိ ကောင်းစွာ
ပကတိ ကျန်းမာစွာရှိမယ်တဲ့ဗျ ... ။

"ဟဲ ... ဟဲ ... ဟဲ"

နောင်သက်ဆွေ တမင်ရွဲ့ပြောမှန်းသိသောကြောင့်
ကိုအောင်စည်က ရယ်ပါ၏။

"ဟုတ်မယ် ... ဟုတ်မယ် ... ကိုနောင်သက်ဆွေဟာ
ဗေဒင်ဟောကိန်းအားကိုးနဲ့မို့ အလွန်မိုက်မဲတဲ့ အပြုအမူတွေ
ပြုတာလို့ပဲ ကျွန်တော် သဘောပေါက်ပါ့မယ် ..."

နောင်သက်ဆွေ ထပ်မပြောတော့ဘဲ ရှာဖွေမျက်
လုံးဖြင့် ယုဝါကို တိုက်ထဲတွင် ရှာဖွေကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



သားနားခမ်းနားပြီး ဖုန်မှုန့်တစ်မှုန့်မရှိအောင် ပရိဘောဂတွေက သန့်စင်တောက်ပပါ၏။

သို့သော် ဤနေရာ ဤအိမ်သည် နက်ဖြန်ကျလျှင် တစ်မျိုးသောပုံစံဖြင့် သူတို့စခန်းမဟုတ်တော့ပြီမှန်းကိုလည်း နောင်သက်ဆွေ သိသည်ပင်။

ယုဝါကိုမတွေ့ရပေ။ ကိုအောင်စည်နှင့်အပေးအယူ စကားမတည့်သေးမီ ယုဝါကို တွေ့ရမည်မဟုတ်သည်ကို နောင်သက်ဆွေ သဘောပေါက်ရပါ၏။

“မစောမူနန်း ပြောထားလို့ ကျွန်တော်သိသင့်သလောက် သိထားပြီးပြီ ကိုအောင်စည် ... တကယ်လို့သာ ကမ်းခြေဦး ဟိုတယ်မှာ တွေ့ကြစဉ်ကတည်းက အပေးအယူစကား ပြောပြီး သင့်မြတ်ရင် ... ယုဝါ့ကို ပြန်တွေ့ပေးမယ်လို့ ... ကိုအောင်စည်ပြောခဲ့ရင် ... ကျွန်တော်က ဦးငွေငြိမ်းတို့ ကိုညွန့်ဦးတို့နဲ့တောင် ပူးပေါင်းစရာမလိုတော့ဘူးပေါ့ဗျာ”

“ဒါတွေ ပြန်ပြောနေလို့ အကြောင်းမထူးတော့ဘူး ကိုနောင်သက်ဆွေ ... မှန်တာပြောရရင် ... ရန်ကုန်က ကမ်းခြေဦး ဟိုတယ်နဲ့ ဒီတောင်ကြီးက နွေမိုးဆောင်းကလပ်သာ မပြိုကွဲရင် ကျွန်တော်တို့အနေနဲ့ ကိုနောင်သက်ဆွေနဲ့အပေးအယူ လုပ်စရာပြောစရာလည်း တစ်ခုမှရှိမှာမှ မဟုတ်တာ၊ ကဲပါလေ ... ဒါတွေထားလိုက်ပါတော့ ...”

ငြိမ်းသွားကြပြန်သည်။

နောင်သက်ဆွေကပဲ မနေနိုင်မထိုင်နိုင် သူ၏ဆန္ဒကို



တ်ဖော်ပြောလိုက်သည်။

“ကျွန်တော် ယုဝါကိုတွေ့ချင်တယ် ...”

“အား ... ဟုတ်သားပဲ ... ယုဝါကိုတွေ့ချင်လို့ ကိုနောင်သက်ဆွေ သရဲမကြောက် တစ္ဆေမကြောက်လိုက်လာတာပဲ ဟာ ... တွေ့ရမယ် ... တွေ့ရမယ် ... ယုဝါကို ခင်ဗျားတွေ့ရမယ် စိတ်ချ ...”

“အခုလား ...”

“ကိုနောင်သက်ဆွေနဲ့ ကျွန်တော်နည်းနည်းပါးပါးဆွေးနွေးကြလို့ ညီညွတ်သွားရင်ပေါ့ဗျာ ... အခု ကျွန်တော် ဆွေးနွေးမှာက ...”

စောမူနန်း ကြားဖြတ်ပြောလိုက်သည်။

“ဒီမယ် ... ကိုစည် စောမူပြောချင်လို့ ...”

“ပြောလေ ... စောမူ ဘာပြောချင်လဲ ...”

“ပြောစရာရှိတာတွေ ကိုနောင်သက်ဆွေကို ရာနှုန်းပြည့် ပြောသင့်ပါရဲ့လားဆိုတာ ကိုစည်စဉ်းစားဖို့ပါ ... မလွန်ခင် စောမူက သတိပေးတာပါ ကိုစည် ...”

ကိုအောင်စည်က စောမူနန်းဘက်သို့လှည့်ပြီး မပြုံး ခပ်တည်တည်နှင့်ပင် ပြန်ပြောလိုက်သည်။

“စောမူဟာ ... ကိုယ့်ကိုအမြဲတမ်း အကြံကောင်းဉာဏ်ကောင်းတွေ ပေးလေ့ရှိခဲ့တယ် ... တင်ကြိုသတိပေးလေ့လည်း ရှိတာပဲ ... အဲဒီအတွက် ကိုယ်က စောမူကို အမြဲ ကျေးဇူးတင်ပါတယ် ... ဒါပေမဲ့ ... စောမူ အကြံပေးတာကို

www.burmeseclassic.com

www.burmeseclassic.com



စောမူ တင်ကြိုသတိပေးတာကို ကိုယ်လက်ခံချင်မှ လက်ခံ တယ် … လုပ်ချင်မှ လုပ်တယ်ဆိုတာ စောမူသိပြီးသား ကွာ … ကိုယ့်စိတ်ဓာတ်ခံယူချက်က ယောက်ျားတွေရဲ့ အလုပ်ကို ယောက်ျားတွေရဲ့ဦးနှောက်နဲ့ ဆုံးဖြတ်ပြီးလုပ် တာဟာ အကောင်းဆုံးလို့ ကိုယ်ခံယူတယ် … ”

ကိုအောင်စည်သည် အပြောချိုပြီး လက်ပါသော လူစားမျိုး ဖြစ်ပါ၏။

“ဒါတော့ ဒါပေါ့ကိုစည် … ဘာပဲဖြစ်ဖြစ် ကိုနောင်သက်ဆွေ ကို တစ်အားကြီးလျှော့တွက်လို့တော့ မဖြစ်ဘူးထင်တယ် သူ ယုဝါနောက်ကို တစိုက်မတ်မတ် လိုက်လာကာဆိုတာ ကို ယုံကြည်ရပေမဲ့ … သူ ဒီလိုလုပ်လာတိုင်း စောမူတို့ဘက် က ခံသွားရတာချည်းပဲ မဟုတ်လား … ရန်ကုန်က ကမ်း ခြေဦးဟိုတယ် … ဒီကောင်ကြီးက နွှေမိုးဆောင်းကလပ် ဟာ ကိုနောင်သက်ဆွေကြောင့် ပြိုပျက်သွားရတယ် … ဝယ် ပေါက်တွေဝိတ်ကုန်ရတယ် မဟုတ်လား ကိုစည် … ”

“ခေါက်ထားစမ်းပါ … ကမ်းခြေဦးနဲ့နွှေမိုးဆောင်းဟာ စာမဖွဲ့လောက်ပါဘူး … ကိုယ်တို့အတွက် အသေးအဖွဲပါ စောမူ … ”

“ရှင် … ကိုစည် … ”

“ဟိုဒေါင့်က စားပွဲပေါ်မှာ အင်မတန်အမျိုးအစားကောင်း ပြီး တန်ဖိုးကြီးတဲ့ ဂျပန်လုပ် နောက်ဆုံးပေါ်လက်သည်းဆိုး ဆေး ကိုယ်ဝယ်လာတယ် … အဲဒီမှာ စောမူသွားထိုင်ပြီး



စောမူရဲ့ လက်သည်းလှလှလေးတွေကို ဆိုးနေပါလား စော မူ … ”

ကိုနဂါးက ဝင်ပြောသည်။

“ကောင်းတယ် … မင်း မှန်တယ်အောင်စည် … မင်းစိတ် ကူးဟာ အခုအခြေအနေအရ သိပ်ကောင်း သိပ်မှန်တယ် … ငါတို့ရဲ့ အဓိကလုပ်ငန်းအတွက် ဒီစာရေးဆရာဆီက အကူ အညီ ယူကိုယူရမယ် … ဒီနည်းလမ်းကလွဲပြီး … တခြား ငါလည်း စဉ်း စားလို့ မရဘူး … ”

ပြောရင်း ကိုနဂါးက စောမူနန်းကို ကြည့်လိုက်သေး သည်။

“အမျိုးသမီးတွေရဲ့ဦးနှောက်ဆိုတာက … မြွေခွေးဦးနှောက် ကျိုးကန်းဦးနှောက်မျိုးပဲ … ငါတို့ယောက်ျားဦးနှောက်ကမှ ခြင်္သေ့ဦးနှောက် ကျားဦးနှောက်ပဲကွာ … ဆက်ပြီး ဒီစာရေး ဆရာနဲ့ ဆွေးနွေးမှာ ဆက်ဆွေးနွေးပါ … စောမူအကြံပေး တာတွေ ထည့်မစဉ်းစားနဲ့ … ”

စောမူနန်း ထိုင်ရာမှထသွားသည်။

ခုနက အောင်စည်ပြောသော စားပွဲမှာ သွားထိုင် သည်။ သို့သော် အောင်စည်ဝယ်လာပေးသော လက်သည်းဆိုးဆေး ကိုတော့ မဆိုးပေ။

ယောက်ျားတွေအပေါ် သိန်းငါးဆယ်တစ်ရာပါမှဟု ရင်ကော့ပြီး မျက်နှာထားတင်းတင်းနှင့် ကြွေးကြော်ခဲ့သော စောမူ နန်းသည် အောင်စည်နှင့်ကျတော့ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးပါ

www.burmeseclassic.com

www.burmeseclassic.com



လားဟု နောင်သက်ဆွေ တွေးလိုက်ပါ၏။

ကိုအောင်စည်သည် သိန်းပေါင်းမြောက်မြားစွာ ရှိပေသူမို့လား မပြောတတ်။

ကိုအောင်စည်ကပင် စကားဆက်ပြောလိုက်ပြန်သည်။

"ကျုပ်တို့ ကိုနောင်သက်ဆွေနဲ့ ဘယ်လိုအပေးအယူလုပ်ချင်တယ်ဆိုတာ စောမူဆီက ကိုနောင်သက်ဆွေကြားသင့်သလောက် ကြားပြီရောပေါ့ ... "

"မစောမူနန်းဆီက ဘာကြားသင့်သလောက်မှ မကြားရသေးဘူး ... ကျွန်တော်နဲ့အပေးအယူသင့်မြတ်ရင် ယုဝါကို တွေ့ရမယ်ဆိုပြီး ဒီခေါ်လာတာလောက်ပဲ ရှိတယ် ... "

"ဒီစာရေးဆရာနဲ့ တိုရှင်းလိုရှင်းကိုသာ ပြောပါလား ... အောင်စည် သူက ယုဝါကို သိပ်တွေ့ချင်နေသူပဲဟာ ... "

"ကောင်းပြီ ... ကျုပ်လိုရှင်းပဲ ပြောမယ် ... ကျုပ်တို့အဖွဲ့ဟာ အဓိကဘာတွေလုပ်တယ်ဆိုတာကိုတော့ နောင်သက်ဆွေ သိလောက်ပြီပေါ့ ... "

"မှောင်ခိုပေါ့ဗျာ ... "

"ဟုတ်တယ် ... အသေးစားမဟုတ်ဘူး ... အလယ်အလတ်စားမဟုတ်ဘူး ... အကြီးစားမှောင်ခိုပဲ ... ပြည်တွင်းက တွင်းထွက်ကျောက်မျက်ရတနာအကောင်းစားတွေကို ပြည်ပမှာ ဈေးကြီးကြီးနဲ့ သွားရောင်းတယ် ... ပြည်ပက အလျှဉ်းသင့်သလို ဘိန်းဖြူနဲ့ရွှေချောင်း ပြန်သွင်းတယ်"



ဤသတင်းကို ရဲထောက်လှမ်းရေးအရာရှိကြီး ဦးငွေငြိမ်းထံမှ နောင်သက်ဆွေ ကြားခဲ့ပြီးသား ဖြစ်သည်။

ယခု ကိုအောင်စည်ကိုယ်တိုင် ဖွင့်ပြောသောအခါတွင် ဦးငွေငြိမ်းတို့ ရထားသောသတင်းမှာ အမှန်အကန်ပါလားဟု ရင်ထဲက ချီးကျူးမိသည်။

ကိုအောင်စည်က ဆက်ပြောပြန်သည်။

"ဟိုတုန်းကတော့ ... ဒီကပစ္စည်း ဟိုမှာဝယ်ယူတဲ့အဖွဲ့ ... အဲဒီအဖွဲ့က ပြန်ပြီး ဘိန်းဖြူ ရွှေချောင်းပြန်ဝယ်ကိစ္စမျိုးတွေကို မစ္စတာဒေးဗစ်ကိုပဲ ကျုပ်တို့သုံးတယ် ... မစ္စတာဒေးဗစ်အကြောင်းတွေကိုလည်း ဦးငွေငြိမ်းတို့ကတစ်ဆင့် သတင်းထောက်ကြီးကိုအောင်မောင်းကတစ်ဆင့် ကိုနောင်သက်ဆွေ ကြားပြီးသားနေမှာပါ ... "

နောင်သက်ဆွေ ခေါင်းညိတ်ပြသည်။

"အခု မစ္စတာဒေးဗစ်သေသွားပြီ ... တကယ်လို့ မစ္စတာဒေးဗစ်အသက်ရှင်နေသေးရင်လည်း ကျုပ်တို့က သူ့ကိုမသုံးတော့ဘူး ... သူ့ကို ဒီက ရဲထောက်လှမ်းရေးက သိသွားပြီပဲ ... အဲ ... မစ္စတာဒေးဗစ်သေသွားပြီးတဲ့နောက် ဦးငွေငြိမ်းတို့အဖွဲ့က ကျုပ်တို့ကို တအားဖိလိုက်နေတယ် ... ကျုပ်တို့အဖွဲ့ကလူတွေကိုလည်း တော်တော်ခြေရာခံမိနေပြီ ... ဘယ်သူဘယ်ဝါတွေဆိုတာကအစ ဦးငွေငြိမ်းတို့ သိထားပြီ ကျုပ်တို့အဖွဲ့သားတွေ မလှုပ်ရှားရဲတဲ့အခြေအနေ ရောက်နေပြီ ... "

www.burmeseclassic.com

www.burmeseclassic.com



နောင်သက်ဆွေ ဘာမျှပြန်မပြော ငြိမ်၍သာနား ထောင်နေသည်။

"ပစ္စည်းခြင်း အရောင်းအဝယ်လုပ်ဖို့ ချိန်းထားတာရှိနေတယ် ... အဲဒီအရောင်းအဝယ်ပျက်သွားလို့ မဖြစ်ဘူး ... ကျုပ်တို့ဘက်က ပျက်ကွက်ရင် ... ဒီလူတွေကို နောက်ထပ် ဆက်ဆံလို့မရတော့ဘူး ... အဲဒီတော့ ..."

"အဲဒီတော့ ... ဘာပြုလဲ ဆက်ပြောပါကိုအောင်စည် ..."

"ရှင်းရှင်းပြောရရင် ... ကိုနောင်သက်ဆွေရဲ့အကူအညီကို ကျုပ်တို့လိုချင်တယ် ... အပေးအယူလုပ်မယ်ဆိုတဲ့စကားကာ ... စကားအလှသုံးတာပါ ... တကယ်က ကိုနောင်သက်ဆွေဆီက အကူအညီကို လိုချင်တာပါ ..."

"ကဲပါဗျာ ... ဘယ်နေ့ဘယ်အချိန် ဘယ်နေရာ ဘယ်ဒေသမှာ ပစ္စည်းတွေ ဖလှယ်မယ်ဆိုတာကိုသာပြောပါကိုအောင်စည် ... လိုရင်းက ဒါပဲမဟုတ်လား ..."

"အခု ကျုပ်ပြောသမျှက အကြမ်းဖျဉ်းသဘောပဲရှိသေးတယ် ... အဲဒီအလုပ်ကို ကိုနောင်သက်ဆွေက လုပ်ပေးမယ် ... ကူညီမယ်ဆိုတဲ့ ကတိရမှ ... ကျုပ်အသေးစိတ်ပြောမှာပါ ... ကတိနော် ... ကတိ ..."

နောင်သက်ဆွေသည် သူ၏ဦးနှောက်ကို အပြင်းအထန် အလုပ်ပေးရတော့သည်။

မိမိသည် တက္ကသိုလ်တွဲ့ရပညာတတ် လူငယ်တစ်ဦးလည်းဖြစ်သည်။ စာပေသမားတစ်ဦးလည်း ဖြစ်သည်။ ကိုယ့်တိုင်း



ည် ကိုယ့်လူမျိုး ကိုယ့်ဘာသာ၏အကျိုးစီးပွားကို လိုလားသူလည်း ဖြစ်သည်။ မိမိရေးသားသော ဝတ္ထုများတွင် အခွင့်သင့်တိုင်း တိုင်းပြည်အကျိုး လူမျိုး၏အကျိုး ဘာသာ၏အကျိုးတို့ကို ထည့်သွင်းရေးသား ဖော်ပြလေ့လည်းရှိသည်။

ယခုလုပ်ဆောင်ပေးရမည်က တိုင်းပြည်နှင့်လူမျိုးအတွက် ထိခိုက်နစ်နာစေမည့်လုပ်ငန်း ဖြစ်နေသည်။

မိမိတိုင်းပြည်မှ တွင်းထွက်အစစ် အဖိုးတန်ကျောက်ရတနာတွေကို ဥပဒေဆန့်ကျင်ပြီး မှောင်ခိုလုပ်ပေးရမည်။ ဘန် ပြည်ပအဖွဲ့မှ ဘိန်းဖြူတွေ ယူလာပေးပါက ပြည်တွင်း လူငယ် လူရွယ်တွေအတွက် အလွန်အကျိုးယုတ်စေမည်။

မိမိလုပ်ဆောင်ပေးရမည့်အလုပ်မှာ တိုင်းပြည်နှင့် မျိုးအတွက် အသွားရော အပြန်ပါ မိအေးနစ်ခါနာ ဖြစ်နေသည်။

ကိုအောင်စည်၊ ကိုနဂါးနှင့် စောမူနန်းတို့သည် နောင်သက်ဆွေထံမှ တုံ့ပြန်မှုအဖြေကတိကို စိတ်အားထက်သန်စွာ စောင့်စား နားစွင့်နေကြသည်။

"ဘယ်လိုလဲ ကိုနောင်သက်ဆွေ ..."

နောင်သက်ဆွေက ဖြည်းလေးစွာ ပြောပါ၏။

"လုပ်ပေးမယ်ဆိုရင်တော့ ... ကျွန်တော် လုပ်ပေးနိုင်တဲ့ လုပ်ငန်းပဲ ... လုပ်ပေးရ လုပ်ငန်းသဘောကိုတော့ ... ကျွန်တော် မနှစ်သက်ဘူးပေါ့ ကိုအောင်စည် ..."

"မှန်တယ် ... ဒီစကားဟာ ကိုနောင်သက်ဆွေရင်ထဲမှာရှိတဲ့ အတိုင်း ပြောလိုက်တဲ့စကားပဲ ... ကိုနောင်သက်ဆွေ့လို

www.burmeseclassic.com

www.burmeseclassic.com



ဟာ ... ကျုပ်တို့ရဲ့ ဒုစရိုက်လုပ်ငန်းကြီးကို ဘယ်မှာ သက်နိုင်မလဲ ... ဒါပေမဲ့ ... ဒီတစ်ကြိမ် ဒီတစ်ခါပဲ ကူညီ လို့ ... ဒီကိစ္စကူညီပြီးတာနဲ့ ယုဝါကိုလည်း ကိုနောင်သ ဆွေအပြီးခေါ်သွားပါ၊ ကျွန်တော်တို့ ရာသက်ပန် ကိုနော သက်ဆွေနဲ့ယုဝါတို့ကို မနှောင့်ယှက်ပါဘူးလို့ ကတိပေး တယ် ... ဘယ့်နှယ်လဲ ကိုနောင်သက်ဆွေ ... "

"တကယ်လို့ ... ဒီလုပ်ငန်းကို လုပ်ပေးဖို့ ကျွန်တော် ငြင်းဆိုတယ်ဆိုရင်ကော ... "

ကိုနဂါးထံမှ ဖိနပ်ခြင်းရိုက်သံ ထွက်လာသည်။

ကိုအောင်စည်ကတော့ လေအေးနှင့် ဆက်ပြော သည်။

"ငြင်းပယ်ရင်တော့ မကောင်းဘူးပေါ့ဗျာ ... ကိုနောင်သ ဆွေကို ကျုပ်တို့လုပ်ငန်းအကြောင်း အသေးစိတ်မဟုတ် တောင် အကြမ်းဖျဉ်း ကျုပ်က ဖွင့်ပြောပြီးနေပြီ ... အ ကိုနောင်သက်ဆွေလည်း ထွက်ပေါက် ပြေးပေါက်မရှိ ... ကျုပ်တို့လက်ထဲရောက်နေပြီ ... ဒီကိစ္စကို ကိုနောင်သ ဆွေ ငြင်းလိုက်ရင် ယုဝါအတွက်ရော ကိုနောင်သက်ဆွေ အတွက်ပါ မလိုလားအပ်တဲ့ဟာတွေ ဖြစ်သွားနိုင်တာ ကျုပ်တို့ကလည်း မလိုလားအပ်တာကို မလုပ်ချင်ဘူးဆို တော့ ... "

ခြိမ်းခြောက်လိုက်သောစ ... ဖြစ်ပါ၏။ အသ ဘေးအထိ ခြိမ်းခြောက်လိုက်ခြင်းပင်။



ကိုအောင်လိုလူက ဖွင့်ဟပြီး ခြိမ်းခြောက်စကားဆို သာလျှင် အလေးအနက်စဉ်းစားရတော့မည် ဖြစ်ပါ၏။

ကိုအောင်စည်သည် သွေးအေးသည်။ အပြောအဆို အေးသည်။ အပြုအမူအေးသည်။ သို့သော် ရက်စက်စရာရှိလျှင်လည်း သွေးအေးအေးနှင့် တကယ်ရက်စက်မည့်သူ ဖြစ်နိုင်ပါ၏။

နောင်သက်ဆွေအဖို့ကလည်း သူတို့လက်ထဲရောက် နေပေပြီ။

နောင်သက်ဆွေသည် သူ ကြည့်ဖူးသော Discov- ery တိတ်ခွေတစ်ခုကို ဖျတ်ခနဲ သတိရမြင်ယောင်မိလိုက်သည်။

ပထမတစ်ခုမှာ တောထဲတွင် ဒရယ်တစ်ကောင်၏ နောက်သို့ ကျားကလိုက်နေသည်။ ဒရယ်မှာ အသက်လုပြီး ရှေ့မှ ပြေးနေရပါ၏။ ဒရယ်က ရှေ့ကပြေး ကျားကျ နောက်မှလိုက်ဖြစ်နေ သည်။ ဒရယ်သည် တောင်ကမ်းပါးယံတစ်ခုပေါ်သို့ အပြေးတက်နေ သည်။ အမြင့်ကြီးအထိ ပြေးတက်ခြင်း ဖြစ်ပါ၏။ ကမ်းပါးယံစွန်းသို့ ရောက်သည်နှင့် ဒရယ်က တစ်ရှိန်ထိုးပြေးရာမှ ဆက်ခနဲ ခြေစုံရပ် လိုက်သည်။

နောက်မှ တစ်ရှိန်ထိုး ဖောနှင့်လိုက်လာသော ကျား မှာ ကမ်းပါးစွန်းမှန်းမသိဘဲ အရှိန်မသက် ဒရယ်ကို ခုန်အုပ်လိုက်ရာ ဒရယ်က ဘေးသို့နေရာရွှေ့လိုက်ခြင်းဖြင့် ကျားမှာ သူ့အရှိန်သူ ထိန်းနိုင်ဘဲ ကမ်းပါးယံချောက်ကြီးထဲ ကျဆင်းသွားသည်။ ဒရယ် မှာ အသက်ဘေးမှ လွတ်မြောက်သွားသည်။

ဒုတိယတစ်ခုမှာ ဖားကရှေ့မှပြေးပြီး မြွေကနောက်

www.burmeseclassic.com

www.burmeseclassic.com



မှ လိုက်သည်။ ဖားသည် ခုန်၍ ခုန်၍ပြေးရာမှ မလွတ်နိုင်တော့မှန်း သိသည်နှင့် ရုတ်ခနဲ ရပ်လိုက်ကာ မြွေလိုက်လာရာဘက်သို့ ပြန်လှည့်ခုန်လိုက်သည်။ မြွေမှာ အရှိန်လွန်သွားသည်နှင့် ဖားက မြွေ၏ ဦးခေါင်းအောက်စပ် လည်ပင်းကို တစ်အားကိုက်ခဲလိုက်တော့သည်။ မြွေမှာ တွန့်လိန်ပြီး ဖားကို ရစ်ပတ်သော်လည်း ဖားက မြွေရစ်ပတ်နိုင်လောက်သော ခန္ဓာကိုယ်မရှိသဖြင့် မြွေမှာ တွန့်ရှုံ့လိမ်ရင်း ဖားကိုက်ခဲသော ဒဏ်ချက်ဖြင့် အသက်သေသွားရသည်။

လစ်ကွက် ...

ဒရယ်သည် လစ်ကွက်ဖမ်းကာ ကျားကိုအနိုင်ရ၍ အသက်ဘေးလွတ်သွားသည်။

ဖားလည်း လစ်ကွက်ဖမ်းကာ မြွေကို ပြန်လှည့်ကိုက်ခဲခြင်းဖြင့် မြွေသာသေပြီး ဖားက အသက်ဘေးလွတ်မြောက်သွားသည်။

နောင်သက်ဆွေအဖို့ ယခုသူတို့လက်ထဲရောက်နေပေပြီ။ သူတို့အလိုကို ငြင်းပယ်လျှင် ယုဝါနှင့် မတွေ့ရရုံမက မိမိကိုယ် အသက်အန္တရာယ်ပြုပေမည်။ ယခုလောလောဆယ် သူတို့ကို ကူညီပါမည်ဟု ပူးပေါင်းရင်းမှ လစ်ကွက်ရှာရတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

"ကောင်းပြီ ... ကိုအောင်စည်တို့ လုပ်ငန်းကို ကျွန်တော် မနှစ်သက်ပေမဲ့ ... ယုဝါကို ရလိုမှုနှင့် ကျွန်တော်နဲ့ယုဝါ လွတ်မြောက်မှုအတွက် ကိုအောင်စည်တို့ လုပ်ငန်းကို ကျွန်တော်ကူညီဖို့ ကတိပေးတယ် ... ကဲ ... ကျွန်တော်



လုပ်ပေးရမှာကိုသာ အမိကပြောပေတော့ ..."

ကိုနဂါးပြုံးသွားပြီ။ အပြင်သို့ ထွက်သွားလေတော့သည်။

ကိုနဂါးထွက်သွားပြီးနောက် အခြားလူတစ်ယောက် ဝင်ရောက်လာပြန်သည်။

ကမ်းခြေဦးဟိုတယ် မန်နေဂျာ ဦးပြည်သိမ်းဖြစ်ပါ၏။ ကမ်းခြေဦးမန်နေဂျာဝန်ထမ်းအဖြစ် ကိုညွန့်ဦးတို့အား အစစ်ဆေးခံခဲ့သော်လည်း ဦးပြည်သိမ်းသည် ကိုအောင်စည်တို့၏ လူဖြစ်နေမှန်း ယခုမှ သေချာသွားသည်။

"ကဲ ... ကဲ ... ကိုနောင်သက်ဆွေလည်း တော်တော်ကြီး စိတ်ပန်းလူပန်း ဖြစ်လှပြီပဲဗျာ ... အသေးစိတ်ကိုတော့ နက်ဖြန်ကျမှ ကျွန်တော်တို့ ဆက်ပြောမယ် ... ခင်ဗျား အမိကတွေ့ချင်နေတဲ့ ယုဝါနဲ့တွေ့ပြီး စိတ်ချမ်းသာကိုယ်ချမ်းသာ နေလိုက်ပေဦး ..."

တစ်ဆက်တည်းပင် စားပွဲတွင်ထိုင်နေသော မမစောမှုနန်းအား ကိုအောင်စည် လှမ်းပြောလိုက်သည်။

"စောမူရေ ... တို့မိတ်ဆွေကြီး ကိုနောင်သက်ဆွေကို ယုဝါဆီခေါ်သွားပေးလိုက်ပါတော့ကွယ် ..."

စောမူနန်းက ဘာမျှပြန်မပြောဘဲ ထိုင်ရာမှထကာ လှေကားဆီသို့ လျှောက်သွားသည်။

"ကဲ ... ကိုနောင်သက်ဆွေ နောက်ကလိုက်သွားပေတော့"

နောင်သက်ဆွေက မဆိုင်းမတွပင် မမစောမူနန်း

www.burmeseclassic.com

www.burmeseclassic.com



**နောက်မှ** လိုက်သွားသည်။ အပေါ်ထပ်ရောက်ပြီး စင်္ကြံကော်ရစ်ဒါ **အဆုံး** ဆက်လျှောက်ရသေးသည်။

သော့ခတ်ထားသော အခန်းတစ်ခန်း၏သော့ကို **ဖွင့်ပေး**လိုက်သည်။

ပြီး ဘာတစ်ခွန်းမျှ စကားမဆိုဘဲ စောမူနှန်း ပြန် **လှည့်**သွားသည်။

နောင်သက်ဆွေသည် စောမူနှန်းသော့ခလောက် ဖွင့်ပေးခဲ့သော အခန်းတံခါးကို ဆွဲဖွင့်ကာ အထဲသို့ ဝင်လိုက်ပါ၏။



(၁၅)

"ယုဝါ ..."

တစ်ယောက်အိပ်ခုတင်ထက်ဝယ် ... ဟို**ဘက်သို့** စောင်း ဒီဘက်သို့ ကျောပေးထားသော ကိုယ်တစ်စောင်း**လှဲနေ** သည့် ကိုယ်ထည်ကိုယ်လုံးလှလှလေးကို ကျောဘက်မှမြင်ရ**စေကာ** မှ နောင်သက်ဆွေ သိပ်ကိုချစ်ရသည့် ယုဝါ၏ ကိုယ်လုံး**လေးမှန်း** သိပါ၏။

နောင်သက်ဆွေက 'ယုဝါ'ဟု ဖွဖွညင်လေး **ခေါ်သံ** ပြုလိုက်သည်နှင့် ချက်ချင်း ဒီဘက်သို့ ယုပါစောင်းလှည့်လို**က်သည်။**

အခန်းဝတွင် မားမားကြီးရပ်နေသော နောင်**သက်** ဆွေကို ယုဝါ ပထမတော့ ကြောင်ကြည့်နေရှာသည်။

ဘယ်လိုမှ မျှော်လင့်မထားသောကြောင့် **အိပ်မက်** လေလားဟု ယုဝါဇဝေဇဝါ ဖြစ်နေပုံရသည်။

'ယုဝါ' ဒုတိယအကြိမ် နောင်သက်ဆွေအား**သွက်**

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပြန်သည်။

"ဟင် ... ကိုကိုနောင် ... ကိုကိုနောင် ..."

နှုတ်မှရေရွတ်ရင်း ယုဝါလှုးခနဲလိမ့်ခနဲထသည်။ အူယားဖားယား ခုတင်ထက်မှဆင်းကာ နောင်သက်ဆွေရှိရာသို့ ဒရောသောပါး လှမ်းလာသည်။

နောင်သက်ဆွေက လက်နှစ်ဖက်ဆန့်ထားကာ ယုဝါကို ကြိုဆိုပါ၏။

ယုဝါမှာ မိခင်ပျောက်ကလေးငယ် မိခင်ကို ဖြုန်းခနဲ ဘွားခနဲ ပြန်တွေ့ရသည့်နှယ့် ပုံသွင်ရှိပါ၏။

နောင်သက်ဆွေကလည်း သားပျောက်မိခင်နှယ် မိနပ်မစီး ထီးမဆောင်း နေပူ မိုးရွာမရှောင် သားငယ်ကို လိုက်ရှာပြီး ဘွားခနဲ သားငယ်ကို ပြန်တွေ့ရသောမိခင်နှယ်ပါတည်း။

ဆန့်ထားသောလက်နှစ်ဖက်ထဲသို့ ယုဝါတိုးဝင်လာသည်။ သူမ၏ကိုကိုနောင်ကို အတင်းဘက်ထားသည်။

နောင်သက်ဆွေကလည်း ဝိတုန်းကလိုပင် ယုဝါ၏ ကျောပြင်တစ်ခုလုံးကို မြွေကြီးလင်းမြွေရစ်ပတ်သလို ကျစ်ကျစ်ပါ လက်နှစ်ဖက်ဖြင့် ဖက်ထားပြီး ပါးချင်းမခွာစတမ်း ကပ်ထားသည်။

ယုဝါ၏ မျက်ဝန်းအိမ်မှ စီးကျလာသော မျက်ရည် နွေးနွေးသည် နောင်သက်ဆွေ၏ ပါးပြင်သို့ ကူးစက်သွားသည်။

"ယုဝါ ..."

"ကိုကိုနောင် ..."

အပြန်အလှန်ခေါ်၊ အပြန်အလှန်ထူးရုံမှလွဲပြီး စကား



ပြောနိုင်ကြသေး။

"ယုဝါငိုနေတယ် ... အခု ကိုကိုနောင်နဲ့ပြန်တွေ့ပြီပဲဟာ"

"ဝမ်းသာလွန်းလို့ ထွက်လာတဲ့မျက်ရည်ပါ ကိုကိုနောင်ရယ်၊ ကိုကိုနောင်နဲ့ ပြန်တွေ့ရတာ ယုဝါဝမ်းသာလွန်းလို့ပါ ..."

နှစ်ယောက်သား ပွေ့ပွေ့ကပ်ကပ် အပြန်အလှန်ဖက်ထားသည့်ကြားကပင် တစ်ယောက်အိပ်ခုတင်လေးဆီသို့ လာခဲ့ကြသည်။

ယှဉ်တွဲပြီး ခုတင်ထက်တွင် ခြေတွဲလဲထိုင်လိုက်ကြသည်။

ယုဝါက မျက်ရည်တွေကြားကပင် သူမကိုကိုနောင်၏ မျက်နှာကို မော့ကြည့်ပေသည်။

"ဘာလို့ ဒီအထိ လိုက်လာခဲ့ရတာလဲ ကိုကိုနောင်ရယ် ... တကယ်တော့ ယုဂါရှိတဲ့အရပ်ဟာ ... ကိုကိုနောင်လိုလူ မလာအပ်တဲ့အရပ်ပါ ... ကိုကိုနောင်ဟာ ကျီးကန်းအုပ်ထဲ ရောက်လာတဲ့ ဟင်္သာဖြစ်တော့မယ် ... ဒီလူတွေက ကိုကိုနောင့်ကို ဝိုင်းထိုး ... ဝိုင်းဆိတ် ... ဝိုင်းအာကြမဲ့သူတွေပဲ"

"ကိုကိုနောင်အကြောင်းစကား ဘေးဖယ်ထားယုဝါ ... ဒီလူတွေကကော ယုဝါကို ဝိုင်းထိုး ... ထိုင်းဆိတ် ... ဝိုင်းအာကြသလားဟင် ... ကိုကိုနောင်နဲ့ပတ်သက်ပြီး ယုဝါကို ဝိုင်းပြီး နှိပ်စက်ကြသေးလား ..."

"လက်ဖျားနဲ့တောင် မတို့ကြပါဘူး ကိုကိုနောင် ... အချိန် အတိုင်း အစားအသောက်လည်း ကောင်းကောင်းမွန်မွန်ပဲ

www.burmeseclassic.com

www.burmeseclassic.com



ထားပါဟယ် ... ဒါပေမဲ့ ကိုကိုနောင်ရယ် ...”

ယုဝါ စကားရပ်ထားသည်။ ငိုရှိုက်ခြင်းလေး ပြန်ဖြစ်လာသည်။ နောင်သက်ဆွေက ပိုမို၍ ယုယကျင်နာစွာ တိုးပြီးဖက်ထားလိုက်သည်။

“ဒါပေမဲ့ ... ဘာဖြစ်လဲ ဆက်ပြောယုဝါ ...”

“ကိုအောင်စည်ဟာ ယဉ်ယဉ်ကျေးကျေးနဲ့ အင်မတန်ရက်စက်တဲ့ လူပါကိုကိုနောင် ... ယုဝါကိုလည်း လက်ဖျားနဲ့တောင် မတို့ပါဘူး ... ဘာပဲဖြစ်ဖြစ် ... ကိုကိုနောင့်အနေနဲ့ ယုဝါနဲ့မျှားပြီး ဒီကိုခေါ်တာ ဘယ်လိုခေါ်ခေါ် ကိုကိုနောင် မလာသင့်ဘူး ... ကိုကိုနောင့်အတွက် ... အရမ်းကြီးကို အန္တရာယ်များတယ် ကိုကိုနောင် ...”

“မဟာအဝီစိဖြစ်ပါစေ ... ယုဝါရှိတဲ့နေရာဆိုရင် ကိုယ်လာမှာပဲ ယုဝါ ...”

“အို ... ကိုကိုနောင်ရယ် ...”

ယုဝါသည် မျက်ရည်များကြားမှပင် သူမ၏မျက်နှာလေးတွင် ကြည်နူးသော အရိပ်အယောင်သမ်းလာပါ၏။ ကိုယ်သိပ်ချစ်သူက ကိုယ့်အား ပြန်၍သိပ်ချစ်သောကြောင့် ဘာမဆိုလုပ်မည်ဆိုခြင်းအတွက် ယုဝါမှာ ကြည်နူးရပေါ၏။

“သူတို့ ကိုကိုနောင့်ကို ဘာလို့အလိုရှိတယ်ဆိုတာကိုရောပြောပြီးပြီလားဟင် ...”

“ပြောပြီးပြီ ...”

“ဒါဆို ... ကိုကိုနောင်က သူတို့ခိုင်းတာ လုပ်မယ်ပေါ့ ဟုတ်



လား ...”

“တခြားရွေးစရာလမ်းမရှိတော့ဘူး ယုဝါ ...”

“မလုပ်သင့်ဘူး ... ကိုကိုနောင်လိုလူအနေနဲ့ လုံးဝ သူတို့ခိုင်းတာ မလုပ်သင့်ဘူး ... ကိုကိုနောင်က ချိုမြတဲ့သရက်သီးပါ ... သူတို့က သိပ်ကိုခါးတဲ့ခွေးတောက်တွေပါ ... သူတို့နဲ့ပူးပေါင်းတဲ့အတွက် ကိုကိုနောင့်ဘဝမှာ ခါးသွားမယ် ကိုကိုနောင် ...”

ခွေးတောက်သရက် ပင်ခြင်းယှက်က သရက်ပင်မင်း သီးချိုကင်း၊ အဆိုစကားကို ယုဝါရည်ရွယ်ပြောခြင်းပါပေ။

“ဘာတတ်နိုင်မလဲ ယုဝါ ... ကိုယ်ပြောပြီးပြီပဲ ... ယုဝါအတွက်ဆိုရင် ကိုယ်က မဟာအဝီစိကိုလိုက်ရ ... လိုက်ရလို့ ...”

ယုဝါ ငိုပြန်သည်။

နောင်သက်ဆွေက ယုဝါတစ်ကိုယ်လုံးကို သူ့ရင်ခွင်ထဲ ဆွဲသွင်းသည်။ ရင်ခွင်ထဲဝယ် ပက်လက်မှော့မှော့လေး ဖြစ်နေသော ယုဝါ၏ မျက်နှာလေးကို ချစ်ခြင်းမေတ္တာ ကရုဏာဖြင့် ငုံ့ကြည့်နေမိသည်။

“ချစ်တယ် ... မုန်းတယ်ဆိုကာ ရင်ထဲကဖြစ်ပေါ်လာတဲ့ နှလုံးသားပါ ယုဝါ ... မုန်းပါဆိုတိုင်း မုန်းလို့မရဘူး ... ချစ်ပါဆိုတိုင်းကော ချစ်လို့ရသတဲ့လား ... နှလုံးသားထဲက သူ့ဟာသူ ချစ်လာတဲ့အချစ်ဟာ တန်ဖိုးသိပ်ကြီးတယ်ယုဝါ ... ကဲပါလေ ... ဒါတွေထားပါ ... ရှေ့ဆက်ပြီး ကိုယ်နဲ့ယုဝါ

www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ကြမယ်ဆိုတာကိုသာ တိုင်ပင်စို့ ပြောကြစို့ ...

ယုဝါက ခေါင်းတော့ညိတ်ပြသည်။

"ယုဝါကတော့ ဘာဆွေးနွေးတတ်မှာလဲ ကိုကိုနောင် ... ကိုကိုနောင်မေးသမျှ ဖြေမယ် ... ကိုကိုနောင် ပြောသမျှ နားထောင်မယ် ... လိုက်နာမယ်ပဲပေါ့ ..."

"ယုဝါကို ကိုယ်ပထမဆုံး မေးချင်တာက ယုဝါဟာ ... ဘာဖြစ်လို့ ကိုနဂါးတို့ ကိုအောင်စည်တို့လက်ထဲ ရောက်နေတာလဲ ... ရောက်နေပြန်တော့လည်း သူတို့ခိုင်းဟာတွေကို မလုပ်ချင်ဘဲ ဆန္ဒမပါဘဲ သူတို့ကို မလွန်ဆန်နိုင်လို့ လုပ်နေရမှန်း ကိုယ်သဘောပေါက်တယ် ..."

ယုဝါ သက်ပြင်းလေးချပါ၏။ နှောင်သက်ဆွေကပင် ဆက်ပြောသည်။

"ယုဝါဟာ ... ရုပ်ရော ခန္ဓာကိုယ်ရော သိပ်ချောသိပ်ပြေပြစ်တဲ့ မိန်းကလေးပဲ ... အရည်အချင်းလည်းရှိတယ် ... ကိုယ်ဆိုလိုတာက ဒီလူတွေခိုင်းတာကို သူတို့ဆီက အခကြေးငွေယူတဲ့အလုပ်မျိုးမလုပ်ဘဲ ကိုယ့်ဟာကိုယ် တခြားမှာ လုပ်စားနိုင်တာပဲ ... ကုန်ကုန်ပြောရရင် ကိုယ်ကအပျိုပဲ ... ထိုက်ထိုက်တန်တန် ယောကျ်ားတစ်ယောက်ယူလိုက်လည်း ရာသက်ပန်အားကိုးနိုင်တာပဲ ယုဝါ ..."

"အို ... ကိုကိုနောင်က ဘာမှန်းလည်းမသိဘူး ... ကိုယ့်ချစ်သူကို တခြားယောကျ်ားယူဖို့ ပြောရသတဲ့လား ..."

"မဟုတ်ဘူးလေ ... ကိုကိုနောင်နဲ့ မတွေ့ခင်ကပဲ သူတို့



အဖွဲ့ထဲ အရောက်မခံဘဲ ... အဲဒီလို လုပ်တာက ပိုကောင်းသေးတယ်လို့ ဆိုလိုတာပါ ... နောက်ပြီး ယုဝါရဲ့မိဘတွေကကော ဘယ်မှာလဲ ... ဘယ်သူတွေလဲ ယုဝါ ..."

ယုဝါသည် နှောင်သက်ဆွေ၏ ရင်ခွင်ထဲမှ ထွက်ကာ မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။ ပြီး အတည်အတံ့မျက်နှာလေးနှင့် ပြောပြတော့သည်။

"ယုဝါ ဒီဒုစရိုက်အဖွဲ့ထဲရောက်လာတာရော ... ပြန်ပြီး ရုန်းမထွက်နိုင်တာရောတွေဟာ ... ယုဝါရဲ့စားဝတ်နေရေး အသက်မွေးဝမ်းကျောင်းရေးအတွက် လုံးဝမဟုတ်ဘူး ကိုကိုနောင် ... သူတို့ပေးကမ်းတဲ့ အခကြေးငွေကိုလည်း ယုဝါ မမက်မောတဲ့အပြင် အဆိပ်တွေလို့တောင် မှတ်ယူသေးတယ် ... ယုဝါလုပ်ဆောင်နေရတာတွေဟာ ... ဖေဖေ့ကြောင့်ပါ ကိုကိုနောင် ..."

"ဖေဖေ့ကြောင့် ... ဟုတ်လား ... ယုဝါရဲ့ဖေဖေက ဘယ်သူလဲ ... ဘာလို့ ဖေဖေ့ကြောင့်လို့ ယုဝါပြောတာလဲ ..."

"ယုဝါရဲ့ တစ်ဦးတည်းသော ဖခင် ဖေဖေဟာ ... ဦးပြည်သိမ်းပါ ကိုကိုနောင် ..."

"ဟော ... ဦးပြည်သိမ်း ဟုတ်လား ... ရန်ကုန်ကမ်းခြေဦးဟိုတယ် မန်နေဂျာ ဦးပြည်သိမ်းကို ပြောတာလားယုဝါ"

"ဟုတ်ပါတယ်ကိုကိုနောင် ... အဲဒီ ဦးပြည်သိမ်းဟာ ယုဝါရဲ့ တစ်ဦးတည်းသော ဖေဖေပါ ... တကယ်တော့ ဖေဖေ့ကို လူဟာ သိက္ခာ သမာဓိနဲ့လူပါ ... ဒီဒုစရိုက်အလုပ်မျိုးနဲ့

www.burmeseclassic.com

www.burmeseclassic.com



လုံးဝမအင်္ဂလိပ်စပ်သူပါ ... ဖေဖေဟာ ဟိုတုန်းက အထက်တန်းပြ ကျောင်းဆရာတစ်ယောက်ပါ ကိုကိုနောင် ... "

"ဟင် ... တကယ် ... "

"တကယ်ပါ ကိုကိုနောင် ... ဖေဖေသင်္ချာသမာဓိသမား တစ်ယောက်ပါ ... ဖေဖေ့ဝါသနာကိုက ကျောင်းသားတွေကို စာသင်ပေးမယ် ... အားလပ်ချိန်မှာ စာဖတ်မယ် ... ပတ္တလားတီးမယ်ဆိုတဲ့ လူပါ ... "

"ဒါဖြင့် ... ဒီဒုစရိုက်အဖွဲ့ထဲ ဘယ်လိုဘယ်ပုံ ဦးပြည်သိမ်းရောက်သွားရတာလဲဟင် ... ယုဝါကော တက္ကသိုလ်တွေဘာတွေ မတက်ခဲ့ရဘူးလား ... "

"ယုဝါ ... အသက်ဆယ့်ခွန်ထဲမှာ ဆယ်တန်းစာမေးပွဲအောင်ခဲ့ပါတယ် ... အဲဒီ ယုဝါဆယ်တန်းအောင်တဲ့နှစ်မှာပဲ ... ယုဝါတို့မိသားစု ပြိုကွဲသွားတာပါ ကိုကိုနောင် ... "

"ဘယ်လိုကြောင့်လဲ ယုဝါ ... "

"အဲဒီနှစ်မှာပဲ မေမေက နှလုံးရောဂါနဲ့ ဆုံးသွားတယ် ... လောကကြီးမှာ ဖေဖေ့လောက် မေမေ့ကိုချစ်တဲ့ယောကျ်ားမျိုးဟာ ရှိမှရှိပါလေစလို့ ထင်ရလောက်အောင် ဖေဖေဟာ မေမေ့ကို သိပ်ချစ်ပါတယ် ကိုကိုနောင် ... "

"အခု ယုဝါကို ကိုယ်ချစ်ကာလောက် ယုဝါဖေဖေက မိပ့်မလား ... "

ယုဝါ ပြုံးလိုက်ပါ၏။

"ဒါတော့ စောင့်ကြည့်ရဦးမှာပေါ့ ... "



"အေးပါ ... စောင့်ကြည့်ပါ ... ကဲ ... ယုဝါအကြောင်းဆက်ပြော ... "

"ဆက်ပြောရရင် ဖေဖေဟာ မေမေဆုံးသွားတာကို ပူဆွေးစိတ် တမ်းတစိတ်တွေကြောင့် သူ့ကိုယ်သူ တန်ဖိုးမထားတော့ဘူး ... မထိန်းသိမ်းတော့ဘူး ... အရက်တွေဖိသောက်လာတယ် ... ကျောင်းဆရာတစ်ယောက်အနေနဲ့ သိက္ခာတွေ သမာဓိတွေ အများကြီးကျဆင်းလာတယ် ... နောက်ဆုံး ပြောရရင်တော့ ကျောင်းဆရာအဖြစ်က နုတ်ထွက်ရတဲ့အထိပါ ကိုကိုနောင် ... အဲ ... အလုပ်မရှိတဲ့နောက် ပိုပြီးတောင် ဖေဖေ စိတ်တွေလေသွားသေးတယ် ... မေမေ့ရဲ့လက်ထက်က စုမိဆောင်းမိထားတဲ့ ငွေတစ်သိန်းကျော်ကို ဖေဖေက စီးပွားရေးဖြတ်လမ်းသဘောနဲ့ လောင်းကစားတွေ လုပ်လာတယ် ... အဲဒီမှာတင် ကိုနဂါးတို့အဖွဲ့နဲ့ ဆက်သွယ်မိသွားတာပဲ ... ကိုနဂါးတို့ရဲ့ ဟိုတယ်မှာ ကိုနဂါးတို့ဖွင့်ထားတဲ့ လောင်းကစားဝိုင်းမှာ ကစားတာ ... စုထားတဲ့ငွေတွေ ရှုံးကုန်တယ် ... ကိုနဂါးက ဆက်ပြီးငွေတွေ ဖေဖေ့ကို ချေးတယ် ... ဖေဖေက ဆက်ကစားလိုက် ... ဆက်ရှုံးလိုက်နဲ့ နောက်ဆုံး ကိုနဂါးဆီက ချေးငွေသိန်းနဲ့ချီရှိလာတယ် ... "

"သြ ... သြ ... သြ ... သဘောပေါက်ပြီ ... ကိုနဂါးဆီက ယူထားတဲ့ သိန်းနဲ့ချီငွေကြေးအတွက် ကိုနဂါးတို့ခိုင်းတာတွေ လုပ်ဆောင်ပေးရတဲ့ဘဝကို ရောက်သွားတယ်ပေါ့ ဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား ယုဝါ ...”

“အဲဒီအတိုင်းပါပဲ ကိုကိုနောင် ...”

“ဒါဆို ... ရန်ကုန်မှာတုန်းက ကိုယ့်ကို ဘာဖြစ်လို့ ယု မပြောတာလဲ ... ကိုယ်ရန်ကုန်ဘဏ်မှာအပ်ထားတဲ့ ငွေ တွေရှိတယ် ... လိုအပ်ရင် မိုးကုတ်က ဖေဖေနဲ့မေမေ ထပ်မှာလိုက်ရင် ရသေးတယ် ...”

“ဖွင့်ပြောလိုက်ရင် ... ယုဝါ ကိုကိုနောင့်အပေါ်ထားရှိ နှလုံးသားမေတ္တာဟာ သိပ်အပေါစားတန်သွားမှာပေ့ါ ... ယုဝါဟာ မြူဆွယ်တာ ပိုင်လုံးလုပ်တာလို့ ပြောစရာဖြ သွားမှာပေ့ါ ကိုကိုနောင် ...”

“မဆိုင်လိုက်တာ ... ယုဝါနဲ့ကိုယ် အသည်းချင်းဖလှယ်ထာ တာပဲ ... ငွေရေးကြေးရေးလောက် ထည့်ပြောစရာမလို ဘူး ...”

“နောက်တစ်ချက်ရှိသေးတယ် ကိုကိုနောင် ... တကယ်လို့ ကိုကိုနောင်က ဖေဖေ့ကြွေးတွေကို စိုက်ပြီးပြန်ဆပ်ပါပြီတဲ့ ကိုနဂါးတို့က ကျေကျေနပ်နပ်လက်ခံပြီး ... ဖေဖေနဲ့ယု ကို လွှတ်ပေးမှာလားဆိုတဲ့ သံသယလည်းရှိသေးတယ် ...”

“အို ... သူ့ကြွေးပြန်ဆပ်မှတော့ မလွှတ်ပေးဘဲ နေလို့ မလား ...”

“ဒါက တခြားလူတွေမှာတော့ ဟုတ်တာပေ့ါ ကိုကိုနောင် မြို့ရှင်မြို့စား ... ကြွေးကျေအောင် ဆပ်လိုက်ရင် ပြီးသွားတာ ပဲ ... နောက်ထပ် ဘာမှဆက်ဆံစရာမရှိဘူး ... အခုဟာက



ဒုစရိုက်အဖွဲ့ကြီးပဲ ... သူတို့ လုပ်ကိုင်ခဲ့သမျှအားလုံးသိနေတဲ့ ဖေဖေနဲ့ယုဝါ ပြန်လွှတ်လို့ ဖေဖေနဲ့ယုဝါက သက်ဆိုင်ရာမှာ ဖော်လိုက်ရင်ဆိုတဲ့ အတွေး သူတို့မှာရှိမှာ မစ္စတာဒေးဗစ်ကို သက်ဆိုင်ရာက မိသွားတာနဲ့ သူတို့အဖွဲ့က သတ်ပစ်လိုက် တာကိုပဲကြည့်လေ ...”

နောင်သက်ဆွေ သဘောပေါက်ရပြန်သည်။

“သူတို့အလစ်မှာ ယုဝါတို့သားအဖ လစ်ပြေးရင်ကော ...”

“ဘယ်လွတ်မလဲ ကိုကိုနောင် ... နိုင်ငံခြားထွက်ပြေး တောင် သူတို့လက်က မလွတ်နိုင်ဘူး ... ယုဝါနဲ့ဖေဖေ ထွက်ပြေးဖို့ တိုင်ပင်ကြသေးတာပေ့ါ ... ယုဝါတို့အရင်ထွက် ပြေးတဲ့ အဖွဲ့သားနှစ်ယောက် ထွက်ပြေးတာနဲ့ ကိုနဂါးတို့ က အရှာပြီး အသေသတ်ပစ်လိုက်တာချည်းပဲ ... မစ္စတာ ဒေးဗစ်လိုပဲ လက်သည်မပေါ် လမ်းဘေးမှာ အလောင်းဖြစ် သွားတယ် ... သူတို့အဖွဲ့က သိပ်လည်းကြီးမားတယ် ... သိပ်လည်းရက်စက်တယ် ... သိပ်လည်းအဆက်အသွယ် ကောင်းတယ် ကိုကိုနောင် ... ဒါကြောင့် ယုဝါတို့သားအဖ ထွက်မပြေးရဲတာ ...”

“မပူနဲ့တော့ယုဝါ ... ကိုယ်ရောက်လာပြီပဲ ... ယုဝါ သူတို့ လက်က လွတ်မြောက်စေရမယ် ...”

“နေပါဦး ... ကိုကိုနောင်နဲ့ သူတို့ဘယ်လိုဆက်သွယ်မိကြ တာလဲဟင် ... သူတို့ ကိုကိုနောင့်ကို ယုဝါဆီမလာရ၊ မဆက်သွယ်ရလို့ ဆိုထားပြီးမှ အခုကိုကိုနောင့်ကို ယုဝါနဲ့

www.burmeseclassic.com

www.burmeseclassic.com



တွေ့ပေးတာ သူတို့ ကိုကိုနောင့်ကို တစ်ခုခုအသုံးချတော့မယ်မှန်း ယုဝါသိတယ် ... အသေးစိတ်တော့ မသိဘူးပေါ့ ကိုကိုနောင် ... "

နောင်သက်ဆွေက ယုဝါနှင့်နောက်ဆုံး တွေ့ဆုံခဲ့ပြီး ယုဝါပြန်သွားသည်မှအစ ယနေ့အထိ ယုဝါကို တွေ့နိုင်ရန် ကြိုးစားခဲ့ပုံ ဖြစ်ပျက်သမျှအားလုံးတို့ကို ပြောပြလိုက်သည်။

သူ့အတွက် ပင်ပန်းလွန်းရုံမက ဆေးရုံတက်ကုသရသည်အထိ ဖြစ်ခဲ့သော ကိုကိုနောင်အား ယုဝါသည် ကြင်နာလွန်းစွာဖြင့် တအားဖက်ထားပြန်တော့သည်။

"ဒါကြောင့် ဖြစ်မှာပေါ့ကိုကိုနောင်ရယ် ... "

"ဘာကို ဒါကြောင့်ဖြစ်မှာပေါ့တာလဲ ယုဝါ ... "

"သူတို့အချင်းချင်း တိုင်ပင်နေသံကို ယုဝါ တစေ့တစောင်းကြားမိတယ် ... ဒီတိုင်းပြည်က ရဲထောက်လှမ်းရေးအဖွဲ့နဲ့ ရဲအဖွဲ့ဟာ သိပ်လျင်တယ်တဲ့ ... သူတို့အဖွဲ့ဒီမှာ ဆက်ပြီး ခြေကုတ်ယူနိုင်ဖို့ စခန်းဆက်ဖွင့်ဖို့အခွင့်အရေးမရှိသလောက် ဖြစ်သွားပြီတဲ့ ... သူတို့ တစ်ဖွဲ့လုံး အရှေ့ဘက်တိုင်းပြည်ကို ကူးတော့မယ်တဲ့ ... အဲဒါ သူတို့ဒီပြင့်နိုင်ငံကို ကူးသွားရင် ယုဝါကိုပါခေါ်သွားမှာမို့ ကိုကိုနောင်နဲ့ ဒီတစ်သက်ဝေးကြတော့မှာပဲလို့ ယုဝါငိုနေရတယ်ကိုကိုနောင်ရယ် ... "

သူတို့အဖွဲ့ တခြားနိုင်ငံ ကူးပြောင်းတော့မည်ဆိုသည်ကို နောင်သက်ဆွေ ယုံကြည်ပေသည်။ သူတို့သည် မော်လမြိုင်ရန်ကုန်တွင် စခန်းဖွင့်ကြည့်သော်လည်း အခြေမစိုင်ဘဲ ပျက်သုဉ်း



သွားရသည်ချည်း ဖြစ်သွားသည်။ ယခု တောင်ကြီးတွင်လည်း ပျက်သုဉ်းရပြန်ပြီ။ သူတို့အဖွဲ့ကို ဦးငွေငြိမ်းတို့က ဘော်တော်ခြေရာကောက်မိထားပြီမို့ သူတို့အဖွဲ့သည် ဤမှမပြေးမဖြစ် ပြေးရတော့မည်။

"ဘာလို့ ခုချိန်ထိ သူတို့မပြေးကြသေးတာလဲ ယုဝါ ... "

"ဒီမှာ လက်စသိမ်းရမဲ့အလုပ်ကြီးကြီး တစ်ခုကျန်နေသေးလို့ပဲ ကိုကိုနောင် ... အရင်းအနှီးသိပ်ကြီးမားတဲ့လုပ်ငန်းတဲ့"

"ဟုတ်တယ် ... သူတို့ရဲ့ အဲဒီလုပ်ငန်းကြီးမှာပဲ ကိုကိုနောင့်ကို သူတို့အသုံးချမှာ ... သူတို့လုပ်ငန်းကြီးကို ကိုကိုနောင်က လုပ်ပေးရမယ် ... သူတို့က ကိုကိုနောင့်လက်ထဲ ယုဝါကို ပြန်အပ်ပေးမယ်ဆိုတဲ့ သဘောတူချက်ပဲ ... "

"ဘာတွေလုပ်ပေးရမယ်လို့ ပြောသလဲဟင် ... "

"အသေးစိတ်ကို နက်ဖြန်ကျမှ ပြောမယ်တဲ့ ... "

ယုဝါသည် ငေးငေးငိုင်ငိုင်လေးပြန်ဖြစ်သွားပါသည်။ ပြီး ညည်းညည်းတွားတွားလေးပြောလိုက်ပါ၏။

"ခက်တယ် ကိုကိုနောင်ရယ် ... ယုဝါအတွက် ခက်တာမှ သိပ်ကိုခက်တယ် ... "

"ကိုယ်ရောက်လာလို့ ယုဝါနဲ့ တွေ့ကြပြီပဲဟာ ... ဘာခက်စရာရှိတော့လို့လဲ ... ဘာလဲ ... ကိုယ်နဲ့မလိုက်ချင်ဘဲ သူတို့အဖွဲ့နဲ့ပဲ ဟိုဘက်နိုင်ငံကို ယုဝါလိုက်သွားချင်လို့လား"

နောင်သက်ဆွေ၏ လေသံမာကျောသွားသည်။ မျက်နှာထားလည်း တင်းသွားပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ယုဝါက ဒီလိုကြည့်ပြီး ဒီလေသံမျိုးနဲ့ မပြောပါနဲ့လား ကိုကိုနောင် ... ယုဝါ ဝမ်းနည်းရလွန်းပါတယ် ... ယုဝါအခြေအနေက ရှေ့မတိုးသာ နောက်မဆုတ်သာကြီး ဖြစ်နေတာပါ ... ယုဝါ ကိုကိုနောင့်ကို သိပ်ချစ်တာပါ ... ဒီတစ်သက်မှာ ဒီတစ်ခါပဲ ချစ်ဖူးတဲ့အချစ်မျိုးနဲ့ ကိုကိုနောင့်ကို ယုဝါသိပ်ချစ်တာပါ ... ယုဝါ ... ကိုကိုနောင်နဲ့ တရားဝင်လက်ထပ်ပြီး အပျော်တူသိပ်နေချင်ပါတယ် ... သူတို့အလုပ်ကို ကိုကိုနောင် ဆောင်ရွက်ပေးပြီးတာနဲ့ ယုဝါကို ကိုကိုနောင့်လက် သူတို့က ပေးအပ်မှာပါ ... ယုဝါဟာ သူတို့အဖွဲ့မှာ အရေးပါတဲ့ သူမဟုတ်တော့ဘူးလေ ... ဒါပေမဲ့ ... သူတို့ဟာ ဖေဖေ ဦးပြည့်သိမ်းကိုတော့ ဟိုဘက်နိုင်ငံကို ခေါ်သွားကြမှာ ... အို ... ကိုကိုနောင်ရယ် ... တစ်လောကလုံးမှာ ဒီအဖေနဲ့ ဒီသမီးပဲ ရှိတာပါ ... ဖေဖေ့ကို သူတို့ခေါ်သွားပြီး ... ယုဝါ ဒီမှာ ကျန်ခဲ့ရင် ဖေဖေကလည်း သမီးအတွက် နောက်ဆုံး တင်း ... ယုဝါမှာလည်း ဖေဖေ့အတွက် စိတ်ပူပြီး တမြေ့မြေ့ မီစားရမှာပါ ကိုကိုနောင် ... "

ဒါတော့ မှန်ပါသည်ဟု နောင်သက်ဆွေရင်ထဲက ခံယူပါ၏။

"ကောင်းပြီ ... အဲဒီအတွက်လည်း ယုဝါမပူနဲ့ ... နက်ဖြန်မနက်မှ သူတို့နဲ့ကိုယ် အသေးစိတ်ဆွေးနွေးရမှာပဲ ... သူတို့လုပ်ငန်းအသေးစိတ်မပြောခင် ... ကိုယ်က ဦးပြည့်သိမ်းကိုပါ ထားခဲ့ပေးဖို့ ဈေးထပ်ဆစ်မယ် ... "



"ကိုအောင်စည်နဲ့ ကိုနဂါးက အဲဒါကို လိုက်လျောပါ့မလား ကိုကိုနောင် ... ဖေဖေ့ဆီမှာ သူတို့ရစရာရှိတဲ့ငွေတွေက သိန်းနဲ့ချီနေတာ ... "

"ရစေမယ်လို့ ကိုယ်ထင်တာပဲ ... ကိုယ်အကဲခတ်မိသလောက် ... အခု သူတို့လုပ်ရမဲ့ နောက်ဆုံးအလုပ်က ... နောက်ဆုံးဗိတ် အိတ်နဲ့လွယ်သွားကြရမှာ ... လုပ်ငန်းကလည်း တန်ဖိုးသိပ်ကြီးမားနေတာဆိုတော့ ... သူတို့အဖွဲ့ထဲက တစ်ဦးတစ်ယောက်ကိုမှ မခိုင်းရဲဘူး ... သူတို့အဖွဲ့ဝင်တွေအားလုံးလိုလိုကို ရဲထောက်လှမ်းရေး ဦးငွေငြိမ်းတို့အဖွဲ့က သိထားနေတာ မဟုတ်လား ... ဒီတော့ ကိုယ်ဈေးဆစ်တာကို သူတို့လက်ခံမယ်လို့ ကိုယ်ယုံမိတယ် ယုဝါ ... "

"သူတို့က လက်ခံပါ့မယ် ... လိုက်လျောပါ့မယ်လို့ပြောပြီး လုပ်ငန်းပြီးသွားမှ ယုဝါတို့သားအဖကို မလွှတ်ပေးဘူး ... ကိုကိုနောင့်ကိုလည်း အပြတ်ရှင်းမယ်ဆိုရင်ကော ... မလွယ်ဘူး ကိုကိုနောင် ... "

"အဲဒီလိုဖြစ်လာရင် ကိုယ့်မှာရှိသမျှ ကံ ဉာဏ် ဝီရိယတွေကို ပုံအောအသုံးချပြီး တန်ပြန်ကြံစည်ရမှာပေါ့။ ကိုယ်ဒီလောက် မတုံးပါဘူး ... ရှေ့ကိုခြေတစ်လှမ်းတိုးတိုင်း ရှေ့ခြေနဲ့ နောက်ခြေ အလယ်မှာလာပ်နေတဲ့ ကွက်လပ်ကို ကိုယ် အမြဲ ငုံ့ကြည့်တတ်ပါတယ် ... အဲဒီလိုနည်းနဲ့ လုပ်သွားမှာပါ၊ မပူနဲ့ယုဝါ ... နောက်ဆုံးမတတ်သာရင် ဘုရင့်နောင်မြေ ဖျက်စနစ်ကို သုံးရမှာပဲ ... ကိုယ်အနိုင်ရရင်ရ မရရင်

www.burmeseclassic.com

www.burmeseclassic.com



ပြန်လမ်းမရှိ ခုန်ကိုက်နိုက်စွန့်စားမယ် ... ကိုယ် ဒီလောက် စွန့်စားမှာ ... ယုဝါက ကိုယ်နဲ့အတူ မစွန့်စားရဲဘူးလား ယုဝါ ... ”

“အို ... သိပ်စွန့်စားရဲတာပေါ့ ... ကိုကိုနောင်နဲ့ အချိန်မရွေး အတူသေရဲတယ် သိလား ... ”

နောင်သက်ဆွေသည် ခုတင်ပေါ်သို့ ပစ်လှဲချလိုက်သည်။

“အဲ ... အဲဒီဝတ်စုံကြီးကို ကိုယ်နဲ့ယုဝါလက်ထပ်ပြီးလည်း ညတိုင်းဝတ်မှာလား ယုဝါ ... ”

“အဲဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ၊ ကိုကိုနောင်နဲ့လက်ထပ်တဲ့နေ့ကစပြီး ဒီဝတ်စုံကို ယုဝါက သေတပန် သက်တစ်ဆုံး အမှတ်တရပစ္စည်းအနေနဲ့ ဗီရိုထဲ ထည့်သိမ်းထားလိုက်မှာ”

“ဩော် ... ယုဝါရယ် ... အချစ်ရယ် ... ”

ယုဝါသည် ထိုဝတ်စုံကို လဲဝတ်လိုက်ပါ၏။

ဩော် ... ကြမ်းတမ်းခက်ထန်လှသော ကမ္ဘာရခရီးကြီးကြီးမှာပင် အပန်းဖြေနိုင်သော အိုအေစစ်ရှိတတ်ပါလား။

ချစ်ကြပါ၏။ ကြည်နူးကြပါ၏။

ရှိန်းတမြမြ ခံစားကြရပါလေ၏။



(၁၆)

“လာဗျို့ ကိုနောင်သက်ဆွေ ... ခင်ဗျား ဆင်းအလာကို ကျုပ်တို့ စောင့်နေတာ ... အခေါ်ခိုင်းရဖို့ကလည်း ခင်ဗျားကိုရော ... ယုဝ်ကိုရော ... အနှောင့်အယှက်ပေး အားနာစရာ ဖြစ်နေလို့ ... ”

မနေ့က ညှော်ခန်းထဲမှာပင် ကိုအောင်စည်နှင့်စောမှုန်းတို့နှစ်ယောက်သည် နှစ်ယောက်ထိုင်ဆိုဖာ၌ ပူးကပ်ထိုင်နေသည်။

ကိုနဂါးက သူရပ်နေကျ ပြကင်းပေါက်တွင် ရပ်နေပါ၏။

ဦးပြည်သိမ်းက ရိုးရိုးငုတ်တုတ်ကုလားထိုင်ဖြင့် လှေကားရင်းတွင် ထိုင်နေသည်။ ကိုအောင်စည်ရှိနေသော ဆိုဖာခိုင်းတွင် ဦးပြည်သိမ်းဝင်ထိုင်ရဲဟန် မတူပေ။

ယာဉ်မောင်း ရှိန်းမောင်က အစင်အထွက် တံခါးမ

www.burmeseclassic.com

www.burmeseclassic.com



ကြီးခတွင် ရပ်နေသည်။

နံနက်(၈)နာရီအပေါ်ထပ်မှ ဆင်းလာသော နောင်သက်ဆွေကို ကိုအောင်စည်က နှုတ်ဆက်ဖိတ်ခေါ်စကား ဆိုလိုက်ပါ၏။

နောင်သက်ဆွေက ကိုအောင်စည်နှင့် မျက်နှာချင်းဆိုင် ဆိုဖာတွင် ဝင်ထိုင်လိုက်သည်။

ယုဝါဆင်းလိုက်မလာသည်ကို ကိုအောင်စည်က ဘာမျှ အပြစ်တင်စကားမဆိုပေ။ ယုဝါသည် သူတို့အဖွဲ့ဝင် အရေးပါသူတစ်ဦး မဟုတ်တော့ပေ။

"ဘယ့်နှယ်လဲ ကိုနောင်သက်ဆွေ ... အားလုံး စိတ်ကျေနပ်ပါတယ်နော် ... "

"ကြားဖူးတာပဲ ကိုအောင်စည် ... ဟိုတုန်းက ထောင်တွေမှာ အေကလပ် ... ဘီကလပ်ထားတယ်တဲ့ ... ကျွန်တော်က အေကလပ်ရတယ်ပေါ့ဗျာ ... "

"ဟဲ ... ဟဲ ... ကိုနောင်သက်ဆွေက စာရေးဆရာပီပီ ... စကားပြော သိပ်လိမ္မာပါးနပ်တာပဲ ... ခင်ဗျားဆိုလိုတာက ခင်ဗျားဟာ ကောင်းကောင်းမွန်မွန် ထိပ်တန်းကျကျနေရတဲ့ ကျုပ်တို့ရဲ့ အကျဉ်းသားလို့ဆိုချင်တာပဲ မဟုတ်လား ... အဲ ... အေကလပ်ထက် ခင်ဗျားက သာတာတစ်ခုရှိပါတယ်ဗျာ ... ဟဲ ... ဟဲ ... ဟဲ ... "

နောင်သက်ဆွေ ပခုံးတွန့်ပြသည်။

"ကဲ ... ဆွေးနွေးကြစို့ ကိုအောင်စည် ... "



"အဲဒီအတွက်ပဲ ကိုနောင်သက်ဆွေ ဆင်းလာတာကို ကျုပ်တို့က စောင့်နေတာ မဟုတ်ဘူးလား စောမူ ... "

ကိုအောင်စည် ရယ်မောပြောဆိုရင်း အနီးကပ်ထိုင်နေသော စောမူနန်း၏ တင်းရင်းသော ပေါင်တံပေါ်သို့ သူ့လက်တစ်ဖက် အုပ်ကိုင်လိုက်သည်။

"ကဲ မနေက စကားပြန်ဆက်ကြစို့ ... ကိုနောင်သက်ဆွေက ယုဝါကို ပြန်လို့ချင်တယ် ... ကျုပ်တို့က ကိုနောင်သက်ဆွေရဲ့ လုပ်ဆောင်ပေးချက် ... အကူအညီတစ်ခုလိုချင်တယ်၊ အပြန်အလှန် လိုချင်တာတွေပေါ့ဗျာ ... အဲ ... အခုပြောမဲ့စကားက ကိုနောင်သက်ဆွေလုပ်ပေးရမဲ့လုပ်ငန်း၏ အစီအစဉ် အသေးစိတ်ပဲ ... "

"ဟုတ်ပါပြီ ... အဲ ... လုပ်ငန်းအစီအစဉ်အသေးစိတ်ကို ကိုအောင်စည်က ဖွင့်မပြောခင် ကျွန်တော်က နောက်တစ်ခုထပ်ပြီး ချေးဆစ်ချင်တယ် ... အဲဒါဈေးဆစ်လို့တည်းမှ ကိုအောင်စည်ရဲ့ အသေးစိတ်အစီအစဉ်ကို ပြောပေတော့"

"ပြောပါ ... ဘာကိုဈေးဆစ်မှာလဲ ... "

"ကျွန်တော် ကိုအောင်စည်ရဲ့လုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်ပြီးသွားရင် ... ယုဝါရဲ့ ဖေဖေ ... ဦးပြည်သိမ်းကို ကျွန်တော်တို့နဲ့ ပြန်ထည့်ပေးပါ ... "

"အို ... အို ... အဲဒါ ဘယ်ဖြစ်မလဲ ကိုစည် ... "

ဟု စောမူနန်း ကပျာကယာ ဝင်ရောက်ငြင်းခုံစကား ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးပြည်သိမ်းဆီမှာ ကိုစည်နဲ့စောမူတို့ရဲ့ အကြွေးတစ်သိန်းကျော်တင်နေတာ ..."

"ဖဲကြွေးတွေပါ မစောမူနန်း ... ဖဲဝိုင်းကလည်း ခင်ဗျားတို့ဖန်တီးထားတဲ့ ဖဲဝိုင်းပါ ... ဦးပြည်သိမ်းကို ထုတ်ချေးသမျှငွေတွေလည်း ကစားရင်း ... ခင်ဗျားတို့ပဲ အနိုင်ရ ... ခင်ဗျားတို့လက်ထဲ ပြန်ရောက်သွားတာ ..."

"အို ... သူ့ဟာသူ ရှုံးတာ ဘာတတ်နိုင်မှာလဲ ... ကျွန်မကို ထုတ်ချေးစဉ်က ငွေသားအပြည့်ထုတ်ချေးခဲ့တာပဲဟာ ..."

"ကောင်းပြီ ... ဦးပြည်သိမ်းကို ခင်ဗျားတို့ချေးထားတဲ့ငွေအားလုံး ... ကျုပ်က ဆပ်မယ်ဆိုရင်ကောဗျာ ..."

စောမူနန်း ပါးစပ်ပိတ်သွားရ၏။

စောမူနန်း ပါးစပ်ပိတ်သွားသော်လည်း ကိုနဂါးက ဝင်ရောက်ပြောလေသည်။

"မင်း စဉ်းစားပါအောင်စည် ... ဦးပြည်သိမ်းကို ပြန်လွှတ်ပေးရဖို့က စဉ်းစားစရာပါ ... ဦးပြည်သိမ်းကို ပြန်လွှတ်ပေးဖို့ ငါလည်း သဘောမတူဘူး အောင်စည် ..."

ကိုအောင်စည်က ကိုနဂါးရှိရာသို့ ရူးစိုက်သောအကြည့်ဖြင့် တစ်ချက်လှမ်းကြည့်လိုက်သည်။

"ကဲ ... လာထိုင် ... ကိုနဂါး ... ဒီကိစ္စခင်ဗျားပဲ ဆက်ဆွေးနွေး ... ကျုပ်ဘေးထွက်ပေးလိုက်မယ်ဗျာ ..."

ကိုနဂါးက ကိုအောင်စည့်ကို ရူးခနဲစိုက်ခနဲ ပြန်ကြည့်ပြီး တင်းမာသောလေသံဖြင့် ပြောလိုက်သည်။



"မင်းတာဝန်က စီမံခန့်ခွဲရေးနဲ့ စီစဉ်ဆောင်ရွက်ရေးတာဝန် ငါက တိုက်ခိုက်ရေးတာဝန်လို့ အဖွဲ့ကတာဝန်ပေးလိုက်တာပဲ အောင်စည် ... ဒီကောင်စာရေးဆရာနဲ့ငါက ဘာမှဆွေးနွေးစရာအကြောင်း မရှိဘူး ... ဒီကောင်ကို သတ်ပစ်လိုက်လို့ မင်း အခုအမိန့်ပေး ... ငါက အခုချက်ချင်း ဒီစာရေးဆရာကို သတ်ပစ်မယ် ... ဒါငါ့တာဝန် ..."

"ဒါဆိုလည်း ဟိုစပ်စပ် ... ဒီစပ်စပ်ဝင်မပါနဲ့ ... ဝင်မပြောနဲ့ပေါ့ ကိုနဂါး ..."

ကိုနဂါးကြီး ကျုံ့မြီးတိုသွားသည်။

"လာဟေ့ ... ရှိန်းမောင် ..."

ဟု လေသံမာဖြင့် ခေါ်ကာ ခြေသံပြင်းပြင်းဖြင့် ကိုနဂါးထွက်သွားသည်။ ရှိန်းမောင်က နောက်မှလိုက်သွားပါ၏။

နောင်သက်ဆွေကျိတ်၍ ရင်ထဲမှ ကျေနပ်မိပါ၏။ သူတို့ခေါင်းဆောင်ချင်း သဘောထားကွဲလေ နောင်သက်ဆွေအတွက် အခွင့်သာနိုင်လေ မဟုတ်ပါလား။

ကိုအောင်စည်က သွေးအေးအေးနှင့်ပင်နောင်သက်ဆွေကို ဆက်မေးသည်။

"ကိုနောင်သက်ဆွေနဲ့ပတ်သက်ပြီး ဘာပြောလိုက်လို့လဲဟင် ..."

"ကျွန်တော်က ကိုအောင်စည်တို့အလုပ်ကို အောင်မြင်စွာဆောင်ရွက်ပြီးရင်တောင် သူ့အဖေကို ကိုအောင်စည်တို့လက်ထဲမှာထားခဲ့ပြီး ကျွန်တော့်နောက်ကို လိုက်ဖို့ ...ခင်

www.burmeseclassic.com

www.burmeseclassic.com



တင်တင်သဘောလေး ယုဝါမှာ ရှိနေတယ် ကိုအောင်စည်ဘာကယ်လို့ ယုဝါက ... ကျွန်တော်နဲ့ ပြန်မလိုက်ဘူးဆိုရင် ကျွန်တော်ကကော ... ကိုအောင်စည်တို့အလုပ်ကို ဘာကူညီလုပ်စရာလိုတော့မှာလဲ ... ဒါကြောင့် သူ့အဖေဦးပြည်သိမ်းကို လွှတ်ပေးပြီး ... ကျွန်တော်တို့နဲ့အတူ ထားခဲ့ပါလို့ ပြောတာ ... "

"ဟုတ်တာပေါ့ ... ဒါတော့လည်း ယုဝါအဖို့ ဟုတ်တာပေါ့ ယုဝါဟာ ဖခင်က မိုက်မည်းသလောက် ... လိမ္မာတဲ့သမီးပဲ သူ့အဖေကို တော်တော်ချစ် ... တော်တော်သံယောဇဉ်ကြီးမှန်းလည်း ကျုပ်အရင်ကတည်းက သိပြီးသားပါ ... ယုဝါ အနေနဲ့ သူ့အဖေကို ဘယ်မှာထားပစ်ခဲ့ရက်မှာလဲ ... "

"ကိုစည် စဉ်းစားဖို့ကောင်းတယ်နော် ... ဦးပြည်သိမ်းဟာ ကိုစည်တို့ရဲ့ လုပ်ငန်းအားလုံးကို သိနေတဲ့လူဖြစ်နေတယ် သူ့ကိုလွှတ်ပေးရင် ... "

စောမူနန်းမှာ ပြောရင်း သူမ၏စကားကို ချက်ချင်း ရပ်ပစ်လိုက်သည်။ ကိုအောင်စည်၏ စူးရှသော မျက်လုံးစုံက သူမအား စိုက်ကြည့်လိုက်သောကြောင့် ဖြစ်ပါ၏။

"ကိုနောင်သက်ဆွေဟာ ... နောက်တစ်ဆင့် ဒီလိုဈေးဆစ်လိမ့်မယ်ဆိုတာ ညကအိပ်ရာထဲမှာ ကျုပ်တွေးမိသေးတယ်ဗျ ... ရတယ်လေ ... ရတယ် ... ဒီကိစ္စက လူ့စိတ်လူ့မနောအရ သဘာဝမှန်ကန်နေတာပဲ ... ဒီလိုပဲ ဈေးဆစ်လာမှာပေါ့ ... အဲ ... ဒါပေမဲ့ ... "



ကိုအောင်စည်က ဦးပြည်သိမ်း ထိုင်နေရာသို့ စကားပြောရင်း လှမ်းကြည့်ကာ ဦးပြည်သိမ်းအား ပြောကြားလိုက်သည်။

"အဲ ... ဦးပြည်သိမ်းကိုလည်း မှာလိုက်ပါရစေ ... ကလေးတွေ ကစားသလိုပေါ့ဗျာ ... ဒီနေရာမှာ ဂေါ်လီရိုက်တယ်၊ ဟိုနေရာကျတော့ ဂျင်ပေါက်တယ် ... ဂျင်ပေါက်တဲ့အချိန်မှာ ဂေါ်လီရိုက်ခဲ့တာကို လုံးဝကြီးမေ့ပစ်လိုက်ပေါ့ဗျာ ... ခင်ဗျား နှုတ်မဖွာဖို့ရယ် ... အာမချောင်ဖို့ရယ်ကို ကျုပ် ... ကျုပ်ကျုပ်ကြီး သတိပေးလိုက်ပါရဲ့ ... ကျုပ်အနေနဲ့ ဟိုဘက်နိုင်ငံကို ကူးသွားပေမဲ့ ... ဒီမှာ ကျုပ်တို့အဆက်အသွယ်ကျန်ခဲ့ဦးမယ် ... ခင်ဗျား နှုတ်ဖွာ လျှာရှည်ချောင်ရင် ... မစ္စတာ ဒေးဗစ်လို ဖြစ်သွားမယ်ပေါ့ဗျာ ... ကဲ ... ကဲ ... လုပ်ငန်းအကြောင်း ပြောကြစို့တော့ ကိုနောင်သက်ဆွေ ... "

ကိုအောင်စည်က ဦးပြည်သိမ်းအား ဟိန်းဟောက်စကားဆိုပြီး အဆုံးတွင် နောင်သက်ဆွေဘက်လှည့်ကာ ပြောလိုက်ပြန်သည်။

သူ၏အိတ်ထဲမှ လေယာဉ်လက်မှတ်ကိုထုတ်ယူပြီး နောင်သက်ဆွေရှေ့တွင် ချထားလိုက်သည်။

"ဒါ ... ဟဲဟိုး ရန်ကုန်အသွားအပြန် လေယာဉ်လက်မှတ်၊ ကနေ့မွန်းလွဲ တစ်နာရီကို နောင်သက်ဆွေ ဟဲဟိုးက ရန်ကုန်ကို လိုက်သွားပါ ... "

"မြန်လှချည်လား ... တိမ်လွှာဟိုတယ်အခန်းမှာ ကျွန်တော့် ပစ္စည်းတွေ ရှိနေသေးတယ် ... "

www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ပါ ... တိမ်လွှာဟိုတယ်ကို ကျုပ်ဖုန်းဆက်ထားလိုက်ပါ့မယ် ... ကိုနောင်သက်ဆွေ ခဏခရီးသွားနေတယ်၊ ပြန်လာမှာလို့ ... အခု ခင်ဗျား တိမ်လွှာဟိုတယ်ကိုသွားရင် ဦးညွန့်ဦးတို့ ကိုဒေဝါတို့နဲ့ တွေ့ချင်တွေ့နေမှာ ... "

"အေးဗျာ ... ကိုညွန့်ဦးနဲ့ ကိုဒေဝါနှစ်ယောက်တော့ ... ကျွန်တော် ပျောက်သွားတာကို စိတ်ပူနေကြမှာပဲ ... "

"အဲဒီအတွက်ကိုပဲ ကျုပ်တာဝန်ယူထားတာပဲ ... ကိုနောင်သက်ဆွေ ... သူတို့ ဦးငွေငြိမ်းတို့က ကိုနောင်သက်ဆွေ ပျောက်သွားတာ ကျုပ်တို့အဖွဲ့က ဖမ်းသွားပြီလို့ ယူဆပြီး ... ဒီကောင်ကြီးနဲ့ ဒီတစ်ဝိုက်မှာ ခြေရာခံရှာနေတုန်း ကိုနောင်သက်ဆွေ ရန်ကုန် ပြန်နိုင်ခဲ့ရောက်သွားစေချင်တာလေ ... "

"ရန်ကုန်မှာ ကျွန်တော်လုပ်ပေးရမဲ့အလုပ်တွေကကော ဘာတွေလဲ ... ပြောပြတော့လေ ... "

ကိုအောင်စည်က မစောမူနန်းကို တစ်ချက်ကြည့်ကာ သူမ၏ပေါင်ကို လက်ဝါးဖြင့် ပုတ်လိုက်သည်။

"ကဲ ... မစောမူ ... "

စောမူနန်းထိုင်ရာမှထပြီး အောက်ထပ်အိပ်ခန်းသို့ ဝင်ရောက်သွားသည်။ ငါးမိနစ်အကြွင်း ပြန်ရောက်လာသည်။ သူမ၏လက်ထဲ ဘောက်(စ်)ကင်မရာ အဟောင်းတစ်လုံးနှင့် အဝါရောင် သံဘူးပြားလေးတစ်ခု ယူလာသည်။

ပစ္စည်းနှစ်ခုစလုံးကို အောင်စည်၏လက်သို့ ပေးအပ်လိုက်သည်။



ကိုအောင်စည်က သံဘူးပြားဝါဝါလေးကို စားပွဲပေါ်တင်လိုက်သည်။ နောင်သက်ဆွေကြည့်လိုက်ရာ အလိပ်(၂၀)ဝင် ငါးသုံးလုံး စီးကရက် သံဘူးပြားလေး ဖြစ်နေပါ၏။

(ထိုခေတ်က ထိုသို့သံဘူးပြားလေးနှင့် အလိပ်(၂၀)ဝင် ငါးသုံးလုံးစီးကရက်ဘူးများ ရှိခဲ့ဖူးသည်။)

သံဘူးပြားဝါဝါစီးကရက်ဘူးမှာ သစ်သစ်လွင်လွင် ရှိနေပါ၏။ ငါးသုံးလုံး စာတမ်းများ တောက်တောက်ပပပင် မြင်တွေ့နေရသည်။

ကိုအောင်စည်က ငါးသုံးလုံးစီးကရက်ဘူးဝါပြားလေးကို နောင်သက်ဆွေအား ဖွင့်ပြလိုက်သည်။

ငါးသုံးလုံးစီးကရက်ဘူးတွင် ပါလေ့ရှိသော ရွှေရောင်စက္ကူပြားထဲတွင် ငါးသုံးလုံး စီးကရက်များ ရှိမနေပေ။ ရွှေရောင်စက္ကူအပေါ်တွင် ဂွမ်းပါးပါးခံပြီး ထိုဂွမ်းပေါ်တွင်တကယ့်အဖိုးတန် တွင်းထွက်စစ်စစ် ကျောက်မျက်ရတနာများကို တွေ့မြင်ရသည်။

ပတ္တမြားစစ်စစ်၊

နီလာစစ်စစ်၊

မြစစ်စစ် တွေချည်းဖြစ်ပါ၏။ တကယ်တစ်လုံးစီအလိုက် တန်ဖိုး သိန်းဂဏန်းအထက်ရှိသော ကျောက်မျက်တွေချည်းဖြစ်ပါ၏။ သူ့အမျိုးအစားအလိုက် အရည်အသွေးတို့မှာ ထိပ်တန်းတွေချည်း ဖြစ်ပေမည်။

"ဒီမှာမြင်ပါတယ်နော် ... ကိုနောင်သက်ဆွေ ... ပတ္တမြား

www.burmeseclassic.com

www.burmeseclassic.com



စစ်စစ်က ဆယ်လုံး ... မြစစ်စစ်တွေက အလုံးနှစ်ဆယ် နီလာစစ်စစ်က အလုံးသုံးတယ် ... စုစုပေါင်း အလုံးခြောက်ဆယ် ... တကယ့်ထိပ်တန်းအရည်ပြည့် ထိပ်ခေါင်တွေချည်းပဲ ... တွင်းထွက်အစစ်တွေချည်းပဲ ... ဒီပြည်တွင်း ကျွန်တော် ကောက်ဈေးတောင် သိန်းကိုးဆယ်ရှိတယ် ... ပြည်ပထုတ်ရင် ... သိန်းတစ်ရာ့ရှစ်ဆယ်နဲ့ နှစ်ရာကြားမှာ ရနိုင်တယ် ဒီပြည်တွင်းရာပြတ်တွေကတောင် ... ဒါတွေအားလုံးကိုးသိန်းတစ်ရာ့နှစ်ဆယ် ရာဖြတ်ထားတယ် ... ”

နောင်သက်ဆွေသည် ကိုယ်တိုင်ကိုယ်ကျ မလုပ်သော်လည်း သူ၏မိဘများက မိုးကုတ်မှ ကျောက်မျက်ရတနာအလုပ်ဖြင့် အစဉ်တစိုက် ချမ်းသာလာသူတွေမို့ နောင်သက်ဆွေအဖို့ ကျောက်မျက်ရတနာတွေနှင့် ရင်းနှီးပြီးသား ဖြစ်ပါ၏။

မိမိအသိလောက်နှင့်ပင် ကိုအောင်စည်သူပြောပြနေသမျှမှာ ယုတ္တိရှိသည်ဟု မှတ်ချက်ပြုမိသည်။

“ဒါတွေကို ကျွန်တော်က ဘာလုပ်ရမှာလဲ ကိုအောင်စည်”

“ကိုနောင်သက်ဆွေ ရန်ကုန်ကို ယူသွားရမယ်လေ ...

“မျာ ... အဆန်းပါလား ... ကိုအောင်စည်တို့ ထုတ်တာ နိုင်ငံခြားဆိုတော့ ပြည်ပနယ်စပ်တွေမှာသာ လုပ်ငန်းလုပ်ကြတယ် မဟုတ်လား ... ”

“မှန်တယ် ... ခါတိုင်းမှာတော့ ကိုနောင်သက်ဆွေ ပြောသလိုပါပဲ ... ဒါပေမဲ့ ... ဒီတစ်ခါကျော့ ... ကျွန်တော်က မျက်လှည့်ပြလိုက်တယ်လေ ... ပြောင်းပြန် ပြန်ပြီးလုပ်



ဆောင်ဖို့ စိစဉ်လိုက်တယ် ... ”

“ဘယ်လိုပြောင်းပြန် ... မျက်လှည့်လဲ ... ”

“အရင့်ပစ္စည်းဝယ်နေကျ ဖလှယ်နေကျဖောက်သည်ကို ရန်ကုန်မှာပဲ လုပ်ငန်းလုပ်ကြဖို့ စီစဉ်လိုက်တယ် ... ရဲအဖွဲ့တွေ ရဲထောက်လှမ်းရေးတွေ မျက်စိလည်အောင် မျက်လှည့်ပြလိုက်တာလေ ... ကိုနောင်သက်ဆွေလိုလူက ရန်ကုန်မှာ ဒီလုပ်ငန်း လုပ်မယ်လို့ ... ဘယ်ရဲအဖွဲ့ ဘယ်ရဲထောက်လှမ်းရေးကမှ မျှော်လင့်ထားမှာ မဟုတ်ဘူး ... မဟုတ်ဘူးလား ... ”

ကိုအောင်စည်သည် ပြောရင်း လက်ကိုင်ပဝါတစ်ထည် ဖြန့်ခင်းကာ ဘူးပြားလေးထဲမှ ပတ္တမြား၊ နီလာ၊ မြတွေကို တွန်းချလိုက်သည်။ ပြီး လက်ကိုင်ပဝါအစလေးစဖြင့် ကျစ်ကျစ်လစ်လစ် ချည်နှောင်ထုပ်ပိုးလိုက်သည်။

ထို့နောက် ကောက်(စ်)ကင်မရာဟောင်းဖင်ပိုင်းကို ဖွင့်လိုက်သည်။ ထိုကင်မရာဖင်ပေါက်ထဲသို့ လက်ကိုင်ပဝါအထုပ်ကို ထည့်သွင်းပြီး အဖုံးပြန်ပိတ်လိုက်သည်။

“ဒါက ရန်ကုန်မင်္ဂလာဒုံလေယာဉ်ကွင်းက အဆင်းမှာ အစစ်အဆေးတွေရှိလာရင် ... အကာအကွယ်ပြောနိုင်အောင် ကင်မရာထဲထည့်ပေးတာ ... ဟိုရောက်ရင် ကိုနောင်သက်ဆွေက လက်ကိုင်ပဝါအထုပ်ထဲက ကျောက်မျက်တွေကို ငါးသုံးလုံးစီးကရက်ဘူးပြားလေးထဲမှာ ပြန်ထည့်ရမယ်နော်၊ တစ်ဘက်လူတွေနဲ့ ကျွန်တော်ကမ်းလှမ်းထားတာက

www.burmeseclassic.com

www.burmeseclassic.com



စီးကရက်ဘူးပြားနဲ့ ထည့်ပေးမယ်လို့ ပြောထားတာ ... လက်ကိုင်ပဝါထုပ်နဲ့ဆိုရင် သူတို့သံသယဖြစ်ပြီး ဂဏှာမငြိမ်ဂျောင် တွေဖြစ်သွားနိုင်တယ် ...”

“အဲ ... သူတို့ကလည်း အထုပ်တွေပါတဲ့ အတာချီကေ့(စ်) တစ်လုံး ပြန်ပေးမယ် ... အဲဒီ အတာချီကေ့(စ်)ကို ကိုနောင် သက်ဆွေ ကျွန်တော့်ဆီပြန်ယူလာရုံပဲ ...”

“အဲဒီ သူတို့ဆိုတာက ဘယ်သူတွေလဲ ...”

“ဒါကို ကိုနောင်သက်ဆွေသိဖို့ မလိုဘူး ...”

“သူတို့ပေးလိုက်တဲ့အတာချီကေ့(စ်)ထဲက အထုပ်တွေဆို တာကော ဘာတွေလဲ ...”

“ဒါလည်း ခင်ဗျားသိဖို့ မလိုဘူး ...”

“လိုတယ်ဗျာ ... သူတို့ပြန်ပေးလိုက်တဲ့ပစ္စည်းဟာ ... ဒီရောက်မှ မမှန်ကန်ဘူး ဘာဘူးနဲ့ ယူဝါတို့သားအဖကို ဒါ ကြောင့်မလွှတ်ပေးဘူးဆိုတာမျိုးတွေဖြစ်လာရင် ဘယ့်နှယ် လုပ်မလဲ ကိုအောင်စည် ...”

ဒါကျတော့ ကိုအောင်စည်ခေါင်းညိတ်ပြပါ၏

“ကောင်းပြီကိုသက်ဆွေ ... ကျွန်တော်ပြောပါ့မယ် ... ဟို တစ်ဘက်က သူတို့ပေးလိုက်တဲ့အတာချီကေ့(စ်)ထဲမှာ ဘိန်းဖြူထုပ်တွေပါပဲ ...”

“ဘိန်းဖြူကို ကျွန်တော် မကျွမ်းကျင်ဘူး ... ဂျုံမှုန့်ထုပ်တွေ ဆန့်မှုန့်ထုပ်တွေ ပေးလိုက်ရင် ဘယ့်နှယ်လုပ်မလဲ ... အဲဒါ ကို ကျွန်တော် မခွဲခြားတတ်တာအမှန်ပဲ ...”



“မစိုးရိမ်နဲ့ ကိုနောင်သက်ဆွေ ... ခင်ဗျားနဲ့အတူတူ ကျုပ်ရဲ့ လူတစ်ယောက်က အမြဲရှိနေမှာ ... ကျုပ်လူက ဟိုဘက်က သူတို့ပြန်ပေးတဲ့အထုပ်တွေရဲ့ ကွာလီတီကိုရော ... အလေး ချိန်ကိုရော စစ်ဆေးပြီးမှ လက်ခံမှာပါ ... အဲဒီဘက်မှာ ကျွမ်းကျင်သူပါ ...”

“ဒါကိုလည်း အစီအစဉ်ကို တိတိကျကျ အစီအစဉ်အတိုင်း ပြောပြပါကိုအောင်စည် ...”

ကိုအောင်စည်က စီးကရက်သံဘူးပြားလေးထဲသို့ ငါးသုံးလုံး စီးကရက်များ စီစီရီရီ ပြန်ထည့်ရင်း ဆက်ပြောပြသည်။

“ဟောဒီ ဘူးဝါပြားလေးထဲက စီးကရက်တွေကို ခင်ဗျားက လူမြင်ကွင်းမှာ ထုတ်ပြီး ... သောက်ပြပေါ့ဗျာ ... ကင်မရာ ကိုတော့ ကိုယ်နဲ့မကွာ အစဉ်တစိုက် လွယ်ထား ... မွန်းလွဲ တစ်နာရီမှာ အငှားကားတစ်စီးနဲ့ ဟဲဟိုးလေယာဉ်ကွင်းကို ကိုနောင်သက်ဆွေသွားပေတော့ ... ကိုပေတိုးဆိုတဲ့လူက ကိုနောင်သက်ဆွေကို ရန်ကုန်လေယာဉ်ကွင်းမှာ ကြိုမယ်၊ သူစီးလာတဲ့ကား ပါဗလစ်ကာကား ပစ်ကပ် ... အနီရောင် ကားနံပတ်က ‘ဒ’ အက္ခရာ ...”

ကားနံပတ်လေးလုံးကို ကိုအောင်စည်က တစ်လုံး ချင်း ရွတ်ပြသည်မို့ နောင်သက်ဆွေ အလွတ်ခေါင်းထဲတွင် မှတ် သားရသည်။

“အဲဒီလာကြိုတဲ့ ကိုပေတိုးဟာ ... အဲဒီအချိန်ကစပြီး ကိုနောင်သက်ဆွေနဲ့အတူ အမြဲရှိနေမယ် ... ဟိုဘက်က

www.burmeseclassic.com

www.burmeseclassic.com



ပေးတဲ့အထုပ်တွေကိုလည်း ကိုပေတိုးကပဲ စစ်ဆေးပြီး လက်ခံလိမ့်မယ် ...”

“နေဦးဗျ ကိုအောင်စည် ... ရန်ကုန်ရောက်ရင် ကျွန်တော့်ကိုယ်ပိုင် ဗိုလ်အောင်ကျော်လမ်းထဲက တိုက်ခန်းမှာတည်းမှာ ... ကိုပေတိုးက ဘယ်မှာတည်းမှာလဲ ...”

“အတူတူပေါ့ ... ကိုနောင်သက်ဆွေရဲ့ တိုက်ခန်းမှာပဲ ကိုပေတိုး တည်းရမှာပေါ့ ...”

နောင်သက်ဆွေက ခေါင်းယမ်းပြသည်။

နဂိုကတည်းက နောင်သက်ဆွေက “လစ်ကွက်”ကို ချောင်းနေသူ မဟုတ်လား။ သူနှင့်အတူ မခွဲမခွာ ကိုပေတိုးရှိနေပါက အဘယ်မှာလျှင် ‘လစ်ကွက်’ရပေတော့မည်နည်း။

“ကျွန်တော့်တိုက်ခန်းမှာ ကိုပေတိုးဆိုတဲ့လူကို ကျွန်တော် လက်မခံနိုင်ဘူး ကိုအောင်စည် ... ကိုပေတိုးနဲ့ အတူသွားရမယ် ... လာရမယ် ... ပစ္စည်းတွေ ကိုပေတိုးက စစ်ဆေးပေးရမယ်ဆိုတာတော့ ကျွန်တော် လက်ခံတယ် ... အလုပ်သဘောအရ လက်ခံတာကို ပြောတာ ...”

“ခင်ဗျားတိုက်ခန်းမှာ ဘာလို့ ကိုပေတိုးကို ခင်ဗျားက လက်မခံနိုင်တာလဲ ကိုနောင်သက်ဆွေ ...”

“မနှစ်မြို့က်လို့ပေါ့ဗျာ ... အခုကိစ္စက သူငယ်ချင်းတွေ ပျော်ပွဲစားထွက်တာမှ မဟုတ်တာ ... အတူနေ ... အတူအိပ်ဆိုတာမျိုး ... လူစိမ်းသက်သက်ကိုပေတိုးကို ကျွန်တော် ဘယ်လက်ခံမလဲ ... အတူသွား အတူလာလုပ်ငန်းဆိုတာ



ကိုပဲ ကျွန်တော် လက်ခံနိုင်မယ် ...”

အမှန်တော့ နောင်သက်ဆွေ ရိပ်မိပြီးသားဖြစ်သည်။

ဤအိမ်မှ ကျောက်မျက်ရတနာတွေ မိမိယူဆောင်ပြီး ထွက်လေကတည်းက မိမိလုံးဝမသိသော ကိုအောင်စည်၏ အပည့်တွေသည် မိမိအား နောက်မှခြေရာ ရှုဒိုးလိုက်ကြပေမည်။ မိမိကို ယုံကြည်စိတ်ချစွာ တစ်ယောက်တည်း ကိုအောင်စည်က လွှတ်ပေးမည် မဟုတ်။ ကျောက်မျက်တွေရော ဟိုကရလာမည့် အထုပ်တွေရော တန်ဖိုးအားဖြင့် ကြီးမားလွန်းနေသည်။

ဤကြားထဲကမှ နောင်သက်ဆွေ ‘လစ်ကွက်’ရယူဖို့ စိတ်ကူးထားသည်မှာ ရန်ကုန်ရောက်ပြီး မိမိတိုက်ခန်းတွင် မိမိတစ်ယောက်သည် နေ့ခွင့်အရယူပြီး တိုက်ခန်းမှ တယ်လီဖုန်းဖြင့် ဦးငွေမြိမ်းထံ ဆက်ကာပြောပြမည်ဆိုသည့် ‘လစ်ကွက်’ကို လိုချင်သောကြောင့်ပင်။

ထို့ကြောင့် ကိုပေတိုးကို ရန်ကုန်မှ မိမိတိုက်ခန်းတွင် အတူညအိပ်မလိုချင်ခြင်း ဖြစ်သည်။

“ဒါဆိုရင်တော့ မလွယ်ဘူး ကိုစည် ...”

မစောမူနန်းက ကိုပေတိုးကို နောင်သက်ဆွေက သူ့တိုက်ခန်းတွင် အတူအိပ် အတူနေ ခေါ်မထားနိုင်ကြောင်း ငြင်းဆိုချက်ကို လက်မခံကြောင်း ကိုအောင်စည်အား ပြောလိုက်ခြင်းဖြစ်ပေသည်။

“ဟုတ်တယ် စောမူ ... ကိုပေတိုးဟာ ရန်ကုန်မှာ မိမိတိုင်း

www.burmeseclassic.com

www.burmeseclassic.com



စက္ကန့်တိုင်း ကိုနောင်သက်ဆွေနဲ့ အတူရှိနေသင့်တယ် ...”

ဟု ကိုအောင်စည်ကပါ ပြောလာသည်။

“မလွယ်ရင်လည်း ဖျက်လိုက်ပေါ့ ကိုအောင်စည် ... နှစ်ဦးနှစ်ဖက် ဆက်စပ်ပြီး လုပ်ငန်းတစ်ခုလုပ်တဲ့အခါမှာ ယုံကြည်သင့်သလောက် ယုံကြည်စိတ်ထားပြီးမှ လုပ်ကြမှဖြစ်မှာပေါ့ဗျာ ... လူနှစ်ဦးဖြစ်လာမှတော့ ... ကိုယ့်ဆန္ဒ သူ့ဆန္ဒဆိုတာ ရှိလာစမြဲပဲ ... ဒီလို ဆန္ဒနှစ်မျိုးဖြစ်လာရင် သူ့ဘက်ကိုယ့်ဘက် ချင့်ချိန် စဉ်းစားသင့်တာပေါ့ ကိုအောင်စည် ...”

“ဒီမှာ ကိုနောင်သက်ဆွေ ... ဒီအခြေအနေအထိ ပြောဆိုကြပြီးမှ ဒီအစီအစဉ်ကို ဖျက်လိုက်ဆိုရင် ... ခင်ဗျားရဲ့ဂါကြမ္မာ ဘာတွေဖြစ်သွားမယ်ထင်သလဲ ...”

“ကျွန်တော့်ကို အပျောက်ရှင်းသတ်ပစ်ရုံရှိတော့တာပေါ့ဗျာ။”

“ဒီမယ် ကိုအောင်စည် ... ဒီအစီအစဉ်ဖျက်လိုက်တာနဲ့ ကျုပ်နဲ့ယုဝါဟာလည်း ဒီတစ်သက် ပြန်လည်ဆုံတွေ့ခွင့်မရတော့အောင် ... ယုဝါကို ခင်ဗျားတို့ ခေါ်သွားမှာသေချာတယ် ... ကျုပ်တစ်ယောက်တည်း ခင်ဗျားတို့ခေါ်တဲ့နေရာကို လိုက်လာကတည်းက ကျုပ်ကိုကျုပ် သေလူလို့ သဘောထားပြီးသား ... လာကတည်းက ယုဝါအတွက် ကျုပ်အသက် ပဓာနမထားဘဲ လိုက်လာတာပဲဗျာ ... ယုဝါနဲ့မနီးစပ်နိုင်တော့ဘူးဆိုမှတော့ ခင်ဗျားတို့သတ်ပစ်လည်း ကျုပ်က သေလိုက်ရုံပေါ့ ...”

နောင်သက်ဆွေသည် ပြောပြောဆိုဆို သူ့ဂျာကင်အင်္ကျီအိတ်ထဲမှ ပစ္စတိုသေနတ်လေးကိုထုတ်ယူပြီး စားပွဲပေါ်တင်ကာ ကိုအောင်စည်ရှိရာဘက်သို့ တွန်းပို့လိုက်သည်။



“ကဲ ... ကြိုက်သလို လုပ်ပေးတော့ ကိုအောင်စည် ... ကျုပ်ငြိမ်ငြိမ်လေးခံယူမယ် ...”

ကိုအောင်စည်မှာ ပါးစပ်ကြီးဟသွားသည်အထိ နောင်သက်ဆွေ၏ သတ္တိကို အံ့ဩရတော့သည်။

နောက်ဆုံး ကိုအောင်စည်က သူ့လက်ဝါးနှစ်ဖက်ဖြင့် သူ့ပေါင်နှစ်ဖက်ပေါ်သို့ စုံပုတ်လိုက်သည်။

“ကောင်းပြီလေ ... ဘျုပ်ထပ်ပြီး တစ်ပတ်လျှော့ပါဦးမယ်၊ ကိုပေတိုးကို ခင်ဗျားတိုက်ခန်းပေါ် ခေါ်မသွားပါနဲ့ ... ဒါပေမဲ့ ... ခင်ဗျားတိုက်ခန်းရှေ့ လမ်းဘေးမှာရပ်ထားတဲ့ကားပေါ်မှာတော့ ကိုပေတိုးရှိနေစေရမယ် ... ဘယ့်နှယ်လဲ ...”

“ဒါတော့ ဖြစ်ပါတယ် ...”

“ဒါဆို အစီအစဉ်ဆက်ပြောမယ် ... ဒီကနေ့ညနေပိုင်း ကိုနောင်သက်ဆွေ ရန်ကုန်ကိုရောက်မယ် ... ဒီတစ်ညတော့ အနားယူလိုက်ပေါ့ ... နက်ဖြန်ည ဆယ်နာရီမှာ ကိုဖေတိုးက ကိုနောင်သက်ဆွေကို ကားနဲ့ခေါ်သွားမယ်၊ ကျိုက္ကလား ဘူတာ က တောအုပ်လေးဆီ ခေါ်သွားမှာ ... ချိန်းတဲ့နာရီတိတိမှာ နီညိုရောင် အက်(စ်)အီးကားတစ်စီး ရောက်လာမယ် ... အဲဒီနီညိုရောင် အက်(စ်)အီးကားထဲက ခေါင်းဆောင်က ... ‘ကုန်းပေါ်မှာကျား’လို့ ပြောမယ် ...

www.burmeseclassic.com



ကိုနောင်သက်ဆွေက 'ရေထဲမှာ နဂါး'လို့ ပြန်အော်ပြေ
လိုက်ပါ ..."

"အဲဒါ ... ပစ္စည်းဖလှယ်ရေးမှာ သတ်မှတ်ထားတဲ့ စကား
ဝှက်ပဲ ... အဲဒီနောက် သူ့ပစ္စည်းနဲ့ ကိုယ့်ပစ္စည်းဖလှယ်မယ်
သူကပေးတဲ့ပစ္စည်းကို ကိုပေတိုးက စစ်ဆေးရယူလက်
ပဲ ... ကိုယ်ကပေးတဲ့ပစ္စည်းကိုလည်း သူတို့ဘက်က ကျွ
ကျင်သူရာဖြတ်က စစ်ဆေးမှာပဲ ... ကိုပေတိုးက သူတို့
တဲ့ ပစ္စည်းဟာ အမှန်အကန်လို့ဆိုတာနဲ့ ကိစ္စပြီးသွားပြီ
ကျုပ်ဆီ ကိုပေတိုးနဲ့အတူ ပြန်လာရုံပဲ ... ဒါကြောင့်
လေယာဉ်လက်မှတ်ကို အသွားအပြန်အတွက် ဝယ်ထား
တာ ..."

နောင်သက်ဆွေက ပြောလိုက်သည်။

"အင်း ... လွယ်လွယ်လေးပါလား ... 'ကုန်းပေါ်မှာကျ
'ရေထဲမှာနဂါး'ဆိုတာနဲ့ ကိစ္စကပြီးသွားတယ်လေ ..."

"အင်း ... လွယ်မယောင်နဲ့ခက် တိမ်မယောင်နဲ့နက်တဲ့
မျိုးပေါ့ ကိုနောင်သက်ဆွေ ... ခင်ဗျား အမိကဆောင်
ဖို့ကတော့ ရဲထောက်လှမ်းရေးက မိမသွားဖို့နဲ့ တခြား ကျ
တို့ကို အဖွဲ့တစ်ခုခုက ဖြတ်ခုတ်မှာ မခံရဖို့ဘဲ ..."

နောင်သက်ဆွေက လေယာဉ်လက်မှတ်ကိုကော
ယူလိုက်သည်။

"မှာစရာကုန်ပြီလား ... ကျွန်တော် အိမ်ပေါ်တက်တော့
မယ် ..."



ကိုအောင်စည် ပြုံး၍ ခေါင်းညိတ်သည်။

"အလုပ်လုပ်ခါနီး စီးကရက်ဘူးဝါပြားထဲကို ပွမ်းခံပြီး ...
ပစ္စည်းတွေ ပြန်ထည့်ဖို့ မမေ့နဲ့နော်. ကိုနောင်သက်ဆွေ"

နောင်သက်ဆွေ ထိုင်ရာမှ ထသည်။ အိမ်ပေါ်ထပ်
လှေကားဆီသို့ အသွားတွင် ကုလားထိုင်ပေါ် ငြိမ်သက်စွာထိုင်နေ
သော ယုဝါ၏ဖေဖေ ဦးပြည်သိမ်းနှင့် မျက်နှာချင်းဆိုမိသည်။

နောင်သက်ဆွေက ဦးပြည်သိမ်းအား အဓိပ္ပာယ်ရှိ
သော အကြည့်ဖြင့် ကြည့်လိုက်သည်။

ဦးပြည်သိမ်း ခေါင်းငုံ့သွားဝါ၏။

နောင်သက်ဆွေ လှေကားပေါ် တက်လာခဲ့သည်။

ချစ်စွာသော ယုဝါရှိရာအခန်းသို့ နောင်သက်ဆွေ
လှမ်းဝင်ခဲ့ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၁၇)

"ကျေးဇူးပြုပြီး ခင်ဗျားကင်မရာအထဲကို ဖွင့်ပြပါ ..."

"ဟာ လုံးဝမဖြစ်နိုင်တာ ... အလင်းရောင်ဝင်တာနဲ့ ရိုက်လာတဲ့ပုံတွေ ပျက်စီးကုန်မှာပေါ့ ... တပင်တပန်းရိုက်လာရတာတွေဗျ ..."

"ကျွန်တော်က တာဝန်အရပါ မိတ်ဆွေ ..."

"အဲဒါကို ကျွန်တော်သဘောပေါက်ပါတယ် ... ကျွန်တော့်ကတ်ပြားတွေလည်း အားလုံးထုတ်ပြပြီးပြီပဲဗျာ ကျွန်တော့်တစ်ကိုယ်လုံးကိုလည်းရှာပြီးပြီ ... ကျွန်တော့်လုပ်ငန်းမှာအထောက်အကူဖြစ်စေဖို့ ရိုက်ကူးလာတဲ့ ဓာတ်ပုံဖလင်ပျက်သွားမှာစိုးလို့ဆိုတာလည်း ထည့်တွက်ပေးပေါ့ဗျာ ..."

မင်္ဂလာဒုံလေဆိပ်တွင် တာဝန်ကျအကောက်ခွန်ဝန်ထမ်းနှင့် နောင်သက်ဆွေအချီအချ ပြောနေရပေသည်။

ပြဿနာမှာ ... လိပ်ခဲတည်းလည်းဖြစ်နေသည်



အကောက်ခွန်ဝန်ထမ်းက နောင်သက်ဆွေအကျီအိတ်မှန်သမျှရော အမျိုးသားမှတ်ပုံတင်ကတ်၊ စာပေလုပ်သားကတ်၊ ယာဉ်မောင်းလိုင်စင်တွေရော စီးကရက်ဘူးပြားထဲမှ စီးကရက်တွေကိုရော စစ်ဆေးပြီးနောက် ကင်မရာဟောင်းကိုဖွင့်ပြခိုင်းခြင်း ဖြစ်ပါ၏။

နောင်သက်ဆွေကလည်း အပြင်းအထန် ငြင်းဆန်နေသည်။

ထိုစဉ်မှာပင် ...

ပုဂ္ဂိုလ်နှစ်ဦးလျှောက်လာသည်။ တစ်ဦးမှာ ... အကောက်ခွန် အရာရှိကြီးဖြစ်ပါ၏။ ကျန်တစ်ဦးမှာ ရဲစုံထောက်ကိုလှိုင်မင်းပင် ဖြစ်နေပေသည်။

ကိုလှိုင်မင်းသည် နောင်သက်ဆွေကို သေချာမြင်ပါ၏။ သို့သော် မမြင်သလို၊ မသိသလိုပုံစံဖြင့် မျက်နှာလွှဲထားသည်။

"ဘာဖြစ်နေတာလဲဟေ့ ... မောင်ရွေး ..."

"ဒီမှာဆရာ ... ဒီလူက သူ့ကင်မရာကို ကျွန်တော်စစ်ဆေးဖို့ ဖွင့်ပြခိုင်းတာ မဖွင့်ပြနိုင်ဘူးလို့ ငြင်းနေတယ် ..."

"သူက ဘာကြောင့်ငြင်းရတာလဲ ..."

"သူက စာရေးဆရာနောင်သက်ဆွေပါဆရာ ... သူ စာရေးဖို့အတွက် ရှမ်းပြည်နယ်ဘက်သွားပြီး ဒေသန္တရလေ့လာရင်း စာရေးတဲ့နေရာမှာ အထောက်အကူပြုဓာတ်ပုံတွေ ရိုက်လာတာတဲ့ ... ကင်မရာကိုဖွင့်ပြရင် ... အလင်းရောင်ဝင်ပြီး သူ ရိုက်ထားတဲ့ ဖလင်ဓာတ်ပုံတွေ ပျက်သွားမှာစိုးလို့ ဆရာ ..."

www.burmeseclassic.com

www.burmeseclassic.com



အကောက်ခွန်အရာရှိကြီးက မေးစေ့လက်ညှိုး ထောက် စဉ်းစားပြီး ...

"သူ့ စာရေးဆရာဆိုတာ မှန်ကန်သလား ..."

"ဒါတော့ မှန်တယ်ဆရာ ... သူရေးတဲ့ဝတ္ထုတွေ ကျွန်တော် ထွက်တိုင်းဝယ်ဖတ်တယ် ... နောက်ပြီး သူ့မှာစာပေလုပ်သားအဖွဲ့ဝင်ကတ်ပါတယ် ... အမျိုးသားမှတ်ပုံတင်နဲ့ရော ယာဉ်မောင်းလိုင်စင်နဲ့ရော ... စာပေလုပ်သားကတ်နဲ့ရော ဓာတ်ပုံတွေ အချက်အလက်တွေအားလုံး ကိုက်ညီတယ် ဆရာ ..."

"ဒါဆို လွှတ်လိုက်မောင်ထွေး ... စာရေးဆရာ ကိုနောင်သက်ဆွေကို လွှတ်လိုက်ပါ ..."

နောင်သက်ဆွေနှင့် အကောက်ခွန်တွေ အကျိတ်အနယ် ဖြစ်နေသည်ကို မလှမ်းကမ်းမှ လူတစ်ယောက်သည် အစအဆုံး ကြည့်နေပါ၏။

ထိုသူသည် သားသားနားနားမြန်မာဝတ်စုံကို ဝတ်ဆင်ထားသည်။ ရှပ်ဖြူလည်ကတုံးပေါ်တွင် မီးခိုးရောင်တိုက်ပုံအင်္ကျီ ဝတ်ထားသည်။ ပုဆိုးမှာ ကျေးတစ်ရာအနက်ပေါ်တွင် ကျေးငှက်အရုပ်အဖြူလေးတွေပါရှိသော ပုဆိုးဖြစ်သည်။ အသားညိုပြီး ဆံပင်ကောက်သူ ဖြစ်ပါ၏။

ထိုသူသည် နောင်သက်ဆွေထွက်သွားရာနောက်သို့ မသိမသာအမီလိုက်လာသည်။

"ဒီမှာ ကိုနောင်သက်ဆွေ ... ကျုပ်ကပေတိုးပါ ... ဆရာ



ကိုအောင်စည်က ကျုပ်ကိုဖုန်းနဲ့ အားလုံးအကြောင်းကြားထားပြီးပါပြီ ... အခု ကိုနောင်သက်ဆွေကို ကျွန်တော်လာကြိုတာ ..."

"ခင်ဗျား ကိုပေတိုးဆိုတိုင်း ကျုပ်ကယုံရမှာလား ... ခင်ဗျားအမျိုးသားမှတ်ပုံတင်နဲ့ ယာဉ်မောင်းလိုင်စင်ကိုပြ"

"ဟာ ... ခင်ဗျား တော်တော်သေချာတဲ့လူပဲ ... ကားပေါ်ရောက်မှ ထုတ်ပြမယ် ... အခု လမ်းပေါ်မှာ လူမြင်လို့ မသင့်တော်စရာဖြစ်ကုန်မှာပေါ့ ..."

ကားရပ်ထားရာသို့ လာခဲ့ကြသည်။

ကားမှာ ကိုအောင်စည်ပြောသည့်အတိုင်း 'ဒ' အက္ခရာကတ်ပြီး နံပတ်လေးလုံးမှန်ကန်သည်။ ပါဗလစ်ကာအနီရောင် ပစ်ကပ်ကား အမျိုးစားလည်း မှန်သည်။

"ရော့ ... ဒီမှာကြည့် ..."

ကားပေါ်ရောက်သည်နှင့် ကိုပေတိုးက သူ၏ကတ်ပြားတွေ ထုတ်ပြသည်။ မှန်ကန်ပါ၏။

ကိုပေတိုးက မောင်းပြီး နောင်သက်ဆွေက ဘေးမှ ထိုင်လိုက်ခဲ့သည်။

"တကယ်ဗျာ ... ကိုနောင်သက်ဆွေ တကယ်မှင်မောင်းကောင်းတယ် ... ကျုပ်က အကောက်ခွန်က ကင်မရာဖွင့်နိုင်းတော့ သွားပြီမှတ်တာ ..."

နောင်သက်ဆွေက ဘာမျှပြန်မပြောဘဲ တွေးစားစရာကို စဉ်းစားကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ကွင်းသို့ အကောက်ခွန်အရာရှိကြီးနှင့် ကိုလှိုင်မင်း မိမိစီးလာသော ဟဲဟိုးလေယာဉ်ဆိုက်သည်နှင့် သူတို့ ရောက်လာသည်ကို စဉ်းစားခြင်း ဖြစ်ပါ၏။

မိမိစိတ်ကူးက မိမိဗိုလ်အောင်ကျော်တိုက်ခန်းပြန်ရောက်မှ ဦးငွေငြိမ်းထံ ဖုန်းဆက်ရန် ရည်ရွယ်ခဲ့သည်။

ယခုမိမိက မဆက်သွယ်ရသေးမီ ကိုလှိုင်မင်းက လေဆိပ်သို့ရောက်လာသည်။ မိမိလုံးဝအကြောင်းမကြားရသေးဘဲလျက် ကိုလှိုင်မင်း အဘယ်ကြောင့် ရောက်လာသနည်း။

သူ့ဟာသူ တခြားကိစ္စနှင့် ကိုလှိုင်မင်းရောက်လာခြင်းပေလား၊ မိမိနှင့် တိုက်ဆိုင်မှုပေလား။

ကိုပေတိုးသည် နောင်သက်ဆွေက ဘယ်ကိုမောင်းပါဟု တစ်ခွန်းမပြောဘဲလျက် ဗိုလ်အောင်ကျော်လမ်း မိမိတိုက်ခန်းရှေ့သို့ ရောက်ကာ ကားရပ်လိုက်သည်။

ကိုအောင်စည်က မိမိနှင့်ပတ်သက်၍ အားလုံးကို ကိုပေတိုးအား ပြောထားခြင်း ဖြစ်နိုင်သည်။

ကိုနောင်သက်ဆွေ ကားပေါ်မှ ဆင်းကာ မိမိတိုက်ခန်းရှိရာ ပ[illegible]ဆပ်သို့ လှေကားမှ တက်ခဲ့သည်။

နောက်မှ ကိုပေတိုးလိုက်လာသဖြင့် လှေကားမှာပင် နောင်သက်ဆွေ ရပ်လိုက်သည်။

"ခင်ဗျား ကျုပ်တိုက်ခန်းအထိ လိုက်နေရမယ်လို့ ကိုအောင်စည် ခင်ဗျားကို ပြောတဲ့အထဲမှာ ပါသလားကိုပေတိုး ..."

"ပထမမှာစုန်းက ပါတယ် ... ဒုတိယထပ်ပြီးမှာတဲ့အထဲမှာတော့ ကိုနောင်သက်ဆွေရဲ့ တိုက်ခန်းထဲ လိုက်မသွားနဲ့လို့ ထပ်မှာတယ် ..."



"ဒါဆို ... ရှင်းနေတာပဲ ခင်ဗျားမလိုက်နဲ့ ..."

"မလိုက်နဲ့ဆိုရင်တော့ မလိုက်ဘူးပေါ့ဗျာ ... ဒါပေမဲ့ ကိုယ်ချင်းစာကြည့်ပါ ... မော်တော်ကားရပ်ထားတဲ့အထဲမှာ အကြာကြီးနေရမယ်ဆိုတာ ... သိပ်အနေကျဉ်းကျပ်ပါတယ်၊ အပြင်မှာ နေပူလေ ကားထဲမှာ ကျွတ်လေပဲ ..."

"ခင်ဗျားတို့လောကမှာ ကိုယ်ချင်းစာဆိုတဲ့ ဝေါဟာရရှိလို့လား ... ကျုပ် ခင်ဗျားတို့လောကထဲရောက်နေပြီ ... ကိုယ်ချင်းစာဆိုတဲ့ ဝေါဟာရမရှိတော့ဘူး ... ခင်ဗျားဘာသာအောက်မှာပဲနေ ဒါပဲ ..."

"ကျုပ် ... ခင်ဗျားတိုက်ခန်းအပေါ်ထပ်ကို လိုက်မှာပဲ"

နောင်သက်ဆွေက လွယ်ထားသော ကင်မရာကို ဖြုတ်ပြီး ကိုပေတိုးကို လှမ်းပေးလိုက်သည်။

"ရော့ ... ဒါဆို ... အစီအစဉ်တွေဖျက်လိုက် ... အဲဒီကင်မရာကို ယူပြီး ... ကိုအောင်စည်ဆီကို ခင်ဗျားပြန်သွားတော့"

"အာ ... အာ ... ဒီလိုတော့ မလုပ်နဲ့လေ ... ခင်ဗျားအခန်းကို မလိုက်နဲ့ဆို ... ကျုပ်မလိုက်တော့ဘူး ... ဟင် ... တကယ့်လူပဲ ကြောက်စရာကောင်းတယ် ..."

ပြောပြောဆိုဆို ကိုပေတိုးသည် လိမ်ဖယ်လိမ်ဖယ်နှင့် လှေကားမှ ပြန်ဆင်းသွားသည်။ သူ့ကားရပ်ထားရာသို့ ပြန်သွားပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ထင်ပါ၏။ ကိုအောင်စည်က ဒုတိယကိုပေတိုးကို ပေးသော အမိန့်တွင် ...

"မင်း သူ့အခန်းထဲမှာ သူနဲ့နေဖို့ အတတ်နိုင်ဆုံး ကြိုးစား၊ ကြိုးစားလို့မရမှ မလိုက်နဲ့ ..."

ဟူ၍ ...

နောင်သက်ဆွေက သူ့အခန်းတံခါးသော့ဖွင့်ကာ အထဲသို့ ဝင်လိုက်သည်။

ခရီးရောက်မဆိုက်ပင် တယ်လီဖုန်းရှိရာသွားပြီး ဦးငွေငြိမ်းထံ ဆက်ရန် ကောက်ကိုင်လိုက်သည်။

ဖုန်းသည် သေနေသည်။ လုံးဝအော်တိုမဝင်ပါလေ။

ကိုအောင်စည်သည် လျှင်ပါပေ့၊ မိမိထက် ရှေ့တစ်ကွက် ကျော်ထားလိုက်သည်ကို တွေ့ရပေသည်။

မိမိ၏ ဖုန်းလိုင်းကို ရန်ကုန်မှ သူ့အဆက်အသွယ်နှင့် ဖြတ်ထားနှင့်ပေသည်။

နောင်သက်ဆွေ ဖုန်းကို ပြန်ချထားလိုက်သည်။

အများဖုန်းနှင့်ဆက်ရန်လည်း လုံးဝမဖြစ်နိုင်ပါပေ။ ကိုပေတိုးက မိမိသွားရာသို့ တစ်ကောက်ကောက်လိုက်မည်သာ။

နောင်သက်ဆွေ ကုလားထိုင်တွင်ထိုင်ကာ အကြံထုတ်စဉ်းစားသည်။

ကိုအောင်စည်နှင့် မိမိသည် သူ့အကွက် ကိုယ့်အကွက် ယှဉ်ပြိုင်နေရသည်။ ယခုအထိတော့ ကိုအောင်စည်က မိမိအား တစ်ကွက်ကျော် နှစ်ကွက်ကျော် ရနေဆဲပါပေ။



နောင်သက်ဆွေ အကြံတစ်ခုရသည်။

ထိုင်ရာမှထ၊ အခန်းတံခါးသော့ခတ်ပြီး လှေကားမှ ဆင်းခဲ့သည်။

အောက်ထပ် မြေညီထပ်နှစ်ခန်းကျော်ကိုဒေါင်တွင် မိမိမော်တော်ဆိုင်ကယ်အား ဂိုဒေါင်လခပေးဖြင့် ထားရှိသည်။ အခြားမော်တော်ကား၊ မော်တော်ဆိုင်ကယ်များလည်း ထားရှိသည်။ နောင်သက်ဆွေ ထိုဂိုဒေါင်သို့ထွက်လာခဲ့သည်။

"ဟေ့လူ ... ဒါ ... ဘယ်လဲ ..."

"ကျုပ် မော်တော်ဆိုင်ကယ်သွားထုတ်မလို့ ... ဟိုနားဒီနား လျှောက်ပတ်စီးမလို့ ..."

"ဟာဗျာ ... ခင်ဗျားသွားချင်တဲ့ဆီသွားဖို့ ကျုပ်မော်တော်ကား စတင်းဘိုင်စောင့်နေသားနဲ့ ..."

နောင်သက်ဆွေက ဘာမျှ ကိုပေတိုးကို ပြန်မပြောဘဲ ဂိုဒေါင်ထဲမှ သူ့မော်တော်ဆိုင်ကယ်ကို တွန်းထုတ်ခဲ့သည်။ ပြီး ကိုပေတိုးကို ပြောလိုက်သည်။

"ဒီမယ် ကိုပေတိုး ... ခင်ဗျားမှာ ကားလည်းရှိ ... မောင်းလည်းမောင်းနေတာပဲ ... မော်တော်ကားဖြစ်ဖြစ် ... မော်တော်ဆိုင်ကယ်ဖြစ်ဖြစ် ... သွားစရာမရှိရင် စက်နှိုးပေးထားရတယ် ... ကျုပ်တောင်ကြီးသွားကတည်းက စက်မနှိုးတဲ ထား့ထားတာ ... အခု စက်နှိုးပြီး ဟိုနား ဒီနား မောင်းရမယ် ..."

နောင်သက်ဆွေက ပြောပြရင်း သူ့ဆိုင်ကယ်ကို

www.burmeseclassic.com

www.burmeseclassic.com



စက်နှိုးလိုက်သည်။ တစ်ချက်တည်းနှင့်ပင် စက်နိုးပါ၏။

စက်နိုးသောအခါ ခွထိုင်လိုက်သည်။

"ဟေ့လူ ... ကိုနောင်သက်ဆွေ ... ဒါက ဘယ်သွားမလို့လဲ"

"ကျုပ်ပြောပြီးပြီပဲ ... ကျုပ် ဟိုနားဒီနား ပတ်မောင်းမလို့ ဘယ်ကိုသွားမယ်ဆိုတဲ့ ဦးတည်ချက်မရှိဘူး ..."

"အာ ... ဒုက္ခပါပဲ ... ဒါဆို ကျုပ်ပါလိုက်မယ် ... တော်တော် အရစ်ရှည်တယ် ..."

"လိုက်လေ ... ရသားပဲ ..."

"ခဏလေးစောင့်နော် ... မောင်းမထွက်သွားနဲ့ ကျုပ်ကား မှန်တံခါးပိတ်သော့ခတ်လိုက်ဦးမယ် ..."

ကိုပေတိုး ဗျာများသွားသည်။ သူ့ကားဆီပြန်သွား တံခါးပိတ်သော့ခတ်လုပ်ပေသည်။

နောင်သက်ဆွေက စောင့်ပေးပါ၏။ မောင်းထွက်သွားခြင်းမပြုပေ။ ဤနည်းဖြင့် မောင်းထွက်သွား၍ ဘာမှုအကျိုးသက်ရောက်မည်မဟုတ်မှန်း သိထားသည်။ နားလည်ထားသည်။

ကိုပေတိုးပြန်လာပြီး နောက်တွင် ဝင်ခွထိုင်သည်။ မော်တော်ဆိုင်ကယ်နှင့်ပတ်သက်၍ အတွေ့အကြုံမရှိမှန်း သိသာသည်။

နောက်တွင် ခွထိုင်သော်လည်း သူ့ခြေဖျားနှစ်ဖက် ဘယ်မှာတင်ထားရမှန်း မသိပေ။

"ကျုပ်က ဘာကိုကိုင်ထားရမှာလဲ ..."

"ကျုပ်ခါးကို ဖက်ထား ..."



"ဟာဗျာ ... ယောကျ်ားအချင်းချင်း ..."

နောင်သက်ဆွေ နံပါတ်တစ်ဂီယာသွင်းပြီး ဘီးလိမ့်စ ပြုလိုက်သည်။

"အာ ... ဟေး ... ဟေး"

ဟု အော်ရင်း နောက်သို့လန်သွားမလို ဖြစ်သွားသောကြောင့် ကိုပေတိုးသည် နောင်သက်ဆွေ၏ ပခုံးတစ်ဖက်စီကို လှမ်းကိုင်ပါ၏။ နောင်သက်ဆွေက ခန္ဓာကိုယ်ကို တောင့်ထားလိုက်ရသည်။

"ဒုက္ခပဲ ... ဟိုဟာကိုင်ရမလိုလို ... ဒီဟာကိုင်ရမလိုလိုနဲ့ နောက်ကစီးရတာ ခြေလွတ်လက်လွတ်ကြီး ..."

"ခင်ဗျား မော်တော်ဆိုင်ကယ် မစီးဖူးဘူးလား ..."

"တစ်ခါမှ မစီးဖူးဘူး ... မော်တော်ကားရှိနေတာပဲဟာ ..."

နောင်သက်ဆွေက ဆက်မောင်းလာရင်း ဗိုလ်အောင်ကျော်လမ်းမှ ဗိုလ်ချုပ်လမ်းသို့ ကူးလိုက်သည်။

ဗိုလ်ချုပ်လမ်းနှင့် သိမ်ဖြူလမ်းဒေါင့်တွင် မီးပွိုင့်နီသဖြင့် ဆိုင်ကယ်ကို ဒက်စတော့ရပ်လိုက်သည်။

ဒက်စတော့ရပ်သောကြောင့် ကိုပေတိုး၏ဦးခေါင်းသည် နွားရှေ့သလို နောင်သက်ဆွေ၏ ကျောပြင်ကြီးကို ဝင်ဖွေ့သည်။

"ဟာ ... သေတော့မှာပဲ ... ဖြည်းဖြည်းလုပ်လုပ်မှပေါ့"

"ဘာဖြည်းဖြည်းလဲ ... မီးပွိုင့်မှာ မီးနီတိုးရင် ဒီလိုပဲ ဒက်စတော့ ရပ်ရတာပဲဟာ ..."

www.burmeseclassic.com

www.burmeseclassic.com



နောင်သက်ဆွေက ပြန်ဟောက်တော့လည်း ကိုပေတိုး ဘာမျှ ပြန်မပြောတော့။

သိမ်ဖြူလမ်းကြီးအတိုင်း ကန်တော်ကြီးစောင်းတက် ဦးတည်ကာ နောင်သက်ဆွေ ဆက်မောင်းလာသည်။

နောက်ထပ်တွေ့သော မီးပွိုင့်များတွင်လည်း မီးနီလျှင် ဒက်စတော့ပင် နောင်သက်ဆွေအရှိန်နင်းထိုးရပ်သော်လည်း နောက်မှ ကိုပေတိုးနွားလိုမဖွေတော့၊ သူ့ အထိုင်အသားကျသွားဖြင့်ထင်ပါ၏။

လမ်းငါးဆုံကိုကျော်ပြီး ဆရာဝန်များအသင်းတိုက်လမ်းသို့ အထက်လမ်းလက်ဝဲခြံကြီးတစ်ခြံနှင့် အတွင်းတစ်ထပ်တိုက်လေးသည် ရဲဘောက်လှမ်းရေးဆရာကြီး ဦးငွေငြိမ်း၏ ခြံနှင့်တိုက်နေအိမ် ဖြစ်ပါ၏။

ခြံစည်းရိုးမှာ ရိုးရိုးလေးထောင့်ကွက် သံကောမျှားသာကာထားသဖြင့် အတွင်းအပြင် ထင်ထင်ရှားရှား တွေ့မြင်နိုင်ပေသည်။

ညနေပိုင်းမို့ ဦးငွေငြိမ်းသည် သျှခြံထဲမှာ ပန်းအိုးပန်းပင်များကို ပလတ်စတစ်ရေပိုက်ဖြင့် လောင်းနေသည်ကို တွေ့ရသည်။

နောင်သက်ဆွေ ဆိုင်ကယ်ဟွန်းမတီးပေ။ ကိုပေတိုး ရိုပ်မိသွားမှာစိုး၍ ဖြစ်သည်။ ကိုပေတိုးအနေနှင့် ဤခြံ ဤတိုက်သည် ရဲထောက်လှမ်းရေးကြီး ဦးငွေငြိမ်း၏ နေအိမ်မှန်း သိရှိထားပုံမရပေ။



နောင်သက်ဆွေက မော်တော်ဆိုင်ကယ်ကို ဆန့်ငင်ဆန့်ငင်ဖြစ်အောင် အရှိတ် ကလပ်(ရှ်)နှင့်လီဗာကို ကစားပေးလိုက်သည်။

တစ်နည်းဆိုမူ နောင်သက်ဆွေက ဦးငွေငြိမ်းကို အချက်ပေးလိုက်ခြင်း ဖြစ်သည်။

နောင်သက်ဆွေကစားလိုက်သဖြင့် နောက်မှကိုပေတိုးမှာ ရှေ့ငိုက်နောက်လန်ဖြစ်ရသည်။

"ဘာဖြစ်တာလဲဗျ ..."

"မမောင်းတာကြာလို့ ဆီပိတ်မီးပျောက်ဖြစ်ချင်တဲ့သဘောပဲ ကိုပေတိုးရေ ... ခင်များလည်း ကားမောင်းနေတဲ့လူပဲ၊ ဒီလောက်တော့ သဘောပေါက် ..."

ပြောပြောဆိုဆို နောင်သက်ဆွေက ကလပ်(ရှ်)ကို ဆွဲထားပြီး လီဗာမြှင့်ရာ မော်တော်ဆိုင်ကယ် အင်ဂျင်စက်သံကျယ်လောင်စွာ ထွက်ပေသည်။

ပန်းပင်ရေလောင်းနေသော ဦးငွေငြိမ်းက တစ်ချက်လှမ်းကြည့်ပြီး ဟန်မပျက်ရေလောင်းမြဲ လောင်းနေသည်။

ဒီလောက်ဆို လုံလောက်ပြီ။

နောင်သက်ဆွေ ဆက်မောင်းလာခဲ့သည်။

"ဟုတ်တယ် ... ကျုပ် မော်တော်ကားလည်း တစ်ခါတလေ ဒီလိုပဲ ဖြစ်တတ်တယ် ..."

ကိုပေတိုးစကားကြောင့် နောင်သက်ဆွေမှာ ရေချုနပ်စွာ ပြုံးလိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ကန်တော်ကြီးဘက်သို့ တက်လာခဲ့သည်။ ဖြည်းဖြည်းငြိမ့်ငြိမ့်လေးပင် မောင်းခဲ့သည်။

လေပြည်လေညင်းလေးကြောင့် လေကောင်းလေသန့် ရှူရသည်။

"ဒီလိုဆိုတော့လည်း မော်တော်ဆိုင်ကယ်စီးရတာ ... ဇိမ်ပဲနော် ... ရှေ့နောက်ဘေးဝဲယာမှာ ဘာအကာအကွယ်မှ မရှိတော့ လေဟာပြင်ထဲပျံနေရသလားထင်ရတယ် ..."

"ခင်ဗျား ကြိုက်သွားပြီလား ကိုပေတိုး ..."

"ကြိုက်သွားပြီ ... ကျုပ်ကို ဆရာအောင်စည်က ဘောက်ဆူးပေးရင် မော်တော်ဆိုင်ကယ်တစ်စီးပေးပါလို့ပြောရမယ် ... ဒါပေမဲ့ ... မစီးတတ်တာ ခက်တယ် ..."

"ဘာမှမခက်ဘူး ... ခင်ဗျား စက်ဘီးစီးတတ်တယ် မဟုတ်လား ..."

"ဆယ်နှစ်သားကတည်းက စီးတတ်တာ ..."

"ဒါဆို မော်တော်ဆိုင်ကယ်တက်ခွစီးရုံပဲ ... စက်သဘောအင်ဂျင်သဘောက မော်တော်ကားအတိုင်းပဲ ... ခင်ဗျား နာရီဝက်အတွင်း စီးတတ်သွားမယ် ..."

"ဟုတ်ပြီ ... ဒါဆို အိုကေပဲ ..."

အနော်ရထာလမ်းသို့သွားပြီး ဒံပေါက်ထမင်းစားကြသည်။

ဗိုလ်အောင်ကျော်လမ်းတိုက်ခန်းသို့ ပြန်ရောက်သောအခါ မီးဖွင့်ချိန်ရောက်ပေပြီ။



မော်တော်ဆိုင်ကယ်ကို ဂိုဒေါင်ပြန်သွင်းပြီး ပြန်လာရာတွင် ကိုပေတိုးက မျက်နှာငယ်လေးနှင့် ...

"ကျုပ်ကားထဲမှာ တစ်ညလုံးနေရမှာလား ကိုနောင်သက်ဆွေ ..."

"နေရမှာပဲ ကိုပေတိုး ... ဒီလိုအပင်ပန်းခံတဲ့အတွက် ခင်ဗျား ဆရာကိုအောင်စည်က ဘောက်ဆူးကောင်းကောင်းပေးရင် မော်တော်ဆိုင်ကယ် ဝယ်စီးပေါ့ဗျာ ..."

ကိုပေတိုး ကျန်ခဲ့ပါ၏။

နောင်သက်ဆွေလှေကား တက်လာပြီး အခန်းတံခါးသော့ဖွင့်သည်။ အခန်းတံခါးမပိတ်မီ အခန်းမီးခလုတ်ကို ဖွင့်လိုက်သည်။

အသံတစ်ခု ထွက်ပေါ်လာပါ၏။

"မျက်နှာကျက်မီးကို ပြန်ပိတ်ပါ ... စာရေးစားပွဲက မီးအိမ်ကိုသာဖွင့်ပါ ... နောက်ပြီး တံခါးပြန်ပိတ် ... ကလန့်ထိုးပါ။ အောက်က ပေတိုး ... အချိန်မရွေးအပေါ်တက်လာနိုင်တယ် ..."

"ဟိုက် ..."

ထိုအမိန့်သံထွက်လာ၍ နောင်သက်ဆွေ အံ့သြရသည်။ အမိန့်ပေးသံမှာ အမျိုးသမီးတစ်ဦး၏အသံဖြစ်နေသောကြောင့် ပို၍ အံ့သြသည်။ အသံရှင်ဆီသို့ လှမ်းကြည့်လိုက်သည်။

အသက်အစိတ်ခန့်ဟု ခန့်မှန်းသည်။ အသားညိုညို ပြီး ကိုယ်လုံးကိုယ်ထည် ကြည့်ကောင်းသည် ယောက်ျားဝတ်

www.burmeseclassic.com

www.burmeseclassic.com



ရှပ်အင်္ကျီကိုဝတ်ထားပြီး အင်္ကျီအောက်နားဝက ဒူးဆစ်လောက်ထိ ရောက်နေသည်။ ထဘီကို ခြေသလုံးတစ်ဝက်တိုတို ဝတ်ထားသည်။

ဩော် … နောင်သက်ဆွေခမျာ ယုဝါနှင့်ချစ်မိပြီးမှ လူယောက်ျားအမျိုးမျိုး လူမိန်းမအမျိုးမျိုးတို့ကို တအံ့တဩတွေ့နေရတာပါကလား။

နောင်သက်ဆွေ ရယ်ပြီးပြောလိုက်သည်။

"ဟဲ … ဟဲ … စာတ်ပွဲထဲက. မေးသလိုပဲ မေးပါရစေ … သင်သည် အဘယ်ကလာသော ဒေဝဿရာပေနည်း … အသားညိုစိမ့်သည်မို့ တရုတ်ပြည်ကလာသော ဒေဝဿရာ မဖြစ်တန်ရာ … ကုလားပြည်ကလာသောဒေဝဿရာပေလား … ပြောပါလေတော့ … သင်အမျိုးသမီး … "

နောင်သက်ဆွေ၏ အပြောကို အမျိုးသမီးညိုချောက ရယ်လိုက်ပေသည်။ ပြီး ရှေ့သို့ တိုးလျှောက်လာကာ မျက်နှာကျက်မီးကို ပိတ်လိုက်ပြီး စားပွဲတင် မီးအိမ်ကို သွားဖွင့်လိုက်သည်။ ပြီး တိုက်ခန်းတံခါးကိုပိတ်၊ ကလန့်ထိုးပြီးမှ …

"ရော့ … စာကြည့်စားပွဲမီးအိမ်မှာ သေချာသွားကြည့် … အဲဒါ ဒီကအိုင်ဒင်ဘီဘီကတ်ပဲ … "

နောင်သက်ဆွေယူပြီး စားပွဲမီးအိမ်တွင်သွားပြီး သေချာကြည့်လိုက်သည်။

အမည်မှာ လဲ့ဝင်းညို၊ အလုပ်အကိုင် ရာထူးမှာ ကိုညွန့်ဦး၊ ကိုလှိုင်မင်းတို့လို အငယ်တန်းရဲထောက်လှမ်းရေးအရာရှိ ဖြစ်နေသည်ကို တွေ့ရသည်။



"လဲ့ဝင်းညို ကိုနောင်သက်ဆွေရဲ့တိုက်ခန်းကို သော့စူနဲ့ ဖွင့်ပြီး ဝင်နေတာပါ … တာဝန်ကတော့ … အရေးပေါ် တယ်လီဖုန်းညွှန်ကြားချက်အရပဲ … "

"ဘယ်က တယ်လီဖုန်းညွှန်ကြားချက်လဲ … "

"ဆရာဦးငွေငြိမ်းဆီကပါ … ဒီနေ့ နေဝင်ရီတရောအချိန်လောက်က ကိုနောင်သက်ဆွေ ဆရာဦးငွေငြိမ်းရဲ့အိမ်ရှေ့ကို အဓိပ္ပာယ်တစ်ခုခုရှိတဲ့ ကိုယ်ယောင်ပြမှုတစ်ခု ပြုခဲ့တယ်တဲ့ … အဲဒီအဓိပ္ပာယ်တစ်ခုခုကို သိရှိဖို့ လဲ့ဝင်းညိုဆီ ဖုန်းနဲ့ တာဝန်ပေးလိုက်တာ … "

"ကဲ … ဒါဆို မလဲ့ဝင်းညိုကပဲ ပြောစရာရှိတာ ပြောပေါ့"

"အယ် … လဲ့ဝင်းညိုက ပြောဖို့လာတာမှ မဟုတ်တာ … နားထောင်ဖို့ လာတာ … ဆရာဦးငွေငြိမ်းကို ကိုနောင်သက်ဆွေ ဘာကြောင့် ကိုယ်ယောင်ပြခဲ့တာလဲ … "

"မလဲ့ဝင်းညိုပြောတိုင်း ကျွန်တော်က ယုံရမှာတဲ့လား … "

"ရာထူးကတ်ကို ကိုနောင်သက်ဆွေရဲ့လက်ထဲမှာ ကိုင်ထားဆဲပဲဟာ … "

"ဒီကတ်ပြားမျိုး တစ်နာရီအတွင်း ဆယ်ခုလုပ်လို့ရတယ်"

"တောင်ကြီးကို ရောက်နေတဲ့ ကိုညွန့်ဦးက ဆရာဦးငွေငြိမ်းကို သတင်းပို့ထားတယ်တဲ့ … ကိုနောင်သက်ဆွေဟာ ကနေ့ ဟဲပိုးကလေယာဉ်နဲ့ ရန်ကုန်ကို လိုက်သွားတယ်တဲ့ … "

"ဟုတ်ပါ့မလား … ကိုညွန့်ဦးရော … ကိုဒေဝါရော ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ကိုလာတာ ... မသိနိုင်လောက်ဘူး ..."

"သိပ်သိတာပေါ့... သိတာမှ ကိုနောင်သက်ဆွေမှာ ပဏ္ဏာများ တွေ၊ နီလာတွေ၊ မြတွေ ပါလာမှန်းတောင် ကိုညွန့်ဦး သတင်းပို့ထားလို့ ဆရာဦးငွေငြိမ်း သိထားတယ် ..."

ထပ်မံအံ့သြရသူမှာ နောင်သက်ဆွေပင် ဖြစ်ရတော့သည်။

အာ ... အာ ... အံ့သြလွန်းသောကြောင့် "အာ ... အာ"ဟု အာမေဋိတ်သံပင် ထွက်သွားရပါ၏။

"မ,အာအာနေနဲ့ ကိုနောင်သက်ဆွေ ... မင်္ဂလာဒုံလေဆိပ်မှာ ဆရာဦးငွေငြိမ်းက ကိုလှိုင်မင်းကိုလွှတ်ပြီး... အကောက်ခွန်အရာရှိကြီးနဲ့ တိုင်ပင်ပြီး တာမင်လွှတ်ပေးလိုက်တာ ... အဲဒါ ... ဆရာဦးငွေငြိမ်းရဲ့အတွက် တစ်ကွက်ပဲ ..."

"နေပါဦး ... မလွဲဝင်းညို ... ဦးငွေငြိမ်း သတင်းရတာ ... မြန်လည်းမြန်လွန်းတယ် ... မှန်လည်း မှန်လွန်းတယ် ... ဒီသတင်း ဘယ်သူ့ဆီကရတာလဲ ..."

"ပြောပြီးပြီလေ ... ကိုညွန့်ဦးဆီကလို့ ..."

"အိုး ... ကိုညွန့်ဦးဟာ တောင်ကြီးမှာ ကျွန်တော်ပျောက်သွားတာတောင် သိမှာမဟုတ်ဘူး ... ဒီသတင်းတွေ ကိုညွန့်ဦး ဘယ်လိုရနိုင်မှာလဲ ..."

"ဦးပြည်သိမ်းက ကိုညွန့်ဦးကိုပေးတဲ့ လျှို့ဝှက်သတင်းတဲ့"

"ဟေ ..."

နောင်သက်ဆွေ 'ဟေ'ခနဲ ဖြစ်သွားရပြန်သည်။



ယုဝါ၏ဖေဖေ ဦးပြည်သိမ်းကပေးသော သတင်းဆိုသည့်ကြောင့် ထပ်မံအံ့သြရခြင်းပါပေ။

သို့သော် ...

ဖြစ်နိုင်စရာအများကြီးရှိသည်။ ဦးပြည်သိမ်းကိုယ်တိုင်ရော သမီးယုဝါရော သားအဖသည် ကိုအောင်စည်၊ ကိုနဂါးတို့လက်မှ သိပ်လွှတ်ချင်နေကြသူတွေ ဖြစ်သည်။

တောင်ကြီးတွင် ကိုညွန့်ဦးနှင့် ကိုဒေဝါတို့၏ ကြိုးပမ်းချက်ကြောင့် ဦးပြည်သိမ်းနှင့် အဆက်အသွယ်ရသွားခြင်း ဖြစ်ပေမည်။

လွဲဝင်းညိုကို နောင်သက်ဆွေ ခြွင်းချက်မရှိယုံကြည်သွားပါ၏။

"ဒါဆို ... မလွဲဝင်းညို နားထောင် ... ဦးငွေငြိမ်းဆီကို အမြန်ဆုံးသတင်းပြန်ပို့ပေးဖို့ ကျွန်တော်ပြောမယ် ..."

နောင်သက်ဆွေက နက်ဖြန်ညတွင် ကျိုက္ကလားဘုတာအနီးတွင် ပစ္စည်းဖလှယ်မည့်အကြောင်း အစအဆုံးအသေးစိတ်ပြောပြလိုက်သည်။ ပြီး မိမိတောင်ကြီးကို ပြန်မည့်အစီအစဉ်ကိုပါ ပြောပြသည်။

လွဲဝင်းညိုက အားလုံးမှတ်သားပါ၏။

"အဲဒီတော့ ... မလွဲဝင်းညို ဘာဆက်လုပ်မလဲ ... ဒီအခန်းက ဖုန်းဆက်လို့မရဘူး ... လိုင်းအဖြတ်ခံထားရတယ် မလွဲဝင်းညို ... လေယာဉ်ကားက ပြန်ဆင်းသွားလို့လည်း မရနိုင်ဘူး၊ အောက်မှာ ဆံညိဝစောင့်ဗျိုင်းကိုပေတိုးက မျက်လုံးဒေါက်

www.burmeseclassic.com

www.burmeseclassic.com



ထောက်ကြည့်နေတာ ...”

“ကိစ္စမရှိဘူး ... မနက်မိုးလင်းလို့ ကိုနောင်သက်ဆွေ ကိုပေတိုးနဲ့ အပြင်ထွက်မှ လှဲ့ဝင်းညို လေ့ကားကဆင်းလစ်မယ် ... ဒီညတော့ ဒီမှာပဲ အိပ်မယ်လေ ...”

“မလှဲ့ဝင်းညို အိပ်ရဲလို့လား ... ကျွန်တော်က လူဖျိုနော်”

လှဲ့ဝင်းညိုက ရယ်လိုက်ပါ၏။

“လှဲ့ဝင်းညိုကလည်း အပျိုပါပဲရှင် ... မယုံဝါကို ဒီလောက်ကြီးတောင် တန်းတန်းစွဲနေတဲ့ ကိုနောင်သက်ဆွေက မယုဝါ ကွယ်ရာမှာ ဖောက်ပြားမတဲ့လား ...”

နောင်သက်ဆွေ ပြုံးပြီးခေါင်းညိတ်ပါ၏။

“ကဲ ... ဒါဆို ဒီလိုလုပ် ... ကျွန်တော် အောက်ဆင်းပြီး လက်ဖက်ရည်ဆိုင်သွားမယ်ဆို ကိုပေတိုးက ကားနဲ့လိုက်ပို့မှာ ... အဲဒီအလစ်မှာ မလှဲ့ဝင်းညို လေ့ကားက ဆင်းလစ်သွားပေတော့ ...”

“အဲဒါဆို သိပ်ကောင်းပေါ့ရှင် ...”

နောင်သက်ဆွေ လေ့ကားမှဆင်းလာခဲ့ပါလေ၏။



(၁၈)

“ဟေး ...”

“ဟေး ...”

ကျုံကွလားဘူတာအနီး တောစပ်ဝယ် ပေတစ်ရာခန့်အကွာစီ မော်တော်ကားနှစ်စီး ခေါင်းချင်းဆိုင်ရပ်ကြသည်။

တစ်စီးမှာ ကိုပေတိုးနှင့် နောင်သက်ဆွေ စီးလာသော ပါဇလစ်ကား ဖြစ်သည်။

နောက်တစ်စီးမှာ နီညိုရောင် အက်(စ်)အီးကား ဖြစ်သည်။ ထိုကား၏ အကွာရာရော နံပါတ်ရောကိုအောင်စည်ပြောသည့်အတိုင်း မှန်ကန်နေသည်။

ထိုကားနှစ်စီးမှ အပြန်အလှန် ဟေး ဟေးဟု ပဏာမ အသံပြုလိုက်ကြသည်။ ထို့နောက် တိုအက်(စ်)အီးကားပေါ်မှ လူက ...

“ကုန်းပေါ်မှာကျား ...”

www.burmeseclassic.com

www.burmeseclassic.com



ဟု လျှို့ဝှက်သင်္ကေတစကားပြောလိုက်သည်။

"ရေထဲမှာနဂါး ... "

နောင်သက်ဆွေက ပြန်ပြောလိုက်သည်။

"ရေထဲကနဂါး ပစ္စည်းနဲ့အတူ ကျုပ်တို့ကားဆီလာခဲ့ပါ ... "

"ဘယ်ဒီလိုရမလဲ ... ကုန်းပေါ်ကကျားအထုပ်တွေယူပြီး ကျုပ်ဆီကိုလာပါ ... "

"လက်ပေါက်ကပ်တဲ့လူပဲ ... "

"အတူတူပဲလေဗျာ ... "

"ဒါဆို ရေထဲကနဂါး ရှေ့ကိုတိုးလာ ... ကျုပ်တို့ကလည်း ရှေ့ကိုတိုးလာမယ် ... အလယ်ဗဟိုနေရာမှာ ပစ္စည်းချင်း ဖလှယ်မယ် ... "

နောင်သက်ဆွေက ပြန်ပြောသည်။

"ခင်ဗျားတို့ အထုပ်တွေပစ္စည်းမှန်မမှန် ... စစ်ဆေးဖို့ ကျုပ်လူပိုတစ်ယောက်ပါမယ် ... "

"ဒေါ်ခဲ့ ... ကျုပ်ကလည်း ... ကျောက်မျက်တွေ စစ်မစစ် မှန်မမှန် စစ်ဆေးဖို့တစ်ယောက် အပိုပါမယ် ... "

နှစ်ဖက်စလုံး နှစ်ယောက်စီ ရှေ့သို့တိုးလာသည်။

နောင်သက်ဆွေက ငါးသုံးလုံးစီးကရက်ဘူးဝါပြားကို တစ်ဘက်ကကိုင်ပြီး ကျန်တစ်ဖက်က ပစ္စတိုသေနတ်လေးကို ကိုင်ထားသည်။

အလယ်ဗဟိုတွင် ဆုံမိကြသည်။

"ရော့ ... ဘူးဝါပြား ... "



"ရော့ ... အတာချိုသေတ္တာလေး ... "

ဘူးဝါပြားထဲမှ ကျောက်မျက်တွေကို တစ်ဘက်လူက စစ်ဆေးသည်။

ကိုပေတိုးကလည်း အတာချီကေ့(စ်)လေးထဲမှ အထုပ်ငါးထုပ်ကို ထုတ်ယူကာ စစ်ဆေးသည်။ ဖောင်တိန်အရွယ် လက်နှိပ်ဓာတ်မီး ရှူးရှူးဝိုင်းဝိုင်း အလင်းရောင်ဖြင့် ကိုယ်စီစစ်ဆေးကြခြင်း ဖြစ်ပါလေ၏။

"မှန်ရဲ့လား ကိုပေတိုး ... "

"မှန်ပါတယ် ကိုနောင်သက်ဆွေ ... "

ထိုစဉ်မှာပင် နောင်သက်ဆွေတို့လေးယောက်စလုံးကိုရော ရပ်ထားသော ကားနှစ်စီးလုံးကိုရော ထိန်လင်းစွာ ဆလိုက်မီးမောင်း ထိုးလင်းလက်လာသည်။

"ဟေ့ ... ဘယ်သူမှ မလှုပ်နဲ့ မခုခံနဲ့ ... ရဲအဖွဲ့က အားလုံးဝိုင်းထားပြီး ခုခံတဲ့လူကို ပစ်မယ် ... သေနတ်တွေအောက်ချပြီး လက်တွေခေါင်းပေါ်မှာ မြှောက်ထား ... "

နောင်သက်ဆွေက ကိုင်လာသော ပစ္စတိုလေးကို မြေပေါ်သို့ချကာ လက်နှစ်ဖက် ဦးခေါင်းပေါ်မြှောက်ထားလိုက်သည်။

ကိုပေတိုးရော ဟိုဘက်ကလူနှစ်ယောက်ကော အားလုံး ဦးခေါင်းပေါ် လက်မြှောက်ကြရပေတော့သည်။

ရဲအဖွဲ့က လက်နက်အပြည့်အစုံနှင့် ဝိုင်းထားကြပြီဆိုမှတော့ အဘယ်သူ ခုခံရဲပါတော့မည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



"သစ္စာဖောက် ... "

တစ်ဘက်လူက နောင်သက်ဆွေကိုကြည့်ကာ သစ္စာဖောက်ဟု ပြောလိုက်သည်။

"နာမည်သာဆိုးတာ တိုင်းပြည်နဲ့လူမျိုးအတွက် ... သိပ်အကျိုးရှိတယ်ကိုယ့်လူ ... "

ဟု နောင်သက်ဆွေက ပြန်ပြီးစွတ်စကားပြောလိုက်ပါသေး၏။

သေနတ်ကိုယ်စီဖြင့် ရဲအရာရှိ ရဲကြပ် ရဲသားတွေ ဝိုင်းလာသည်။

ထိုအထဲတွင် အရပ်ဝတ်နှင့်ကိုလှိုင်မင်းနှင့် ညိုချော အမျိုးသမီးမလှဲ့ဝင်းညိုလည်း ပါရှိပေသည်။

ကိုလှိုင်မင်းကပင် ဘူးဝါပြားကိုရော အတာချိကေ့(စ်)ကိုရော သိမ်းလိုက်သည်။ တစ်ဘက်လူနှစ်ယောက်နှင့်ကိုပေတိုးအပါအဝင် ကားနှစ်စီးကိုလည်း တန်းဆီလိုက်တော့သည်။

နောင်သက်ဆွေ၏ ပစ္စတိုလေးကို မလှဲ့ဝင်းညိုက နောင်သက်ဆွေလက်သို့ ပြန်ပေးလိုက်သည်။

"သွားရို ... ကိုနောင်သက်ဆွေ ... "

"တယ်လိုလဲ မလှဲ့ဝင်းညို ... "

"ဆရာဦးငွေငြိမ်းဆီကိုပေါ့ ... "

ကိုလှိုင်မင်း မလှဲ့ဝင်းညိုတို့ကားဖြင့်ပင် နောင်သက်ဆွေ လိုက်ခဲ့သည်။

တစ်ဘက်မှလူကိုရော ကိုပေတိုးကိုရော ကားနှစ်စီး



ကိုရော ဖမ်းဆီးသိမ်းလိုက်ရာတွင် သေနတ်တစ်ချက်ပင် မဖောက်ဘဲ ဖမ်းဆီးရမိလိုက်ခြင်း ဖြစ်ပါ၏။

ဦးငွေငြိမ်းသည် သကာပေါ်ပျားရည်ဆမ်းမျက်နှာ ဖြစ်နေပေသည်။

ကျောက်မျက်တွေရော အထုပ်ဖြူတွေကိုရော သေချာကြည့်ပေသည်။

"ကြည့်စမ်း ... ကျောက်မျက်တွေက နည်းနည်းနောနော တန်ဖိုးလား ကိုနောင်သက်ဆွေ ... တွင်းထွက်အစစ် ပထမတန်းစားတွေချည်းပဲ ... "

"ကိုအောင်စည်အပြောတော့ ... သူတို့ကောက်တဲ့ဈေးကပဲ သိန်းကိုးဆယ်တဲ့ ... ပြည်တွင်းရာဖြတ်ဈေးနဲ့ပြန်ရောင်းရင် သိန်းတစ်ရာနှစ်ဆယ်တဲ့ ... ပြည်ပထုတ်ရောင်းရင် သိန်းတစ်ရာရှစ်ဆယ်နဲ့ နှစ်ရာကြားအထိ တန်ကြေးရမယ်လို့ ပြောတာပဲ ... "

"ပါပေ့ ... ပါပေ့ ... ပြည်ပသာထုတ်လိုက်ရင် တိုင်းပြည်အတွက် တယ်လောက်နစ်နာရော ဖြစ်မလဲ ... "

ဦးငွေငြိမ်းက အဖြူထုပ်ငါးထုပ်ကို လက်ညှိုးထိုးပြ ပြန်သည်။

"စဉ်းစားကြည့်ဦး ကိုနောင်သက်ဆွေ ... ဒီအဖြူရောင်တွေ သာ ကျုပ်တို့တိုင်းပြည်ထဲက လူငယ်လူကြီးတွေ သုံးစွဲရင် လူပေါင်းရာယောင်သောင်းချီပြီး လူညွှန့်တုံးမှာ ... ဒါတွေကို တော့ သက်ဆိုင်ရာလူကြီးအဖွဲ့က မီးရှို့ဖျက်ဆီးမှာပါ ...

www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေလက်ကို အပ်ရမယ် ...”

“အား ... နေဦး ... ဦးငွေငြိမ်း မပြောလိုက်ပါနဲ့ဦး ... ဒီအဖြူထုပ်တွေကို ကျွန်တော် တောင်ကြီးကို ပြန်ယူသွားရမယ်လေ ... ဒါတွေနဲ့ မျှားပြီး ကိုအောင်စည်နဲ့ ကိုနဂါးကို ဖမ်းရမယ် ... ယုဝါနဲ့ ဦးပြည်သိမ်းကို အရပြန်ယူရဦးမှာတွေ ရှိသေးတယ် ဦးငွေငြိမ်း ...”

“ဟုတ်ပါပြီ ... ဒီကိစ္စအတွက် ကျုပ်နဲ့ ကိုနောင်သက်ဆွေ အသေးစိတ် တိုင်ပင်ရမယ်လေ ... ကျုပ်ဆိုလိုတာက ဒီအဖြူထုပ်တွေသာ ပြည်တွင်းက လူတွေသုံးစွဲရင် ထောင်သောင်းလူတွေ နစ်နာမှာကိုသာ ပြောတာ ... ဒါကြောင့် မီးရှို့ဖျက်ဆီးရမယ်လို့ ပြောတာပါ ...”

ထို့နောက်မှာတော့ နောင်သက်ဆွေ တောင်ကြီးသို့ ပြန်သွားပြီး ဆက်လက်လုပ်ဆောင်ရမည်တို့ကို ဦးငွေငြိမ်းအဖွဲ့နှင့် အသေးစိတ် ညှိနှိုင်းတိုင်ပင်ကြပေတော့သည်။



(၁၉)

နောင်သက်ဆွေက လောင်းကွက်အင်္ကျီကြီးကို အပေါ်မှ ထပ်ဝတ်ထားသည်။

လောင်းကုတ်အင်္ကျီကြီးမို့ အဖြူထုပ်ငါးထုပ်ကို ဟိုဘက်အိတ် ဒီဘက်အိတ်တွင် ထည့်ထားနိုင်ရုံမက ပစ္စတိုသေနတ်လေးကိုပါ ထည့်ထားနိုင်သည်။

အစီအစဉ်အရ သက်ဆိုင်ရာများက စစ်ဆေးသော်လည်း အများအမြင်မှာပင် စစ်ဆေးပြီးစီးသွားပြီ။ လေယာဉ်ပေါ်သို့ နောင်သက်ဆွေ ချောမောစွာ တက်ရောက်နိုင်သည်။

ရန်ကုန်မှ ဟဲဟိုးသို့ လေယာဉ်မှာ ဘာကြာသည် မှတ်လို့။

ဟဲဟိုးလေဆိပ်သို့ ရောက်ရှိလာပြီး နောင်သက်ဆွေ ဩမြွေရရ အေးအေးဆေးဆေးပင် ဆင်းထွက်လာခဲ့သည်။

လေဆိပ်သို့ ဆန်နီဆလွန်းကားဖြင့် ကိုမြန်းမောင်

www.burmeseclassic.com

www.burmeseclassic.com



လာကြိုသည်။

"ကျုပ်မောင်းမယ် ကိုရှိန်းမောင် ..."

"ဘာလို့လဲ ... ခင်ဗျားတောင်ကြီးလမ်းတွေကိုမှ မသိတာ"

ပြောပြောဆိုဆိုပင် နောင်သက်ဆွေက ကား၏ မောင်းသူနေရာ စတီယာရင်ကွင်းနောက်သို့ တက်ရောက်ထိုင်လိုက်သည်။

"ကျုပ် တောင်ကြီးက တခြားလမ်းတွေကိုသာ မသိရင်နေမယ် ... လာတုန်းက လမ်းအတိုင်း ပြန်မောင်းတာလောက်တော့ မှတ်မိတယ် ကိုရှိန်းမောင် ... ဟိုမြို့စွန်အိမ်ကြီးမှာပဲ ကိုအောင်စည်တို့ စောင့်နေကြတယ် မဟုတ်လား ..."

"ဟုတ်တယ် ... ခင်ဗျားကော အဆင်ချောခဲ့တယ် မဟုတ်လား ..."

"သိပ်ချောတာပေါ့ ... အဆင်ချောလို့ ... ဒီကိုပြန်လာနိုင်တာပေါ့ဗျာ ... ဒီမှာလေ ဟိုလူတွေဆီက အထုပ်တွေ ..."

နောင်သက်ဆွေက လောင်းကုတ်အိတ်နှစ်ဖက်ကို ပုတ်ပြသည်။ ပြီး လောင်းကုတ်အိတ်ထဲမှ အဖြူထုပ်ကို ထုတ်ပြသည်။

"ကိုပေတိုးကိုယ်တိုင် စစ်ဆေးတာ ... အမျိုးအစားရော အလေးချိန်ပါ မှန်တယ်တဲ့ ..."

နောင်သက်ဆွေက ကားမောင်းထွက်လာခဲ့သည်။ ရှိန်းမောင်က ဆက်ပြောပါ၏။

"မနေ့က ညဦးပိုင်းအထိ ကိုပေတိုးက ဆရာအောင်စည်ဆီကို သတင်းတွေပို့တယ် ... ခင်ဗျားက အသွားမင်္ဂလာဒုံလေဆိပ်မှာ အကောက်ခွန်နဲ့ အခြေအတင်ဖြစ်လို့ ခင်ဗျားမှင်ကောင်းကောင်းနဲ့ အပြောကောင်းလို့ ကျောက်မျက်တွေ လွှတ်သွားတာလို့ ... ကိုပေတိုးက ပြောတယ် ..."

"ကိုပေတိုးနဲ့ကျွန်တော် မော်တော်ဆိုက်ကယ်လျှောက်စီးတာကော ကိုပေတိုးက ပြောသေးလား ..."

"အဲဒါလည်း ပြောတယ်တဲ့ ... ဆရာအောင်စည်ကိုတောင် သူ့အတွက် မော်တော်ဆိုင်ကယ်တစ်စီး ဆုချပေးဖို့ ပြောသေးတယ်တဲ့ ... ဒီကောင်ပေတိုး ကျောက်ရူးလေ ... တစ်ခါတလေ အရူးထချင်တယ် ... အဲ ... မနေ့ညပိုင်းကစပြီး ခုချိန်ထိ ဆရာအောင်စည်ဆီကို ဘာသတင်းမှ မပို့ပြန်တော့ဘူးတဲ့ ..."

ထိုစကားအရ မနေ့ညက ဆယ်နာရီနောက်ပိုင်းမှ ဖြစ်သော ကျိုက္ကလားတောတန်းတွင် ဖြစ်ခဲ့သည့်တို့ကို ကိုအောင်စည်တို့ ဘာမှမသိသေးကြောင်း သိသာသွားသည်။

တော်သေးတာပေါ့ဟု နောင်သက်ဆွေရင်ထဲမှ ကျိတ်၍ မှတ်ချက်ပြုသည်။

ဟဲဟိုးမှ ရွှေညောင်သို့ (၁၀)မိုင်၊ ရွှေညောင်မှ တောင်ကြီးသို့ (၁၂) မိုင် မောင်းဝင်လာခဲ့ရာ တောင်ကြီးမြို့အဝင် "ကြိုဆိုပါ၏"ဆိုသည့် ဆိုင်းဘုတ်ကြီး ကိုနောင်သက်ဆွေ လှမ်းမြင်ရပေပြီ။

တောင်ကြီးဝင်ခဲ့ပြီး နောင်သက်ဆွေသည် ကိုအောင်



www.burmeseclassic.com

www.burmeseclassic.com



စည်တို့ရှိရာမြို့စွန် တိုက်အိမ်သို့ မမောင်းဘဲ သူတည်းခိုသော တိမ်လွှာဟိုတယ်ရှေ့မှာပင် ကားကိုရပ်လိုက်သည်။

"ဘာလုပ်တာလဲ ကိုနောင်သက်ဆွေ ခင်ဗျားတည်းခိုခန်းမှာ တစ်ခုခုယူစရာရှိလို့လား ..."

"မဟုတ်ဘူး ... ကျုပ်ဒီမှာနေခဲ့တော့မလို့ ကိုရှိန်းမောင်"

"မဟုတ်တာ ... ဆရာအောင်စည်က အထုပ်ဖြူတွေနဲ့အတူ ခင်ဗျားကို သူ့ဆီခေါ်လာခဲ့ဖို့ ကျုပ်ကို အကြိုလွှတ်တာ"

"ဘယ်ရမလဲ ကိုရှိန်းမောင်ရာ ... ကျွန်တော် အထုပ်တွေနဲ့ မြို့စွန်တိုက်အိမ်ကိုရောက်တာနဲ့ ခင်ဗျားဆရာတွေကိုအောင်စည်နဲ့ ကိုနဂါးက ... ကျုပ်ကို အရှင်ထားဦးမတဲ့လား ..."

"ဒါတွေက ဆရာကိုအောင်စည်နဲ့ ခင်ဗျား ... သဘောတူညီချက်တွေ ရပြီးသားပဲ ... ခင်ဗျားအတွအပတွေ ယူလာပေးတာနဲ့ ယုဝါနဲ့ ဦးဖြည့်သိမ်းကို ခင်ဗျားလက်ထဲ ဆရာအောင်စည်က အပ်မယ်လို့ ..."

"ကျုပ်မယုံဘူး ... ကိုရှိန်းမောင် ... ခင်ဗျားဆရာ ကိုအောင်စည်ကို ပြောလိုက်ပါ ... ဒီည ကိုးနာရီမှာ ယုဝါတို့သားအဖကို ခေါ်လာပြီး တောင်ကြီးမြို့အဝင် "ကြိုဆိုပါ၏" ဆိုတဲ့ ဆိုင်းဘုတ်ကြီးနေရာကို လာခဲ့ပါလို့ ..."

"ခင်ဗျား တော်တော် မိုက်မိုက်ကန်းကန်းလူပဲ ..."

"သွားစမ်းပါ ... ခင်ဗျားလိုလူက ကျုပ်ကို ဝေဖန်စရာမလိုဘူး ကိုရှိန်းမောင် ... ကျုပ်ပြောတဲ့အတိုင်းသာ ခင်ဗျားဆရာကိုအောင်စည်ကို ပြောလိုက် ... အထုပ်ငါးထုပ်လုံးဟာ



ကိုပေတိုးစစ်ဆေးလက်ခံတာမို့ ... အမှန်အကန်တွေနော်၊ ဒီအထုပ်တွေ သိန်းတစ်ထောင်တန်လည်း ကျုပ်ကမမက်မောဘူး ... ယုဝါကိုပဲ ကျုပ်မက်မောတယ် ... ယုဝါတို့သားအဖကို ဆက်ဆက်ခေါ်လာခဲ့ပေတော့ ... ယုဝါတို့သားအဖပါမလာရင် ဒီအထုပ်တွေ ကျုပ်မပေးဘူးမှတ် ... ဒါပဲ ..."

ပြောဆိုပြီး နောင်သက်ဆွေ ဟိုတယ်ထဲသို့ ဝင်ခဲ့တော့သည်။ မိမိအခန်းသို့ပင် တန်းတန်းမတ်မတ်လာခဲ့ပြီး ရေချိုးအဝတ်လဲသည်။

ပလတ်စတစ်ခွဲအိတ်တစ်ခုတွင် အထုပ်ဖြူငါးထုပ်ထည့်ထားလိုက်သည်။ ထိုတည်းခိုခန်းမှ ဖုန်းဖြင့်ပင် သူငယ်ချင်းအောင်မြင့်ထူးထံသို့ ဖုန်းဆက်လိုက်သည်။

"ဒီမယ် အောင်မြင့်ထူး ... ငါ့ကို ဖုန်းနဲ့ပြန်ပြီး ဘာဘာညာညာတွေ တစ်ခွန်းမှ ပြန်မမေးနဲ့သူငယ်ချင်း ... အခုချက်ချင်း မင်းရဲ့ကားနဲ့ ငါ့ကိုလာခေါ်ပါ ..."

"အေး ... ခုချက်ချင်းငါလာမယ် ..."

ဖုန်းကို ပြန်ချထားလိုက်သည်။ ပစ္စတိုသေနတ်လေးကို ခါးကြားမှထိုးပြီး အပေါ်မှ ဂျာကင်ဝတ်သည်။ အထုပ်ခွဲအိတ်ကို ဆွဲကာ အောက်ထပ်ဆင်းပြီး အပြင်သို့ထွက်နေလိုက်သည်။

မိမိတွင်ကြီးမားသော အန္တရာယ်ရှိနေလေပြီ။ ကိုအောင်စည်ထံသို့ ကိုရှိန်းမောင်ရောက်သွားပြီး အကျိုးအကြောင်းသိသည်နှင့် ကိုအောင်စည် ကိုနဂါးအဖွဲ့သည် တိမ်လွှာဟိုတယ်ရှိ

www.burmeseclassic.com

www.burmeseclassic.com



မိမိတည်းခိုခန်းသို့ ပုံစံတစ်မျိုးမျိုးဖြင့် ရောက်လာပေမည်။သို့မဟုတ် သူတို့တပည့် လက်မရွံ့လူသက်သမားတွေကို လွှတ်လိုက်ချင်လွှတ်လိုက်ပေမည်။

မိမိအနေနှင့် ည (၉)နာရီအထိ ဟိုကပ် ဒီခိုနှင့် ပုန်းအောင်းရမည်။

ဦးငွေငြိမ်းနှင့် ဆွဲခဲ့သော အစီအစဉ်မှာ မိမိတောင်ကြီးသို့ ပြန်ရောက်ပြီး ည(၉)နာရီတွင် "ကြိုဆိုပါ၏"ဆိုင်းဘုတ်ကြီးသို့ ကိုညွန့်ဦးနှင့်အဖွဲ့ ရောက်လာပေမည်။

ချက်ချင်းလိုလိုပင် သူငယ်ချင်းအောင်မြင့်ထူး၏ကားရောက်လာသည်နှင့် နောင်သက်ဆွေ ပုန်းကွယ်ရာမှ ထွက်လာပြီး အောင်မြင့်ထူးကားပေါ်သို့ တက်ရောက်လိုက်သည်။

"မောင်းတော့ သူငယ်ချင်း ... မင်းအိမ်ကိုတော့ မသွားနဲ့ အခြားပုန်းဖို့ကောင်းတဲ့နေရာတစ်ခုခုဆီကို မောင်းကွာ"

"ဟ ... ငနောင်မင်းဟာက သည်းထိတ်ရင်ဖိုကြီးပါလားကွ"

"အေးအေးဆေးဆေးကျမှ မင်းကိုငါ အစအဆုံးပြန်ပြောပြမယ် ... အခုမောင်းမှာမောင်းကွာ ... တောင်ကြီးမြို့အဝင်အစွန်အဖျားကို မောင်း ..."

မြို့ပြင်မှတစ်ဆင့် သုံးမိုင်ခန့်ဝေးသော လီမွှော်ခြံကြီးတစ်ခြံသို့ မောင်းခဲ့သည်။

လီမွှော်ခြံထဲတွင် အစောင့်တစ်ယောက်တည်းရှိပါ၏။

"ကဲ ... ဦးဖြိုး ခင်ဗျားတစ်နေရာရာသွားနေဗျာ ... ကျုပ်နဲ့



ဟောဒီသူငယ်ချင်း ပြောစရာရှိလို့ ..."

အစောင့်ဦးဖြိုးထွက်သွားသည်။

"ကဲ ... ပြော ... ငနောင်"

နောင်သက်ဆွေက ဖြစ်ပျက်သမျှအားလုံးကို ပြောပြသည်။ ယုဝါနှင့် စတင်တွေ့ဆုံခဲ့သည်မှအစ အခုလက်ငင်းရောက်နေသော အခြေအနေတွေအားလုံး ပြောပြပါ၏။

"ဒါဆို ညကျရင် ငါပါလိုက်မယ် ..."

"မလိုက်နဲ့သူငယ်ချင်း ... အန္တရာယ်သိပ်ကြီးတယ် ... မင်းကျွန်ဝယ်ရာအဆစ်ပါဖြစ်သွားမယ် ... အခုကိစ္စကပေါ့သေးသေး မဟုတ်ဘူး ... အစိုးရအဖွဲ့နဲ့ ဒုစရိုက်မှောင်ခိုဂိုဏ်းအဖွဲ့ကြီး ယှဉ်ပြိုင်တဲ့ပွဲဖြစ်နေတယ် ... မင်းအပေါ်ဓာတ်လမ်းတွေက ရှုပ်နိုင်တယ် ..."

"ဒါဆို ... ငါ့ကို မင်းဘာလို့ခေါ်သေးလဲ ငနောင် ..."

"မော်တော်ကားလိုချင်လို့ ... ငါတစ်ယောက်တည်းဆိုရင်တော့ ကားမလိုဘူး ... ည အလဲအဖယ်လုပ်ပြီးရင် ယုဝါတို့သားအဖကို ငါခေါ်သွားရမှာ ... ဒါကြောင့် ငါ့မှာကားမပါလို့ မဖြစ်ဘူး ... ကိုအောင်စည်တို့ ညစ်ပတ်ရင် ငါကလွတ်အောင် မောင်းပြေးရမှာ ..."

"မင်းတောင်ကြီးလမ်းတွေကို မကျွမ်းဘူးငနောင် ... ငါလိုက်မောင်းပေးမှဖြစ်မှာ ..."

"ရတယ်သူငယ်ချင်း ... လမ်းရှိသမျှ ကားမောင်းလို့ရတယ်ပဲ ... မင်းမလိုက်နဲ့ကွာ ... အပစ်အခတ်တွေဖြစ်နိုင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



မင်းမှာ ဘာမဆိုင်ညာမဆိုင် ထိခိုက်ဒဏ်ရာရမှာကို ငါမလို လားဘူး ... ”

နောင်သက်ဆွေက ဖွတ်ပင်မလိုက်ရန် တားမြစ်သောကြောင့် အောင်မြင့်ထူး အလျှော့ပေးရပါ၏။

“ဒါဆို ... ကားကို မင်းယူထားလိုက် နောင် ... ဒီလိမ္မော်ခြံဟာ ... ငါ့သူငယ်ချင်းရဲ့ခြံ ... မင်းကြိုက်သလိုနေ ... ငါ ပြန်မယ် ... ”

**အောင်မြင့်ထူး** ဦးဖြိုးကို ပြန်ခေါ်ကာ သူငယ်ချင်း နောင်သက်**ဆွေအတွက်** စားသောက်ဖွယ် စီစဉ်ပြီးမှ ပြန်သွားပေတော့သည်။



(၂၀)

ည (၉) နာရီထိုးကာနီး မြို့ပြင်ဆီသို့ အက်(စ်)တူး တွမ်တီး မာစီဒီးကားနက်ကြီးတစ်စီး မောင်းလာသည်။

အကျရာစဉ်အရ မာစီဒီးကားကြီးမှာ ယနေ့ခေတ်တွင် ကားဟောင်းစာရင်းဝင်ဖြစ်သော်လည်း ယခုမာစီဒီးကားကြီးမှာ ဘော်ဒီရော စက်ရော ကောင်းလှပေသည်။

ကားရှေ့ခန်းတွင် ကိုရှိန်းမောင်က မောင်းသည်။ အလယ်တွင် ကိုအောင်စည်ထိုင်ပြီး ဘေးဆုံးတွင် ကိုနဂါးထိုင်သည်။

နောက်ကျရှင်တွင် စောမူနန်းက ဘေးဆုံးမှထိုင်သည်။ ဦးပြည်သိမ်းတို့အလယ်တွင် ထိုင်စေကာ ဟိုဘက်အစွန်းတွင် ယုဝါထိုင်သည်။

စောမူနန်းက ပစ္စတိုသေနတ်ကိုင်ထားပြီး ဒေါ်မလပ် ဦးပြည်သိမ်းနှင့်ယုဝါအား သေနတ်ပြောင်းဖြင့် ချိန်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်စည်၊ ကိုနဂါးနှင့်ကိုရှိန်းမောင်တို့တွင်လည်း သေနတ်ကိုယ်စီပါရှိကြသည်။

"ငါ့သဘောကတော့ … ဒီစာရေးဆရာကောင်ကို တွေ့တာနဲ့ ဘာမှပြောမနေဘဲ အသေပစ်သတ်ပြီး အထုပ်ဖြူတွေ ယူပြန်ကြရုံပဲ အောင်စည် … "

"နောင်သက်ဆွေကို အဲဒီလောက်လွယ်လွယ်တွက်လို့ ရမတဲ့လား ကိုနဂါး … "

"သိပ်လွယ်တာပေါ့ … မင်းသာ ဒီကောင့်ကို စွတ်အထင်ကြီးပြီး လိုက်လျောလွန်းနေတာ … "

"လွယ်ရင် … လုပ်လိုက်လေ … တကယ်လို့ နောင်သက်ဆွေက အထုပ်ဖြူအတုတွေယူလာပြီး အထုပ်ဖြူအစစ်တွေကို တစ်နေရာမှာ ဝှက်ထားတယ်ဆိုရင် ခင်ဗျား အဲဒီအတွက် တာဝန်ယူမလား ကိုနဂါး … ပစ်သတ်လို့သေသွားတဲ့လူကို ရေနံဆီလောင်း အထုပ်ဖြူအစစ်တွေ ဘယ်မှာဝှက်ထားပါတယ်လို့ ပြောနိုင်ဦးမှာတဲ့လား … "

ကိုနဂါး ငြိမ်သွားပါ၏။

"ခင်ဗျား သူ့ကိုသတ်ချင်တယ်ဆိုရင် … သူ့ဆီက အထုပ်ဖြူတွေကို ခင်ဗျားကိုယ်တိုင် ဆင်းစစ် … မှန်ကန်တယ်ဆို သတ်ပစ်လိုက် … "

"အေး … အဲဒါ ကောင်းတယ် … "

"ကြို့ဆိုပါ၏" ဟု တပ်ဆင်ထားသော ဆိုင်းဘုတ်နေရာမျိုးသည် မြို့အစွန်နေရာမျိုးသာ ဖြစ်ပါ၏။

BURMESE CLASSIC .com



လူခြေတိတ်သည်မှ တစ်ယောက်ဆို တစ်ယောက်မျှ မရှိ မတွေ့။ ညပိုင်းလူတွေ အိပ်ရာဝင်ချိန် ဖြစ်ပါ၏။

နောင်သက်ဆွေက တင်ကြို၍ရောက်နှင့်နေသည်။ ဤကြို့ဆိုပါ၏နေရာ ပတ်ဝန်းကျင်ကို နောင်သက်ဆွေ ကြိုတင်လေ့လာထားပြီး ဖြစ်သည်။ အရေးကြုံလျှင် ဘယ်လိုပြေးပြီး ဘယ်လို ပုန်းအောင်းရမည်ကို နောင်သက်ဆွေ ရှာဖွေထားပြီးသား။

အောင်မြင့်ထွန်းထံမှ ယူထားသောကားကို သစ်ပင်ကြီးအောက်တွင် ရပ်ထားပြီး ကားပေါ်မှ ပစ္စတိုကို မောင်းဆွဲပြီး အသင့်စောင့်နေသည်။

မာစီဒီးကားကြီး မီးပိတ်ဝင်လာသော်လည်း ကြို့ဆိုပါ၏ ဆိုင်းဘုတ်မီးလမ်းမီးရောင်တို့ဖြင့် လှမ်းမြင်နေရသည်။

မာစီဒီးကားကြီး ရပ်သွားပြီးနောက် နောင်သက်ဆွေက (၂)မိနစ်ခန့် အခြေအနေကို စောင့်ကြည့်နေသည်။

ပြီးမှ သူ့ကားပေါ်မှ ရှေ့မီးကြီးကို ဖျတ်ခနဲဖွင့် ဖျတ်ခနဲပိတ် အချက်ပြလိုက်သည်။

မာစီဒီးကားနက်ကြီး ရှေ့ခန်းမှ ကိုနဂါးဆင်းလာပြီး နောက်ခန်းမှ ယုဝါဆင်းလာသည်ကို တွေ့ရသည်။

"ငါလာပြီဟေ့ … နောင်သက်ဆွေ … "

"ကျုပ်ကလည်း အဆင်သင့်ပဲ ကိုနဂါး … "

နောင်သက်ဆွေသည် ဆွဲအိတ်ကိုဆွဲပြီး ကားပေါ်မှ ဆင်းခဲ့သည်။

တစ်ဦးနှင့်တစ်ဦး-(၁၀)ပေခန့်အကွာတွင် မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ချင်းဆိုင် ရပ်ကြသည်။

"ပေး ... ငါတို့အထုပ်တွေ ..."

"မပေးသေးဘူး ... ဦးပြည်သိမ်းကော ..."

"ရှိတယ် ... ကားထဲမှာ ..."

"ဦးပြည်သိမ်းကိုပါ ခေါ်လိုက်လေ ..."

"မင်း တော်တော်ရစ်တယ် ..."

"အစကတည်းက သဘောတူညီချက်ပဲဟာ ... ကျုပ်က ရစ်တာ မဟုတ်ဘူး ... ခင်ဗျားတို့က ညစ်တာ ..."

ကိုနဂါး နောက်ပြန်လှည့်ပြီး မာစီဒီးကားသို့ လှမ်းပြောလိုက်သည်။

"ကိုပြည်သိမ်းကို လွှတ်လိုက်ဟေ့ ..."

ဦးပြည်သိမ်းကားပေါ်မှ ဆင်းလာသည်ကို နောင်သက်ခွေ တွေ့ရသည်။

"ပေး ... အထုပ်တွေ ..."

"ရော့ ..."

နောင်သက်ခွေက ဆွဲအိပ်ကို ပစ်ပေးလိုက်သည်။ ကိုနဂါးက ကမ်းယူပြီး အထဲမှအထုပ်ကို စစ်ဆေးသည်။ အထုပ်ကို ဖောက်ပြီး ဖောက်ခဲ့ လက်ညှိုးတို့ပြီး လျှာပေါ်တင်ကြည့်သည်။

အထုပ်ကို စစ်ဆေးသည်မို့ ယခုဝါတို့ ဆုပ်ကိုင်ထားခြင်း မပြုနိုင်တော့။

"ဒိုင်း ..."

ကိုနဂါးညစ်သည်။ သူ့လက်ထဲမှ သေနတ်ဖြင့်



နောင်သက်ခွေကို ထိုးပစ်လိုက်သည်။ နောင်သက်ခွေကိုယ် တစ်စောင်းလှည့်လိုက်ပါ၏။

"အား"ခနဲ အော်ကာ နောင်သက်ခွေ လဲကျသွားသည်။

ကိုယ်တစ်စောင်းလှည့်လိုက်သောကြောင့် ပခုံးကိုသာ ထိသွားသည်။

နောင်သက်ခွေ သတိမလစ်ပေ။

လဲကျသွားသော နောင်သက်ခွေကို နဂါးက အသေထပ်ဆင့်ပစ်သည်။

နောင်သက်ခွေ မြေတွင် လိမ့်ရှောင်ရင်း လက်ထဲမှ ပစ္စတိုဖြင့် ...

"ဒိုင်း ... ဒိုင်း ..."

နှစ်ချက်ဆင့်ပြန်ပစ်လိုက်သည်။

ကိုနဂါးကို ထိသွားသည်။ ဒယီးဒယိုင်ဖြင့် အထုပ်ဆွဲကာ မာစီဒီးကားဆီသို့ ပြန်ပြေးသည်။

နောင်သက်ခွေသည် ပစ္စတိုထဲမှ ကျည်ဆန်(၇)တောင့်ကုန်သည်အထိ ထွက်ပြေးသော ကိုနဂါးကိုရော မာစီဒီးကားရှေ့မှန်ကိုရော ဒရစပ်ပစ်တော့သည်။

ထိုအချိန်မှာပင် ...

သေနတ်သံတွေသည် ဟိုမှဒီမှ တဒိုင်းဒိုင်း ပစ်ခတ်သံတွေ ထွက်လာပေတော့သည်။

ကျည်ဆန်ကုန်သွားသဖြင့် နောင်သက်ခွေသည်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လှာက်ပေါ် ဦးခေါင်းမှေးကာ လစ်ခနဲပင် သတိလစ်သွားပေတော့သည်။

နောင်သက်ဆွေသည် အကယ်၍ မိမိကစတင်ပြီး ကိုနဂါးကို ပစ်လိုက်လျှင် မိမိခံရမည်မဟုတ်။

ကိုနဂါးလိုလူက စည်းစောင့်သည့်လူစားမဟုတ်၊ အထုပ်တွေရပြီးသည်နှင့် နောင်သက်ဆွေကိုစ၍ ပစ်မှ နောင်သက်ဆွေက ပြန်လည်ပစ်ခတ်ခြင်းကြောင့် ခံလိုက်ရခြင်း ဖြစ်သည်။

နောင်သက်ဆွေ တအားပင်ပန်းနေပေပြီ။ မနေ့ကတည်းက ရန်ကုန်–တောင်ကြီးခရီးအသွားအပြန် ပင်ပန်းခဲ့သည်။

ညဘက်တွင် ကျောက်မျက်တွေနဲ့ အထုပ်ဖလှယ်ရေးကြောင့် အိပ်ရေးပျက်ခဲ့သည်။ ခရီးဆက်တိုက် အအိပ်ပျက်အစားပျက်နှင့် ပင်ပန်းလွန်းနေပြီမို့ ခံနိုင်ရည်မရှိတော့ဘဲ သတိလစ်သွားခြင်း ဖြစ်ပေတော့သည်။

ယခု ပန်းကို ကျည်ဆန်မှန်သဖြင့် သွေးများလည်း ထွက်ခြင်းကလည်း သတိလစ်သွားစေဖို့ ဖြစ်သွားသည်။

"ကိုနောင်သက်ဆွေ ကိုနောင်သက်ဆွေ ... ဟေ့လူ ... ကိုနောင်သက်ဆွေ ..."

ကိုညွန့်ဦးက ပွေ့ချီကာ လှုပ်၍ လှုပ်၍ နိုးသည်။ ကိုဒေဝါက အရက်ပုလင်းပြားလေးထဲမှ အရက်ကို နောင်သက်ဆွေ ပါးစပ်ထဲသို့ လောင်းထည့်သည်။

နက်ိုတတ်ခံကျန်းမာရေးကောင်းလွန်းသော နောင်သက်ဆွေမှာ သတိပြန်ရလာပြီး ထထိုင်ပါလေ၏။



"နဂါးကို ဒဏ်ရာနဲ့မိတယ် ... ခင်ဗျားပစ်လိုက်တာ နဂါး ကျောပြင်မှာ နှစ်ချက်ထိသွားတယ် ... အောင်စည် ... စောမူနန်းနဲ့ ရှိန်းမောင်က လက်နက်ချ အဖမ်းခံတယ် ..."

"ဒါ ... ဒါဆို ... ယုဝါရော ... ယုဝါရော ဘယ်မှာလဲ ကိုညွန့်ဦး ..."

"ရှိပါဗျာ ... ရှိပါ ... ခင်ဗျားယုဝါ အကောင်းပကတိ ဘေးဘာရာရန်မရှိ ... အလှမပျက် ရှိနေလျက်ပါ ..."

"ဒါဖြင့် ... ဘယ်မလဲ ယုဝါ ..."

"တရားခံအားလုံး အချုပ်ကားပေါ်မှာပေါ့ဗျာ ... ယုဝါရော ဦးပြည့်သိမ်းရောပေါ့ ..."

"ဟာဗျာ ကိုညွန့်ဦး ... ယုဝါဟာ တရားခံဖြစ်ရမတဲ့သား ... ယုဝါအတွက် ခင်ဗျားတို့ကို ကျောက်မျက်တွေရော အထုပ်တွေရော သိန်းပေါင်းအများကြီးပြန်ရအောင် ကျွန်တော် ဆောင်ရွက်ပေးတာတောင် ယုဝါက တရားခံဖြစ်ရမတဲ့လား ဗျာ ကိုညွန့်ဦး ..."

"ဖြည်း ... ဖြည်း ... ဖြည်းဖြည်းပြော ... မှာမယ် ... မောမယ် ကိုနောင်သက်ဆွေ ... တကယ့်ငှက်ကြီးပါလား"

ကိုညွန့်ဦးက ရယ်ကာမောကာ ဆက်ပြောပါ၏။

"လောလောဆယ် အောင်စည်၊ ရှိန်းမောင်၊ စောမူနန်းတို့ ထိန်းသိမ်းရင်း ဦးပြည့်သိမ်းနဲ့ ယုဝါကို ခဏနေတွဲအချုပ်ကား ပေါ်တင်ထားရတာပါ ... ကျွန်တော်နဲ့ ကိုဒေဝါ လာတဲ့ ကားက နဂါးကို ချက်ချင်း ဆေးရုံပို့ဖို့ လိုမယ်လို့ ကားနဲ့

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့ရတယ် ... နဂါးက သေမလားရှင်မလားဘဲ ... ဒါကြောင့် ဆေးရုံပို့ ... ထွက်ဆိုချက်စစ်ဆေးချက်အရယူဖို့ ပို့လိုက်ရတာ ... ”

“ဒါတွေနောက်မှပြောဗျာ ... အခုတော့ ကျွန်တော် ယုဝါကို မျက်ဝါးထင်ထင်မြင်ချင်တယ် ကိုညွန့်ဦး ... ”

ကိုညွန့်ဦးက ထိုင်ရာမှ ရပ်နေသော ကိုဒေဝါကိုမော့ကြည့်၍ ပြောလိုက်ပါ၏။

“ကဲ ... ကိုဒေဝါ ... ခင်ဗျားပဲ ယုဝါတို့အချုပ်ကားပေါ်တင်ထား ... အခုခင်ဗျားပဲ သွားခေါ်ပေးလိုက်တော့ဗျာ ... ”

ကိုဒေဝါက ပြုံးပြုံးကြီး ထွက်သွားပေသည်။

ငါးမိနစ်ပင် ကြာအုံ့မထင်။

ဆံပင်ဖားလျား ကပိုကရိုလေးနှင့် ရင်လေးရှေ့မှောက် တင်လေးနောက်ကောက်နှင့် ယုဝါသည် ချက်ချင်းရောက်လာကာ ချစ်စွာသော ကိုကိုနော်င်အား ပွေ့ဖျိုလိုက်ပါလေတော့သတည်း။

နားကြပါဦးစို့။

တက္ကသိုလ်တင်မြင့်

BURMESE CLASSIC .com

www.burmeseclassic.com